
http://www.cherrythitsar.org



**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး။
- အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး။

## နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများကို ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

လက်တွဲဖော်

စာဖတ်ခြင်းက ပြည့်ဝစေ၏။ ဆွေးနွေးခြင်းက အသင့်ဖြစ်စေ၏။

ရေးသားခြင်းက တိကျစေ၏။

*Reading maketh a full man; confrence a ready man;*

*writing an exact man.* Francis Bacon (1625)

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ် ၁၆၁၁/၂၀၀၃ (၁၁)

စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ် ၃၄၀/၂၀၀၄ (၃)

- - -

**မျက်နှာဖုံး**

ပန်းချီဦးကျော်သောင်း

- - -

Layout & Typesetting by ATK

- - -

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ အုပ်ရေ ၅၀၀

၂၀၀၄ ဇွန်လ

- - -

**ထုတ်ဝေသူ**

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ

၁၁၃ ဒုတိယထပ်(ယာ) ၃၃လမ်း ရန်ကုန်မြို့

- - -

**မျက်နှာဖုံးပုံနှိပ်**

ဦးဇော်မင်းအေး၊ ဇော်ပုံနှိပ်တိုက်

၃၈၆ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

- - -

**အတွင်းပုံနှိပ်**

ဦးစိုးဝင်းသိန်း၊ အမိပတိပုံနှိပ်တိုက်

၅ နေသိဒ္ဓိလမ်း၊ ကမ္ဘာအေး၊ ရန်ကုန်မြို့

- - -

**စာအုပ်ချုပ်**

ကိုရဲထွန်း

- - -

တန်ဖိုး - **ကျပ် ၇၀၀**

http://www.cherrythitsar.org

လက်တွဲဖော် စာအုပ်အမှတ် (၆)

# အတ္တကျော်

# ခြေရာပြိုးပြောက် လွှမ်းမွှင့်ကောက်သီ

(ကိုယ်တိုင်ကြုံဝတ္ထုတိုများ)

လက်တွဲဖော်စာအုပ်တိုက်
စာတိုက်သေတ္တာ ၂၆၉ ရန်ကုန်စာတိုက်ကြီး
☎ ၀၁ ၇၀ ၆၅ ၇၄

## ထုတ်ဝေပြီး လက်တွဲဖော် စာအုပ်များ

(၁) နေပျော်တဲ့ ဘဝ၊ ကြည်မြတဲ့ ဘဝင်၊ ရွှင်လန်းတဲ့စိတ် (အတ္တကျော်)
[ခွင့်ပြုချက်အမှတ် ၂၆၇/၂၀၀၂(၃)]

(၂) နီတျာတျာ ငှက်ပြာလေးနဲ့ မိုင်ပေါင်းများစွာ (ဆူဒိုနင်)
[ခွင့်ပြုချက်အမှတ် ၈/၂၀၀၃(၁)]

(၃) ထိမ်းမြားပေါင်းဖက် ရန်ဖြစ်လျက်ပင် ချစ်ကြင်နေနည်း (အတ္တကျော်)
[ခွင့်ပြုချက်အမှတ် ၁၇၅/၂၀၀၃(၂)]

(၄) ဘဝတူရိယာ (အတ္တကျော်) [ခွင့်ပြုချက်အမှတ် ၁၆၁၀/၂၀၀၃(၁၁)]

(၅) မဖတ်နဲ့နော် (အတ္တကျော်) [ခွင့်ပြုချက်အမှတ် ၁၁၉၂/၂၀၀၃(၁၂)]

## မကြာခင်ထုတ်ဝေမယ့် လက်တွဲဖော် စာအုပ်များ

(၇) သားငယ်သမီးငယ်များ ပဲ့ပြင်ထိန်းကျောင်းခြင်းအနုပညာ (အတ္တကျော်)
(ဒုတိယအကြိမ်) [ခွင့်ပြုချက်အမှတ် ၁၂၀၅/၂၀၀၃(၁၂)]

(၈) သက်ငယ်စကား (အတ္တကျော်) [ခွင့်ပြုချက်အမှတ် ၁၃၄/၂၀၀၄(၂)]

http://www.cherrythitsar.org

## သဘောထား

ကျွန်တော့်စာတွေ
ဖတ်လေသူများ
အတွေးပွားမှု
ရေးသူကျွန်တော်
ရေးရပျော်ပြီ
လူဖော်မလုပ်
ကြိုးကုတ်လျက်သာ
တင်ဆက်ပါသည်
ဉာဏ်လွှာဖြံ့သိုင်း
စိတ်တိုင်းလည်းကျ
တွေးဆ ဆင်ခြင် ကြည့်နိုင်စေ . . .

**အတ္တကျော်**

# မာတိကာ


စကားပလ္လင် ၁၀

၁။ မေတ္တာဘွဲ့ ၁၈

၂။ ကဲချင်ဦးလေ၊ မှတ်ပလား ၂၂

၃။ ရာတန်များနှင့် မတ်စေ့များအကြောင်း ၄၂

၄။ အရူးလွယ်အိတ်အတွင်းမှ သြော်ဟူသော အာမေဋိတ်များ ၅၄

၅။ မေတ္တာဘွဲ့ (နှောင်း) ၇၂

၆။ တစ်စစီ ၇၈

၇။ ၉၁နှစ်ဦး ကြွေပျက် ၄၈နာရီ အမှတ်တရ ၈၆

၈။ လူတိုင်းလုံးမှာ ခရစ်နှစ် ၃၀၀၀မှာ ၉၄

၉။ မေတ္တာဘွဲ့ (မူကွဲ) ၁၀၂

၁၀။ မေတ္တာဘွဲ့ (မူသစ်) ၁၂၂

၁၁။ ဖက်ခွလုံး ၁၃၄

၁၂။ တေလေဂဏန်း ငါးလုံးတွဲ ၁၄၂

၁၃။ ဘွဲ့နှင်းသဘင်ခန်းမထဲက အလွမ်း ၁၈၆

၁၄။ ညစ်ကျူလိပ်ပြာ ၂၀၂

၁၅။ သေမင်းဆိုတဲ့ သူငယ်ချင်း ၂၁၆

၁၆။ အသည်းစားမဟာရာဇာရှင်းတမ်း ၂၃၈

http://www.cherrythitsar.org

# စကားပလ္လင်

၁။

၁၉၇၅ခုနှစ်မှ စတင်ပြီး ကျွန်တော်ရေးဖြစ်ခဲ့သမျှ ဝတ္ထုတိုများကို စုစည်းထုတ်ဝေရန် စိတ်ကူးခဲ့သည်မှာ ၁၉၉၄ခုနှစ်တွင် ဖြစ်ပါသည်။ ၁၉၉၅ခုနှစ်လောက်တွင် စာအုပ်အဖြစ် ထွက်လာမည်ဟုလည်း မျှော်လင့်ခဲ့ပါသည်။ ကျွန်တော့်လက်တွဲဖော်ကလည်း စာမူများကို ပြန်စုကာ ကွန်ပျူတာလည်း စီပေးခဲ့ပါသည်။

သို့ရာတွင် လက်တွေ့အကောင်အထည် ပေါ်မလာခဲ့ပါ။ စာမူ စုသည့်အဆင့်၊ ကွန်ပျူတာစီပြီးသည့်အဆင့်တွင်သာ ရပ်နေပြီး ရှေ့ဆက် မလုပ်ဖြစ်ခဲ့ပါ။ ရေးဖော်တစ်ဦးကလည်း ဘာကြောင့်မှန်းမသိ၊ ထိုသို့ထုတ်ဝေမည့်စိတ်ကူးကို အပြင်းအထန် ကန့်ကွက်ခဲ့ပါသည်။ နားယောင်ဘတ်သူမဟုတ်သည့်တိုင် အနည်းငယ်တော့ ကယောင်ချောက်ချား ဖြစ်သွားပါသည်။

အဓိကကတော့ ထုတ်ဝေသူ မရှိခြင်းပင် ဖြစ်ပါသည်။

၁၉၉၇ခုနှစ်တွင် စာပေလောက စာအုပ်တိုက်မှ ကျွန်တော့် ပထမဆုံးလုံးချင်း စာအုပ်ထွက်လာပါသည်။ ထို့နောက် စာပေလောကမှပင် နောက်တစ်အုပ် ဆက်ထွက်ပါသည်။ နှစ်အုပ်စလုံး ရောင်းစွံပါသည်။ စာပေလောကကိုပင် ကျွန်တော့် 'အိပ်မက် အတူ မက်ကြစို့ မနက်မလင်းခင်'အမည်ရှိ ဝတ္ထုရှည်ကို ထုတ်ဝေရန် ပေးထားခဲ့သည်မှာလည်း လေး၊ ငါးနှစ်ပင်ရှိပါပြီ။ ဘယ်သောင် ဘယ်ကမ်း ဆိုက်နေမှန်း မသိပါ။

ဝတ္ထုဈေးကွက် မကောင်းလို့ပဲလား၊ ကျွန်တော်ရေးသော ဝတ္ထု အနေဖြင့် စွဲနိုင်ချေ မရှိသဖြင့်လားတော့ သူတို့မှပဲ သိပါလိမ့်မည်။

**လက်တွဲဖော်**

http://www.cherrythitsar.org



၂။

၂၀၀၂ခုနှစ်တွင် 'လက်တွဲဖော်'စာအုပ်တိုက်ကို ကျွန်တော် ထူထောင်လိုက်ပါသည်။ ကိုယ့်စာအုပ် ကိုယ့်စိတ်ကြိုက် ထုတ်ချင်သဖြင့် ဖြစ်ပါသည်။ အဆင်ပြေချင်တော့ ပွဲဦးထွက်စာအုပ်ကလေးက စွံသွားပါသည်။ ကျွန်တော်လည်း အားတက်လာပါသည်။

အလျဉ်မပြတ်ထုတ်ဝေနိုင်ရန် စဉ်းစားသောအခါ ကျွန်တော့်မှာ ရေးပြီးစာမူက များများစားစားမရှိပါ။ ထိုအခါ ၁၉၉၄ခုနှစ်က စိတ်ကူးကို သတိရသွားပါသည်။ ကျွန်တော့်ဝတ္ထုတိုများကို စုစည်း ထုတ်ဝေရန် ဖြစ်ပါသည်။

၃။

ခက်သည်က ကျွန်တော်သည် ထိုဝတ္ထုတိုများကို ကလောင်အမည် သုံးမျိုးနှင့်ရေးခဲ့ခြင်းဖြစ်နေပါသည်။ စောစောပိုင်းဝတ္ထုများကို ကျွန်တော့် ပထမဆုံးကလောင်အမည် 'ပြည်တန်'ဖြင့် လည်းကောင်း၊ တစ်ပုဒ်စ၊ နှစ်ပုဒ်စကို 'ဆူဒိုနင်'ဖြင့်လည်းကောင်း၊ နောက်ပိုင်း ဝတ္ထုအတော်များများကို 'အောင်သိန်းကျော်'ဟူသည့် ကျွန်တော့် အမည်ရင်းဖြင့်လည်းကောင်း ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

ဆန်းစစ်ကြည့်သောအခါ ထိုအမည်သုံးမျိုးအနက်တွင် 'ဆူဒိုနင်' က အထင်ရှားဆုံးဖြစ်နေသည်ကို သတိထားမိနေပါသည်။ ထို့ကြောင့် စုစည်းထုတ်ဝေရာတွင် ဆူဒိုနင် အမည်ဖြင့်သာ ထုတ်ဝေရန် စိတ်ကူးမိပါသေးသည်။ သို့ရာတွင် 'လက်တွဲဖော်'စာအုပ်တိုက် အတွေ့အကြုံအရ လူတစ်ယောက်တည်းဖြင့် ကလောင်အမည်အမျိုးမျိုးကွဲနေခြင်းမှာ စာနယ်ဇင်း စာမျက်နှာများပေါ်တွင် မထောင်းတာလှသော်လည်း လုံးချင်းဈေးကွက်တွင်မူ သိသိသာသာကြီး အားနည်းနေသည်ကို သိလာရပါသည်။ ထို့ကြောင့် ယခုဝတ္ထုတိုစုအားထုတ်ဝေရာတွင် ကျွန်တော့် နောက်ဆုံးပေါ် ကလောင်အမည်လည်း ဖြစ်၊ ခံယူဖူးသမျှ ကလောင်အမည်များ အားလုံးအနက်တွင် ကျွန်တော် အနှစ်သက်ဆုံး

http://www.cherrythitsar.org



လည်းဖြစ်သော 'အတ္တကျော်'အမည်ဖြင့် ထုတ်ဝေလိုက်ခြင်းကို စာဖတ်သူ လူကြီးမင်းအပေါင်းက နားလည်ပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

၄။

စာအုပ်အမည်ကိုမူ ၁၉၉၄ခုနှစ်က "မေတ္တာဘွဲ့ - နှစ်နှစ်ဆယ်"ဟု လျာထားခဲ့ပါသည်။ ကျွန်တော့်ဝတ္ထုတိုများတွင် 'မေတ္တာဘွဲ့'ခေါင်းစဉ်နှင့်ချည်း လေးပုဒ်ပါဝင်ရာ ထိုအမည်က ဆီလျော်သလိုလည်း ရှိခဲ့ပါသည်။ ၁၉၇၅ခုနှစ်က စခဲ့သော 'မေတ္တာဘွဲ့'မှာ စာအုပ်ထွက်မည်ဟု မှန်းထားသော ၁၉၉၅ခုနှစ်တွင် နှစ်နှစ်ဆယ်ဖြစ်နေခြင်းကလည်း တစ်ကြောင်းဖြစ်ပါသည်။

သို့ရာတွင် ယခုအမှန်တကယ် ပြန်လည် ထုတ်ဝေရန်စီစဉ်သောအခါတွင် ထိုအမည်အစား အခြားအမည်တစ်ခုခုပေးချင်လာရပြန်ပါသည်။

စဉ်းစားကြည့်သောအခါ ဤဝတ္ထုတိုများသည် ၁၉၇၅ခုနှစ်မှစတင်ပြီး ကျွန်တော်လျှောက်ခဲ့သော စာပေခရီးလမ်းမှ ကျွန်တော့်ခြေရာများဖြစ်နေပါသည်။ သို့သော် ထိုခြေရာများသည် တစ်ဆက်တစ်စပ်တည်း ရှိမနေခဲ့ပါ။ ပြည်တန်ဖြစ်လိုက်၊ ဆူဒိုနင်ဖြစ်လိုက်၊ အောင်သိန်းကျော်ဖြစ်လိုက်နှင့် ပြိုးပြိုးပြောက်ပြောက်၊ ကွက်တိကွက်ကျား ဖြစ်နေသည်ကို သတိထားမိရပြန်ပါသည်။

ထိုအခါ 'ခြေရာပြိုးပြောက်'ဟူသော စကားလုံးလေးကို ရလာပါသည်။ ထိုမျှဖြင့်တော့ ခေါင်းစီးက မလှသေးပါ။ ထို့ကြောင့် စာမူများကို ပြန်ဖတ်ကြည့်ရပြန်ပါသည်။ တစ်ပုဒ်စီ တစ်ပုဒ်စီသည် ကျွန်တော့်အတွက်ဖြင့် တစ်ခုမဟုတ်တစ်ခု လွမ်းစရာလေးတွေချည်း ဖြစ်လို့ နေပါသည်။ ထိုအလွမ်းများသည်လည်း အစီအစဉ်တကျ မဟုတ်မူပါ။ ကျဲပြန့်နေပါသည်။ ထို့ကြောင့် တစ်စစီ လိုက်ကောက်ရပြန်သည်။

http://www.cherrythitsar.org



ထိုအခါ ကျွန်တော့်ဝတ္ထုတိုစုအတွက် လှပသော ခေါင်းစဉ်လေး တစ်ခုက အလိုလိုပေါ်လာပါတော့သည်။

"ခြေရာပြိုးပြောက်၊ လွှမ်းပွင့်ကောက်သိ. . ."

## ၅။

မှန်ပါသည်။

နှစ်သုံးဆယ်နီးလာသော စာပေခရီးတစ်လျှောက်မှ ကျွန်တော့် ခြေရာပြိုးပြိုးပြောက်ပြောက်များကြားတွင် အလွှမ်းပွင့်တွေ ကျဲပြန့်နေ ပါသည်။ ထိုအလွှမ်းပွင့်များကို ကောက်ကာ သီလိုက်သောအခါ ယခု ဝတ္ထုတိုစု ဖြစ်လာပါသည်။

တစ်ဖန်၊ ကျွန်တော့်ဝတ္ထုတိုများထဲတွင် စိတ်ကူးယဉ်သော်လည်း ကောင်း၊ အငှားခံစားမှုသော်လည်းကောင်း မပါသည်ကိုလည်း မိမိ ဘာသာ သတိထားမိနေရပြန်ပါသည်။ ကျွန်တော်သည် ကျွန်တော့် အကြောင်း ကျွန်တော် ရေးရန် အလွန်သန်သူဖြစ်မှန်း ယခုမှ ကောင်း စွာ သတိထားမိလာပါသည်။

ထို့ကြောင့် ခေါင်းစီး၏နောက်တွင် ကွင်းစ ကွင်းပိတ် ခံကာ "(ကိုယ်တိုင်ကြုံဝတ္ထုတိုများ)"ဟု ထည့်ချင်စိတ်ကလည်း အလိုလို ပေါ်လာပြန်ပါတော့သည်။

## ၆။

ဝတ္ထုတစ်ပုဒ်စီ၏အဆုံးတွင် 'ဝတ္ထုနောက်မှာ ပြောချင်တာ'လေးများ ကို ထည့်သွင်းထားပါသည်။

စုစည်းထုတ်ဝေရန် စိတ်ကူးကို ကန့်ကွက်ခဲ့သည့် ရေးဖော်က ထိုသို့ ဝတ္ထုနောက်မှာဖြစ်စေ၊ ရှေ့မှာဖြစ်စေ၊ စာရေးသူက ဝင်ပြော တာမျိုးကို မထည့်ရန်လည်း ကန့်ကွက်ခဲ့ဖူးပါသည်။

ဆရာထင်လင်း၏ *စောင်းကြိုးတင်းသည့်သီချင်းသံ* ဝတ္ထုတို ပေါင်းချုပ်တွင် ဆရာထင်လင်းက ဝတ္ထုအစတိုင်းတွင် မှတ်ချက်တို

လေး တစ်ခုစီ ထည့်ထားသည်ကို တွေ့ဖူးပါသည်။ ဘာဖြစ်သနည်း၊ စာဖတ်သူအတွက်လည်း ဘာအနှောင့်အယှက်မှ မဖြစ်ဟု ကျွန်တော် ယူဆပါသည်။

ထို့ကြောင့် ကျွန်တော့် ကိုယ်တိုင်ကြုံဝတ္ထုတိုတိုင်း၏ အဆုံးတွင်လည်း ဆိုင်ရာဆိုင်ရာ ဝတ္ထုနှင့်ပတ်သက်သော ဆိုင်ရာဆိုင်ရာ မှတ်ချက်လေးတွေ ဖြည့်စွက်ထားလိုက်မိပါသည်။

အကြင်စာဖတ်သူသည် ထိုသို့ စာရေးသူက ဝင်လျှာရှည်ခြင်းကို မလိုလားပါ ဆိုငြားအံ့. . . ထိုသူသည် ထိုစာပိုဒ်များကို အလွယ်တကူပင် ကျော်လွှား ဖတ်ရှုသွားနိုင်ပေလိမ့်မည်။ ကျွန်တော် ရေးထားတိုင်း ဖတ်ရမည်ဟု မည်သူ့ကိုမျှ မတိုက်တွန်းစကောင်းပါ။

၃။

ဘဝသည် သူဖြစ်ချင်သလို လျှောက်ဖြစ်နေတတ်ကြောင်းကို ယခု ဝတ္ထုတိုစုက သက်သေခံနိုင်လိမ့်မည် ထင်ပါသည်။

ကျွန်တော့်စာပေဘဝ ကနဦးလမ်းကြောင်းသည် ဝတ္ထုရေးသူ ဖြစ်ပါသည်။ သို့သော် ကျွန်တော်သည် ရေလိုက်လွဲကာ ဝေဖန်ရေးဆရာ (ယောင်ယောင်)ဘဝတွင် ကာလ အတန်ကြာသွားခဲ့ပါသည်။ မိမိကိုယ်မိမိ ပြန်သုံးသပ်သောအခါ ထိုဘဝကို ကျွန်တော် ခံတွင်း မတွေ့ပါ။

ထို့ကြောင့် ကျွန်တော်ရေးချင်တာတွေ လျှောက်ရေးရင်းက ယခုတော့ ကျွန်တော်သည် အတွေးဆောင်းပါးများကို အစဉ်တစိုက်ရေးသားဖြစ်လာသလို အိမ်ထောင်ရေး၊ လူမှုဆက်ဆံရေး၊ ကလေးသူငယ် စိတ်ပညာ ဆောင်းပါးများနှင့် စာအုပ်များကို ရေးဖြစ်၊ ထုတ်ဝေဖြစ်နေပါပြီ။

သို့သော် ဝတ္ထုသည် ကျွန်တော့် 'ငယ်ချစ်' ဖြစ်ပါသည်။ ထိုအချက်ကို ယခုစာအုပ်က ခိုင်လုံစေလိမ့်မည် ထင်ပါသည်။

တစ်ဆက်တည်းမှာပင် ဤစာအုပ်ကို ပြန်လည်စုစည်း နေရင်း

http://www.cherrythitsar.org



က ဝတ္ထုရေးလိုစိတ်များ တဖွားဖွား ပြန်ပေါ်လာသည်ကိုလည်း ဝန်ခံလိုပါသည်။

(သို့သော် လက်ရှိအနေအထားတွင် တခြားရေးစရာတွေက လွှတ်များနေသဖြင့် ဝတ္ထုဘက်ကို တော်တော်နှင့် လှည့်ဖြစ်မည် မဟုတ်မှန်းလည်း ကိုယ့်ဘာသာကိုယ် သိနေပါသည်။)

၈။

ဤစာအုပ်ကို ဖတ်ပြီးသောအခါ၌ အကြင်သူတစ်ဦးတစ်ယောက်က 'သည်လူက ဝတ္ထုရေးတော့လည်း အဖြစ်ရှိသားပဲ'လောက်ကလေး သော်မျှ မှတ်ချက်ချမည်ဆိုလျှင် ယခုစာအုပ်ကို စုစည်း ထုတ်ဝေရ ကျိုး နပ်ပါပြီ။

သို့မဟုတ်မူဘဲ 'အဖြစ်လည်း မရှိဘူး'ဟု မှတ်ချက်ပေးမည် ဆိုလျှင်လည်း ကျွန်တော့်အနေဖြင့် စောဓက မတက်ပုံ့ပါ။ စာဖတ်သူ လူအများကသာ စာရေးသူတစ်ယောက်၏'တန်း'ကို သတ်မှတ်ပေးရိုး ရှိသည်မို့ စာဖတ်သူများ၏အဆုံးအဖြတ်ကိုသာ ကျေကျေလည်လည် ခံယူလိုပါသည်။

၉။

ယခုစာအုပ်ပါ ကျွန်တော့်ဝတ္ထုတိုများအနက်မှ နှစ်ပုဒ်၊ သုံးပုဒ်မှာ စာပေနယ်တွင် ပွက်လောရိုက်ခဲ့ဖူးသည်များ ပါဝင်နေပါသည်။ ထို ဝတ္ထုတိုများမှာလည်း တိုက်တိုက်ဆိုင်ဆိုင်ပင်၊ ဆုဒိုနင်အမည်ဖြင့် ဖြစ်နေခဲ့ပါသည်။

သို့သော် အထက်တွင် ဆိုခဲ့သည့်အတိုင်း စာဖတ်သူ လူအများ စုက လက်ခံအားပေးသဖြင့်သာ 'ဆုဒိုနင်'ဟူသော ကလောင်မှာ ယနေ့ထက်တိုင် ရပ်တည်ရှင်သန်နေနိုင်ခြင်းဖြစ်သည်ဟု ကျွန်တော် နားလည် ခံယူထားပါသည်။

'အတ္တကျော်'ပေါ်လာသောအခါတွင်မူ ဆုဒိုနင်လို စာဖတ်သူ

http://www.cherrythitsar.org



များကြားတွင် ဝိဝါဒကွဲပြား မနေတော့ဘဲ အများပရိသတ် လက်ခံသော ကလောင်တစ်ချောင်း ဖြစ်နေသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် အနုညာတ ပုထုဇဉ်တစ်ဦးမျှသာ ဖြစ်သည့်အားလျော်စွာ လူမှုန်းများသည်ကို မခံယူလိုပါ။ လူချစ်လူခင်ပေါသည်ကိုသာ ခံယူလိုပါသည်။ ဆူဒိုနင်ကို လူမုန်းများအောင် ကျွန်တော် မွေးခဲ့မိပါသည်။ အတ္တကျော်ကိုမူ လူချစ်လူခင်ပေါအောင် ကျွန်တော်ပင် မွေးခဲ့ပါသည်။ အမှန်က ဆူဒိုနင်ရော၊ အတ္တကျော်ပါ ကျွန်တော် တစ်ယောက်တည်းက မွေးထုတ်လိုက်သော ကလောင်နှစ်လက်ဖြစ်နေသည်။ ထိုနှစ်လက်မှာ အစွန်းနှစ်ဖက်တွင် ရပ်တည်နေသည်ကို မြင်ရသောအခါ အတော် စိတ်မကောင်းပါ။

သို့ရာတွင် လူတို့၏ အငုံ့စိတ်တွင် ထိုနှယ်ကိုယ်ရည်ကိုယ်သွေး တစ်မျိုးမက ကွဲပြားနေတတ်သည်မှာလည်း သဘာဝပင်ဖြစ်မှန်း သတိထားမိပါသည်။ သိသိသာသာ ကွဲနေသူနှင့် အတွင်းကြိတ်ပြီး နှစ်မျိုးကွဲနေသူတို့သာ ကွာပါသည်။ လူတိုင်းမှာ အကောင်းနှင့် အဆိုး ဒွန်တွဲနေတတ်သော သဘောကတော့ ရှိမြဲဖြစ်လေသည်။

**၁၀။**

မည်သို့ပင်ဖြစ်စေ၊ စာပေနယ်တွင် မည်သည့်ကလောင်အမည်နှင့် ဖြစ်ဖြစ် ကျွန်တော် ယနေ့ထက်တိုင် ရပ်တည်နေနိုင်ခြင်းမှာ စာဖတ်သူ လူကြီးမင်းများ၏ လက်ခံအားပေးမှုကြောင့်သာ ဖြစ်သည်မှာမူ သံသယဖြစ်ဖွယ် လုံးဝမရှိပါချေ။ ထိုအတွက် စာဖတ်သူ လူကြီးမင်း အပေါင်းအား ကျေးဇူးတရားဖြင့် ရိုသေစွာဂါရဝပြုအပ်ပါသည်။


အားလုံး တွေးဆ ဆင်ခြင်ကြည့်နိုင်ကြပါခစေ

**အတ္တကျော်**

၂၀၀၃ စက်တင်ဘာ ၁

**လက်ထဲဖော်**

# မေတ္တာဒွဲ့



# မေတ္တာဘွဲ့

အိမ်ထောင့်ရဲ့
ဟိုး··· ချောင်လေးတစ်နေရာမှာ···
ပိုးဟပ်မလေးတစ်ကောင် အလုပ်များနေတယ်။
　　သူ့နံဘေးမှာ
ဝမ်းက ကျွတ်စ ဥကလေး နီစွေးစွေး···။
ပိုးဟပ်ကလေး···
အင်္ဂတေစလေးတွေစုလို့
ဥကလေးကို ဖို့နေတယ်။
　　မိနစ်ကလေးတွေ အိုလာတော့···
　　ဥကလေးကို မမြင်ရတော့ဘူး၊
　　နေရာ ဖုဖုလေး တစ်ခုသာ ကျန်တော့တယ်။
ပိုးဟပ်အကြောင်း
သတ္တဗေဒမှာ သင်တုန်းက
ပိုးဟပ်မှာ
အသည်းနှလုံး ကလီစာတွေ မရှိပါဘူး။
　　ဒါပေမယ့် ဥကလေး
　　ဒါမှမဟုတ် ရင်သွေးကို
　　တတ်နိုင်တဲ့ အတိုင်းအတာတစ်ခုအထိ
　　စောင့်ရှောက်လိုတဲ့ စေတနာ···။　　။

## ဝတ္ထုနောက်မှာ ပြောချင်တာ

'၁၉၇၅-၇၆ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း'တွင် ဖော်ပြပါရှိသော ကျွန်တော့် ပထမဆုံး ပုံနှိပ်စာမူဖြစ်ပါသည်။ ထိုစဉ်က 'စာညွှန့်'ဟု အမည်ပေးထားသော ခေါင်းစဉ်အောက်သို့ စာမူပို့ခဲ့ခြင်း ဖြစ်လေသည်။

ကျွန်တော့်အနေဖြင့်မူ စာညွှန့်လို့လည်း မခေါ်တတ်၊ ကဗျာဟုလည်း မဆိုနိုင်၊ ဝတ္ထုဟုလည်း မပြောသာ၊ မြင်တာကို မြင်သည့်အတိုင်း စင်းစင်းလေး ချရေးလိုက်ခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်တို့ နေထိုင်သော အမှတ် ၂၃၉၊ ပထမထပ်၊ လမ်း၄၀က တိုက်ခန်းမှာ ၁၉၂၀ပြည့်လွန်နှစ်များကတည်သော တိုက်ဖြစ်ရာ ၁၉၇၀ပြည့်လွန်ချိန်တွင် တချို့နေရာများ၌ အပေါ်ယံ အင်္ဂတေ သားများ ကွာကျနေပါသည်။ အိမ်မှာ ပိုးဟပ်ကလည်း အလွန်ပေါပါသည်။ ကျွန်တော်သည် ပိုးဟပ်ကို ရွံကြောက် ကြောက်သူဖြစ်သဖြင့် မြင်သမျှ ပိုးဟပ်ကို နင်းခြေသတ်ဖြတ်လေ့ရှိခဲ့သည်။


တစ်နေ့မှာတော့ ကျွန်တော့်စာတွင်ဖော်ပြခဲ့သော ပိုးဟပ်လေး အလုပ် များနေသည်ကို စိတ်ရှည်လက်ရှည် ထိုင်ကြည့်နေခဲ့ဖူးသည်။ ထို့နောက် အဓိပ္ပာယ်ကို ရိုးတိုးရိပ်တိပ် မြင်လိုက်သည်။ ထိုပိုးဟပ်ကိုလည်း မသတ်ဖြစ်ခဲ့မိပေ။

ကျောင်းမဂ္ဂဇင်းသို့ စာမူပို့ရန် လောဆော်သူမှာ ထိုနေ့ကမှ ကျွန်တော်နှင့် လူချင်းစတင်မြင်ဖူးသူ (ကို)'ရာမ(ဘူမိဗေဒ)' ဖြစ်ပါသည်။ သူနှင့် လူချင်း စ သိသည့် နေ့ကား မှတ်မှတ်ရရ စာမူပိတ်ရက်မတိုင်မီ တစ်ရက်အလိုဖြစ်သည်။ ကျွန်တော့်မှာ ရေးပြီးသား ဘာမျှမရှိ။ ထို့ကြောင့် ခေါင်းထဲမှာ တင်ကျန်နေသော ထိုအဖြစ်လေးကို လက်တန်း ချရေးကာ စာမူပုံးထဲ သွားထည့်လိုက်ခြင်း ဖြစ်လေသည်။

**လက်တွဲဖော်**

ရွှေချယ် ဖော်ပြခံရသောအခါ အတိုင်းမသိ ဝမ်းမြောက်ခဲ့ရပါသည်။

ယခုကာလတွင် ပြန်လည် ငဲ့စောင်းကြည့်သောအခါ လမ်း၄၀ တွင် နေထိုင်ခဲ့သော ဘဝ၊ ပိုးဟပ်မကလေး အလုပ်ရှုပ်နေပုံ၊ သူ့ ဥနီတာရဲလေး၊ အင်္ဂတေစတွေ၊ သမိုင်းသဘာဝသိပ္ပံတက္ကသိုလ်ကျောင်း တစ်နေရာတွင် မိုးပြာရောင် မျက်မှန်တပ်ကာ တိုက်ပုံမည်းဝတ်လျက် နတ်ရှင်နောင် သီချင်းကို အကျ ဟဲနေသော ကိုရာမကြီး၊ သူ့ဘေးက ဝက်ခြံအပြည့်နှင့် ရယ်ကျဲကျဲ ကိုမောင်မောင်ဇေတို့ကို လည်းကောင်း၊ ပန်းချီဆရာကျော်မင်းမောင်၏ ထိုနှစ် မဂ္ဂဇင်း ပန်းချီ မျက်နှာဖုံးကို လည်းကောင်း၊ ထိုမဂ္ဂဇင်းပါ 'မောင်ပြည့်မင်း'၏ 'မြွေ'ကဗျာကို လည်းကောင်း၊ ထိုကာလ နောက်ခံပန်းချီကားသည်လည်းကောင်း အာရုံထဲတွင် ဓာတ်ရှင်ပြသလို တရိပ်ရိပ်ပေါ်နေပါတော့သည်။



ကဲချိုးလေ မှတ်ပလား

http://www.cherrythitsar.org

# ကဲချင်ဦးလေ မှတ်ပလား

## အချီ

သည့်စာကို သည့်တစ်ကြိမ် ရေးရပေဦးမည်။

ငါးခေါက်မြောက် ရေးခြင်း…။ ရေးလိုက်၊ မကြိုက်လိုက်၊ ပြင်လိုက်၊ ပြန်ရေးလိုက်၊ မကြိုက်လိုက်။

ယခု နောက်ဆုံး ဒသမအကြိမ် ရေးပါဦးမည်။ သည့်တစ်ချီတော့ ပြန်ပြင်ရန် စိတ်မကူးတော့ပါ။ စာမူပိတ်ရက်က အလွန်အင်မတန် နီးကပ်နေပြီလေ။

ဇာတ်အလိုကို ခပ်တိုတို ရှိစေဖို့ စာဖွဲ့ပြီး ဇာမချဲ့လိုတော့ပါ…။

## အဖွင့်

ကျွန်တော် မောင်ရေချမ်းကား ပထမနှစ်သိပ္ပံဘာသာတွဲ တက်နေသော တက္ကသိုလ်ကျောင်းသား အကောင်းစားလေး ဖြစ်တော်မူသည်။ အမည်ရင်း မောင်ရေချမ်းမှန်လည်း ကာတွန်းတင်အောင်နီ၏ ဇာတ်လိုက်ကျော် ကိုပြာလောင်နှင့် ဆင်သဖြင့်ကျောင်းတွင် 'ရေပြာလောင်ချမ်း' ဟု တွင်သတတ်။

**လက်ကျွဲဖော်**

http://www.cherrythitsar.org



မည်သို့ပင်လောင်လောင်၊ လောင်လောင့်မှာလည်း အသည်းနဲ့ပါ။

ထို့ပြင်တဝ တက္ကသိုလ်ရောက်သည်ဆိုလျှင်ပဲ အတွဲလေး တစ်ယောက် လောက် လိုချင်သော သဘောသဘာဝကို မလွန်ဆန်နိုင်သော အသည်းနဲ့ လောင်လောင့်မှာ ရည်းစား ရှာမိပါ၏။ မာမီ့ကို အားမကိုးဘဲ သားသား ကိုယ်တိုင် ရှာခြင်းဖြစ်လေသည်။

စုံနံ့သာမြိုင် ရှာပုံမဖွင့်ဘဲ ကျွန်တော့် အတန်းတွင်း၌ ရှာပုံဖွင့်သော် အတန်းမှ အလှစာရင်းဝင် 'လူစီလူး'အား တွေ့လေသည်။ နွားကြိုက်မှတော့ ရှမ်းချောမြမို့ လူစီလူး လှ/မလှ အဆွေစာဖတ်သူ ခန့်မှန်းနိုင်မည်ပဲ။

လိုရင်းကို အပိုကင်းအောင်ဆိုရရင်တော့ ကျွန်တော်နဲ့ လူစီလူးတို့ 'ကြည်'သွားကြပါသည်။

သိတယ်မှုတ်လား...၊ ကျွန်တော်က 'ရှိုး'ကောင်းတယ်လေ။ ပြီးတော့ အရပ်ကလေး နည်းနည်း နိမ့်တာက လွဲလို့၊ အသားကလေး နည်းနည်း မည်းတာက လွဲလို့၊ ပါးစပ်ကလေး နည်းနည်းပြဲတာက လွဲလို့ ကျွန်တော် မောင်ရေချမ်းက ချစ်စရာလေး။

ကိုင်း... ကိုယ့်ကိုယ်ကိုယ်ဖော် သူတော်ကောင်း ဖြစ်ချေရော့မည်။

ထားဦးစို့...

**သဘောတရား**

သကြားလုံး...

'သကြားလုံး'ဆိုတာက... အဲ... တင်စားခြင်းပါ။

သကြားလုံးကားချို၏၊ မွှေး၏၊ အရသာ ပြည့်ဘိ၏၊ ငုံပြီး စုပ်ရ၏ဟု (ဥတုဘောဇနကျမ်းမဟုတ်သော)'အဒုဗောဇဏ'ကျမ်းက ဆိုသည်။ ထို့နှယ် ချိုသော၊ မွှေးသော၊ အရသာ ပြည့်သော၊ ငုံပြီး စုပ်ရသောအရာကို သကြား လုံးဟု ကင်ပွန်းတပ်ခြင်းပါ။

အတွဲလေးရှိလာသည်ဆိုလျှင်ပဲ တစ်ခုခုတော့လုပ်ချင်သည်ပေါ့...။

**လက်တွဲဖော်**

http://www.cherrythitsar.org



အဲ··· မျက်နှာချည်း ထိုင်ကြည့်နေလို့ ဘယ်ဖီလင်လာမလဲ၊ လက်ကလေးတော့ ကိုင်ချင်သည်ပေါ့။ အဲ··· လက်ကလေးချည်း ကိုင်လို့ ဘယ်ဖီလင်လာမလဲ၊ ပါးကလေးတော့ နမ်းချင်သည်ပေါ့။ အဲ··· ပါးကလေးချည်း နမ်းနေလို့ ဘယ်ဖီလင်လာမလဲ၊ သကြားလုံးလေးတော့ စားချင်သည်ပေါ့။

သည်တော့··· အတွဲရှိလျှင် 'ဆိတ်ကွယ်ရာ' ရှာရစမြဲ။

သို့သော်···

ဆိတ်ကွယ်ရာတို့မှာ ဆိတ်ကိုသာ ကွယ်နိုင်ပုံရသည်။ လူမကွယ်ချေ။ လူတွေကလည်း ကြည့်တော့သာ ရိုးပုံရိုးပန်း၊ အချောင်းအမြောင်းတော့ တေက်ဖျား ရှူးလိမ့်မည်။

ထို့ကြောင့် ချစ်သူစုံတွဲများသည် ဆိတ်ကွယ်ရာ၊ အဲ··· လူကွယ်ရာ ရှာရတတ်ပါသတည်း။

သဟာက သဘောတရား···။

## ဖြစ်စဉ် (၁)

ဆိုတော့···

ကျွန်တော်နဲ့ လူစီလည်း လူကွယ်ရာ ရှာကြပါသည်။

ပြောရတာ ရှက်လိုက်ပါဘိ···။

တက္ကသိုလ် ပရဝုဏ် ကျယ်လှသလို။ အဆောက်အအုံလည်း ပေါပါသည်။ သို့ပေတည့် 'လူကွယ်ရာ'ကား ရှားပါးသည်။ ရှိသည့်နေရာများမှာလည်း အတွဲဦးရေနှင့် မမျှတသဖြင့် လူကွယ်ရာ ရှားပါးခြင်းကား ကမ္ဘာ့လောင်စာ ရှားပါးခြင်းနှယ်တည့်···။

သကြားလုံး၏ အရသာကို ကောင်းစွာ သိပြီးဖြစ်ရကား အရူး အမဲသားစားမိသလို ဖြစ်နေတော့၏။ သို့ဖြစ်၍ လူကွယ်ရာ ရှာခြင်းအလုပ်ကို ကျွန်တော်တို့ ကြိုးစား၍ လုပ်လေသည်။

တစ်ညနေ···

http://www.cherrythitsar.org



ထုံးစံအတိုင်း လူကွယ်ရာ ရှာကြပါသည်။ ရှာလျှင် မောတတ်သည်မို့ စာကြည့်တိုက်အနီးမှ ဖျော်ရည်တစ်ခွက်စီ ကြိုတင်၍ သောက်ဖြစ်ကြသည်။ ထို့နောက် လူကွယ်ရာ ရှာဖို့ ခြေလှမ်း စပါသည်။

စာကြည့်တိုက်အနီးမှထွက်ခဲ့ကြသည်မို့ နီးရာ ရက္ခဗေဒဌာနအဆောက်အအုံသို့ လျှောက်ခဲ့ပါသည်။ ပြီး… လှေကားအတိုင်း အပေါ်ဆုံးသုံးထပ်သို့ တက်ခဲ့ကြ၏။ ဝိဇ္ဇာဌာန အပေါ်ဆုံးထပ်များတွင် လူကွယ်ရာ အခန်းလွတ်များ ရှိတတ်သည်။ ထို့ကြောင့် ကျွန်တော်တို့ သိပ္ပံဌာနဘက်တွင်လည်း ရှိလေမည်လားဟု တွေးပြီး တက်ခဲ့ခြင်းပါ။

အပေါ်ဆုံးသို့ရောက်သော် စင်္ကြံအတိုင်း အရှေ့ဘက်သို့ လှမ်းခဲ့ကြပါသည်။ အခန်းလွတ်များရှိသည်ဖြစ်လည်း လူတစ်စု၊ လူနှစ်ဦးစသဖြင့် နေရာယူပြီးဖြစ်နေ၍ ဆက်လျှောက်ခဲ့ပါ၏။ သတ္တဗေဒဌာနနှင့် ဆက်သွယ်သော တံခါးသို့အရောက်တွင် အဘယ်အရပ်သို့ ဆက်ချီရမည်ကို ရုတ်တရက် စဉ်းစား၍ မရသဖြင့် ဟို သည် လှည့်ပတ် ကြည့်မိပါသည်။

ထိုအခါ…

မြောက်အရပ်၌ စင်္ကြံတစ်ခုကို တွေ့ရပါသည်။ ကျွန်တော်တို့ နှစ်ယောက် ယင်းစင်္ကြံဘက် ခြေဦးလှည့်ခဲ့ကြပါသည်။ ထိုစင်္ကြံကား သတ္တ၊ ရက္ခ ဌာနများနှင့် ဓာတုဗေဒဌာနတို့ကို ဆက်သွယ်သော စင်္ကြံဖြစ်သည်။ တစ်ဖန် ယင်းစင်္ကြံသည် ငွေသွင်းဌာန၏အထပ်ထပ်ရှိ သိပ္ပံခန်းမ(S.A.)၏ အမိုးသို့လည်း ပေါက်လေသည်။

သိပ္ပံခန်းမ၏အမိုးမှာ အကာအရံများနှင့် ပြန့်ပြူးသောနေရာပင်။ လူသွားလူလာဟူ၍ ကျွန်တော် မောင်ရေချမ်းနှင့်လူစီလူးတို့သာ ရှိလေရာ ‘လူကွယ်ရာ’ပင် ဖြစ်ချေပြီ။

ရှက်ရှက်နဲ့ပဲ ပြောရတော့မည်။

သို့ကလိုနဲ့… ထိုအရပ်မှာ ကျွန်တော်နှင့်လူစီလူးတို့ နှစ်ပါးကြည်ကြပါလေသတည်း။

**လက်ဖွဲ့ဖော်**

http://www.cherrythitsar.org



ပျော်လိုက်သည့် ဖြစ်ခြင်း၊ ရေနံဆီထုတ်ဖို့ စာအုပ်ထပ်ရန်ပင် မေ့သွား သတတ်… အဟတ်… အဟတ်…

အဟော…

တစ်ခု ကျန်ခဲ့ပါသည်။

ထိုအချိန်ကား ညနေ သုံးနာရီ ဆယ့်ငါးမိနစ်…

## ဖြစ်စဉ် (၂)

သုံးနာရီ လေးဆယ်…

အမှန်အချိန်လင့်၍ ပြန်ချိန်သင့်ပြီမို့ သကြားလုံးစားခြင်းကို မဝတဝ၊ ဆန္ဒတင့်ငံ့နှင့် ရပ်လိုက်ရသည်။ အဝတ်အစားများ သေသပ်အောင်ပြုပြင်ပြီး နှစ်ယောက်သား လက်တွဲ၍ ပီတိဗရပွ၊ ကြည်နူးမှုကိုယ်စွနှင့် လာရာလမ်း အတိုင်း ပြန်ခဲ့သည်။

အဲ… ဝင်ခဲ့သောအပေါက်သို့ ရောက်လတ်သော် တံခါးက ပိတ်လျက် သား။ ယင်းတံခါးမှာ သတ္တ၊ ရက္ခဌာနများဘက်တွင်ဖြစ်၏။ ဝင်ခဲ့စဉ်က ဖွင့်ထားသည်ဖြစ်လည်း ယခုမူ ပိတ်ချေပြီ။ တံခါးကိုဆွဲကြည့်သော် သော့ ခတ်သွားမှန်း သိလိုက်ရသည်။

ဓာတုဗေဒဌာနဘက် အပေါက်သို့ သွားကြည့်သော်လည်း ထိုနှယ်ပင် သော့နှင့်…။

သကြားလုံးအရသာတွေ ဘယ်ချောင်ဂလောင်သို့ ရောက်သွားမှန်းပင် မသိ။

ကျွန်တော်တို့ ထွက်စရာ မသကာသာလေတော့ပြီ။

လူစီကတော့ ပိုက်လုံးမှ တွယ်ဆင်းရန် အဆိုပြုသည်။ တောင်စွယ် နေကွယ်သည်နှင့် သူဆင်းမည်တဲ့။ ယောကျ်ားလေး ကျွန်တော်ကတော့ တွေးပင် မတွေးရဲ။ ပြုတ်ကျလျှင် တော်သေး။ တစ်ခုခုနဲ့ ငြိပြီး တန်းလန်း ကြီး ဖြစ်နေမှ အခက်။ သူဆင်းမည်ဆိုလျှင်ပင် မကြည့်ရဲပေါင်။

http://www.cherrythitsar.org



သို့နှင့် ကျွန်တော်တို့နှစ်ယောက် ဇီဝဌာနဘက် တံခါးကြားမှ ချောင်းကြည့်သော် လူရိပ်လူရောင်မတွေ့ရချေ။ 'လူကွယ်ရာ' ကား လူကွယ်လွန်း၍ ထင့်။ အတန်ကြာ စောင့်သော်လည်းလူရိပ်မမြင်ရတော့ဘဲ ညရိပ်သာ ကဲလာသည်။

မြေကြီးပေါ်တွင် လူအချို့ရှိလေမည်ထင်၏။ သူတို့ကို ဟစ်အော် အကူအညီတောင်းရ ကောင်းမလား စဉ်းစားပြန်၏။ အော်လိုက်က ရပ်ကျော်ရွာကျော် ဖြစ်သွားနိုင်သည့်ကိန်းကြီးက အလိမ်းလိမ်းနှင့်မို့ မအော်ရဲ။

ထို့ကြောင့် ဓာတုဗေဒဌာနဘက် တံခါးသို့ လျှောက်ခဲ့ပြန်သည်။

## ဖြစ်စဉ် (၃)

အဆိုပါတံခါးကြားမှ ချောင်းကြည့်ကြပြန်သည်။ လူရိပ် မတွေ့ရပြန်။ ထို့ကြောင့် ခါးလည်လောက်ဆီထိ စိတ်ဓာတ်ကျသွားသည်။

စကြံဝရံတာမှ ကြည့်သော် ဓာတုဗေဒဌာန အလယ်ထပ်တွင် ဆရာမတစ်ဦးရှိနေ၏။ သူကား ပြန်ရန် ပြင်ဆင်နေဟန် တူသည်။ ခြင်းတောင်းကို ဝရံတာဘောင်၌တင်ကာ ထဘီပြင်ဝတ်နေလေ၏။ အနီးဆရာမသည် ကျွန်တော်တို့ အတွက်မူ မေခလာတည့်။ ထို့ကြောင့်...

'ဆရာမ......ဆရာမ'

အသံလာရာ ကျွန်တော့်ထံ ဆရာမ၏မျက်လုံးများ ရောက်လာသည်။ ကျွန်တော်က...

'ကျွန်တော်တို့ သည်အပေါ်ထပ်မှာ ပိတ်မိနေလို့။ အဲဒါ... ဆရာမ ကူညီပါလား...'

ကျွန်တော်ပြောနေစိုက်မှာတော့ ဟန်နှင့်ပန်နှင့် နားထောင်သော်လည်း စကားဆုံးသော် သူနှင့် မဆိုင်သလို၊ သူ မသိသလို၊ သူ့ကို ပြောလိုက်တာပဲ မဟုတ်သလို၊ ဘာလို၊ ခပ်တည်တည်နှင့်၊ ခြင်းလေးဆွဲလျက် ကော့ကော့ကော့ကော့နှင့် ထွက်သွားလေသည်။ (ကျွန်တော်တို့ကို တစ္ဆေဟု ထင်

http://www.cherrythitsar.org



သွားသလား မသိ…။)

ဟင်း… ဆရာမမို့လို့… နို့မဟုတ်ရင်…

## ဖြစ်စဉ် (၄)

သုံးနာရီ ငါးဆယ်…

ဓာတုဗေဒဌာနဘက် တံခါးကြားမှ ချောင်းကြည့်မိရပြန်သည်။

လားလား… ဘောင်းဘီဝတ် လူတစ်ယောက် ကျွန်တော်တို့ ရှိရာဘက်သို့ လျှောက်လာသည်ကို တွေ့ရပြန်သည်။

ကျွန်တော်နှင့်လက်တကမ်းခန့်သို့ သူရောက်လာသည်နှင့်…

'သည်မယ်… နောင်ကြီး'

သူ ဟိုဟိုသည်သည် ကြည့်သည်။ ကျီးကြည့်ကြောင်ကြည့်…။ အသံသာ ကြားရပြီး လူကို မမြင်ရတော့ သူ သွေးပျက်သွားပုံရသည်။

'သည်မှာ… ခင်ဗျား ရှေ့တည့်တည့်က တံခါးကြားထဲမှာ။ သည်မှာဗျ… သည်မှာ… သည်မှာ…'

ထပ်ခေါ်တော့မှ သူ ကျွန်တော့်ကို တွေ့သွားသည်။

'ကျွန်တော့်ကို ခေါ်တာလား…'

'ဟုတ်ပါတယ်… ကျွန်တော်တို့ကို တဆိတ် ကူညီပါလား'

'ဩော်… ပြောပါ'

'ကျွန်တော်တို့ သည်မှာ ပိတ်မိနေလို့…။ အဲဒါ သည်တံခါးသော့လေး ရှာပေးပါလား…'

'ခင်ဗျား တစ်ယောက်တည်းလား…'

'ဟင့်အင်း… ကျွန်တော့်အမျိုးသမီးပါ ပါတယ်'

'ကောင်းပြီလေ… ကျွန်တော် သွားမေးကြည့်ပေးမယ်'

'ဟုတ်ကဲ့ဗျာ… ကျေးဇူးမမေ့ပါဘူး'

သူ ဆင်းသွားသည်။

**လက်ကျဲဖော်**

http://www.cherrythitsar.org



ကွမ်းတစ်ယာညက်ခန့်အကြာတွင် သူပြန်ရောက်လာသည်။

'ဝမ်းနည်းပါတယ်။ သည်တံခါးက... အသုံးမလိုတော့လို့ အသေပိတ်ထားတာတဲ့၊ သော့လည်း ပျောက်သွားပြီတဲ့။ တခြားတစ်ဖက်က ကြိုးစားကြည့်ဦးပေါ့ဗျာ...'

'သြော်... ကျေးဇူးပဲဗျာ'

မတင်ချင်ပဲနဲ့ တင်လိုက်ရသည်။ ကျေးဇူးကို ပြောပါသည်။

## ဖြစ်စဉ် (၅)

ခာတုဘက်က လမ်းဆုံးသွားပြီမို့ ဇီဝဘက် တံခါးကို လှမ်းခဲ့ရပြန်သည်။ တံခါးပေါက်မှချောင်းကြည့်သော် သတ္တဗေဒဌာန သံဘာဂျာတံခါးကို ပိတ်နေသော သော့ကိုင်ပုဂ္ဂိုလ်တစ်ဦးအား တွေ့ရပြန်သည်။ သူ့မှာရှိသော သော့တွေထဲတွင် ဤတံခါးသော့လည်း ပါတန်ကောင်းသည်မို့ အားကနည်းနည်း ပြန်တက်လာ၏။ ရင်ခေါင်းလောက်ထိ...။

ဆိုတော့ တံခါးကို တဝုန်းဝုန်းထုရင်း ပါးစပ်က အော်ခေါ်ရလေသည်။ သူရောက်လာ၏။

'ကျွန်တော်တို့ သည်ပေါ်မှာပိတ်မိနေလို့ဗျာ။ အဲဒါ သည်တံခါးသော့များ မရှိဘူးလား...'

'ခင်ဗျားတို့ ဘယ်က ဝင်ခဲ့ကြသလဲ'

'သည်အပေါက်ကပဲ...'

'သည်နေရာက မဝင်ရဘူးဗျ...'

'ကျွန်တော်တို့မှ မသိဘဲလေ...'

'အင်း... သည်သော့ကိုင်တဲ့ဆရာက ခုလောက်ဆို သူ့အိမ်ပြန်ရောက်နေပြီ...'

'သူ ဘယ်မှာနေလဲဟင်...'

'အင်းစိန်မှာလို့ ကြားဖူးတာပဲ...'

http://www.cherrythitsar.org



'နောင်ကြီး မကူညီနိုင်ဘူးလားဗျာ…'

'အား… ဘယ်တတ်နိုင်မလဲဗျ။ ခင်ဗျားတို့ သည်ညတော့ သည်မှာပဲ အိပ်ကြပေတော့။ မနက်ဖန်မှ ထွက်လို့ရမယ်။ အဲ… တစ်ခုတော့ရှိတယ်။ မနက်ဖန်ကျရင်တော့ ခင်ဗျားတို့ အရေးယူခံရလိမ့်မယ်။ သည်အခန်းက စာပေးစာယူသင်တန်းက ပစ္စည်းထားတဲ့ စတိုခန်းဗျ။ မဝင်ရတဲ့ အခန်း…'

ပြောပြောဆိုဆို သူ ထွက်သွားသည်။ ကျွန်တော် ဆုတောင်းလိုက်၏။ သည်လူ သေခါနီးဆဲဆဲမှာ 'ခင်ဗျားသေမှာ အသေအချာပဲ။ ခင်ဗျား သေရင် ခေါင်းလှလှလေးနဲ့ ထည့်ပေးမယ်။ ဒါပေမယ့် မြေကြီးထဲရောက်ရင်တော့ တီတွေက ခင်ဗျားကို ပွဲတော်တည်ကြမှာပဲ…' စသဖြင့် အားပေးသူ ပေါ်လာပါစေလို့…။

## ဖြစ်စဉ် (၆)

လေးနာရီ ဆယ်မိနစ်…

စိတ်ဓာတ်ကတော့ ဒူးဆစ်အထိကျနေပေပြီ။ သည်ပုံအတိုင်းသာဆိုလျှင် ကျွန်တော်နှင့်လူစီ သည်ည သည်မှာ အိပ်ဖြစ်ချေရော့မည်။

မအိပ်ဖြစ်ပါစေနဲ့။

အဘယ့်ကြောင့်နည်း။

ကုန်ဈေးနှုန်းတွေက ကြီးလို့ပါပဲ၊ ပြီး… ဘွဲ့ရလျှင် အလုပ်ကလည်း လက်မဲ့ဖြစ်မည် အသေအချာ၊ ဘာနဲ့ သွားစားကြရမှာတဲ့လဲ။

ကျွန်တော် ရေရေလည်လည် ဆွေးသတည်း။

မိလူစီကလည်း မိန်းမသားတို့ သဘာဝအတိုင်း ပွစိပွစိနှင့်၊ သခွတ်ပင်က မီးတကျိုကျို…။ ကျွန်တော့်မှာ စိတ်ပိန်နေရသည့်အထဲ…။

လမ်းကလည်း ဆုံးနေပေပြီ။ ရှိသည့် အပေါက် နှစ်ပေါက်ကလည်း သော့မရှိသော သော့ခလောက်များနှင့်…။

ကျွန်တော်တို့နှစ်ဦး စောစောက ချစ်ရည်လူးခဲ့ကြသော အရပ်သို့ ပြန်

http://www.cherrythitsar.org



လျှောက်ခဲ့ကြပြန်သည်။ ထိုနေရာမှ ကြည့်သော် သိပ္ပံခန်းမ၏ မြောက်ဘက် ဝရံတာကို မြင်ရလေသည်။ တစ်အောက်လောက် အကွာတွင် ရူပဗေဒဌာန ရှိလေသည်။ ထိုနေရာတွင်လည်း တံခါးများကား ပိတ်··· လျက်···။

လူစီက အကြံသစ်တစ်ခု ပြုပြန်သည်။ သိပ္ပံခန်းမ ဝရံတာသို့ ခုန်ချ မလို့တဲ့။ ဟင်း··· မိလူစီ၊ ကျုပ်တို့က ဝတ္ထုတွေထဲက ဇာတ်လိုက်တွေ မဟုတ်ဘူးဗျို့···။ ခင်ဗျား တွေးလိုက်သမျှတော့ ရင်မသည်းဖိုစရာတွေ···။ နည်းတဲ့အမြင့်မှ မဟုတ်ဘဲ···။

ဟိုး··· အောက်ဆုံးထပ် ထောင့်ရှိ ရေဘုံဘိုင်တွင် လူတစ်ယောက် ဆောင့်ကြောင့်လေးထိုင်၍ ချိုင့်ဆေးနေသည်။

ထိုစဉ်···

သိပ္ပံခန်းမ ဝရံတာသို့ လူတစ်ယောက် ရောက်လာသည်။ သူကား ကျွန်တော်တို့အတန်းမှ အတန်းကိုယ်စားလှယ် ဖြစ်နေသည်ကို အံ့သြ ဝမ်း မြောက်ဖွယ် တွေ့ရလေသည်။ နောက်ဆုံး ကောက်ရိုးမျှင်လေးပင်။

'ဟေ့ကောင်··· အီးစီ'

သည်ကောင် ခေါင်းမော့လာသည်။

'အော··· ပြာလောင်။ အဲလေ··· ရေချမ်း···'

'တိုးတိုးကွ··· သည်နားလာဦး···'

'တံတွေးတော့ ထွေးမချနဲ့နော်···'

'ဟာ··· အရေးထဲ ရှီးတဲ့မှပဲ။ လာပါကွ···'

'ဟား··· ပြာလောင်တို့ မြာထောင်ကျနေတာကိုးကွ'

'ဘယ်ကလာ··· သည်မှာ ခွေးဖြစ်နေတာကွ'

'အေး··· ငါတို့လဲ မင်းလိုဆို ဖြစ်ချင်စမ်းပါဘိကွာ···'

သည်ကောင် အောက်တည့်တည့် ရောက်လာသည်။

'ငါတို့ သည်ပေါ်မှာ ပိတ်မိနေလို့ကွ···'

'ဟင်··· မင်းတို့ ဝင်ခဲ့တဲ့ အပေါက်ကကော···'

http://www.cherrythitsar.org



'ပိတ်သွားပြီကွ။ သော့ခတ်သွားပြီ…'

'သော့ကကော…'

'သော့ကိုင်တဲ့သူ ပြန်သွားပြီတဲ့…'

'ဘယ်မှာ နေသတဲ့လဲ… ငါ့မှာ ကားပါတယ်၊ ငါသွားယူပေးမယ်'

'အား… ဘယ်သိမလဲ'

'သွားမေးမယ်လေ…'

'ဟော့ကောင်… လုပ်မနေနဲ့။ မလွယ်ဘူး…'

'ဘယ်လို လုပ်ရင် ကောင်းမလဲ…'

'ငါတို့ကို ကြိုးတစ်ချောင်း ရှာပေးပါလား…'

'အေး… ငါ့ကားထဲမှာ အုန်းဆံကြိုးတစ်ခွေတော့ ပါတယ်။ နေဦး… သွားယူပေးမယ်'

သည်ကောင် ထွက်သွားလေသည်။ ပင့်သက်သုံးခါရှိုက်ခန့်အကြာမှာ သူပြန်ရောက်လာသည်။ လက်ထဲတွင် ကြိုးခွေတစ်ခွေနှင့်…။

'မိအောင်ဖမ်းနော်…'

'အေးပါ…'

သူ လှမ်းပစ်သည်။ မရောက်ချေ။ နောက်ထပ် ပစ်၏။ ကျွန်တော် မိလုမိခင်တွင် ပြန်ကျသွားပြန်သည်။

'မင်းကလည်း ညံ့ပါ့…'

ကျွန်တော့်ကို ပြောသည်။ ဘယ်ခံချင်မလဲ…။

'မင်းပဲ ရောက်အောင် ပစ်ပါဦး…'

အားနှင့် မာန်နှင့် ထပ်ပစ်သည်။ ကြိုးက ကျွန်တော်ရှိရာသို့ မရောက်၊ ကျွန်တော်ရှိရာ အမြင့်ထက်ကျော်ကာ ဟိုးမြေကြီးသို့ ကျသွားသတည်း။

'တော်လိုက်တဲ့ကောင်ကွာ… သွားကောက်'

သည်ကောင် တစ်ခေါက်ဆင်းရပြန်သည်။ ကြိုးကောက်၍ ပြန်တက်လာသည်။ တစ်ခါထပ်ပစ်၏။ မရောက်ပြန်၊ စိတ်က သိပ် မရှည်ချင်တော့၊

http://www.cherrythitsar.org



သည်လိုကောင်မျိုးကို မျက်စိလည် လမ်းမှားပြီး အီးစီခန့်ထားမိတာအမှားပဲ။

သို့ပေတည့် သူ့ကျေး ဇူးက ရှိနေသည်။ သည်အကောင် ဖွဲ့တော့ရှိသည်။ ထပ်၍ ပစ်သည်။

သည်တစ်ချီတော့ ရလိုက်သည်။

သို့နှင့်...

ကျွန်တော်တို့ ရှိနေရာတွင် ချည်စရာ နေရာ ရှာသည်။ သံတစ်ချောင်း၊ ငုတ်တစ်ချောင်းပင် မရှိချေ။ ယင်းကြိုးနှင့် အရှည်တူနေရာလောက်တွင်သာ သံလေ့ကားတစ်ခုသာ ချည်စရာရယ်လို့ ရှိသည်။ ထိုနေရာတွင်ချည်မှတော့ ကြိုးသည် အောက်သို့ ရောက်စရာ လမ်းမမြင်...။

ထို့ကြောင့် ကြိုးသည် ကျွန်တော်တို့အတွက် ဘာမှ အဖိုးမတန်တော့။

'ဟော့ကောင်... ချည်စရာ နေရာ မရှိဘူးကွ...'

'ဟေ... အဲဒါမှ ဆွေးပဲ...'

'ရော့... မင့်ကြိုး...'

သည်ကောင် ကြိုးကို ပြန်ခွေလိုက်ရင်း...

'ဒါဖြင့် ဘယ်လို လုပ်ကြမလဲ...'

'ငါလည်း မပြောတတ်တော့ဘူး...'

ကျွန်တော့်စိတ်ဓာတ်ကား ခြေမျက်စိအောက် အနုတ်လက္ခဏာအထိ ကျနေပြီ။ စိတ်ပျက်သွားပြီကား အလွန်အမင်း...။ ရေချမ်းတော့ အခုတစ်ချီမှာ 'ရေလောင်'ဖြစ်နေပြီ။ ပညတ်သွားရာ ဝက်သက်ပါရော့ထင့်...။

## ဖြစ်စဉ် (၇)

လေးနာရီခွဲ...

အီးစီလည်း အကြံထုတ်နေဆဲ။ လူစီဆိုသော မိန်းမကတော့ ပွစိပွစိ။ ကျွန်တော် ကဲ၍ဖြစ်ရသည်တဲ့လေ။ သူကျတော့ မကဲတာ ကျနေတာပဲ၊ ဟင်း... ပြော မပြောချင်ဘူး။

http://www.cherrythitsar.org



ကျွန်တော်တို့ ရောက်နေရာနှင့် အောက်ဆုံးတည့်တည့်ရှိ၊ စောစောက ဖော်ပြခဲ့သော ရေဘုံဘိုင်တွင် နောက်လူတစ်ဦး ချိုင့်ဆေးနေပြန်သည်။ သူက ချိုင့်ဆေးနေရင်း ကျွန်တော်တို့ကို လှမ်းကြည့်နေ၏။

ကျွန်တော်က သူ့ကို ဂရုမစိုက်အား…။ ရုတ်တရက် ပေါ်လာသော စိတ်ကူးကို အီးစီအား အဆိုသွင်းသည်။

'ဟေ့ကောင်… လေ့ကားတစ်စင်းလောက် မရနိုင်ဘူးလား…'

'အာ… ဘယ်မှာ သွားရှာရမလဲကွ…'

'ရအောင်ရှာပေါ့… တစ်နေရာရာမှာ ရှိမပေါ့…'

'ဟ… ဒါတော့ နင်ပြောမှလား ရေပြောလောင်ရ…'

'ဆရာတို့ ဘာဖြစ်နေလို့ လေ့ကား လိုချင်တာလဲ…'

ရေဘုံဘိုင်မှ ပုဂ္ဂိုလ်ဆီက နောက်ဆုံးအမေးကို မေးသံ ကြား၍ သူ့ကို ကျွန်တော် လှမ်းဖြေလိုက်သည်။

'သြော်… ကျွန်တော်တို့ သည်မှာ ပိတ်မိနေပြီး ဆင်းလို့ မရတော့လို့…'

'ဆရာတစ်ယောက်တည်းလား…'

'ဘယ်က ဆရာ ရမလဲ။ ကျောင်းသားဗျ… ကျောင်းသား…'

'အဲ… ခင်ဗျား တစ်ယောက်ထဲလား…'

အရေးထဲ… ရှေ့နေမင်းနှင့် ကြုံရပြန်ပြီ။

'စကစ်လည်း ပါတယ်ဗျို့…'

'အော်… ဒါဆို ရပါတယ်၊ အောက်မှာ လေ့ကား ရှိတယ်…'

အင်း… 'စကစ်'သာ မပါရင် မရတော့မယ့် ပုံမျိုး…။

ကျွန်တော်က အီးစီကို ညွှန်ကြားရပြန်သည်။

'ဟေ့ကောင်… သွားသယ်ချေကွာ…'

ကွေးသောလက်မဆန့်မီ သူပြန်ရောက်လာသည်။ သူနှင့်အတူ လူနှစ်ဦးက ဝါးလေ့ကားတစ်စင်းကို သယ်လာသည်။ မဆီမဆိုင် ဓော်ဝမ်းနှင့်

http://www.cherrythitsar.org



ချိုပြုံးတို့ ပါဝင်သော 'ရွှေလှေကားနဲ့ တက်ခဲ့ပါ' ရုပ်ရှင်ကိုသတိရမိသေး၏။ ကျွန်တော်မောင်ရေချမ်းနှင့်လူစီလူးတို့လည်း 'ဝါးလှေကားနဲ့ ဆင်းခဲ့ပါ' ဟု အမည်တပ်၍ ဇာတ်ကားတစ်ကားရိုက်လျှင် သင့်မည် ထင်မိသေး၏။

လှေကားကို ထောင်သော် ကျွန်တော်တို့ရှိရာသို့ မီရန် လူတစ်ရပ်ခွဲလောက် လိုနေပြန်သေး၏။ လှေကားသို့ ခြေချရန် မလွယ်ချေတကား။

ကျွန်တော့် စိတ်ဇာတ်ကား ခြေမျက်စိအောက် အဝီစိအထိ စောက်ထိုးကြီး ကျသွားလေပြီတည်း။

'ကိုင်း… ဘယ်လိုလုပ်ကြမလဲ'

ကျွန်တော် ညည်းလိုက်မိတော့သည်။

အီးစီက သူ့မေးစေ့ကို ပွတ်ရင်း စုံထောက်ဦးစံရှား စတိုင်ဖြင့် စဉ်းစားနေရင်း လက်ဖျစ် တစ်ချက်တီးကာ…

'အား… သိပ်ပွဲခန်းမထဲမှာ ခုံတွေ ရှိသားပဲ။ ခုံခုရင် ရမှာပေါ့…'

သည်တစ်ခါတော့'မဟာအီးစီပညာကျော်'ကို စိတ်ထဲက ချီးကျူးလိုက်မိသည်။ အီးစီရာထူးနှင့် ထိုက်တန်ပါပေ၏။ ကျွန်တော်သာ ရှင်ဘုရင်ဖြစ်လျှင် သူ့အား ပညာရှိခန့်ရန်ပင် စိတ်ကူးလိုက်မိသေး…။

ကွမ်းတစ်ယာမညက်တညက်တွင် ခုံတွေဆင့်၍ လှေကားကို ကျွန်တော်တို့ ရှိရာသို့ မီအောင် သူတို့လုပ်လိုက်ကြသည်။ ကိုင်း…

'လူစီ အရင်ဆင်း…'

ကျွန်တော်က ကျွန်တော့် ဖိနပ်၊ လူစီ့ ဖိနပ်နှင့် လွယ်အိတ်စသည့် ပရိက္ခရာတို့ကို ပစ်ချလိုက်သည်။ ပြီးမှ လူစီ့အား ဖေးမ၍ ဆင်းစေသည်။

လူစီ ဆင်းသည်ပေါ့။ အီးစီက လှေကားကို အောက်က ထိန်းထား၏။

သို့သော် လှေကားတစ်ဝက်ခန့်အရောက်တွင် မရွှေလူစီက အောက်က အီးစီကို…

'မကြည့်နဲ့နော်…'တဲ့။

စိုးရိမ်တကြီး မော်ကြည့်နေရှာသော အီးစီ၏ မော့နေသောခေါင်းလည်း

http://www.cherrythitsar.org



ကမန်းကတန်း ငုံ့သွားပြီးသကာလ "ဟာ… အရေးထဲ၊ မကြည့်ပါဘူး"ဟု ပလုံးပထွေး ပြောသံ ကြားရလေသည်။

လူစီလူး အောက်ရောက်ပြီးသော် ကျွန်တော် မောင်ရေချမ်း ဆင်းတော်မူပြီ။

အင်း… ခုမှပဲ စိတ်ဓာတ် နေရာမှန်ပြန်ရောက်သတည်း။

ဟိုး… ဓာတ်လမ်း မဆုံးသေးပါခင်ဗျား။

## ဖြစ်စဉ် (၇)

လှေကားနှင့်ခုံများကို နေသားတကျဖြစ်အောင် ကျွန်တော်ပါ ဝင်ကာ ပို့ရသယ်ရပါသည်။ ထို့နောက် ကယ်ဆယ်ရေး ကော်မတီအား ကျေးဇူးတင်စကား ပြောကြားရသည်။ ပြီးသော် ကယ်ဆယ်ရေးကော်မတီဝင် ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော့်အား… "ခင်ဗျားတို့ အခန်းထဲက ဆရာနဲ့ ဝင်တွေ့လိုက်ပါဦး" ဟုဆိုကာ အခန်းတစ်ခုသို့ညွှန်ပါသည်။ အခန်းတွင်း၌ လူကြီးတစ်ယောက် ရှိလေသည်။ အခန်း၏ အသွင်အပြင်၊ လူကြီး၏ ပုံသဏ္ဌာန်အရကျောင်းတွင် အရေးပါသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ကျွန်တော် နားလည်လိုက်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးက ကျွန်တော်တို့အား ဩဝါဒစကား ပြောပြီး ကျွန်တော်တို့၏ အမည်၊ ခုံအမှတ်၊ အတန်း၊ အဓိကဘာသာ စသည်များကို ရေးမှတ်ထားလိုက်တော့သည်။

### အချ

အထင်ကရ တင်ပြခဲ့သမျှမှာ ကျွန်တော် မောင်ရေချမ်း နုစဉ်အခါက ကြုံခဲ့တွေ့ခဲ့ရသော အဖြစ်အပျက်ကလေးပါ။ သည်အဖြစ်အပျက်ကို ပြန်ပြောင်း ပြောမိသော် နောင်တော့်နောင်တော်များက ကျွန်တော့်အား သတိချပ်ဖွယ်များကို ထပ်ပြောပါသည်။

ကျွန်တော့်အနေနှင့် သည်လိုအဖြစ်အပျက်မျိုးကို ဘယ်သူမှ မကြုံစေ

ဃက်ကျွဲဖော်

http://www.cherrythitsar.org



ချင်ပါ။ ကျွန်တော်တို့သာ ကံကောင်းလွန်း၍ အခြေအနေဆိုးမှ လွန်မြောက်နိုင်ခဲ့ပါသည်။

အကယ်၍သာထိုနေ့က အသင်းအမှူဆောင် အစည်းအဝေးမရှိ၍ ကျွန်တော်တို့ အတန်းကိုယ်စားလှယ် သိပ္ပံခန်းမသို့ ရောက်မလာခဲ့လျှင် ကျွန်တော်တို့နှစ်ဦး၏ ကံကြမ္မာသည် တစ်မျိုးတစ်ဖုံ ဖြစ်ချေရှော့မည်။

နောင်တော့နောင်တော်များက ဆိုပါသည်။ တစ်ခါက ယခုကဲ့သို့ပင် အခန်းတစ်ခု၌ စုံတွဲတစ်တွဲ ပိတ်မိခံရဖူးကြောင်း၊ သူတို့မှာမူ အခန်းအောင်းခဲ့ရပြီး နောက်တစ်နေ့တွင်မှ ထွက်ခွင့်ရခဲ့ကြောင်း၊ ယင်းပြစ်မှုကြောင့် ကျောင်းမှ ထုတ်ပယ်ခြင်းခံခဲ့ရကြောင်း စသည်ဖြင့် သိရလေသည်။

ထို့ကြောင့် . . .

နောင်လာနောက်သားများနှင့် နောင်လာနောက်သမီးများ၊ ယခုလက်ရှိ ချစ်သူစုံတွဲများ ကျွန်တော်တို့ကဲ့သို့ အဖြစ်မဆိုးရလေအောင် ကျွန်တော်တို့အဖြစ်ကို နမူနာယူနိုင်ကြစေဖို့ သည်အကြောင်းကို ရှက်ရှက်နဲ့ပဲ . . . (အင်းလေ . . . ခုမှတော့ မရှက်တော့ပါဘူး) ဖွင့်ချလိုက်ပါသည်။

နောက်ဆုံး . . . ကျွန်တော် မောင်ရေချမ်း ဆုတောင်းလိုက်ပါသည်။

'ချစ်သူများ ကံကောင်းပါစေသတည်း'

ထို့ထက် . . .

'ချစ်သူများ ကျွန်တော်တို့လို ပိတ်မိခံရသောဒေသသို့ မရောက်ကြပါဘဲ ချစ်သူများ ကောင်းရာ သုဂတိလားစေသောဝ် . . .'

♥ ♥ ♥

http://www.cherrythitsar.org

## ဝတ္ထုနောက်မှာ ပြောချင်တာ

သည်ဝတ္ထုကို ‘၁၉၇၆-၇၇ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း’တွင် တစ်ကြိမ် ၁၉၉၅ခုနှစ်၊ ဇန်နဝါရီလ၌ တက္ကသိုလ်စိန်ရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ‘ရွှေ့ပြေးမဂ္ဂဇင်း’တွင် တစ်ကြိမ်၊ စုစုပေါင်းနှစ်ကြိမ် ပုံနှိပ်ဖော်ပြခဲ့ဖူးပါသည်။

ကျွန်တော်ရေးခဲ့ဖူးသော ဝတ္ထုတိုများကို ပြန်လည် စုစည်း ထုတ်ဝေမည်ဟု ပြင်ဆင်သောအခါ သည်ဝတ္ထုလေးကို အစအဆုံးပြန်ဖတ်ဖြစ်သွားရပြန်ပါသည်။ ထိုအခါ ကျွန်တော့်စိတ်သည် အတိတ်ကာလကျောင်းသားဘဝသို့ တမ်းမက်စွာ ပြန်လည်ရောက်ရှိသွားခဲ့ပါသည်။

ဝတ္ထုပင်ဖြစ်လင့်ကစား တကယ့်အဖြစ်အပျက်စစ်စစ်ကြီးလည်းဖြစ်ပါသည်။ တကယ့်အဖြစ်အပျက်မှ ကျွန်တော့် ကိုယ်တွေ့အစစ်လည်းဖြစ်နေပေသေးသည်။

၁၉၇၇ခုနှစ်တွင် ထွက်လာသော စာအုပ်တွင် ဖော်ပြထားသောကြောင့် ၂၀၀၃ခုနှစ်တွင် ထိုဝတ္ထုလေး၏ သက်တမ်းမှာ ၂၇နှစ်ရှိခဲ့ပါပြီ။ ဖြစ်ရပ်သည်လည်း ၂၇နှစ်တင်းတင်းပင်မက ကြာတော့ ကြာခဲ့လေပြီ။

**လက်တွဲဖော်**

http://www.cherrythitsar.org




ဝတ္ထုထဲမှ 'အီးစီ'ကား ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် အခြေချနေထိုင်လျက်ရှိသည်ဟု တစ်ဆင့်စကား ကြားသိရပါသည်။ သဘောမနောကောင်းကာ ကူညီချင်စိတ်အပြည့်နှင့် သူ့မျက်နှာ မချို မချဉ်ကို ယခုပင် ကျွန်တော် ပြန်လည် မြင်နေပါသေးသည်။

'လူစီ' (ဟု အမည်လွှဲထားသူ) တစ်ယောက်ကတော့ ကျွန်တော်နှင့် တစ်မြို့တည်းနေ၊ တစ်ရေတည်း သောက်နေဆဲပင်။ သူနှင့် ကျွန်တော် နဖူးစာ မင်ရေ ကျဲကာ ဝတ္ထုပါ အဖြစ်အပျက် ဖြစ်ပွားပြီး များမကြာမီတွင် ချစ်သူ အဖြစ်မှ ရပ်စဲသွားကြပါတော့သည်။ အဓိက အကြောင်းရင်းကတော့ ကျွန်တော်၏ ကြောင်စီစီနိုင်မှုသာ ဖြစ်တန်ရာပါသည်။

လူစီ့အစ်မတစ်ဦး၊ လူစီ့တူမတစ်ဦးနှင့် လူစီ့ခဲအိုတစ်ဦးအား ဆိုခဲ့သော ၂၇နှစ်တာ ကာလအတွင်း မကြာခဏ ဆုံဖြစ်သော်လည်း လူစီ့ကိုမူ တစ်မြို့တည်း နေပါလျက်နှင့် လုံးလုံးမဆုံဖြစ်သည်မှာလည်း အံ့ဩစရာဟုပင် ပြောရမလို ဖြစ်လေသည်။

မည်သို့ပင်ဆိုစေ၊ ကျွန်တော်၏ ပထမဆုံး ဝတ္ထုတိုလေးအဖြစ်လည်းကောင်း၊ ကျွန်တော်တို့ ပထမနှစ်တက်စဉ်ကာလ ၁၉၇၀ပြည့်လွန် အလယ်ပိုင်းနှစ်များ၏ အရိပ်အငွေ့လေးများ အတန်အသင့် လွှမ်းခြုံနေသော ဝတ္ထုတိုလေးဖြစ်သဖြင့်လည်းကောင်း နှစ်ပေါင်း ၂၇နှစ်ကျော် အကြာတွင်လည်း ကျွန်တော့် ငါးချဉ်လေးသည် ချဉ်နေဆဲဟုပင် ထင်မြင်မိပါသည်။



# ဂါထာများနှင့် မန္တန်များအကြောင်း



http://www.cherrythitsar.org

# ရာတန်များနှင့် မတ်စေ့များအကြောင်း

၁။

စားလိုလှ၍ကား မဟုတ်၊ ဆာလောင်၍လည်း မဟုတ်။

သို့သော် အချိန်ကမူ နေ့လယ်စာစားချိန်ပင် လွန်နေချေပြီတည့်။ ကျွန်တော် မနက်ကတည်းက ဘာမှမစားရသေးမှန်း သူတို့သိသည်။ မနက်ရှစ်နာရီမှ အစပြု၍ သူတို့နှင့် သွားလာနေသည်မှာ တစ်နာရီထိုးလုနီးအထိ။

ယခုသော် သူတို့သည် ကျွန်တော့်အား 'ပတ္တမြား' ပျော်ပွဲစားရုံသို့ မောင်းစေ၏။ ရောက်သော် 'လိုက်ခဲ့ပါလား'ဟုတစ်ခွန်းမျှပင်မခေါ်။ ခပ်တည်တည်နှင့် စားပွဲရုံအတွင်းသို့ ဝင်လေသည်။ ကျွန်တော့်တာဝန်ကား စောင့်ရန်မှတပါး အခြားမရှိ။ ကျွန်တော်က လောလောဆယ် သူတို့၏ ယာဉ်မောင်းလေ…။

စားလိုလှသည် မဟုတ်လည်း စားသင့်သောအချိန်ဖြစ်နေ၍ စားပွဲရုံသို့ ကျွန်တော့်ဘာသာဝင်သည်။ သူတို့က ကျွန်တော့်ကိုမမြင်။ ဆော်ဒါပုလင်းကို

http://www.cherrythitsar.org



ဖွင့်သူက ဖွင့်၊ ရေခဲများ ဆယ်သူက ဆယ်…။

စားပွဲထိုးက စားစရာစာရင်းကဒ်ပြားကို ရှေ့လာချ၏။ စားလိုသည်များကို မှာလိုက်သည်။ ဖွန်းခက်ရင်းများကို အဝတ်နှင့်သုတ်နေမိစဉ် သူတို့ထဲမှ တစ်ယောက်နှင့် မျက်လုံးချင်း ခလုတ်တိုက်မိသည်။

'အော်… ခင်ဗျားဗျာ၊ တစ်ခါတည်း သည်မှာ လာဝိုင်းရောပေါ့…'

ဝတ်ကျေစကားကို ဆိုလေသည်။ ကျွန်တော့် နှုတ်က လွှတ်ခနဲ ထွက်သွားသည်။

'မခေါ်ချင်လို့ အစကတည်းက မခေါ်တာဘဲဗျာ။ ကိစ္စမရှိပါဘူး'

ထိုသူ့မျက်နှာ မည်းသွားသည်။ စကား ထပ်မဆိုတော့ဘဲ တစ်ဖက်သို့ လှည့်သွား၏။

ကျေနပ်သလို ခံစားရလေသည်။

၂။

သူတို့ကား တိုက်ဆောက်နေသူများ။ ရွှေတောင်ကြားထဲတွင် သူတို့၏ ဆောက်လက်စ တိုက်ရှိသည်။ ထိုတိုက်အတွက် လိုအပ်သော ကိစ္စများတွင် သုံးရန် ကျွန်တော့်ကားကို နာရီပိုင်းနှင့် ငှားရမ်းထားခြင်း…။

ယခု ပန်းရံဆရာအား သူ့အိမ်သို့ လိုက်ပို့ပေးရန် ကျွန်တော့်အား စေသည်။ သူတို့ကား ကျန်ရစ်၏။

ပန်းရံဆရာ၏ အိမ်မှာ တောင်ဥက္ကလာ၌ တည်၏။ လမ်းဆိုး၊ လမ်းကျဉ်း၊ လမ်းမြှောင်များကို ဖြတ်ပြီးသော ပန်းရံဆရာ၏ အိမ်သို့ရောက်သည်။ အိမ်သည် ဝါးထရံနှင့် သက်ငယ်တို့ဖြင့်ပြီး၏။

အိမ်ရောက်သော် ပန်းရံဆရာက…

'ရေနွေးလေး ဘာလေး သောက်ရအောင် အိမ်ပေါ်တက်ပါဦး…'

ကျွန်တော် အားနာသည်။

'နေပါစေဗျာ… ကျွန်တော့်အတွက် ဒုက္ခမရှာပါနဲ့။ ခင်ဗျား လုပ်စရာ

http://www.cherrythitsar.org



ရှိတာသာ အေးအေးဆေးဆေး လုပ်ပါ…'

သူ အိမ်ထဲသို့ဝင်သွားသည်။ ခဏကြာသော်ရေနွေးကြမ်း တစ်ပန်းကန်နှင့် ထန်းလျက်ခဲတစ်ခဲကို ကျွန်တော့်လက်သို့ သူကိုယ်တိုင်လာထည့်သည်။ အားနာဖွယ် ကောင်းပါဘိတော့။

'ဟာဗျာ… ဒုက္ခမရှာပါနဲ့ဆို…'

'ရပါတယ်…'

ကျွန်တော် သူ့အိမ်ပေါ်သို့ တက်ထိုင်ဖြစ်တော့သည်။

မြေအိုးထဲမှ ရေနွေးကြမ်းကား နွေးလှပါဘိ။

ကြွေရည်သုတ် သံပန်းကန်ပဲ့ထဲမှ ထန်းလျက်ခဲကား ချိုလှပါဘိ။

၁။

သူငယ်ချင်းဆိုလည်း ဟုတ်သည်။ ဆရာတပည့်ဆိုလည်း မှန်သည်။ သူနှင့် ကျွန်တော် ခင်မင်သည်မှာကြာပြီ။ သူ့ဇနီးနှင့်လည်း ခင်သည်။ သူနှင့်မူ ပြောမနာ ဆိုမနာ။

တစ်ခါသော် သူ့တွင် သွားလာစရာတွေ များနေ၏။ သူ့ကားမောင်းသူက နေမကောင်း၍မလာနိုင်။ သူကိုယ်တိုင်လည်း မမောင်းတတ်၊ ထိုအခါ ကျွန်တော့်ကို သူ့ကား မောင်းပေးဖို့ ပြောသည်။ ကျွန်တော် မငြင်းမိ။

တစ်နေ့နှင့် တစ်ညလုံး သူ့ကိစ္စများကို လိုက်ပို့ရသည်။ ကိစ္စအားလုံး ပြီးသော် သန်းခေါင်ကျော်ပြီ။ သူ့အား အိမ်ပြန်ပို့ရလေ၏။

ကျွန်တော့်မှာမူ ဘယ်မှာ အိပ်ရမှန်း မသိတော့။ ပြန်ရန် ခက်ပြီ။ သည်အချိန်ကျမှ ကားရဖို့ မလွယ်။ သူ့ကားကိုမူ မပေးလိုက်နိုင်ဟုဆို၏။ ကျွန်တော်လည်း မယူနိုင်။ တာဝန်ကြီးမည် မဟုတ်လား။ မရမ်းကုန်း၌ တည်သော သူ့အိမ်မှ မြို့လယ်ကောင်၌တည်သော ကျွန်တော်အိမ်သို့ မည်သို့ ပြန်အိပ်ရပါအံ့။

သူက ဆိုသည်။

http://www.cherrythitsar.org



'သည်ညတော့ ကိုယ့်အိမ်မှာဘဲ အိပ်သွားပေါ့'တဲ့။

ကျွန်တော် စိတ်နှလုံး ဒုံးဒုံးချ၍ သူ့အိမ်သို့ဝင်သည်။ သူကမူ တသန်းသန်း တဝေဝေနှင့် အိပ်ခန်းသို့ ဝင်လေသည်။ သူ့ဇနီးလည်း အိပ်နှင့်ပြီထင်၏။

သူ့အိမ်သည် အိပ်ခန်းနှစ်ခန်းဖြင့် ပြီး၏။ တစ်ခန်းသည် သူ့ဇနီးနှင့် သူ့အိပ်ခန်း။ ကျန်အခန်းက သူ့သားနှင့်ကလေးထိန်း အိပ်ခန်း၊ သူက အိပ်ခန်းသို့ ဝင်ပြီ၊ ကျွန်တော့်အား သူ့အိမ်၌ အိပ်ရန်မူ ဆိုခဲ့၏။

ဧည့်ခန်းရှိ ဆက်တီတွင် လျောင်းရမည်လား၊ သမံတလင်းပေါ် ကျောခင်း ရမည်လား၊ ခွေးကတက်၌ လှဲရမည်လား။ ကျွန်တော့်အား မည်သို့မျှ ပြောမသွားခဲ့။

သူပြန်ထွက်လာကောင်းအံ့ဟု ကျွန်တော် စောင့်သည်။ ခဏအကြာ၌ သူ့အခန်းမီး မှိတ်သွားလေ၏။

'ဟူး···'

၂။

ကြံရာမရသည့်အဆုံး သူ့ကားပေါ်၌ မှန်အလုံပိတ်၍ အိပ်ရန် စိတ်ကူးရသည်။ ခြင်ကိုက်သက်သာမည် ထင်သည်လေ···

ထို့ကြောင့် ကားထဲ၌ ကျွန်တော် ဝင်ခွေသည်။ ပထမတော့ နေသာထိုင်သာ။ ကြာတော့ မှန်အလုံ ပိတ်ထားမှုကြောင့် အိုက်လှောင် မွန်းကြပ်လာသည်။ မခံနိုင်တော့သည့်အဆုံး မှန်တစ်ပေါက် ဖွင့်လိုက်သည်။ အသက်ရှူရ ချောင်သွားသည်။ နေရထိုင်ရ သက်သာလာသည်။

မကြာပါ။ ခြင်တို့တပ်ချီ၍ ဝင်လာသည်။ ကျွန်တော့်မှာ ကုတ်ဖွဲ့၍ မဆုံးတော့။ တက်တစ်ချက် ခေါက်လိုက်မိသည်။ ခြင်ကိုက်သည်ဟု ထင်ရသော နေရာများကို တဖတ်ဖတ်နှင့် ရိုက်ပစ်လိုက်သည်။

'ရှော့··· သူငယ်၊ ဒါလေး ခြုံထား···၊ ခြင်ကိုက်တော့ သက်သာမယ်'

ကားဂိုဒေါင်အတွင်း၌အိပ်သော ခြံစောင့်ကြီး၏အသံ။

http://www.cherrythitsar.org



မုဒုံစောင် အနွမ်းအစုတ်ကလေး တစ်ထည်ကို သူက ကမ်းနေ၏။

'နေပါစေ… ဦးလေး၊ ရပါတယ်…'

'ဘယ်ကလာ ရရမှာလဲကွ၊ ခြင်တွေ တအားပေါတာ။ မင့်တစ်ညလုံး အိပ်ရမှာ မဟုတ်ဘူး…'

'ဦးလေးကျတော့ကော…'

'ဟ… ငါ့မှာ ခြင်ထောင် ရှိသကွ'

အားနာနာနှင့်ပဲ သူ့ ခြုံထည်ကို ယူလိုက်ရပါသည်။

စောင်နွမ်းပါးကား နွေးပါဘိ။

၁။

သူ့ဆိုင်နှင့်ကျွန်တော်တို့ ကားဂိတ်သည် ယှဉ်လျက်ရှိ၏။ သူ့ဆိုင်သည် မှောင်ခိုပစ္စည်းပေါင်းစုံရောင်းသော စတိုးဆိုင်ဖြစ်၏။ ကျွန်တော်တို့ ကားဂိတ်သည် မှောင်ခိုကား (ဝါ) နံပါတ်နက်အငှားယာဉ်ပေါင်းစုံ နားသော ကားစခန်းဖြစ်၏။

စင်စစ် သူ့ကို ကျွန်တော် ကြည့်မရချေ။ တစ်ကမ္ဘာလုံးကို လုပ်ကျွေးနေရပုံ ပေါက်နေသော မျက်နှာထားနှင့် တစ်လောကလုံး သူ့အပြင် မရှိသော ဟန်ပန်ကြောင့် သူ့ကို ကျွန်တော် မရော။

တစ်ခါသော် သူ့ဆိုင်မှ ကီဝိ ဘိနပ်တိုက် ဆေးဘူး တစ်ဘူး ကျွန်တော် ဝယ်ရသည်။ ကားဘီးများအား ပြောင်လက်နက်မှောင်စေရန် ယင်းဆေးက စွမ်းသည်။ ကားအရောင် ထွက်နေပါမှ ကားငှားသူများ မျက်စေ့ကျ၍ ရောင်းပန်းလှမည်မို့ ထိုဆေးသည် အသုံးလို၏။ သူက 'ဆယ့်ငါးကျပ်'ဟု ဈေးဆိုသည်။ ကျွန်တော် ဆစ်သည်။ မရ။ 'တစ်ပြားမှ မလျှော့'ဟုဆို၏။ မတန်မှန်းသိပေမင့် လိုအပ်နေသည်မို့ ဝယ်လိုက်၏။

နောက်တစ်ရက်တွင် သူ ရောက်လာသည်။

'ဆေးဘူး ခဏငှားပါ။ သုံးစရာ နည်းနည်း ရှိလို့…'ဟု ဆိုသည်။

http://www.cherrythitsar.org



ထိုအချိန်က ကားငှားသူနှင့် ဈေးစကား ဆိုနေခိုက်မို့ သူ့ကို ဘာမှမပြော အားဘဲ အလွယ်တကူ ပေးလိုက်မိသည်။

တစ်ရက်နေလည်း ပြန်မရ။ နှစ်ရက်မြောက်လည်း ပြန်မရ။ သုံးရက် မြောက် ညနေတွင် ကျွန်တော်ကပဲ ရှေ့မျက်နှာ နောက်ထားကာ တောင်းရ သည်။

'အော်… မေ့နေလို့'ဟုဆိုကာ ပြန်ပေးသည်။ 'ကျေးဇူး'ဟူသော လောကဝတ်မျှပင် မဆို။ ပြန်တောင်းသည်ကိုပဲ မကျေချမ်းသည့်မျက်နှာ၊

ဆေးဘူးကို ဖွင့်ကြည့်တော့ ဖင်ကပ်သာသာ ကျန်၏။

၂။

ကားစီးမည့်သူမျှော်နေစဉ် အရူးသူတောင်းစား ရောက်လာသည်။ 'ဆေး လိပ်သောက်ချင်လို့ ပိုက်ဆံ နည်းနည်းပေးပါ'ဟု ကျွန်တော့်အား တောင်း သည်။ အိတ်ထဲသို့ နှိုက်ကြည့်ရာ မတ်စေ့တစ်စေ့ ထွက်လာသည်။ ဖြန့်ထား သော သူ့လက်ဝါးထဲသို့ ထည့်ပေးလိုက်သည်။ သူက ကျွန်တော့်ကို ဆလံ ပေး၊ လက်အုပ်ချီသွား၏။

ခဏကြာသော် ကျားမသန်းဌေးဆေးပေါ့လိပ်၊ နှစ်လိပ် တစ်မတ်တန် တစ်လိပ် သူကျွန်တော့်ကို လာပေးသည်။ တစ်လိပ်ကား သူ့ပါးစပ်၌…။

'ဟာ… ယူထား။ နောက် သောက်ရတာပေါ့…'

'ကိစ္စမရှိပါဘူး၊ ပိုနေတယ်လေ။ ယူစမ်းပါ၊ ရော့…'ဟု ဆိုကာ လက်ထဲအတင်းထည့်ပြီး ထွက်သွား၏။

ပျင်းပျင်းရှိသည်နှင့်မို့လည်း ထိုဆေးလိပ်ကိုပင် ဖွာမိလေသည်။

မာလ် ဘိုရိုထက် ကောင်းပါဘိ။

၃။

ဥမ္မာဒန္တီကဲ့သို့ ရုပ်အောင် မလှပေမင့် သူမ၏အသွင်သဏ္ဌာန်သည် လူပျို

http://www.cherrythitsar.org



ပေါက် ကျွန်တော့်ကို ရူးစေ၏။ ဗီးနပ်စ်ကဲ့သို့ မြှုပ်ဟန်မရှိပေမင့် သူမ၏အမူ အန္တဲ့သည် လူပျိုပေါက်ကျွန်တော့်အား ကလူသည်။ မိုနာလီဇာ ကဲ့သို့ ညှို့ဓာတ်မပြင်းပေမင့် သူမ၏အပြုံးသည် ကျွန်တော်အား ပင့်သက်မှား စေသည်။

အချစ်နှင့်ပတ်သက်လာလျှင် ကျွန်တော်ကား စိတ်ကူးယဉ်သူ၊ အသည်း ငယ်သူဖြစ်၏။ ထို့အပြင် အချစ်အကြောင်း အကောင်းအဆိုးကို နကန်း တစ်လုံးမျှပင် မသိသူလည်း ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း သူမကို ကျွန် တော် စူးစူးနစ်နစ်ပင် ချစ်မိသည်။

ချစ်မိသည့်ဝန်ကြောင့် ကျွန်တော့်မှာ သူမ၏ စေသည့်ကျွန်၊ ထွန်သည့် နွား၊ လုံးလုံးလျားလျားဖြစ်ရသည်။ အချစ်အတွက်ဆို အသက်ပင်သေသေ။ သူမသာ လှသထက်လှမည်ဆိုလျှင် ဆေးဖက်ဝင်ပါသလား၊ ကျွန်တော့် အသား၊ ကျွန်တော့် အသည်း၊ ကျွန်တော့်နှလုံး၊ အို··· အားလုံးကို သုံး လိုက်စမ်းပါလေ···။ ကြည်ဖြူနိုင်ပါသည်။

သူမ၏စကားတစ်ခွန်းသည် ကျွန်တော့်အတွက် ပညတ်တစ်ချက်။ အင်မတန် ကြိုက်သော ဆေးလိပ်ကို သူမက နှာခေါင်းတစ်ချက် ရှုံ့ရုံမျှနှင့် ကျွန်တော် စွန့်ခဲ့သည်။ တစ်သက်လုံးက မကြိုက်ခဲ့သော ခေါက်ဆွဲကို သူမ စား၍ ကျွန်တော် စားခဲ့သည်။

အသက်အရွယ်နှင့် အခြေအနေအရ မိန်းမတစ်ယောက်ကို ဤမျှ ဇန်း မတင်သင့်မှန်း (စန်းမတင်သင့်မှန်း) ကျွန်တော် မသိ။ ကျွန်တော့်မှာ ရှိသမျှ အချစ်ဟူသမျှကို ဤမျှ ပုံအော၍ မပြထိုက်မှန်း ကျွန်တော် နားမလည်။

ထိုသို့ မသိနားမလည်သောကြောင့်လည်း ကျွန်တော် အကြီးအကျယ် လျှော့ခဲ့ရလေသည်။ သူမ၏ စာသင်သားဘဝ ငါးနှစ်တာ ကာလပတ်လုံး ကျွန်တော့်ကို သူမ အသုံးချသွားခဲ့လေ၏။

ဥဩတို့က မြည်တွန်၍ စာသင်ချိန်ဆုံးပြီဟု ကြေညာသောအခါ၊ ကံ့ ကော်ရွက်တို့ ခြောက်သယောင်းကာ မြေသို့ သက်ပြီး စာသင်ရက် လွန်ပြီဟု

နိမိတ်ပေးသောအခါ၊ ထိုအခါတွင် သူမသည် ကျွန်တော့် မျှော်လင့်ချက် မြင့်မိုရ်တောင်ကို ပြင်းထန်စွာ ဆောင့်ကန်လေတော့သည်။

အနှစ်နှစ် အလလက စုထားသော မျှော်လင့်ချက် အစိုင်အခဲတို့ကား အပီစိသို့ တစ်စစီ၊ တစ်ဖွဲ့စီ ကြွေ၍၊ ကြွေ၍ သွားလေသည်။

ကျွန်တော့်မှာ အရူး မီးဝိုင်း။ အမိလည်း မကယ်နိုင်။ အဘလည်း မကူနိုင်။ မရှုနိုင်၊ မရှိုက်နိုင်။

သစ္စာ ဆိုတာ ဘာပါလဲ၊ မေတ္တာ ဆိုတာ ဘာပါလဲ။

ကျွန်တော့်ကို ကြင်နာလှပါသည်ဟု တစ်လျှောက်လုံးဆိုခဲ့သော စကားကတိများမှာ လေပါလား။ မောင်မောင့်ကို အချစ်ဆုံး ဆိုခဲ့သည်များမှာ လျှာပေါ်က တံတွေးစက်များပါလား။

ကျွန်တော်မသိ . . .

ကျွန်တော်မသိ . . .

မသိ . . .

ကျွန်တော် သိသည်က . . .

'ပြီးခဲ့တာတွေအားလုံးကို မေ့လိုက်ပါတော့ ကိုရေချမ်း။ ကျွန်မကိုလဲ ဘယ်တော့မှ မဆက်သွယ်ပါနဲ့တော့ လမ်းမှာ တွေ့ရင်တောင် ကျွန်မကို ခေါ်စရာမလိုတော့ဘူး။ သွားတော့ရှင်၊ ရှင့်မျက်နှာကို မကြည့်ချင်တော့ဘူး' ဆိုသော သံရည်ပူစကားများ။

အကြောင်း တစ်စုံတစ်ရာကို ကျွန်တော် မသိခဲ့ရ။

သူမနှင့် ဆက်နွယ်သူများကို ကျွန်တော် မေးစမ်းကြည့်သည်။ ဆိုတော့မှ သူမအကြောင်းကို ကျွန်တော် သိသယောင် ရှိလာ၏။

အစက သူမကို ကျွန်တော် သိသည်မှာ ရှမ်းပြည်နယ်မှ သာမာန်ပညာရေး တက္ကသိုလ် ကျောင်းသူအဖြစ်။ ယခုသော် သူမက မဟာဆီ မဟာသွေးဆိုပဲ။ ရှမ်းပြည်နယ်၏ မြို့ အတော်များများ၌ သူမတို့၏အိမ်များ၊ ကားများမှာ ပေါများပါဘိတော့ဆိုပဲ။

**လက်တို့ဖော်**

http://www.cherrythitsar.org



သြော်··· ခြသေ့ဆီက **သိင်္ဂီ**ရွှေခွက်နှင့်မှ တန်သည်ဟု ကြားဖူးလေ၏။

ယခုမူ လက်တွေ့ကြုံရပြီ။

မြန်မာပြည်၏ အချမ်းသာဆုံး ပုဂ္ဂိုလ် အနည်းစုထဲမှ တစ်ယောက်၏ သားတော်မောင် ဆရာဝန်လောင်းနှင့် သူမတို့ လက်ထပ်လိုက်ကြောင်း၊

ကျွန်တော် ငိုရမည်လား၊ ရယ်ရမည်လား···

၂။

ခဲမှန်ဖူးသော စာသူငယ်မို့ အဘယ် မိန်းမကိုမှ စိတ်မကူးမိ။ လုပ်ငန်းခွင်တွင်လည်း မြင်မြင်သမျှ ဖြူ နီ ဝါ ပြာတို့ကို ကျွန်တော် ရှောင်သည်။ ဝါးလုံးရှည်နှင့် မရမ်းလိုသော်လည်း မိန်းမတို့၏ သဘောကို ကျွန်တော် မစောကြောတတ်သဖြင့် အားလုံးကို ကျွန်တော် ကြဉ်သည်။

သို့သော်··· ရှောင်၍ကား မရ။

ကြည့်လေရာရာမှာ မိန်းမချည်းဆိုတော့ မမြင်လိုဘဲ မြင်ရသည်။ မတွေ့လိုဘဲ တွေ့ရသည်။ မကြုံလိုဘဲ ကြုံရသည်။

ခဲမှန်ဖူးသော စာသူငယ်မှန်လည်း အနာမကျက်မီမှာပင် ဖလံပိုးက မီးကို တိုးမိပြန်သည်။

သည်မိန်းကလေးက တစ်မျိုး။ ပွင့်လင်းရဲတင်းသည်။ တစ်လောကလုံးဘာကိုမှ သူမ ဂရုမထား။ ပြောစရာရှိလျှင် ပြောသည်။ ဆိုစရာ ရှိလျှင် ဆိုသည်။ သည်ပွင့်လင်းမှုများကြောင့် ကျွန်တော် သူ့ကို ခင်လာရသည်။ ကြုံရဖန်၊ ဆက်ဆံရဖန် များလာသောအခါ ခင်ရာမှ တွယ်လာသည်။

သည်တစ်ချီတော့ ပျဉ်ဖိုးနားလည်ပြီမို့ သူမ၏အနေအထားကို စောစီးစွာ စေ့ငုသည်။

သူမသည် စာရေးဆရာတစ်ယောက်၏ သမီးထွေး။ ချမ်းသာသည့် လူတန်းစား မဟုတ်မှန်းကား သေချာသည်။ ပြီး··· သူမသည် စာပေးစာယူ တက္ကသိုလ်တက်ရင်း အိမ်၏ဝင်ငွေကို သူမ၏ ရုံးလုပ်ငန်းဖြင့် ဖြည့်နေသူ၊

http://www.cherrythitsar.org



မချို့ငဲ့သော်လည်း မကြွယ်ဝ။

ကျွန်တော် စိတ်ချရပြီ။

ဆိုတော့… အရဲစွန့်ရပြီ။

သူမသည် ကျွန်တော် သီသော ချစ်စကားများကို နီရဲသော ပါးနှစ်ဖက်ဝှက်လျက် နာသည်။ ချိုသည်၊ ခါးသည်မဆို။

'စိတ်ဆိုးလား'ဟုမေးသော် မငုံ့တငုံ့ခေါင်းခါသည်။ 'တစ်ခုခုဖြေပါဦး' ဆိုတော့ 'အချိန် ရှိပါသေးတယ်နော်…'တဲ့။

ရက်အနည်းငယ်ကြာသော်…

'ဖြေစရာ လိုသေးလို့လား ကိုကိုရယ်…' တဲ့။

ကရဝိက်ခန်းမလည်း မဟုတ်၊ သမ္မတ ဟိုတယ်လည်း မဟုတ်၊ အင်းယားကန်ဟိုတယ်လည်း မဟုတ်၊ ကျွန်တော်၏ဘုံရိပ်သာကျောင်း၌ မင်္ဂလာဆွမ်းကျွေးပြီးသကာလ သူမနှင့်ကျွန်တော် စွပ်ကျယ်တန်းတင်ခဲ့ကြလေသည်။

အော်… ပျော်စရာ ကောင်းပါဘိ။

♥ ♥ ♥

## ဝတ္ထုနောက်မှာ ပြောချင်တာ

'၁၉၇၇-၇၈ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း'တွင် ဖော်ပြခဲ့သော ဝတ္ထုတိုဖြစ်ပါသည်။ ပထမအကြိမ်ဖော်ပြခဲ့စဉ်က မကြာသေးခင်က ကွယ်လွန်သွားရှာပြီဖြစ်သော"ကိုမြိုး"၏ သရုပ်ဖော်ပုံနှင့် ဖြစ်သည်။

ကျောင်းတစ်ဖက်နှင့် အငှားယာဉ်မောင်းအလုပ်ကို လုပ်နေသည်မှာ ထိုအချိန်တွင် နှစ်နှစ်တာမျှ ရှိခဲ့ပြီဖြစ်ရာ ထိုစဉ်က အတွေ့အကြုံနှင့် ခံစားချက်တချို့ကို ယက်ယှယ်လျက် ဝတ္ထုတိုအဖြစ် အသက်သွင်းလိုက်မိသည်ကို ကောင်းစွာ မှတ်မိနေပါသေးသည်။


ယခု ပြန်စီရင်း ဖတ်ဖြစ်သောအခါ နေရာတချို့က စိတ်အထားနှင့် အရေးအသားကို သိပ်တဝင်မကျတော့ပါ။ ပြန် ဆ ကြည့်တော့ ထိုစဉ်က ကျွန်တော့် အသက်မှာ ၂၀မျှသာ ရှိပါသေးသည်။ ၂၀ကျော်ပြီ ဆိုဦးတော့ ကျော်လွန်ရုံ မတ္တ အရွယ်နုနုသာ ဖြစ်ပါသည်။ ထို အတွက် စိတ်အထားရော၊ အရေးအသားပါ နုနေ၊ ငယ်နေခဲ့သည်ကို ကိုယ့်ဘာသာ ပြန်နားလည်ယူလို့ ရသွားပါသည်။

သူ့ရှေ့က တစ်ပုဒ်နှယ်ပင် တစ်ခါက ကျွန်တော့်ဘဝဟောင်းကို ပြန်ပြောင်း မြင်ယောင်မိသလို သက်ဆိုင်သူများကိုလည်း သတိရသွားပါသည်။ တစ်ဆက်တည်းမှာပင် အချိန်ကာလ၏ တိုက်စားမှုသဘော၊ မမြဲသော လောကဓမ္မစသည်များကိုလည်း ဆင်ခြင်နေမိရပါသေးသည်။

**လက်ထက်ဖော်**

http://www.cherrythitsar.org

# အမျိုးသမီးတို့တွင်တွေ့ ကြုံရသော ကာမဆိုင်ရာများ



# အရူးလွယ်အိတ်အတွင်းမှ "ဪ" ဟူသော အာမေဍိတ်များ

အစကသာ သည်ပုံဖြစ်မည်မှန်းသိခဲ့လျှင် သည်ဇာတ်ကို ကျွန်တော် ကမိမည် မဟုတ်ပေ။ ယခုတော့ ထွေးကိုလည်း အပြစ်မတင်လို၊ ကျွန်တော့်ကိုယ် ကျွန်တော် မကျေနပ်ခြင်းကိုသာ အဖန်တလဲလဲ ခံစားနေမိရလေသည်။ နောင်တသည် ရင်၌ အနှံ့။

စိုသောလက်ကား ခြောက်အောင်ပြု၍ မရပြီ။ ဆေးမင်ရည် စုတ်ထိုးပြီး ခါမှ မည်သို့ဖျက်၍ ရနိုင်ပါအံ့။ မိမိကိုယ်ကို ထင်တစ်လုံးရှိခဲ့သမျှ ဘဝမာန တို့ အစီစီသို့ ချဉ်းလေပြီလား မပြောတတ်တော့။

'ထွေး'ဆိုသည့် 'ထွေး'ကလည်း နည်းနည်းမှ အလိုက်မသိ။ အခြေ အနေအရ စလိုက်စလျော မနေ။ ကျွန်တော့် မျက်နှာနေ၊ မျက်နှာထား၊ အမူအယာတို့ကို လုံးဝမစောကြော။ အိမ်ထဲဝင်သည်နှင့် ကျွန်တော် ချွတ်ပေး သော အင်္ကျီအိတ်ကို နှိုက်သည်။ အစိတ်တန်တစ်ရွက်၊ ကျပ်တန်နှစ်ရွက်၊ မတ်စေ့တစ်စေ့၊ ဆယ်ပြားစေ့ တစ်စေ့နှင့် ကျားမသန်းဒွေး ဆေးပေါ့လိပ် တစ်လိပ်ထွက်လာသည်။ ဝင်စက အနည်းငယ်ကြည်လင်နေသော မျက်နှာ သည် အင်္ကျီအိတ်ကို မွှေအပြီးမှာ ခပ်ညိုညို။

**လက်ကျွဲဖော်**

http://www.cherrythitsar.org



'ဒါပဲလား'ဟု နှုတ်ခမ်းစုပြီး မေးသော သူ့အသံသည် နားသို့ ဆောင့်၍ အောင့်၍ ဝင်လာသည်။ သူငယ်အိမ်တို့ကို ကျဉ်းမှေးထားသောကြောင့် ဝန်းစက်မြဲ သူ့မျက်လုံးသည် မလှတော့။ နှုတ်ခမ်းအစုကြောင့် ပြေသော သူ့ပါးသည် တင်းနေချေသည်။

'အေးကွာ… သည်နေ့ အခြေအနေမကောင်းဘူး။ အဖမ်းအဆီးက လည်း များတယ်။ ဂိတ်မှာကို နေရတယ် မရှိအောင် ပြေးနေရတယ်…'

ပြေပါစေဟု ရည်စူးပြီး မပြောချင်သော်လည်း လေကို အတတ်နိုင်ဆုံး လျှော့၍ ပြောဖြစ်သည်။ သို့သော် ထွေး၏ တွန့်နေသော မျက်ခုံးတို့ကား မပြေ၊ အနုတ်များကို အိတ်တွင်း ပြန်ထည့်ပြီး အစိတ်တန်ကို စားပွဲပေါ် ပစ်တင်၍ အင်္ကျီကို ချိတ်၌ ချိတ်လေသည်။ ပြီးသော် အတွင်းခန်းသို့ မညင်သာသော ခြေလှမ်းတို့ဖြင့် ဝင်လေသည်။

ချိတ်ထားရစ်သော အင်္ကျီလက်သည် တွန့်လိမ်၍စန့်မနေ။ ပခုံးကုပ်ပိုး ကား ရှုံ့စောင်းနေချေသည်။ မနေသာသည်မို့ ထ၍ ပြင်ချိတ်လိုက်သည်။ သက်ပြင်း မှုတ်လိုက်မိသော်လည်း တင်းနေသော ရင်သည် ပေါ့မသွား။ စိတ်က လက်ထပ်ပြီးစ ကာလများသို့ အမှတ်မဲ့ရောက်သွားသည်။ ပြောင်းလဲ ခြင်းကို သိသာစွာ ခံစားရ၏။

မီးဖိုဆောင်သို့ ဝင်ကာ ရေတစ်ခွက် ခပ်သောက်သည်။ ပူနေသော ရင်ကိုကား အေးမသွားစေ။ ထို့ထက် ထွေးနွေးနေသော ဟင်းအိုးမှ အပူ ငွေ့များသည် ကျွန်တော့်ထံ အရှိန်ပြင်းစွာ ဟပ်နေဘိသို့။

'ရေနံဆီလည်း ကုန်နေပြီ၊ ဆီကလည်း တစ်ရက်စာပဲ ကျန်တော့တယ်၊ လကလည်း ကုန်တော့မယ်…'

'ထွေးရယ်…'

သံပြတ်ဖြင့် ပြောနေသော သူ့စကားများသည် ကျွန်တော့် ညည်းသံ ကြောင့် ခေတ္တမျှတန့်သွား၏။ ထွေးမျက်နှာ ကျွန်တော့်ဘက် လှည့်လာသည်။

'ကိုယ်အားလုံးကို သိပါတယ် ထွေး။ ဒါပေမယ့် ကိုယ်တို့ ခဏဖြစ်ဖြစ်

http://www.cherrythitsar.org



မေ့ထားကြရအောင်ပါ၊ ကိုယ် တောင်းပန်ပါတယ်'

မဲ့လိုက်သောမျက်နှာသည် တစ်ဖက်လှည့်သွား၏။ စိတ်တို့ကို တတ်နိုင်သမျှ စုစည်းပြီး ရေချိုးခန်းသို့ ဝင်လိုက်သည်။ 'အမေ့အိမ်' သီချင်းသံသည် နားသို့ ခါးသီးစွာ ဝင်၍လာ၏။

နှိပ်စက်ပါလေဦး ထွေး…။

---

ထမင်းထိုင်စားတော့ ညစ်သောစိတ်သည် ပို၍ 'ပေ'ရ ပြန်သည်။ ထွေးနှင့် ကျွန်တော် နှစ်ဦးတည်းရှိသော အိမ်၌ ထွေးနှင့်ကျွန်တော် နှစ်ယောက်တည်း စားသော ထမင်းဝိုင်းသည် လွန်မင်းစွာ ခြောက်ကပ်နေသည်။

ပန်းကန်တစ်ချပ်ကို နှစ်ယောက် အတူစား၊ တစ်လံလောက်ဆို ဆိုသလောက် အပူပွား၊ မှန်တန်းပေါ် မရုက်နိုင်တော့သကို၊ ပန်းကန် နှုတ်ခမ်းပေါ် တက်ထိုင်တော့မလို… ဟူသော ကာလများကား လွန်လေပြီတည်း။

တင်းမာသော ထွေးမျက်နှာ၊ မစားချင်ပဲ စားနေရဟန်ရှိသော ထွေးအမူ၊ ဖုတ်လေသည့်ငပိ ရှိသည်ဟုပင် မထင်သယောင် ထွေးအနေတို့ကြောင့် စားနေရသော ထမင်းတို့သည် သံစသံခဲများကဲ့သို့။ သောက်ချလိုက်မိသော ချဉ်ပေါင်ဟင်းရည်သည် ရေဆူမှတ်၏ နှစ်ဆခန့် ပူသည်ဟု ထင်ရ၏။ မူလက အတော်ပင် ဆာလောင်နေသည်ဖြစ်လည်း မွန်းကျပ်စွာ စားနေရသည်မို့ တစ်ပန်းကန်နှင့်ပင် အပြီးသတ်လိုက်သည်။ သူကမူ အစားမပျက်၊ ကျွန်တော် လက်ထဆေးပြီး ရေတစ်ခွက် သောက်သည်။ ပြီးသော် အိမ်ရှေ့ခန်း ပက်လက်ကုလားထိုင်၌ ပင်ပန်းစွာ ထိုင်လိုက်ပြီး ကျားမသန်းဋ္ဌေး ဆေးပေါ့လိပ်တိုကို ကောက်ဖွာလိုက်သည်။ မျက်စိက ထွေးနှင့်ကျွန်တော် လက်ထပ်စဉ်က ရိုက်ထားသော ဓာတ်ပုံထက် ရောက်သွားလေသည်။

ဩော်… အဲတုန်းကနှင့် ကွာခဲ့ပြီပဲလေ၊

---

**လက်တွဲဖော်**

http://www.cherrythitsar.org



ပြဿနာကလည်း ဝင်ချင်တော့ ကြိုကြိုဖန်ဖန်။ သည်တစ်လ ငွေပို ငွေလျှံလေးတွေ ရှိလာ၍ ထွေး လိုချင်သည်ဆိုသော အဝတ်စလေးနှစ်စနှင့် ကျွန်တော့်အတွက် ပုဆိုးတစ်ထည်ဝယ်ဖြစ်သွားသည်။ ကားသမားအနေနှင့် ပုဆိုးက အင်မတန် ကုန်သည်။ အထိုင်များများ၊ ချွေးများများနှင့်မို့ ပုဆိုး တစ်ထည်သည် အလှည့်နှင့် ဝတ်သည်ပင်၊ အလွန်ဆုံး ခံလှမှ၊ ခြောက်လ ဆိုတော့ ပုဆိုးက မဝယ်မဖြစ်၊ ဝယ်ရပြီ၊

အဝတ်ဝယ်ပြီး နောက်တစ်ရက်မှာ ဝင်ငွေက မယုံနိုင်စရာပင် ကျသွား သည်။ တစ်နေ့လုံးမှ ငွေသုံးဆယ်၊ ဆီနှစ်ဂါလံ အင်ဂျင်ဝိုင် တစ်ပိုင့်ဖိုးက တစ်ဆယ်၊ အိမ်အတွက်က တစ်ဆယ်ပဲ ကျန်သည်။ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုးက အလွယ်ပင် တစ်ဆယ်ထွက်သွားသည်ကိုး။

လက်ဖက်ရည်က အပေါင်းအသင်း ပါသည်။ တစုတဝေး နေထိုင်သော ကားစခန်းလိုအရပ်တွင် တစ်ဦးတည်း ခွဲခြား၍ မကောင်းတတ်။ ထိုအခါ အဖော်ခေါ်ရပြီ။ သူ့အလှည့် ကိုယ့်အလှည့်ရှိ၏။ ပြီးတော့ သည်ခေတ်မှာ လက်ဖက်ရည်ကို ငါးယောက်ဝင်သောက်၊ ဘာမှမစားဘဲနှင့်ပင် ငါးကျပ် သည် ရှွတ်ခနဲ။ တစ်ခါ ··· ဆေးလိပ်၊ တစ်ကျပ်ဖိုးဝယ်က ဒူးယား သုံးလိပ်။ တစ်လိပ်သာ ပါးစပ်၌ အနိုင်နိုင် ကျန်ရစ်တော့၏။ မြင်နေတွေ့နေကြတော့ လည်း မတည်မကောင်း၊ တည်ရပြီ။ ဆိုတော့··· နေ့စဉ် စရိတ်ကပင် တစ်ဆယ်သည် ပျော့ပျော့လေး။

နောက်တစ်ရက်မှာ ၁၅ကျပ်ပဲ ရသည်။ ထွေး မကြည်လင်တော့။ ကျွန်တော်မသိမဟုတ်၊ သိသည်ပင်။ ငှားသူ မရှိသည့်နောက် ကျွန်တော်က ဘာတတ်နိုင်မတဲ့လဲ။ မနေ့ကလည်း ငွေအစိတ်သာရသည်။ သည်ပုံ အတိုင်းသာ ဆိုလျှင်ဖြင့် ···

တော် ··· မထွေးဘူး ··· စိတ်မောလိုက်တာ ···

'ဟော့လူ ··· မပူဘူးလားဗျ၊ အောက်ဆင်း နေစမ်းပါ ···'

ဒတ်ဆန်းမောင်းသူ ကုလားကြီး မွတ်တားက ကျွန်တော့်အနီး လာရပ်

ရင်း ပြောသည်။ သွားသာ ဖြပြလိုက်၏။ စိတ်ထဲမှာတော့ ပူတော့ပူတာပေါ့၊ ဒါပေမယ့် ငါ့ဝမ်းပူဆာ မနေသာက ပိုပူတယ်၊ စီးပလေစေ မောင်မမှုနဲ့၊ တုတ်တုတ်ကျ ချွေး၊ ပူပလေစေ မောင်မမှုနဲ့၊ ငွေရဖို့လေး . . . ဟု ပြန်ပြော နေမိသည်။

'ဘယ်လောက် ရပြီလဲ . . .'

အားအင် ကင်းမဲ့စွာဖြင့် လျော့ရဲရဲ ဖြေလိုက်သည်။

'စျေးဦးတောင် မပေါက်သေးဘူး . . .'

သူ့မျက်နှာလည်း ခပ်ညိုညို။ ဖြည်းလေးစွာ ပြန်ပြော၏။

'အေးဗျာ၊ သည်နေ့ ဘာဖြစ်လဲမသိဘူး၊ ကျွန်တော်လည်း ငါးကျပ်ပဲ ရသေးတယ် . . .'

သူ ပြန်ထွက်သွားသည်။ ဘေးမှာချထားသော ဝတ္ထုစာအုပ်ကို ကောက် ကိုင်လိုက်၏။ စာရွက်ကို တစ်ရွက်ပြီးတစ်ရွက် လှန်ပစ်သော်လည်း မည် သည့် အကြောင်းအရာမှ ဦးနှောက်တွင်း ဝင်မလာ၊ ပူလောင်ခြင်း၊ သြောင်း ညာခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အားငယ်ခြင်း၊ အားလုံးသည် ခန္ဓာနှင့်ဦးခေါင်း ကို ပြင်းစွာ ဖိစီးနေလေ၏။

သြော် . . . ဘဝဆိုတာ အဲသလို မျိုးကြီးလား . . .။

---

စီးသူတန်းလန်းနှင့်ကားကဖေါက်လာတော့ စိတ်သည်ကသိကအောက်။ ဖြစ်ချင်တော့ နေရာကလည်း တကယ့်နေရာ၊ အသွားအလာ ရှုပ်ထွေးသည့် ကမ်းနားလမ်းမကြီးပေါ်၊ စဥ့်အိုးတန်း လမ်းထိပ်။ နောက်ကားတို့သည် ဒေါသတကြီးဖြင့် ကျယ်လောင်သောအသံများကို ပြုနေကြချေပြီ။ တော်တော့ တော်ချေသေး၏။ ကားစီးသူက မငြူစူပေ။

'လာဗျာ၊ ကျွန်တော်တို့ နှစ်ယောက် ဆင်းတွန်းလိုက်ကြတာပေါ့' ဟု သူကပင် ဦးဆောင်ကာ ပြောနေချေသေးသည်။ ကျွန်တော်တို့ ဆင်းတွန်းကြ ၏။ အားနာခြင်း၊ အလိုမကျခြင်းတို့သည် သွေး၌ အနှံ့။ အချိန်ကလည်း

အချိန်ကောင်း။ နေ့လယ် တစ်နာရီ၊ နေအပူဆုံး…။

'ကျွန်တော် ဘာလုပ် ပေးရမလဲ…'

စီးသူက မေးလေ၏။

'ဟာ… ရပါတယ်၊ ခင်ဗျား သွားစရာ အရေးကြီးရင် သွားလေ… ကျွန်တော် နည်းနည်းတော့ ကလိရလိမ့်မယ်…'

'ဘယ်လောက် ကြာမလဲဗျ…'

'အဲ… နာရီဝက်လောက်ပဲ ထင်ပါတယ်…'

'လုပ်လေ၊ ကျွန်တော် စောင့်ပါ့မယ်…'

နတ်ဒေဝတာတို့၏ စောင်မမှုလား၊ အရှင်ဘုရား၏ ဘုန်းတန်ခိုးတော် အာနုဘော်ကြောင့်လားမသိ၊ အခြေအနေသည် အဆင်ပြေ၏။ တော်ရုံတန်ရုံ ခရီးသည်ကား၊ ကားတစ်စုံတစ်ရာ ချို့ယွင်းလျှင် စိတ်ရှည်ဖို့ဝေး၍၊ ကျွန်တော်တို့ကြောင့် ခရီးဖင့်သည်ဟုပင် အောက်မေ့ဟန်ပြကြ၏။ အခုတော့ တော်သေးသည်။

အားလုံးပြီးသော် နာရီကို ကြည့်လိုက်၏။ ပြင်ဆင်ချိန်၊ မိနစ် ၄၀၊ စီးသူကို လှမ်းကြည့်တော့ သူက ကျွန်တော့်ကို ပြုံးပြလေသည်။

'မြန်သားပဲဗျ'

'ဟုတ်ကဲ့ဗျာ၊ ကဲ… ဘယ်သွားမလဲ'

စိတ်က ပေါ့ပေါ့ပါးပါး ရှိသွားချေပြီ၊

ဩော်…

---

ညသည် အိုအိုမင်းမင်း။ ရန်ကုန်ကမူ မအိပ်သေး။ ခန်းဆီးမလေးသည် ကိုလေရူး၏ စည်းချက်နှင့်အတူ ကခုန်နေ၏။

စိတ်ညစ်ခြင်း၏ အစီအစဉ်တို့သည် တစ်စစီ၊ တစ်စစီ။ အဖြစ်တို့သည် လတ်ဆတ် လာပြန်ချေသေး၏။

စင်စစ်၊ ထွေးနှင့် ပြဿနာမဖြစ်ချင်။ မည်သို့ပင်ရှိစေ ထွေးကို စိတ်

http://www.cherrythitsar.org



အေး ချမ်းသာ ထားချင်သည်။ ချစ်၍ယူထားသော မယားအလှကို ရွှေပေါ် မြတင် ထားချင်လှပါသည်။ ထိုနှယ် မထားနိုင်သည့်တိုင်၊ စိတ်ချမ်းသာ အောင်တော့ ကျွန်တော် ဂရုစိုက်သင့်သည်။

ခက်သည်က ကျွန်တော့်စိတ်။ ထမင်းဆာလျှင် စိတ်က အလိုလိုနေရင်း တိုချင်သည်။ ပြီးတော့ ကားစီးသူ လူတကာကို အလုပ်သဘောအရ တစ်နေ ကုန် အောင့်အည်း သည်းခံရသေးသည်။ တစ်နေ့တာသည် အလွန်ညစ်ညူး ဖွယ်။ မိမိကိုယ်နှင့် သူတစ်ပါးစိတ်ဖြင့်လှုပ်ရှားနေရခြင်းကား မသက်သာ။ ထိုညစ်ညူးဖွယ်တို့ကို နွမ်းနယ်ခြင်းဖြင့်သမလိုက်သောအခါ အကဲက ဆတ် ချင်ချင်ဖြစ်လာ၏။ ကိုယ့်အိမ်ကိုယ်ပြန်ရောက်ရင် နားလိုက်မဟဲ့ဟု ဒေါင်း တင်ကာ အိမ်ပြန်သည်။ သည်အချိန်မှာ တံခါးထဖွင့်သည့် မယား အလှ အလိမ္မာတုံးက ငြူစူစကားကို ဆိုလာတော့ ပူလောင်သောစိတ်သည် အငွေ့ ဖွဲ့သွားလေ၏။ တစ်နေ့တာ ချုပ်တီးထားခဲ့သဖြင့် မွန်းကျပ်သော စိတ်သည် ဖိအားတင်းမာစွာဖြင့် ဝုန်းခနဲ ကွဲသွားသည်။ ဒေါသသည် အသံကို ကျယ် လောင်စေ၏။ လူစိတ်တို့ အနည်းငယ် ကပ်တွယ်နေသေး၍သာ ကျွန်တော့် လက်သီးသည် ထွေးမှ လွဲကာ အုတ်နံရံပေါ် ရောက်သွားသည်။

ဝင်စဉ်က အသေအချာပင် ပြန်မပိတ်ခဲ့ရသေးသော တံခါးပေါက်မှပင် အိမ်အပြင်သို့ ကျွန်တော်ပြန်ထွက်ဖြစ်ခဲ့သည်။ တီရှင်္ဘာန်မ၊ ခွေးမ၊ နွားမဟု ရေရွတ်ရင်း ကျွန်တော် သည်နေရာမှာ ထိုင်ဖြစ်ခဲ့ပြီ။

ပပဝင်းရုံ ရုပ်ရှင်ကြော်ငြာမှ အိုမာရှရစ်(ဖ်)၏ ရုပ်ပုံကို ငေးစိုက်နေမိ သည်။ အာရုံတွင် အိုမာ ရှရစ်(ဖ်)ဟု မမြင်၊ ထွေး အသွင်သာ ထင်သည်။ အေးတိအေးစက် မျက်လုံး၊ တွန့်နေသော မျက်မှောင်။ တင်းတင်း စေ့စေ့ နှုတ်ခမ်း . . .

နှစ်ယောက် တစ်ဘဝ လျှောက်ကြသော ခရီးတွင် ပြဿနာတို့သည် သေးမျှင်သင့်သည်။ ထွေးအကျင့်ကလည်း တစ်မျိုး၊ ရံဖန်ရံခါ မထုံ တက် သေး နိုင်လွန်း၏။ စကားရီ၊ စကားရွဲ့များကလည်း တတ်မှတတ်။ ဒါတောင်

http://www.cherrythitsar.org



သတ္တဗေဒအဓိကနှင့် အောင်ခဲ့သူမို့။ မြန်မာစာကျောင်းသူသာဆို သူရိတာနှင့် ပင် ကျွန်တော် လဲသေအံ့ ထင်သည်။

မိမိကိုယ်ကိုလည်း ခွင့်မလွှတ်နိုင်။ စိတ်က အခုတစ်လော ဘာကြောင့် အရမ်း တိုရပါလိမ့်။ ဘာလို့ ထိန်းမရတာလဲ၊ စရိုက်ကိုက ကြမ်းတမ်းလာ ပြီလား။ ကျောင်းသားဘဝကို မဆီမဆိုင် တမ်းတလိုက်မိချေသေးသည်။ ကုံကော်ရိပ်က အတိတ်အိုသည် သရော်ပြုံး ပြုံးနေသယောင်။

မကျေနပ်မှုများ တိုး၍ တိုး၍ လာသည်။ နာရီကို အမှုမဲ့ ကြည့်လိုက် သည်။ ရှစ်နာရီခွဲ။ ဆိုင်တွင်း၌ လူကျဲပါးချေပြီ။ ကျွန်တော်ပါမှ သုံးဝိုင်း လောက်သာ ရှိတော့၏။ ပြန်ချိန်သင့်ပြီ။

သြော်… အချိန်တန်တော့လဲ အိမ်ပြန်ရအုံးမှာပါကလား…

---

ပြဿနာ…

ထမင်းဆာခြင်းသည် ပထမ၊ ဆေးလိပ်ဆာခြင်းက ဒုတိယ။

မနက်ကထွက်တော့ အိတ်ထဲမှာ ငွေ ၂၀ပါလာသည်။ ဈေးဦးပေါက် တော့ မွန်းလွဲစ၊ နေ့လယ်စာ စားအပြီး။ ခတ်ဆိ နည်းနေ၍ ဝင်ဖြည့်သော် တစ်ဆယ်သာကျန်သည်။ နောက်… စီးသူက ၃၃လမ်းကို သွားလေတော့ စာအုပ်အဟောင်းဆိုင်တွေနှင့် ရင်ဆိုင်ရသည်။ လမ်းဘေးက စာအုပ် အဟောင်း ဆိုင်လေးတွေမှာက အကောင်းတွေ ရှိတတ်မြဲ။ ကျောင်းသား ဘဝက ကျွန်တော့် ငယ်ချစ်ဆိုင်ကလေးတွေ။ မတွေ့မဆုံရတာ ကြာပြီဖြစ်၍ စိတ်အလိုကျ ဟိုလှန်သည်လှန် လှန်ကြည့်သည်။ တစ်နေရာမှာ ဒဂုန်တာရာ ၏ ဝတ္ထုတိုပေါင်းချုပ်ကို တွေ့ရသည်။ ဈေးမေးလိုက်၏။ အစိတ်တဲ့။ အသာလေး ချထားခဲ့၏။

နောက်တစ်ဆိုင်မှာလည်း ဟိုကြည့် သည်ကြည့်။ ဘဝ စာမျက်နှာများ ဟူသော စာအုပ်ကို တွေ့ရသည်။ အလွန်အမင်း သဘောကျသော စာရေး ဆရာ၏စာအုပ်။ စာအုပ်က ခပ်နွမ်းနွမ်း၊ ဈေးမေးလိုက်၏။ ၁၂ကျပ်တဲ့။

ဘုရား… ဘုရား…

လိုချင်စိတ်ကြောင့် ရှစ်ကျပ်ဆစ်သည်။ ကိုးကျပ်နှင့်ယူပါဟု ဆိုင်ရှင်က ပြောသည်။ ယူတော့ ယူချင်သည်။ သို့သော် နှစ်ကျပ်လောက်တော့ အိတ်စောင့်ငွေ ချန်မှသင့်မည်ဖြစ်ရကား စာအုပ်ကို ပြန်ချလိုက်သည်။ ထိုအခါ ဆိုင်ရှင်က 'ယူသွားဗျာ၊ ဈေးဦးပေါက်'ဟု ဆိုပြီး ပေးလေတော့၏။ ဆိုတော့… ငွေနှစ်ကျပ်သာ ကျွန်တော့်မှာ ကျန်သည်။

ပြီးသည့်နောက်တွင် ခရီးသည်က သိမ်ကြီးဈေး၊ သစ်သီးတန်းမှာ စပျစ်သီး ဆင်းဝယ်သည်။ ကျွန်တော်က ဘုရားလမ်းနှင့် အနော်ရထာလမ်း အချက်ပြမီးတိုင်အလွန်တွင် ရပ်ပေးလိုက်၏။ ထိုလမ်းဆုံရှိ တာဝန်ကျ ယာဉ်ထိန်းရဲက ကျွန်တော်တို့ ကားစခန်း နားတွင် မကြာခဏ တာဝန်ကျ တတ်သော လူဝကြီး ကိုစိုးမြင့်…။ သူက ကျွန်တော့်ကိုမြင်တော့ အူယားဖားယား ရောက်လာသည်။ ထို့နောက် စပါးရောဖောရော လုပ်ပြီးသကာလ အိတ်ထဲမှ ငွေနှစ်ကျပ်ကို နှိုက်သွားလေတော့၏။ ကောင်းရော။ ကျွန်တော့် အိတ်ကပ်မှာ ခါလီ။

ယခုသော် ညခုနစ်နာရီခွဲပေပြီ။ ၁၁နာရီခွဲကတည်းက ဖြည့်ထားသော ဝမ်းတစ်ထွာသည် ယခုမူ တကြုတ်ကြုတ်။ ဆေးလိပ်ကုန်တာလည်း ကြာခဲ့ပြီ။ ခံတွင်းချဉ်ခြင်းက ပိုလာသယောင်။ ဆေးလိပ်ပြာခွက်ကို ဖွင့်ကြည့်သည်။ ဆေးပေါ့လိပ်တိုဟောင်းများ ကျန်လေမလားဟု။ သို့သော် ဒူးယားအစီခံ လေးခုကသာ ကျွန်တော့်ကို ဆေးလိပ်ခွက်ထဲမှရယ်ပြကြလေသည်။ သွားရော…

အကြွေ… အကြွေ…

အိတ်ထဲကို စမ်းလိုက်သည်။ ငွေတစ်မတ်သည် ယာဉ်မောင်းလိုင်စင် အကြိုအကြားမှ ကံအားလျော်စွာ ထွက်လာ၏။ ဟိုက် ရှာလဗတ်ရည်ဟု သမိန်ပေါသွပ်ကဲ့သို့ ဥဒါန်းကျူးပြီး အနီးရှိ ကွမ်းယာဆိုင်သို့ ပြေးရသည်။

ရွှေခြူးဆေးပေါ့လိပ်ဝယ်လိုက်သည်။ တစ်ဆယ့်ငါးပြားကြီးများတောင်

ပိုနေချေသေး၏။ ရွှေခြူးကို ဖွာသည်။ ကောင်းမှကောင်း…။

လူသည် နေသာထိုင်သာရှိသွား၏။ ထမင်းဆာခြင်းကမူ မပျောက်ချင်။ သို့သော် အာသာနှစ်ခုအနက် တစ်ခုက ပြေလေတော့ မဆိုး။

လူဟူ၍ဖြစ်လာသည့်အခါ ဆန္ဒအာသာကို လွန်ဆန်ရန် ခက်ခဲချေသည် တကား။ အာသာကြောင့် လူတို့ ရှုန်းကန်ရချေ၏။ အာသာကြောင့် ပြဿနာတွေ တန်းစီ၍ဖြစ်ရကုန်သည်။

ဆေးလိပ်သောက်ရင်းပင် တရားကပေါက်ချင်ချင်…။

သို့သော် ထမင်းဆာခြင်းက တရားကို ဖျက်လေသည်။

ဩော်…

---

နာရီကို ကြည့်လိုက်သည်။

ဆယ်နာရီ ထိုးလုလု…

မဟုတ်တော့၊ လုံးလုံး မဟုတ်တော့။ သွားပြီ၊ ခံရပြီ ထင်သည်။ စောင့်ချိန်ကိုက တစ်နာရီကျော်ပြီ။ ပတ်ဝန်းကျင်သည် အမှောင်ထု။ ရှေ့မှ လူသွားလမ်းကလေးကို စိတ်ပျက်စွာ ကြည့်လိုက်မိသည်။ သည်လမ်းသည် မင်္ဂလာဒုံလမ်းဘက်သို့ ပေါက်ရောက်ပေလိမ့်မည်။

ခံလိုက်ရပြီ။ ကားကို စတင်ငှားစဉ်က ညနေငါးနာရီ၊ ဟိုသွား သည်သွားနှင့်။ ယခုသော် ဆယ်နာရီ ထိုးချေပြီ။ ဒုက္ခပဲ… ငါးနာရီ၊ ၇၅ကျပ်ဖိုး၊ အချိုကြီး ထိချေပြီတကား။

ခဏလေး၊ ဆယ်မိနစ်လောက်ပါဟုပြောကာဆင်းသွားသည်။ တစ်နာရီနီးပါး ကြာသည်ထိ ပြန်ပေါ်မလာ။ သွားပါပြီ၊ ခါးချိအောင် မောင်းခဲ့သမျှ အလကားဖြစ်ရပြီလေ။

သူ့ရုပ်သူ့ရည်နှင့်တော့ ကလိမ်ကကျစ် လုပ်မည် မထင်ခဲ့။ လူက သားနား ရည်မွန်၍ အင်္ဂလိပ်စကားကိုလည်း သဒ္ဒါမှန်မှန်ဖြင့် ပီသစွာ ပြောနိုင်သည်။ အဝတ်လည်း သားသားနားနား ဝတ်လို့စားလို့။ ယခုတော့

http://www.cherrythitsar.org



ထိုမောင်မင်းကြီးသားက မကြေညာပဲ ဆော်သွားလေပြီတည်း။

ကားသမားလောကမှာ သည်အဖြစ်မျိုးတွေက မဆန်းလှ။ ယခု ကျွန်တော် ခံရသည်က ကမာရွတ်၊ ကန်လမ်းမှာ။ သည်လမ်းက အင်းစိန်လမ်းမနှင့်ပြည်လမ်းမကြီးနှစ်ခုကို ဒုတ်ဒုတ်ထိပေါက်သည်။ ထိုလူလိမ်သည် အင်းစိန် လမ်းဘက်မှာ ကျွန်တော့်ကို ထားရစ်ကာ ယခုလောက်ရှိ သူ့အိမ်မှာပင် အိပ်နေပေရော့မည်။

တစ်ချို့ဆို မြို့လယ်ကောင်တွင်ပင် ခံရတတ်၏။ သိမ်ကြီးဈေး၊ ဗိုလ်ချုပ်ဈေး အစရှိသည့် လူစည်ကားရာ ဈေးတစ်ခုခုသို့ ဝင်သွား၏။ စောင့်သည့်သူသာ မိုးလင်းသွားမည်၊ ကိုယ့်လူကတော့ စုပ်စ မြုပ်စပျောက်။ ကားခလည်း ငါးပြားမျှပင် မရလိုက်တော့။ အချို့ဆို အိတ်ထဲရှိတာတွေပင် ခဏချေးပါဆိုပြီး ပါသွားတတ်သေး၏။

ဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း)၊ မွတ်စလင် ကုသိုလ်ဖြစ်ဆေးရုံထဲသို့ဝင်ပြီး ၃၅လမ်းမှ ထွက်သွားသူ၊ ဆူးလေဘုရားလမ်း ကြို့ဟွာစားပွဲရုံ (အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်း လမ်းဆုံ၏ အရှေ့မြောက်ထောင့်မှ အဆောက်အအုံဖြစ်ပါသည်) ဘေးလှေကားသို့ တက်ပြီး ၃၃လမ်းထဲ လစ်သွားသူ စသဖြင့် ကြုံရတတ်၏။

ထိုလူတို့ကား ကားကို ငှားပြီးသည်နှင့် နာရီများစွာ (တန်အောင်) စီးသည်။ အုတ်ခဲကို စက္ကူဖြင့် အသေအချာ ပတ်ထားသောပစ္စည်း၊ ထီးအစုတ် စသည်ဖြင့် အာမခံပစ္စည်းများကို ကားပေါ်တွင် ထားရစ်ခဲ့သည်မျိုးလည်း ရှိ၏။ မလာ၊ မလာနှင့်၊ မစောင့်နိုင်လို့ဖွင့်ကြည့်တော့မှ ယာဉ်မောင်း ပက်လက်လန်ရသည့် အပေါက်…။

ခက်သည်က ကျွန်တော်တို့အနေနှင့်ငွေကြိုတင်တောင်းထားဖို့ကလည်း လူမှုရေးအရ အလွန်အားနာဖို့ ကောင်းသည်။ ကားစီးသူအနေနှင့် ကသိကအောက် ဖြစ်ပေမည်။ တစ်ချို့ကမူ နားလည်သိတတ်စွာနှင့် ငွေပေးထားရစ်ကာ စောင့်ခိုင်းသည်များ ကြုံရတတ်ပါ၏။

**လက်ကျွဲဖော်**

http://www.cherrythitsar.org



ဟော… ကြိုမတောင်းထားတော့လည်း ခံရပြီပေါ့ဆိုသည်နှင့် ကျွန်တော်တို့မှာ အလူးအလဲ။

မျှော်နေလေမည်ဖြစ်သော ထွေးမျက်နှာကို မြင်ယောင်နေမိလေသည်။ ထိုမျှော်နေလေမည်ဖြစ်သော ထွေးသည် ကျွန်တော့်ကိုသာမက ကျွန်တော်နှင့်အတူ ပါလာမည့် ငွေစက္ကူများကိုပါ မျှော်နေပေလိမ့်မည်။

ထွေးကို ပသို့ ပြောရပါအံ့…။ မနက် ခုနစ်နာရီကတည်းက အိမ်မှ ထွက်သွားသော လင်တော်မောင်သည် အိမ်သို့ ညဆယ်နာရီကျော်မှ လက်ချည်းဗလာနှင့် ပြန်လာသည်ကို ထွေး နားလည်လက်ခံနိုင်ပါမည်လော။

သည်ညတော့ဖြင့် ပြဿနာတက်ရပေဦးတော့မည်။ စိတ်ညစ်ခြင်း၊ ပင်ပန်းခြင်း၊ မခံချိ မခံသာဖြစ်မှုတို့ကြောင့် ကျွန်တော့်မှာ စကားပြောလိုစိတ်ပင် မရှိတော့။

အင်း… ထွေး ပြောသမျှကို စိတ်မချမ်းသာစွာဖြင့် နာယူရပေဦးတော့မည်။

သြော်…

---

ဒေါသတို့သည် အလိပ်လိုက်၊ အလိပ်လိုက်…

သည်နေ့ တစ်နေ့လုံး မနားတမ်း မောင်းရသည်။ မနက် ကိုးနာရီကတည်းက စစီးသူသည် ညခုနစ်နာရီထိုးမှ ကားပေါ်က ဆင်းတော့၏။ သို့သော် ငွေတော့ မရလိုက်၊ အကြွေးထားရသည့်ကိန်း။ အရင်က ဖောက်သည် ဟောင်း။ မနေ့က တစ်ရက်လည်း အကြွေးစီးပြီးပြီ။ သည်နေ့တော့ ပိုက်ဆံရမည်ဟု ထင်ပြီး တစ်နေ့လုံး ကြိုးစားမောင်းရသည်။

ဟော… ခုတော့… မပြေလည်သေးလို့ မှတ်ထားပါဦးဟု စကားချိုချိုဆိုကာ ဆင်းသွားလေသည်။

အဲ… အိမ်ပြန်ရောက်တော့ ထုံးစံအတိုင်း၊ ထွေးက ကျွန်တော့်အင်္ကျီကို

http://www.cherrythitsar.org



ကူချုတ်ပေးသည်။ အိတ်ထဲကိုတော့ မနှိုက်။ ရေချိုးပြီးတော့ ကျွန်တော် ထမင်းစားသည်။ ထွေးကား ကောင်းကောင်းမွန်မွန်၊ ထမင်းအပြီးမှာ သံပရာ ရည်တွေ၊ ဘာတွေပင် တိုက်သေး၏။

လင်မယားနှစ်ယောက် အေးအေးလူလူ စကားစမြည် ပြောမည်ကြံခါမှ သည်နေ့ ဘယ်လောက်ရခဲ့လဲဟူသော အမေးကို ထွေးက စသည်။

'အကြွေးတွေ့ ထွေးရယ်…'

ထွေးမျက်နှာ ညိုသွား၏။

'ဟင်… ကိုကလည်း၊ ကိုပြောတဲ့ ဟိုလူကြီးပဲလား၊ ချင်းပြည်နယ် ကလေ…'

'အင်း…'

'ဟင်… နှစ်ရက်တောင်ရှိပြီ၊ အကြွေးစီးတာ၊ ကိုကလည်းနော်… ညံ့လိုက်တာ…'

ယင်းမှ အစချီကာ ထွေးသည် ပူစပ်ပူလောင်နိုင်သော စကားတို့ကို တရစပ်ပြောတော့သည်။ ပထမတော့ အေးအေးဆေးဆေး။ ကြာတော့ ကျွန်တော် နားငြီးလာသည်။ တောင်းပန်၍လည်းမရ။ ဆိုတော့… ကျွန်တော် စိတ်တိုရပြီ။

'တော်တော့… ထွေး'

ခပ်ကျယ်ကျယ် ခပ်ဆတ်ဆတ် ပြောလိုက်မိ၏။ ထွေးသည် ကျွန်တော့် ကို မျက်လုံး လှန်ကြည့်သည်။

'မင်းကို ဘယ်နှစ်ခါပြောရမလဲ။ နားပူနားဆာ မလုပ်နဲ့လို့…။ ငါ့မှာ အလုပ်အဆင် မပြေလို့ စိတ်ညစ်ရတာတစ်မျိုး၊ ပင်ပန်းတာက တစ်မျိုး၊ မင်း နားပူတာက တစ်မျိုးနဲ့…'

ထွေး မျက်လုံး ဝိုင်းသွား၏။

'ထွေး နားပူတာမကြိုက်ရင် အိမ်မပြန်နဲ့ပေါ့…'

တက်တစ်ချက်ကို ပြင်းပြင်းထန်ထန် ခေါက်လိုက်ပြီး ထိုင်ရာမှ ဝုန်းခနဲ

http://www.cherrythitsar.org



ထဖြစ်သည်။ လက်သီးကိုလည်း ဆုပ်လိုက်မိသည်။ ထိုင်ရာမှအထ မျက်စိနှင့်တူရူတွင် ကျွန်တော်နှင့်ထွေး လက်ထပ်စဉ်က ရိုက်ထားသော ဓာတ်ပုံက ရှိနေသည်။

လက်သီးဆုပ်ကို ဖြေလိုက်မိရပြီ။

သြော်...

---

သြော်...

ကုံကော်မြေနှင့်ဝေးလေပြီးမှ ဆုံရ ကြုံရသမျှတွေသည် ကုံကော်မြေတွင် လေးနှစ်တာ အိပ်ပျော်နေစဉ် မြင်မက်ခဲ့သော အိပ်မက်များနှင့် လားလားမျှ မဆိုင်တော့ပြီတကား။

သြော်...

♥ ♥ ♥

## ဝတ္ထုနောက်မှာ ပြောချင်တာ

'၁၉၇၈-၇၉ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း'တွင် ဖော်ပြခဲ့သော ကျွန်တော့် တတိယမြောက် ဝတ္ထုတိုဖြစ်သည်။ သူ့ရှေ့က တစ်ပုဒ်နှယ်ပင် သည်တစ်ပုဒ်မှာလည်း ပန်းချီ 'ကိုမြိုး'၏ နှစ်ရောင်သရုပ်ဖော်ပုံနှင့်ပင် ဖြစ်ပါသည်။ သည်တစ်ပုဒ်မှာတော့ ခွပုံ (နှစ်မျက်နှာ ခွလျက် ဖော်ပြသောပုံ)နှင့်ဖြစ်သည်။

စာရေးသူ ဖြစ်လိုစိတ် ကြီးမားလှသလောက် စာရေးပျင်းသော ကျွန်တော့်မှာ ထိုနှစ် (၁၉၇၈)မှာ မဂ္ဂဇင်း စာမူပိတ်ချိန်တိုင်အောင် စာမူ ရေးပြီး အဆင်သင့် ရှိမနေခဲ့ပါ။ တစ်ဖက်ကလည်း ဘဝဝမ်းစာအတွက် အားသွန်ခွန်စိုက် လုံးပမ်းနေရသည်မို့ စာရေးသည့်ဘက်ကို ခြေဦးမလှည့်နိုင်တာလည်း ပါသည်။ ကားသမားဘဝ အထူးသဖြင့် ***Private Taxi*** ဟုခေါ်သော ကိုယ်ပိုင်အငှားယာဉ် မောင်းသူဘဝက အချိန်ကို တစ်ပုံတမ ရင်းနှီးရသည်။ ထို့ကြောင့် စာရေးရန် အချိန်နည်းတာလည်း ပါသည်။ ငွေတွင်းကလည်း နက်သည်ထက်နက်လာတော့ ပိုဆိုးသည်။

သည်လိုနှင့် စာမူပိတ်ရက် မတိုင်ခင် တစ်ရက်မှာ စိတ်မွမ်းကြပ်တိုင်း ဟိုသည် ကောက်ခြစ်ထားသော စာရွက်တစ်ပွေ့နှင့် ကားဂိတ်မှ မိတ်ဆွေကြီး 'ကိုလှကျော်'ထံ ရောက်သွားရသည်။ ကားဆရာတွေထဲတွင် ဘွဲ့ရတွေ များလှသော်လည်း စာကို စွဲစွဲလန်းလန်းဖတ်သူကား အင်မတန် ရှားပါးလှသည်မို့ စာဖတ်ဝါသနာကြီးလှသော ထိုခနဲ့ဖြူသား 'ကိုလှကျော်'ကို ယခုနေ့ထက်တိုင် မှတ်မိနေပါသေးသည်။

http://www.cherrythitsar.org



ကိုလှကျော်က စာဖတ်ဝါသနာကြီးသလို စာရေးသည်ကိုလည်း အားပေးသည်။ သူကိုယ်တိုင်ကတော့ ဆရာသော်တာဆွေကို အလွန်စွဲလန်းသူ ဖြစ်လေသည်။ နေတာက ပြည်လမ်း၊ စာပေဗိမာန်ပရဝုဏ်မှာ၊ သူ့အစ်ကိုက စာပေဗိမာန်က ဝန်ထမ်း။

ဆိုတော့ သူ့အကူအညီနှင့် အဆင်သင့်မဖြစ်သေးသော ကျွန်တော့် စာမူကို စာပေဗိမာန်မှ လက်နှိပ်စက်ဆရာကြီးအား ရိုက်ပေးခိုင်းရသည်။ စာမူကို လက်နှင့် ရေးနေလို့ကတော့ ထိုနေ့တစ်ခန့်တည်းနှင့် မပြီးတော့မှာ သေချာနေသည်။

ထို့ကြောင့် ကျွန်တော်က ပါးစပ်က နှုတ်တိုက်ချပေးကာ လက်နှိပ်စက် ဆရာကြီးက နောက်က လိုက်ရိုက်ပေးသည့်စနစ်ဖြင့် တက်သုတ်ရိုက် ရေးလိုက်ရသည်။ ကျွန်တော့်စာရွက်တွေက ဘာမှ အစီအစဉ်တကျ မရှိ။ ဟိုနားနည်းနည်း၊ သည်နားကွက်ကွက်ဖြင့် တို့ထားသမျှကိုကြည့်ရင်း ပါးစပ်နှင့် ရေးခဲ့သော စာမူအဖြစ် မှတ်မိနေပါသေးသည်။ ယနေ့ထက်တိုင် ပါးစပ်နှင့်ရေးဖူးသော စာမူဟူ၍လည်း သည်တစ်ပုဒ်သာ ရှိပါသေးသည်။

အဲတုန်းက ကျွန်တော့်အသက် ၂၀သာသာ။ အိမ်ထောင်သည်ဘဝကို စိတ်ကူးယဉ်ကြည့်ကာ ကျွန်တော့်ကိုယ်တွေ့ ဘဝအမောများနှင့် ရောမွှေလိုက်ခြင်း ဖြစ်လေသည်။

ယခု ပြန်ဖတ်ကြည့်မိသောအခါ ရှေးဖြစ်ဟောင်းကို အောက်မေ့သည်။

ဝတ္ထုတစ်နေရာတွင် ပပဝင်းရုံမှ ရုပ်ရှင်ပိုစတာကို လှမ်းမြင်သောအခန်းတစ်ခန်း ထည့်ထားသည်။ ဒဂုန်(ယခင် အိုးရီးယွဲန်တ်)ဟိုတယ်လေသာဆောင်မှာ မိန်းမကို စိတ်ပေါက်ပေါက်နှင့် အရှဲ့တိုက်ကာ အရက်သောက်ခန်းကို ဖွဲ့ထားခြင်းဖြစ်သည်။ ပပဝင်းရုံ နေရာမှာ ကုန်သည်ကြီးများဟိုတယ် ဖြစ်နေလေပြီ။ ဒဂုန်ဟိုတယ်လည်း မရှိတော့။

အဟောင်းအဟောင်းတို့နေရာမှာ အသစ်အသစ်တို့ အစားထိုး

http://www.cherrythitsar.org



ရသည်မှာ ခမ္ဘတာပင်ဖြစ်ပါသည်။ သို့တိုင်အောင် လွှမ်းစရာလေး တွေကတော့ လွမ်းစရာဖြစ်နေဆဲပင်။

ဝတ္ထုထဲမှ ယာဉ်ထိန်းရဲ လူဝကြီး ကိုစိုးမြင့်ကို ယနေ့ထက်တိုင် ယာဉ်ထိန်းရဲအဖြစ်ဖြင့် မြင်နေရဆဲ။ အတော်ကြီး အိုမင်းသွားရှာပြီ။ သူ့ကို ကျွန်တော်ကောင်းစွာ မှတ်မိသည့်တိုင်၊ သူကမူ ကျွန်တော့်ကို လုံးလုံး မမှတ်မိရှာတော့ပါ။ သို့သော် သူ့နှင့် ဆုံလေတိုင်း ကျွန်တော့် အိတ်ထဲမှ ငွေစက္ကြေးစလေးတွေကတော့ စေတနာ ဗရပွဖြင့် ခုန်ထွက်သွားတတ်မြဲကား ယနေ့ထက်တိုင် ဖြစ်လေသည်။

ကျွန်တော့်ထံတွင် အကြွေးဖြင့် ကားစီးသွားသူများမှာလည်း ကျွန်တော် ကားသမားအလုပ်ကို မလုပ်တော့သည့်တိုင် ထိုအကြွေး များကို မပေးခဲ့ကြပါ။ ကျွန်တော့်ဘက်က သူတို့ကို ဆပ်စရာရှိသော သံသရာကြွေးဟုသာ အောက်မေ့ထားလိုက်ရပါသည်။

သူတို့နှင့် တစ်ခါလား၊ နှစ်ခါလားအမှတ်တမဲ့ ဆုံသည်။ သူတို့ က ကျွန်တော့်ကို လုံးဝမမှတ်မိတော့ပါ။ ကျွန်တော်ကလည်း ပြန် အစဖော်မနေတော့ပါ။ ပြီးတာတွေ ပြီးပါစေတော့လေ။

ဩော်. . . တစ်ခါက တစ်ဘဝ. . .

**လက်ကျဲဖော်**



မေတ္တာ၍ (ကြွေ)

# မေတ္တာဘွဲ့ (နှောင်း)

၁။

အစားအသောက်နှင့် ပတ်သက်၍ အထူးတလည် ဇီဇာမကြောင်တတ်ပေမင့် အစွဲလေးတွေကတော့ အထိုက်အလျောက် ရှိသည်။ လက်ဖက်၊ ဆူးပုပ်ရွက်၊ ဒညင်းသီး၊ အင်ဥ၊ ပုရစ်၊ စာကလေးအစရှိသည်ဖြင့် အစုံစားတတ်သလို အလွန်လည်း ခုံမင်သည်။ ပြီးတော့ ထမင်းစားလျှင် ရေနွေးကြမ်းပူပူလေး လည်းပါမှဆိုသော ပါးစပ်အကျင့်ကလေးကလည်း ဖျောက်မရချင်တတ်။

၂။

အမေသည် ကျွန်တော့်အမေအဖြစ်ဖြင့်ကား အလွန်ကောင်းသော မာတာ မိခင် ဖြစ်ချင်ဖြစ်မည်။ ကျွန်တော့်မိန်းမ၏ ယောက္ခမအဖြစ်ဖြင့်ကား အလွန် အင်မတန် ဆိုးရွားတာကတော့ သေချာသည်အမှန်။ ဆီလို အပေါက်ရှာကာ လုပ်သမျှ အပြစ်မြင်တတ်သော အမေနှင့် ထိလွယ်သိလွယ်၊ ခံစားလွယ်သော မယား၊ ထိုနှစ်ယောက်ကြားတွင် နေရခြင်းကား ငရဲစင်စစ်ပင်တည်း။

**လက်တွဲဖော်**

http://www.cherrythitsar.org



၃။

သည်မိန်းမကိုတော့ ချစ်လွန်းလို့ ယူထားခဲ့တာလည်း ဖြစ်သည်။ ကိုယ့်ကို လည်း အလွန်ချစ်ကာ၊ အိမ်ထောင်ရှင်မကောင်းလည်း ပီသသည်ဟု ထင်မြင် သောကြောင့် လက်ထပ်ခဲ့တာလည်း ဖြစ်သည်။

တကယ်တမ်း အတူနေကြသောအခါ မိန်းမသည် ထင်ထားခဲ့သည် ထက် ပိုတော်ပါသည်။ လင့်အလိုက်၊ လင့်အကြိုက်ကိုလည်းနားလည်ပါ၏။ စုံစီနာဖာ၊ ဖွယ်ဖွယ်ရာနှင့်လည်း ကျွေးမွေးပြုစုပါ၏။

တစ်ခုသာရှိပါသည်။ ထမင်းစားတိုင်းသောက်တတ်သော ရေနွေးကြမ်း ပူပူကိုတော့ သင်း အမြဲမေ့သည်။ အိမ်ဖော်မိန်းကလေးကပင်လျှင် ကျွန်တော် ထမင်းစားချိန်တွင် ရေနွေးကြမ်း ငှဲ့ပေးရကောင်းမှန်း သိပါသေးလျှင် ကျွန် တော့် မိန်းမရင့်မကြီးသည် အဘယ်ကြောင့်များ သည်ကိစ္စကို မေ့လျော့ရပါ သနည်းဟု စဉ်းစားမိသည်က အကြိမ်ကြိမ်။

၄။

အိမ်ထောင်သက်ရင့်လာသောအခါ အမေနှင့် မိန်းမတို့အနေနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမှုသည် လက်တွေ့အကောင်အထည်ဖော်ရန် မဖြစ်နိုင် မှန်း သဘော ပေါက်လာခဲ့ရသည်။ ထိုအခါ ဆံထုံးနောက် သျှောင်ပါရသော အဖြစ်သည် မလွှဲမရှောင်သာတော့ဘဲ ဖြစ်ခဲ့ရလေသည်။ အမေနှင့် ကျွန်တော့် မိန်းမသည် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်နိုင်သောအဆင့် မရှိတော့ပေ။

၅။

ရုံးပိတ်ရက်များတွင် ယောက္ခမအိမ်၌ ကျွန်တော် အချိန်ပြည့်နေသည်။ မယား လုပ်သူ၏အပါးတော်မြဲ။ ရုံးဖွင့်ရက်ကတော့ သူ့အနားကို ကောင်းကောင်း မကပ်နိုင်။ ဖိစီးလွန်းသော ရုံးအလုပ်အပြင်၊ အခြားသော အပိုဝင်ငွေရှာဖွေမှု များအတွက် အချိန်ကို အပြည့်အဝ ရင်းနှီးစိုက်ထုတ်ရသည်။

**လက်တွဲဖော်**

http://www.cherrythitsar.org



ထိုအခါ မြို့လယ်တွင်ရှိသော အမေ့အိမ်သို့ နေ့စဉ်လို ရောက်ဖြစ်ရလေတော့သည်။ ညနေတိုင်း ရုံးအဆင်းမှာ အမေ့အိမ်ဝင်ကာ ခဏတဖြုတ်နားမြဲ။ သည်နေ့လည်း 'မင်း ထမင်းစားသွားပါလား၊ မနက်က ဈေးထဲမှာ အင်ဥတွေ တွေ့လို့ မင့်ဖို့ ချက်ထားတယ်'ဟု အမေ ပြောလေသည်။

သည်လိုနှင့် ကျွန်တော့်ခန္ဓာ၏အဆီအသားတို့ ဖြစ်ထွန်းရာတွင် တစ်နည်းတစ်ဖုံ ပါဝင်ပတ်သက်ခဲ့သော ထမင်းစားပွဲအိုလေးမှာ ကျွန်တော်ထိုင်ဖြစ်သည်။ ဝက်အူချောင်းကြော်၊ ငရုတ်သီးထောင်း သံပုရာရည်ညှစ်နှင့် အင်ဥချက်။

သည်မိုးတွင်းမှာ အင်ဥကို လုံးဝမစားရသေး၊ စားချင်၍ နေ့စဉ် ဈေးဝယ်သူ အိမ်ဖော်မိန်းကလေးကို မှာဖူးသည်။ မစားခဲ့ရ။

ယခုစားရသောအင်ဥချက်သည် အမေ၏ယခင်လက်ရာအတိုင်း ဖြစ်ပင်ဖြစ်ငြားလည်း စားရသည်မှာ နင်တင်တင်ဖြစ်နေသည်ဟု စဉ်းစားဆဲ မျက်ရည် နှစ်စက်က ထမင်းပန်းကန်ထက်သို့ ကျသွားလေသည်။

♥ ♥ ♥

http://www.cherrythitsar.org

## ဝတ္ထုနောက်မှာ ပြောချင်တာ

‘ပြည်တန်’ဟူသောကလောင်အမည်ကိုသုံးလျက် တစ်မျက်နှာဝတ္ထုတို အဖြစ် ၁၉၈၉ခုနှစ်၊ ဩဂုတ်လထုတ် မဟေသီ မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့ပြီး ကျွန်တော်တို့ အိမ်ထောင်သက် တစ်နှစ် သာသာ၊ သမီးဦးကိုပင် မမွေးဖွားသေးခင်က ရေးသားခဲ့သော ဝတ္ထုတိုဖြစ်ပါသည်။

အမြဲတစေ စိတ်နှစ်ခွဖြစ်ရသော ဤဘဝတွင် ငင်မိသမျှ ကြိုးမျှင်များ အနက်မှ တစ်ကွက်ကို ကျွန်တော် ရေးတတ်သလို ရေးကြည့်လိုက်ခြင်းလည်း ဖြစ်ပါသည်။


ထိုစဉ်က “မေတ္တာဘွဲ့” အမည်အဖြင့် အတွဲအဆက်လေးတွေ စီကာ စဉ်ကာ ထားရန် စိတ်ကူးမရှိခဲ့သေးပါ။ အမှန်ကတော့ ယခု ဝတ္ထုတိုလေးသည် မေတ္တာဘွဲ့ တစ်ခုခုသာ ဖြစ်နေသင့်ပါသည်။ ထို့ကြောင့် ကျွန်တော့် ကိုယ်တိုင်ကြို ဝတ္ထုတိုစုတွင် ဤဝတ္ထုလေးကို “မေတ္တာဘွဲ့(နှောင်း)”ဟု ခေါင်းစဉ်သစ် တပ်ပေးလိုက်မိရပါသည်။ မဟေသီတွင် ဖော်ပြခဲ့စဉ်က ခေါင်းစဉ်မှာမူ “ယှဉ်သူ့အမှား”ဟူလို။

ဤဝတ္ထုနှင့်ပတ်သက်ပြီး ရယ်စရာတစ်ကွက်ကို စာဖတ်သူများအား ဖောက်သည်ချချင်ပါသေးသည်။ ယင်းကား ဤဝတ္ထု့ဖော်ပြပါရှိပြီးသည့်နောက်ပိုင်းတွင် ကျွန်တော့်အိမ်သူသည် ကျွန်တော် ထမင်းစားသည့်အခါတိုင်း ခရေနွေကြမ်းဖြည့်ပေးရန် လုံးဝ မမေ့လျော့တော့ခြင်းပင် ဖြစ်လေသည်။

အရေးအသား ပြောင်မြောက်လွန်းပါပေ့ကွယ်ဟု မိမိကိုယ်ကို သရော်တော်တော် ပြောဖြစ်ချင်စရာ ဖြစ်ရပ်လေးမို့ဖြည့်စွက် အစီရင်ခံလိုက်ခြင်းပင် ဖြစ်ပါသည်။

**လက်ထွဲပေါ်**

http://www.cherrythitsar.org



ဟပိပီ

http://www.cherrythitsar.org

# တစ်စစီ

သံဈေးကတည်းက အောင့်ထားရခြင်းသည် အိမ်နား ရောက်ခါနီးလေ ပိုဆိုးလာလေ ဖြစ်နေသည်။ လူ့ခန္ဓာသည်ကား ထိုအတိုင်းပင်၊ လိုအပ်ချက်တစ်ခုခုအတွက်ဖြစ်စေ၊ ပိုလျှံမှုတစ်ခုခုအတွက်ဖြစ်စေ ပြဿနာရှာတတ်မြဲ။

ထမင်းဆာခြင်း၊ ရေငတ်ခြင်းစသည်တို့ကို အစိုးမရသလို နာကျင်ခြင်း၊ ပူခြင်း၊ အေးခြင်းစသည်တို့ကိုလည်း တောင့်ခံနိုင်စွမ်း နည်းတတ်သည်။ အိပ်ချင်လာလျှင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ယခု ကိုရေချမ်း ဖြစ်နေရသည်ကတော့ သူ့ခန္ဓာကိုယ်ထဲမှာ ပိုလျှံလာပြီဖြစ်သော ရေများကို အလျင်အမြန် စွန့်ထုတ်လိုနေခြင်းပင် ဖြစ်သည်။

*ဟာ… အရေးထဲမှာ မီးပွိုင့်က မိနေပြန်ပြီ၊* အကျင့်ပါနေသော ယာဘက် ခြေထောက်က ဘရိတ်ကို နင်းလိုက်ပြီး နှုတ်ကလည်း ရေရွတ်လိုက်

http://www.cherrythitsar.org



သေးသည်။ တဆက်တည်းမှာပင် အရှိန်ထိန်း မောင်းတံကို နံပါတ်တစ်သို့ ပြောင်းထည့်လိုက်ပြီး အဆင်သင့်ပြင်လိုက်သည်။ တစ်ဖက်မှ အချက်ပြမီး အစိမ်းကို စိတ်စောစွာစောင့်ကြည့်နေသော်လည်း ဆီးအောင့်ခြင်းသည် တိုး၍သာ လာနေ၏။

မီးစိမ်းသည်နှင့် အရှိန်ကိုခပ်မြင့်မြင့်တင်ပြီး ထွက်လိုက်သည်။ ရှေ့တွင် မီးပွိုင့်မရှိတော့။ အိမ်ရောက်ဖို့ ကိုက် သုံး၊ လေးရာသာ လိုတော့သည်။ တွေးနေဆဲမှာပင် သူမောင်းလာသောကားက သူ့အိမ်ရှိရာ လမ်းချိုးလေးထဲသို့ ရောက်လာသည်။ အိမ်ရှေ့တည့်တည့်တွင် ကားကို ရပ်လိုက်သည်။ ကားစက်သတ်ရင်း ဘေးမှ သူ့အိမ်သူကို တံခါးတွေ သော့ခတ်ခဲ့ဖို့မှာကာ သူ အပြေးဆင်းခဲ့သည်။ သူ့ကိစ္စပြီးတော့မှ နောက်တစ်ပြဿနာကို ရှင်းရသည်။ ထုတ်စရာရှိတာကို ထုတ်ပြီးသောအခါ ခြောက်နေသော အာခေါင်ကို ရေလောင်းရခြင်းပင် ဖြစ်၏။

သူ ရေခဲသေတ္တာဖွင့်သည်နှင့်သူ့သမီးသည် သူ့နောက်ကို ရောက်လာတတ်မြဲပင်။ ရေပုလင်းကို ရေခဲသေတ္တာထဲ ပြန်ထည့်လိုက်စဉ်တွင် သမီးက သူ့ကို 'ဖေကြီး... သမီး စပျစ်သီး စားချင်တယ်'ဟု ပြောလေသည်။

သမီးအတွက်စပျစ်သီးပန်းကန်ကိုထုတ်ယူပြီး အိမ်ရှေ့သို့ ပြန်ထွက်ခဲ့သည်။ အပြင်ခန်းကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ သမီးက သူ့ဘေးတွင် အကျအနဝင်ထိုင်ရင်း ပန်းကန်ထဲမှ စပျစ်သီးတစ်လုံးကို လှမ်းခြွေကာ သူ့လက်ထဲ ထည့်သည်။ သမီးက စပျစ်သီးကို အခွံပါး နွှာပြီး အစေ့ကိုပါ ထုတ်ပေးမှ စားသည့် သမီးမို့ ကိုရေချမ်းက သမီးကို နွှာပေးနေကျ။ ကိုရေချမ်း နွှာနေဆဲမှာပင် သားငယ်အခါလည်သာသာကလည်း တောက်တက်တောက်တက်နှင့်အနားရောက်လာသည်။ မျက်နှာချိုသွေးနေသော သားငယ်ကို 'ဟော့ကောင်... လူရှုပ်'ဟု နှုတ်ဆက်လိုက်ရင်း နွှာပြီး၊ အစေ့ထုတ်ပြီး စပျစ်သီးကို သမီးလက်ထဲ ထည့်ပေးလိုက်၏။ သားအတွက်လည်း နောက်တစ်လုံး ထပ်နွှာမည်ဟု ပြင်နေစဉ် ကိုရေချမ်းမျက်လုံးက အိမ်ရှေ့ကို

http://www.cherrythitsar.org



မရည်ရွယ်ဘဲ ရောက်သွားသည်။

စပျစ်သီးကိုနွှာနေရင်း ကိုရေချမ်းစိတ်က တစ်မျိုးဖြစ်သွားပြီ။ စောစော က အိမ်ရှေ့မှာ ကလေးတွေ ဂေါ်လီပစ်နေကြပါလားဟူသော အတွေးက အရင် ဝင်လာသည်။ သားအတွက် နွှာပြီးသွားသော စပျစ်သီးကို သား ပါးစပ်ထဲ အလျင်စလို ထည့်လိုက်ပြီးသည်နှင့် ကိုရေချမ်း နေရာမှ ထသည်။ စပျစ်သီးပန်းကန်ကို စားပွဲပေါ် တင်လိုက်ပြီး အိမ်ရှေ့သို့ ထွက်သည်။

ကားဘေးသို့ ကိုရေချမ်း ရောက်သွားသည်။ သူ့အိမ် မျက်နှာစာဘက်ကို ကား၏ယာဘက်က ယှဉ်လျက်ရပ်ထားသည်မို့ အခြားတစ်ဘက်ဖြစ်သော ကား၏ဝဲဘက်ဘေးသို့ သွားလိုက်ခြင်းဖြစ်သည်။ မျက်လုံးက ကားဘေးကို တစ်ချက်ကြည့်လိုက်သည်နှင့် သူမြင်လိုက်ပြီ။ ထင်သည့်အတိုင်းပင် သူ့ကား ဘေးမှာ အစင်းကြောင်းနက်နက်ကြီး တစ်ကြောင်း။

ဂေါ်လီပစ်နေကြသော ကလေးတို့သည် ယခုအခါ သူ့အိမ်နှင့် အတော် လှမ်းသော နေရာတွင် ရောက်နေပေပြီ။ ထိုနေရာတွင်ပင် ဂေါ်လီပစ်နေဆဲ ဖြစ်သည်။

သက်ပြင်းတစ်ချက်ကို မသက်မသာ ချလိုက်ရင်း ကိုရေချမ်း အိမ်ထဲ ပြန်ဝင်လိုက်သည်။ ကိုရေချမ်း၏လှုပ်ရှားမှုကို အစအဆုံး မြင်လိုက်သော ဇနီးသည် မရွှေမိက အိမ်ရှေ့သို့ ထွက်လာရင်း 'ဘာဖြစ်တာလဲ' ဟု လှမ်းမေး သည်။

'ကားကို ကလေးတွေ ခဲနဲ့ခြစ်သွားလို့' ဟု ကိုရေချမ်း ပြန်ဖြေလိုက်ပြီး စောစောက နေရာတွင် ပြန်ထိုင်ကာ စပျစ်သီး နွှာခြင်း အလုပ်ကို ဆက်လုပ် ရန် ပြင်လိုက်သည်။

မရွှေမိက လေ၏ လျင်မြန်ခြင်းမျိုးဖြင့် အိမ်ရှေ့သို့ ရောက်သွားသည်။ ခဏအကြာတွင် တက်တစ်ချက် ခေါက်ပြီး မရွှေမိ ပြန်ရောက်လာသည်။

'မိမဆုံးမ၊ ဖမဆုံးမလေးတွေ… သူတို့ကို ဘယ်သူက ဘာလုပ်နေတာ ကျလို့' မရွှေမိ၏ ညိုသောမျက်နှာမှာ မည်းနေသည်။ မျက်လုံးတို့ကလည်း

http://www.cherrythitsar.org



တောက်ပြောင်နေသည်။

'သည်အိမ်ရှေ့မှာ အခြစ်ခံရတာ သေချာလား ကိုကို'

'သေချာပါတယ် မိရယ်··· စောစောက သံဈေးမှာ မိ ဈေးဝယ်နေတုန်း ကိုယ် ကိုယ်တိုင်ပဲ တစ်စီးလုံးကို ဖုန်သုတ်နေတာ၊ မိပြန်လာတော့ တွေ့သွားပဲ။ ကားကို မိထက်တောင် ကိုယ်ဂရုစိုက်တာ မိ သိသားနဲ့၊ သည် ရှေ့မှာ ဖြစ်တာ သိပ်သေချာပါတယ်'

မရွှေမိ နောက်ထပ် တကဲတစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်ပြန်သည်။

'ဘယ်ကလေးမှန်းမသိလို့၊ သိရင် သွားကိုရိုက်တယ်။ ဘယ်နှယ့်တော် အားအားယားယား··· အတော် လက်ကမြင်းတဲ့ တိရစ္ဆာန်လေးတွေ···'

'သြော်···ဒေါသဖြစ်မနေပါနဲ့တော့မိရယ်။ ဘယ်တတ်နိုင်မလဲ။ ကိုယ်က သူတို့ကစားတဲ့နေရာမှာ သွားရပ်လိုက်သလို ဖြစ်သွားတာကိုး···'

စပျစ်သီးကို လက်မလည်အောင်နွှာပြီး သားနှင့်သမီးကို တစ်လှည့်စီ ကျွေးရင်း မိန်းမကို ချွေပြည်အေးတရားဟောသည်။ မရွှေမိက ကိုရေချမ်းကို မျက်စောင်း တစ်ချက် ခပ်ကြမ်းကြမ်း ထိုးချလိုက်ပြီး ပြောသည်။

'ကိုကိုက သူ့ပစ္စည်းမဟုတ်တဲ့အတိုင်းဘဲ။ ကိုကို့ ချွေးနဲ့စာနဲ့ ဝယ်ထားတဲ့ပစ္စည်းဆိုတာလည်း သတိရပါဦး ကိုကိုရဲ့။ ဒါကြောင့် ကိုကို့ကို မိ ပြောတာ၊ လူ့ကန့်လန့်၊ လူ့ဝစာလို့···။ ဘယ်နှယ့်တော် စိတ်ဆိုးရ၊ နှမြောရမယ့် ကိစ္စမျိုးကျ ကိုကိုတို့က သည်းခံ ခွင့်လွှတ်ပြပါလိမ့်မယ်'

'သြော်··· မိန်းမရယ်၊ မနှမြောဘဲနေပါ့မလား။ မိပြောသလို ကိုယ့်ချွေးနဲ့စာနဲ့ဝယ်ထားတဲ့ကားပဲ။ ကိုယ်က ပိုနှမြောတာပေါ့။ အေး··· ဒါပေမယ့် အဲသည့်နှမြောတာထက် ပိုတဲ့ ခံစားမှုတစ်ခုက ကိုယ့်ဒေါသနဲ့ ကိုယ့်နှမြောစိတ်ကို လွှမ်းသွားလို့ မိရေ···'

စိတ်တိုနေဆဲဖြစ်သော မရွှေမိက 'ဘာခံစားမှုလဲ' ဟု ဒေါသတကြီး မေးသည်။

http://www.cherrythitsar.org



'ဝမ်း… နည်း… တာ…'

'ဟင်…'

မရွှေမိသည် ငါးနှစ်လုံးလုံး ပေါင်းလာသော သူ့လင်ကို မမြင်ဖူးသလို ကြည့်လိုက်သည်။ ကိုရေချမ်းကတော့ လုပ်ချလိုက်ပြန်ပြီ၊

သမီးရည်းစားဘဝ နှစ်နှစ်လုံးလုံးတုန်းကလည်း မရွှေမိ သူ့ကို နား မလည်။ လင်မယားဘဝ ငါးနှစ်အတွင်းမှာလည်း နားလည်သလို ရှိလိုက်၊ ဘာကြီးမှန်းမသိ ဖြစ်လိုက်နှင့်၊ နောက်ဆုံးတော့ ငါ့ယောက်ျားက 'ငကြောင်' ပါပဲဟု တွေးလိုက်မိသည့် အကြိမ်လည်း မနည်းတော့။

ခုလည်း ကြည့်…

သူ့ကားကို ကလေးတွေခဲနှင့် ခြစ်သွားတာကို ဒေါသဖြစ်ရမည့်အစား သူက ဝမ်းနည်းသတဲ့။ ဘာကြီးတုံး…

'ဘာကို ဝမ်းနည်းရတာလဲ…'

အင်မတန် စိတ်တို စိတ်ဆတ်သော ကိုရေချမ်းသည် စိတ်ရှည် လက် ရှည် ပြုံးလိုက်ပြီး မယားဖြစ်သူကိုကြည့်လိုက်သည်။ သူ့နှုတ်ခမ်းက ပြုံးနေ သော်လည်း မျက်လုံးများကမူ ညိုနေလေသည်။

'စဉ်းစားကြည့်စမ်းပါ မိရယ်။ ဦးလေးရေ… ကျွန်တော်တို့ သည်နားမှာ ကစားနေတယ်ဗျာ၊ ဦးလေး ကားကြီးကို ဟိုဘက်နား သွားရပ်ပေးပါလို့ ပြောရင် ရပ်ပေးမယ့်သူမှန်း သူတို့လေးတွေ မသိကြဘူး။ ပြီးတော့ အဲသလို သူတို့ လုပ်ချင်တာလေးတစ်ခု၊ လိုချင်တာလေးတစ်ခုအတွက် ကောင်း ကောင်း မွန်မွန် ပြောရကောင်းမှန်းလည်း သူတို့ မသိကြဘူး…

အဲသလို ဖြစ်ချင်တာကို ကောင်းကောင်းမွန်မွန် ပြောယူရမယ်လို့ သူတို့မိဘတွေကလည်း သင်မပေးနိုင်ကြဘူး။ အေး… သူတို့မိဘတွေ ကိုယ်၌ကလည်း အဲသလိုပဲ၊ ပွင့်ပွင့်လင်းလင်း ကောင်းကောင်းမွန်မွန် ပြောဆို တတ်တဲ့ အလေ့အထမျိုး၊ သတ္တိမျိုးမရှိကြဘူး။ ထစ်ကနဲရှိ သူတို့ရဲ့ ကလေး တွေလိုပဲ ပုဆိုးခြုံထဲက လက်သီးပုန်းပြဖို့ပဲ တတ်ကြတယ်လေ…

**လက်ဆဲ့ဖော်**

http://www.cherrythitsar.org



အဲဒါကိုတွေးမိလို့ စိတ်မကောင်းတာ၊ ဝမ်းနည်းတာ၊ သည်လို အကျင့်မျိုးတွေ၊ သည်လိုစိတ်ဓာတ်တွေ၊ သည်လိုပျိုးထောင်မှုတွေနဲ့ စိုပြေသာယာတဲ့ လူ့မူ့ဘာဝသစ်တစ်ရပ်ကို ထူထောင်နိုင်ဖို့ မိုင်ပေါင်းတစ်ကုဋေလောက် လိုနေပါသေးလားလို့ တွေးပြီး ဝမ်းနည်းတာ မိန်းမရေ… သိပြီလား'

မရွှေမိ ငိုင်သွားသည်။ ထိုအခိုက် သားငယ်က စားပွဲပေါ်မှ စပျစ်သီးပန်းကန်ကို တိုက်ချလိုက်သည်။

ကြွေပန်းကန်ပြားလေးသည် ယခုအခါ ကြမ်းပြင်ပေါ်တွင် တစ်စစီ‥။

ဟုတ်ကဲ့…

တစ်… စ… စီ…

♥ ♥ ♥

http://www.cherrythitsar.org



## ဝတ္ထုနောက်မှာ ပြောချင်တာ

၁၉၉၃ခုနှစ်၊ ဇွန်လထုတ် မဟေသီမဂ္ဂဇင်းတွင် ရေးခဲ့သော ဝတ္ထုတို ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်ကိုယ်ကျွန်တော် အတွေးဆောင်းပါး များကို တစိုက်မတ်မတ်ရေးသူ ဖြစ်လာမည်ဟု မထင်မိခဲ့ပါ။

ရန်ကုန်မြို့၊ ရေကျော်ရပ်၊ မဟာဗဇယျလမ်းတွင် အိမ်ခန်းလေး တစ်ခန်း ငှားရမ်းနေထိုင်ခိုက်၌ ကြုံလိုက်ရသော အဖြစ်ကို ဆင့်ပွား ဆန်းတွေးရင်းဖြင့် ဖြစ်သွားသော ခံစားချက်ကို ချရေးကြည့်ခြင်းသာ ဖြစ်ပါသည်။

ယခုနေသာဆိုလျှင်ဖြင့် ယင်းကို ဝတ္ထုတိုတစ်ပုဒ်ပုံစံထက် ကျွန် တော် ပိုသန်သော ဆောင်းပါး/အက်ဆေးသဏ္ဌာန်ဖြင့် တင်ပြမိသွား လိမ့်မည် ထင်ပါသည်။

စာမူကို ပြန်စီသောအချိန်တွင်မူ ၁၉၉၄ခုနှစ် ဇူလိုင်လတွင် လုံးလုံး သုံးမရတော့အောင် တိုက်ခိုက်ပျက်စီးသွားသော ကျွန်တော့် ချွေးနဲ့စာနှင့် ပထမဆုံး ဝယ်ယူဖြစ်သော ထို'နေဆောင်းထီး'အမျိုး အစား ကားပြာကြီးကို သတိရသလို ထိုစဉ်က လေးနှစ်အရွယ် သမီး ငယ်နှင့် နှစ်နှစ်အရွယ် သားကလေး ပုလုကွေးအရွယ်တို့ကို ပြန်လည် တမ်းတမိရပါသည်။ ခုတော့ ထိုကလေးနှစ်ယောက်သည် အပျိုကြီး ဖားဖား၊ လူပျိုကြီးဖားဖားတွေ ဖြစ်ကုန်ကြပြီ။

ကျွန်တော် ခွံ့ကျွေးမှ စားကြသော ကလေးတွေလည်း မဟုတ် ကြတော့။

ဘဝတို့ကား ရပ်တန့်မနေပါချေတကား။

**လက်ကျွဲဖော်**

http://www.cherrythitsar.org

# ၉၁ နှစ်ဦး ကြွေပျက် ငနောရီ အမှတ်တရ



http://www.cherrythitsar.org

# ၉၁နှစ်ဦး၊ ကြွေပျက် ၄ဓနာ၁ရီ အမှတ်တရ

ထူးထူးဆန်းဆန်းပင်ဖြစ်သည်။ ထိုညက 'မြတ်'ကို အိပ်မက်၏။

စင်စစ်- - -

'မြတ်'သည် ကိုယ့်ရင် ကိုယ့်အသိတွင် မရှိတော့သောသူ။ စိတ်ထဲမှာလည်း စွဲလန်းစရာ မကျန်ရစ်ခဲ့ပြီ ဖြစ်လေသောသူ။ 'မြတ်'နောက်မှာပင် ကိုယ့်အသည်းသည် ပြန်ကောင်းလိုက်၊ ပြန်ကွဲလိုက်နှင့် ဖန်တစ်ရာတေနေခဲ့သည့် သံသရာဗွေတွင် တွင်တွင်ကြီး မျောခဲ့ပြီးလေပြီ။

နှစ်တွေလည်း ကြာခဲ့ပြီ၊ အဖြစ်တွေကလည်း နာခဲ့ပြီ။

တစ်ဆယ့်ငါးနှစ်ဟူသောကာလသည် သာမန် လူ့သက်တမ်း၏ လေးပုံတစ်ပုံ။ သည်မျှ ကြာခဲ့ပြီးမှတော့ စာဖွဲ့ညည်းစရာ အကြောင်းဆို၍လည်း တစ်ပဲသားမျှပင် မရှိတော့။

သို့သော် ထိုညကတော့ ထူးထူးဆန်းဆန်းပင်ဖြစ်သည်။ ထို'မြတ်'ကို အိပ်မက်ထဲမှာတွေ့သည်။ လွန်ခဲ့သော တစ်ဆယ့်ငါးနှစ်က 'မြတ်'နှယ်ပင်၊ အိပ်မက်ထဲက 'မြတ်'သည် ရင်ခုန်စရာကောင်းနေ၏။ လွန်ခဲ့သော တစ်ဆယ့်ငါးနှစ်က 'ဓာတ်'နှယ်ပင်၊ အိပ်မက်ထဲက 'ဓာတ်'သည် ရင်ခုန်စရာကောင်းနေ၏။

**လက်ထပ်ဖော်**

http://www.cherrythitsar.org



ထိုအချိန်မှာ လူက လန့်နိုးလာသည်။ ကိုယ့်အရွယ်က ရင်ထဲမှာ တသသနှင့် ကြင်သဲညှာလှလှအတွက် ရင်ကွဲနာကျနေရမည့် အရွယ်လည်း မဟုတ်တော့။ ဇနီးမယား၊ သမီးသားနှင့် ပွားစီးစည်ပင်၊ ပျော်ရွှင်နေခိုက် လည်း ဖြစ်သည်။ သို့သော် အိပ်မက်က နိုးတော့ ကိုယ့်ရင်သည် သိမ့်သိမ့် ခုန်နေ၏။ ကိုယ့်စိတ်သည် အတိတ်ဆီပြန်မသွားတော့သည့်တိုင် 'မြတ်'၏ မြတ်နိုးဖွယ် ရုပ်ပုံလွှာမှာတော့အတန်ကြာရစ်ဝဲနေမိရပြန်သည်။ ဝန်ခံရစတမ်း ဆိုလျှင်တော့ ထိုနေ့တစ်နေ့လုံး 'မြတ်'သည် ကိုယ့်ရင်ထဲမှာ၊

သည်မှာတင် မကျေနပ်မှု စတင်လာခြင်း ဖြစ်သည်။

ဘယ့်နှယ်… သည်အရွယ်၊ သည်အသက် ရောက်ခါမှ မျောက်နာကျ သလိုဖြစ်နေရခြင်းကို မကြိုက်။ ကိုယ့်လိပ်ပြာလည်း ကိုယ်မသန့်။ ဇနီး မယား၊ သမီး သားအပေါ် ထားအပ်သော သစ္စာတရားကို မနောကံဖြင့် ဖောက်ပြန်နေမိဘိသကဲ့သို့လည်း ခံစားရသည်။

အသေအချာ ပြန်စဉ်းစားကြည့်တော့ ပို၍ပင် မခံချင်စရာကောင်းလှ သည်။

'မြတ်' နောက်က နှင်းဆီ၊ ပြုံး၊ ဆွေ၊ လှိုင်၊ မာလာ၊ ဝင့်နှင့် စိုးတို့ ကိုလည်း မကြာခဏမဟုတ်တောင် ရံဖန်ရံခါတော့ အိပ်မက်ထဲမှာ တွေ့ဖူး လေသည်ပဲ။ သို့သော် အိပ်ရာက နိုးသည်နှင့်၊ သူတို့တွေ၏ အရိပ်သည် ခေါင်းထဲမှာရော၊ နှလုံးထဲမှာပါ ရေးရေးသော်မျှ ကျန်ရစ်လေ့မရှိတော့။

ကိုယ့်ဘဝ၊ ကိုယ့်အဖော်၊ ကိုယ့်အတွယ်အတာများနှင့် ခံစား မြူးပျော် ရင်း အိပ်မက်ဖော်သည်ခေါင်းမော်နိုင်ခြင်းမရှိတတ်နိုင်သည်မှာအမှန်။ 'မြတ်' ကျမှ ရင်ထဲမှာ ဘယ်လိုက ဘယ်လို တင်ကျန်နေသည်ကို တွေးလို့မရ။ သူ့နောက်က ရစ်ယောက်နှင့် သူနှင့် ဘာများကွာလို့တုန်း။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ဖြစ်နှင့် ဆန်းစစ်နေမိရသည်။

ပြီးတော့လည်း 'မြတ်'သည် ကိုယ့်အချစ်ဦးလို့လည်း သဲသဲကွဲကွဲ သတ်မှတ်၍မရ။ သူ့ရှေ့မှာလည်း ကိုယ်သည် (လူပျိုပေါက်ပြီဆိုကတည်းက)

**လက်တွဲဖော်**

http://www.cherrythitsar.org



မိန်းမ အတော်များများကို ချစ်ကြည့်ခဲ့နှင့်ပြီးသား ဖြစ်နေပြန်သည်။

ဒါဖြင့် 'မြတ်'ကိုမှ ဘာကြောင့် တွယ်တာနေရပါလိမ့် ?

လွန်ခဲ့သော ဆယ်နှစ်ခန့်က 'မြတ်'ကို အမှတ်မထင် ဖျတ်ခနဲ ဆုံလိုက်သေးသည်။ ထိုစဉ်က 'မြတ်'မှာ ကိုယ်နှင့် ဘာညာသာရကာနေစဉ်တုန်းက 'မြတ်'မဟုတ်တော့ပြီ။ ယခင်ကထက်နှစ်ဆမျှ အလျားလိုက်ဖွံ့ဖြိုးလာသော 'မြတ်'အသစ်ကို တွေ့ရသည်။ သည်တုန်းကလည်း မက်မောစွဲလန်းဖွယ်မကောင်းတော့သော 'မြတ်'ကိုပင်ဖြစ်လည်း မြင်ရုံနှင့် ရင်ခုန်နေမိခဲ့ဖူးသေးသည်။ မျက်လုံးချင်းပင် မဆိုင်ရဲခဲ့သည့်အဖြစ်။

ထားပါ…

အဲသည်တုန်းက ကိုယ်သည် နှစ်ဆယ်ကျော်၊ အစိတ်မျှသာ ရှိသေးသော လူပျိုကိုယ်လွတ်ဘဝမို့ဟု ဖြေမည်ဆိုက ဖြေနိုင်ပါသေးသည်။

ခုကျတော့မှ…

အင်း…

မဖြစ်သင့်ပါ၊ ဖြစ်ကို မဖြစ်သင့်ပါ။

ခက်တာက မဖြစ်သင့်တာက ဖမ္မဖြစ်ပြီး ဖြစ်နေတာက ဘဝဟူ၍ ရှိနေခြင်းပင် ဖြစ်သည်။ သည်မှာတင် အနုလုံပဋိလုံ မိရချေပြီ၊

---

စေ့စေ့တွေးတော့ ရေးရေးပေါ်လာသည်။

'မြတ်'နှင့်ပတ်သက်စဉ်က ကိုယ့်အသက်သည် ၂၀မပြည့်တတ်သေး။ သူ့ရှေ့က ချစ်ဖူးသူတွေသည် ကိုယ့်တစ်ဖက်တည်းက အရှုံးအမူး စွဲလန်းပြီး လွမ်းခဲ့ရသူများသာဖြစ်၏။ ကိုယ့်ကို တုန့်ပြန်ချစ်ဖို့ကိုထား၊ ကိုယ်ချစ်နေမိသည်ကိုပင် နှုတ်မှ ပွင့်ပွင့်၊ ဖွင့်ဟ မပြောရဲ၊ မပြောရက်ခဲ့သူများသာ…။ သူတို့တွေသည် ကိုယ့်လက်ဝယ်သို့ နဂိုမူလကတည်းက ကျသက်မလာ။

ဟော…

'မြတ်'နှင့်ကျမှ ကိုယ့်အချစ်ဘဝ ဗီဗီ စသည်။

**လက်ကျဲဖော်**

http://www.cherrythitsar.org



'မြတ်'သည် ပညာသည်။ ကိုယ့်ကို ကလူ၏သို့ မြူ၏သို့တွေ အမျိုးစုံ လုပ်နိုင်လွန်းခဲ့သည်။ ကြိုးပြတ်နေသော နွားမိုက် ကိုယ့်ကို လိုသလိုပိုင်ပိုင် ကြိုးရှည်ရှည်နှင့် လှန်နိုင်စွမ်းခဲ့သည်။

ကိုယ်ဆိုသည့် ကိုယ်ကလည်း ပါးစပ်ထဲသို့ လက်ညှိုး ထည့်လျှင်ပင် မကိုက်တတ်ချင်သော ထိုခေတ် တွေ့ချစ်ကြွဲလွမ်းဝတ္ထု၊ ရုပ်ရှင်များထဲက ဇာတ်လိုက်လို အမူပိုကာ မောင်ချစ်ကြွေလေးဘဝနှင့်သာ ရောင့်ရဲနေခဲ့မိပါ သည်။

ယုတ်စွအဆုံး . . .

'ဖေဖေ၊ မေမေတို့ရဲ့အလိုကို မြတ်ရဲ့အသည်းနှလုံးနဲ့ လဲလိုက်ပါရစေ တော့ ကိုရယ်'ဟု 'မြတ်'က ဆိုလာသောအခါတွင်ပင် 'မြတ်'၏ လက် ကလေးကို ဆွဲယူကာ ထိုလက်ကလေးကို မျက်ရည်စနှင့် ဖွဖွနမ်းရင်း လွမ်းချင်းချလျက် တစ်လှမ်းချင်း ကျောခိုင်းခဲ့သူအဖြစ်အထိ ကိုယ် ကြောင် စီစီ နိုင်ခဲ့သည်။

'မြတ်'လက်ထပ်သောနေ့တွင် အရက်ကလေး လက်နှစ်လုံးလောက်ကို ရေတစ်ပုံးလောက်နှင့်ရောသောက်ပြီး စိုးပိုင်၏ 'အချစ်ဟောင်းရဲ့ လက်ထပ် မင်္ဂလာ' သီချင်းကို အော်ဟစ်ကာ မျက်ရည်ကျရသည်မှာလည်း သြော် . . . ထိုစဉ်ကတော့ အရသာ . . .

အသည်းကွဲဝေဒနာကို လမဆိုင်းမီ တစ်ပြိုင်နက် ကုစားပေးသူများ ကတော့ 'နှင်းဆီ'နှင့်'ပြုံး'တို့ပင်ဖြစ်သည်။ သူတို့သည် ကိုယ့်ဝေဒနာကို အမာရွတ်မျှပင် မထင်ရစ်လေအောင် ကုစားပေးနိုင်ခဲ့ကြရုံမျှမက မိန်းမတို့၏ ဝက်နွံအတွေ့ထွေကို အရည်လည်အောင်ပင် သွန်သင်ပေးလိုက်ပါလေတော့ သည်တမုံ့။

ထိုအချိန်မှစ၍ ကိုယ်သည် အသည်းကွဲ(ချင်ယောင်ဆောင်) ရသည်ကို ပျော်တတ်လာသည်။ 'နှင်းဆီ'မှ စလိုက်သည်မှာ နောက်ဆုံး 'စိုး'အထိတိုင် မိန်းမတိုင်းကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်ခဲ့သည်။

**လက်တွဲဖော်**

http://www.cherrythitsar.org



ဒါပါပဲ···

အမှန်ကတော့ ဒါပါပဲ···

လူ့သဘာဝ ဆိုသည်က သည်သို့ပင် ဖြစ်သည်။

လုံးလုံးလျားလျား မရဖူးသောအရာ ဆိုလျှင်လည်း မက်မောမိရုံသာ မက်မောမိမည်။ ရချင်သလို ရှိချင်ရှိလိမ့်မည်။ သို့သော် တသသနှင့်တော့ မက်မပြေ ဖြစ်မနေ။

လက်ဆုပ် လက်ကိုင် ပိုင်ပိုင်နိုင်နိုင်ရဖူးသောအရာတစ်ခုခု ဆုံးရှုံးသွားလျှင်လည်း ထို့အတူပင် ဖြစ်သည်။ ဆုံးရှုံးရသည့်အတွက် ကြေကွဲမိမည်ကား မှန်သည်။ သို့သော် တသသနှင့်တော့ မက်မပြေ ဖြစ်မနေ။

အဲ···

လုံးလုံးမရတာလည်း မဟုတ်၊ ရတော့လည်း ရလိုက်သည်။ လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်နိုင်ခဲ့သလားဆိုတော့လည်း မဟုတ်ပြန်။

တစ်နည်းအားဖြင့်···

အမြည်းသဘောနှင့် အာမစွတ် လျှာမစွတ်ကလေးမျှလောက်သာ ဖန်တင့်ရုံ ခံစားဖူးလိုက်လို့ကတော့ဖြင့် တရှိုက်မက်မက်နှင့် ခံစားပေရော့··· တစ်သက်လုံး မဆုံးစတမ်း···

---

ကိုယ်သည် ဘဝင်မကျလှသော်လည်း ရှင်ပျစ္စာဖြင့် တဒင်္ဂအာရုံများတွင် လိပ်ပြာသန့်စွာ ဆက်လက် ရင်ခုန်နေမိပေဦးတော့မည်။

♥ ♥ ♥

## ဝတ္ထုနောက်မှာ ပြောချင်တာ

၁၉၉၁ခုနှစ် ပေလီ-မန္တလေး အပျော်ခရီးစဉ်မှ ပြန်ရောက်ပြီးစတွင် ဘဝကြမ္မာက မပြောမဆိုနှင့် ငင်သွားပါသည်။ မရောက်အပ်သော အရပ်တွင်၊ မတွေ့အပ်သော ပုဂ္ဂိုလ်များနှင့် ဆုံတွေ့ရကာ မပြောလို သော စကားတွေ အများကြီး ပြောရပါသည်။ အလွန် စိတ်အနှောင့် အယှက်ဖြစ်ရသော အခိုက်အတန့်ဟု ဆိုရပါလိမ့်မည်။


ထိုအခိုက်တွင် ကျွန်တော့်လက်ထဲသို့ စာရွက်တစ်ထပ် ကံအား လျော်စွာ ရောက်လာပါသည်။ ကျွန်တော့်အိတ်ထဲတွင် ခဲတံ ဖောင် တိန် တစ်ချောင်း ပါရှိ လေရာ အဆိုပါခဲတံဖြင့်ပင် သည်ဝတ္ထုလေးကို ချရေးနေလိုက်ပါသည်။ တော်တော် ရေးပြီးသွားချိန်၊ ကျွန်တော် လည်း လမိုင်း ကပ်နေခိုက်တွင်မှ ဆက်ရေးလို့ မဖြစ်တော့သော အကြောင်းများ ပေါ်ပေါက်လာခဲ့သည်။

ကိစ္စဝိစ္စများ ပြီးဆုံးသည့်နောက် ထိုစာရွက်နှစ်ရွက်ကို သယ်လာ ခဲ့ပါသည်။ ကစင့်ကလျားဖြစ်နေသော စိတ်အစဉ်များ တည်ငြိမ်သွား ချိန်၊ ၁၉၉၃ခုနှစ်တွင်ကျမှ အဆုံးသတ်ကို ဖြည့်ရေးခဲ့ပြီး ထိုနှစ် ဩဂုတ်လထုတ် မဟေသီ မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။


'မြတ်'ဟူသော အမျိုးသမီးတစ်ယောက်ကား ကျွန်တော့်ဘဝ ခရီးလမ်းတွင် အမှန်တကယ် ဖြတ်သန်း တွေ့မြင်ခဲ့ဖူးသော သစ်ပင် တစ်ပင်ဖြစ်ပါသည်။

လူရွှင်တော် 'ဇာဂနာ'နှင့် စတင်သိကျွမ်းသည့်နေ့တွင် သူက 'မြတ်ဆိုတာ ဘယ်သူတုံးဗျ'ဟု မေးခဲ့ဖူးပါသည်။ နောက်ပိုင်း သူနှင့် ကျွန်တော် အတူ သောက်ဖြစ်နေစဉ်မှာလည်း တစ်ခါလား၊ နှစ်ခါ လားမသိ၊ ထိုမေးခွန်းကိုပင် သူမေးဖူးပါသည်။ သည်ဝတ္ထုလေးကို သူ အမှတ်ထင်ထင်ရှိနေကြောင်း ဖော်ပြသော မေးခွန်းမို့ ကျွန်တော် ကျေနပ်ကြည်နူးခဲ့ရဖူးပါသည်။

http://www.cherrythitsar.org



# လူတိုင်းလုံးမှာ ခရစ်နှစ် ၃၀၀၀မှာ



http://www.cherrythitsar.org

# လူတိုင်းလုံးမှာ ခရစ်နှစ် ၃၀၀၀မှာ

ဒွန်လ၏ ဒုတိယရက်သတ္တပတ် အဆုံးနေ့ မိုးဖွဲများကြားတွင် 'ကိုရာမ' တစ်ယောက် ကျွန်တော့်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသည်။

စာရေးသော ရာမနှင့် ထုတ်လုပ်သူ၊ အစုံလုပ် ရာမတို့ မပေါ်ပေါက်မီ ပဝေသဏီကတည်းက 'ရာမ(ဘူမိဗေဒ)'ဘွဲ့ခံခဲ့သူ ဖြစ်ပါသည်။

မှတ်မှတ်ရရ၊ ၁၉၇၀ပြည့် လွန်စနှစ်များကတည်းက အထက်တွင် ဖော်ပြခဲ့သော'ရာမ'များထက် စောစွာ ပေါ်ခဲ့ဖူးသော 'ရာမ'တစ်ယောက် ရှိခဲ့ဖူးကြောင်း သီချင်းရေးဆရာ မောင်သစ်မင်း၊ ကဗျာဆရာ မောင်ပြည့်မင်း (ခေတ္တတိုကျို၊ ဂျပန်) (ဤကဲ့သို့ ထည့်လိုက်နိုင်ခြင်းကြောင့် ကျွန်တော်၏ ဝတ္ထုသည် အလွန် အင်မတန် ခေတ်မီသွားပြန်ချေပြီတမုံ့။ တစ်နည်းအားဖြင့် မော်ဒန်အဖြစ်ဆုံးဝတ္ထုဖြစ်ရပေတော့မည်။)နှင့် စာရေးဆရာ ကိုရွှေသိမ်းမင်း တည်းဟူသော ၃၇မင်းများမှအပ သုံး'မင်း'ကိုလည်းကောင်း၊ ကဗျာဆရာ မောင်မုန်းချစ် (နောင်အခါ တေးရောင် ခြည်တီးဝိုင်းမှ ဗုံတီးသူ 'လူဝိုင်း' အဖြစ် ကျော်ကြားခဲ့ဖူးသူ)ကိုလည်းကောင်း တိုင်တည်ပြီး ပြောလိုက်ချင်ပါသေးသည်။

မည်သို့ပင်ဆိုစေ၊ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အနီ မူလ လက်ဟောင်း ရာမသည် ဒွန်လ၏ဒုတိယ ရက်သတ္တပတ် အဆုံးနေ့ မိုးဖွဲများကြားတွင် ကျွန်တော့်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ သူနှင့်အတူ ဂန္ဓာလရာဇ်တိုင်းဖြစ် စပါးနံ့ဘီယာ တစ်ပုလင်း၊ ရေပါးစက္ကူ

http://www.cherrythitsar.org



အိတ်နှင့် ထည့်ထားသော အရက်ဖြူ တစ်ထုပ်ပါ ပါလာလေသည်။

ကျွန်တော်သည် ဖန်ခွက်နှင့်အမြည်းတို့ကိုပြင်ဆင်နေရင်း သူ့အကြောင်းကို စဉ်းစားမိရသေးသည်။

၁၉၇၄ခုနှစ်တွင် သူနှင့်ကျွန်တော်တို့ စသိစဉ်က သူသည် ဘူမိဗေဒ စတုတ္ထနှစ် ကျောင်းသား။ ထိုနှစ်မကုန်ခင်မှာပင် သူသည် ကျွန်တော်တို့နှင့် ကြာရှည်ကြာမျှား ကွဲကွာသွားခဲ့သည်။ နောက်လေးနှစ်အကြာ ကျွန်တော် ဘွဲ့ရသောအချိန်တွင် သူ့ကို ပြန်ဆုံရသည်။ ထိုမှ နောက် နှစ်နှစ်ခန့်အကြာ ကျွန်တော် ကိုယ်ပိုင်သင်တန်း ဖွင့်စားသောအခါ သူသည် ပထမနှစ် မြန်မာစာ ကျောင်းသားအဖြစ် ကျွန်တော့်သင်တန်း လာတက်ပြန်သည်။ သူ့မိန်းမနှင့်လည်း ကွဲခဲ့လေပြီ။ နောက်တစ်ခါ နောက်မိန်းမယူတာလည်း သိလိုက်ရသည်။ ကျွန်တော်နှင့် ပူးတုံ ခွာတုံ။

ကျွန်တော်နှင့် နောက်တစ်ကြိမ်ပြန်ဆုံဖြစ်သောအခါ သူ အထက်တန်းရှေ့နေ လုပ်နေပြန်သည်။ မိတ်ကပ်လုပ်ငန်းရှင်ကြီးတစ်ဦး၏ ဥပဒေ အကျိုးဆောင်အဖြစ် သူ့ကို တောက်တောက်ပြောင်ပြောင် တွေ့ခဲ့ရဖူးသည်။

လွန်ခဲ့သော လေး-ငါးနှစ်မှာတော့ သူ ပျောက်ချင်းမလှ ပျောက်သွားပြန်သည်။

သူ ပြန်ရောက်လာတာ တစ်နှစ်သာသာပဲ ရှိသေးသည်။ ထို တစ်နှစ်အတွင်း သူသည် ကျွန်တော့် ထံသို့ မကြာမကြာ ရောက်လာတတ်လေသည်။

တိုင်းရင်းဆေးပညာသင်တန်း တက်ခဲ့ဖူးသည်ကိုလည်း ကျွန်တော် မဆီမဆိုင် အမှတ်ရသည်။ ယခုတစ်ခေါက်ပြန်လာသောအခါ သူ့ကို အငှားယာဉ်မောင်းသူအဖြစ် တွေ့ရပြန်၏။

'မနက်ဖြန် ကျွန်တော့်သား ၄၅ရက် ပြည့်မယ်ဗျ…'

သူသည် ကျွန်တော့်ထက် ၄-၅-၆-နှစ် ကြီးသော်လည်း ကျွန်တော့်ကို အမြဲလို 'ခင်ဗျား၊ ကျွန်တော်'နှင့်သာ ပြောလေ့ရှိသည်။ သူ၏ နောက်ဆုံးကလေး ၄၅ရက်ပြည့် အကြိုညအဖြစ် ကျွန်တော်နှင့် လာရောက် အရက်

http://www.cherrythitsar.org



သောက်ခြင်းပေလောဟုပင် မရေမရာ တွေးလိုက်မိသေးသည်။

မည်သို့ပင်ဆိုစေ၊ မိုးအေးအေးတွင် အရက်သောက်ရခြင်းမှာ အရသာရှိသော အလုပ်မို့ ကျွန်တော်တို့နှစ်ယောက်သည် ရောက်တတ်ရာရာ ပြောရင်းတစိမ့်စိမ့်သာ သောက်နေမိကြသည်။ ဒုတိယခွက် ကုန်၍ တတိယခွက်ကိုဖြည့်အပြီးတွင်မှ ကိုရာမက ကျွန်တော့်ကို စကားဆန်းတစ်ခု ပြောလေသည်။

'နောက် အနှစ်၁၀၀၀လောက်အကြာ ခရစ်နှစ် ၃၀၀၀လောက်ကျရင် လူတွေဟာ ဘောလုံးတွေလို အလုံးကြီးတွေ ဖြစ်ကုန်ကြလိမ့်မယ်'

ကျွန်တော်သူ့ကို အသေအချာကြည့်လိုက်သည်။ သူ့ပုံစံနှင့် မျက်နှာထားသည် ကျွန်တော့်အိမ်သို့ ဝင်ခါစကအတိုင်းသာ ရှိသေးသည်။ သူ မမူးသေးသည်က သေချာပါသည်။ သူ့စကား အဆက်ကို ကျွန်တော် စောင့်နေလိုက်သည်။

'ခင်ဗျား စဉ်းစားကြည့်။ ကျွန်တော်တို့တွေဟာ ကျောက်ခေတ်လူသားတွေထက်စာရင် ကြွက်သားတွေ အားပျော့လာကြတာ သတိထားမိလား'

ကျွန်တော် မျက်မှောင် တွန့်လိုက်စဉ်တွင် သူ ဆက်ပြောနေပြန်သည်။

'ကျောက်ခေတ်လူသားတွေဟာ သူတို့ ရှင်သန်ရပ်တည်မှုအတွက် ခွန်အားကို သုံးရတယ်။ သည့်အတွက် သူတို့ရဲ့ ကြွက်သားတွေဟာ ကျွန်တော်တို့ရဲ့ ခုလက်ရှိ ကြွက်သားတွေထက် အဆများစွာ သန်မာတယ်။ တိရစ္ဆာန်တွေနဲ့ ယှဉ်နိုင်ဖို့ သူတို့မှာ သဘာဝကပေးတဲ့ ကျောက်တုံးကျောက်ခဲနဲ့ လက်ပဲ ရှိတယ်။ သည်တော့ သူတို့ရဲ့ ခွန်အားက ကျွန်တော်တို့ထက် အများကြီး သာတယ်...

'ကျွန်တော်တို့လက်ထက်ကျတော့ ဒါတွေမလိုတော့ဘူး။ ခွန်အား သိပ်စိုက်စရာ မလိုတော့တဲ့အတွက် ကျွန်တော်တို့ရဲ့ ကြွက်သားတွေက အားပျော့လာကြပြီ...'

ကျွန်တော် ခေါင်းညိတ်သည်။ သူက ကျွန်တော် ခေါင်းညိတ်သည်ကို ဂရုမူမိဟန်မတူဘဲ ဆက်ပြောသည်။

http://www.cherrythitsar.org



'ခု ကျွန်တော်တို့ခေတ်မှာ သိပ္ပံပညာက အဆမတန် တိုးတက်လာတာ ခင်ဗျားအမြင်ပဲ။ ခုဆို လူတွေလုပ်တဲ့ အလုပ် တော်တော်များများကို စက်တွေက လုပ်နေကြပြီ။ သည်တော့ လူတွေရဲ့လက်တွေမှာ ခလုတ်ကို နှိပ်နိုင်တဲ့ ခွန်အားလောက်ပဲ ရှိဖို့ လိုတော့တယ်···

'တစ်ခါ··· ခလုတ်နှိပ်တယ်ဆိုရာမှာလည်း ဖယ်သာထပ်ချ် (**feather touch**) လို့ခေါ်တဲ့ ငှက်မွေးလေးနဲ့ တို့သလိုသာ တို့ရတဲ့ ခလုတ်တွေကလည်း တစ်နေ့တခြား ထွန်းကားလာနေပြန်တယ်။ သည်အခါ လူတွေရဲ့ ကြွက်သားနဲ့ ခွန်အားတွေဟာ အလဟဿဖြစ်လာတယ်။ မသုံးတာကြာရင် လှီလာတော့မယ်။ သေးကွေးပြီး မကြာခင် ငုတ်စိလေးတွေ ဖြစ်ကုန်တော့မယ်'

ကျွန်တော်သည် အူကြောင်ကြောင်နှင့် ရှေ့မှ အရက်ခွက်ကို ကောက်ကိုင်လိုက်သည်။ 'နေဦး··· ငါမူးလို့ မဖြစ်သေးဘူး'ဟု ကိုယ့်ကိုယ်ကိုယ် ပြောလိုက်ရင်း လက်ကို အမြည်းပန်းကန်ဘက်သို့ ရွှေ့လိုက်သည်။ ကိုရာမ၏ အသံကို ဆက်ကြားရ၏။

'တစ်ခါ··· အစားအသောက်။ ခုဆို အာကာသယာဉ်မှူးတွေဟာ ကျွန်တော်တို့စားသလို အစားအစာတွေ မစားကြတော့ဘူး။ တစ်နေ့လုံးနေမှ ဆေးတောင့်လေး တစ်တောင့်လောက် မှီဝဲရုံနဲ့ တစ်နေ့ကုန် အာဟာရဓာတ် ပြည့်ဝနေကြပြီ။ သူတို့မှာ အိမ်သာတက်စရာ အကြောင်းမရှိတော့ဘူး···

'အဲသလို အာဟာရကိုဆေးတောင့်တစ်တောင့်လောက်နဲ့ ကိစ္စဖြတ်နိုင်လာတဲ့အခါကျရင် ကျွန်တော်တို့ရဲ့ ဝမ်းဗိုက်တွေဟာ ဘယ်လိုအပ်တော့မလဲ'

စကားထောက်ပေးရန် မလိုအပ်သူမို့ ကျွန်တော် ငြိမ်နေလိုက်သည်။ လောလောဆယ်တွင်လည်း ငြိမ်ပြီးနားထောင်နေခြင်းသာ ကောင်းသည်ဟု ထင်၏။

'ပြီးတော့ ခြေထောက်တွေလည်း မလိုအပ်တော့ဘူး။ ကုလားထိုင်လို ဟာမျိုးမှာ ထိုင်နေရာကဖြစ်စေ၊ လဲလျောင်းနေရာကဖြစ်စေ အဝေးထိန်းစနစ်

http://www.cherrythitsar.org



နဲ့၊ ရီမုတ်ခါနိ်ထရိုးလ် (**Remote Control**) နဲ့ အရာရာကို လုပ်ကိုင်နိုင်ကြပြီ ဖြစ်သလို သွားချင်လာချင်ရင်လည်း ကိုယ်ထိုင်နေတဲ့ခုံနဲ့ပဲဖြစ်ဖြစ်၊ ခုတင်နဲ့ပဲ ဖြစ်ဖြစ်၊ ထိုင်ရာမထ၊ အလှဲမပျက် သွားနိုင်နေကြပြန်ရော…

'သည်တော့… ခြေထောက်အပါအဝင် ကျွန်တော်တို့ရဲ့ ကိုယ် အောက်ပိုင်းဟာ အသုံးနည်းလာတာနဲ့အမျှ သေးကွေးကြုံလှီလာကြပြီး တဖြည်းဖြည်း ပျောက်သွားကြလိမ့်မယ်'

ယုတ္တိဗေဒအမည်ရှိ ကျွန်တော် မသင်ခဲ့ရဖူးသော ဘာသာရပ်တစ်ခုကို စဉ်းစားမိရပြန်လေသည်။ ကိုရာမကမူ စကားကို ဆက်နေဆဲ။

'အဲသည့်ခေတ် လူတွေမှာ အလိုအပ်ဆုံးက ဦးနှောက်ပဲဗျ။ ဦးနှောက်တွေကတော့ ကြီးကိုကြီးမှ ဖြစ်မယ်ဗျို့…

'အဲသလို ဦးနှောက်ကြီးကြီးထိုင်ဖို့အတွက် ခေါင်းတွေကလည်း အကြီးကြီး ဖြစ်ရတော့မယ်။ နားရွက်တွေကတော့ လိုရာကို နားထောင်၊ မလိုတာကို ပယ်ထုတ်နိုင်တဲ့ စနစ်တွေ တပ်ဆင်လိုက်နိုင်လာတဲ့အခါ သိပ်ကြီးကြီး မလိုတော့ဘူး…

'သည်လိုပဲ… မျက်လုံးတွေ၊ နှာခေါင်းတွေ၊ ပါးစပ်တွေကိုလည်း လိုသလောက်သာ ကန့်သတ်ပြီး အသုံးပြုမှာဖြစ်ကြတော့တဲ့အတွက် သိပ်ကြီးကြီးတွေ ရှိနေတော့မှာ မဟုတ်တော့ဘူး…

'သည်အခါမှာ လူဆိုတဲ့ သတ္တဝါတွေရဲ့ ပုံပန်းသဏ္ဌာန်တွေဟာ ဘောလုံးတွေလိုပဲ၊ ခေါင်းတစ်ခုသာ ထင်ထင်ရှားရှား ရှိနေပြီး ကျန်တာတွေက အဲသည့်အခိက ဦးခေါင်းနဲ့စာရင် အဆမတန် သေးငယ်တဲ့ အတက်အလက် ပေါက်စနလေးတွေသာ ဖြစ်ကုန်လိမ့်မယ်ဗျ'

ကိုရာမက သူ့စကားကိုအဆုံးသတ်လိုက်သည်။ သူ့ရှေ့မှ ဖန်ခွက်ကို ကောက်ယူပြီး တစ်ဟုန်ထိုးပင်မော့ချလိုက်သည်။

'ကဲ… ကျွန်တော့်ကို ထမင်းကျွေးတော့ဗျာ' ဟုလည်း ဆိုသည်။

– – –

**လက်ဖက်ဖျော်**

http://www.cherrythitsar.org



ကိုရာမ ပြန်သွားပြီးသည့် နောက်တွင်မှ လွန်ခဲ့သော နှစ်၂၀က သူ ရေးသော ကဗျာလေး တစ်ပုဒ်ကို သတိရသည်။ ဘာတဲ့… ခေါင်းစဉ်က 'ရာစုပြောင်းသစ္စာ' ဆိုလားပဲ။

*ခရစ်နှစ် ၁၉၉၉ခုနှစ်*
*ဒီဇင်ဘာလ ၃၁ရက်နေ့*
*ညသ၁၂နာရီထိ*
*ကိုယ်…*
*အသက်ရှင်နေဦးမယ်ဆိုရင်…*
*မင်း ရင်ခွင်ထဲမှာပဲ*
*နေချင်တယ်…*

ဟု သူ ရေးခဲ့သည်။

ယခု ၁၉၉၃ခုနှစ်၊ သူပြောသော ၁၉၉၉ခုနှစ်ရောက်ရန် ခြောက်နှစ်သာ လိုတော့သည်။ သူ အသက်ရှင်နေစရာအကြောင်းလည်း ရှိသည်။ ထိုကဗျာ ရေးစဉ်က သူ့ကိုယ်သူ သိပ်သေချာခဲ့ဟန် မတူ။ ခု ၁၉၉၃ခုနှစ်မှာကျတော့ နည်းနည်း သေချာလာပုံရသည်။ ထိုသို့ သေချာလာသောအခါ သူသည် ခရစ်နှစ်၃၀၀၀ကို စဉ်းစားပြပြန်လေသည်။

ဟုတ်လည်း ဟုတ်တဲ့ ကိုရာမ…

---

တကယ်တော့…

သူတင်မဟုတ် ကျွန်တော် အပါအဝင် လူအားလုံးသည် မရေရာမှုကို မုန်းဆ ရမ်းမှျော်ရင်း ပျော်ရွှင်စွာ စိတ်ညစ်နေကြခြင်းသာ ဖြစ်လေသည်။

♥ ♥ ♥

http://www.cherrythitsar.org

## ဝတ္ထုနောက်မှာ ပြောချင်တာ

ဤဝတ္ထုကလေး ၁၉၉၃ခု နိုဝင်ဘာလထုတ် မဟေသီမှာ ပါလာသောအခါ ကျွန်တော့် မိတ်ဆွေကြီး 'ရာမ(ဘူမိဗေဒ)'ဘွဲ့ခံ ကိုစောလွင်တစ်ယောက် အလွန် ဝမ်းသာရှာသည်။ ကျွန်တော့်ကို ပုဆိုးတစ်ထည်ပင် လက်ဆောင်ပေးသည်။ သူ့ဘဝဖြစ်စဉ်ကို တိုတိုကျဉ်းကျဉ်းနှင့် မိမိထိထိကလေး ထည့်ရေးပေးထားသည့်အတွက် ကျေးဇူးတင်လှသည်ဟုလည်းဆိုပါသည်။ ထို့နောက် သူသေသွားလျှင် သူ့အသုဘမှာ ယင်းဝတ္ထုလေးကို မဖြစ်မနေကမ်းပေးပါဟုလည်း အထပ်ထပ်အခါခါ မှာလေသည်။

၁၉၉၄ခု ဇွန်လကုန်တွင် သူ တကယ် သေသွားသည်။ သူကွယ်လွန်ပြီး နောက်တစ်ရက်မနက် ထွက်မည့်လေယာဉ်နှင့် ခရီးထွက်ရန် စီစဉ်ပြီးက ဖြစ်နေသည်။ အပျော်ခရီးသာဆိုလျှင်ဖြင့် ထိုခရီးစဉ်ကို ကျွန်တော် ဖျက်မိမည်။ ခုတော့ တာဝန်နှင့် သွားရမည့်ခရီးမို့ မဖျက်နိုင်တော့။ ထို့ကြောင့် သူ့မိတ်ဆွေ တစ်ဦးဖြစ်သူ တက္ကသိုလ်စိုးမိုးနိုင်(ဗေဒင်ဆရာ)ကို အကြောင်းစုံ မှာကြားပြီး ထိုဝတ္ထုလေးကို ကိုစောလွင့် အသုဘမှာ ကမ်းနိုင်အောင် စီစဉ်ခဲ့ရသည်။

မည်သည့် စာရေးသူမှ ကျွန်တော့်နှယ် အသုဘတွင် ကမ်းယူရသည့် ဝတ္ထုတိုမျိုး ရေးဖူးမည်မထင်။ တော်တော်လည်း ဆန်းကျယ်သည့် ကျွန်တော့် ဖြစ်ထွေပင်။

ယခု ပြန်စီသောအခါ ကျွန်တော့်အား စာပေနယ်သို့ ဝင်ဖြစ်အောင် တစ်နည်းတစ်လမ်း ပံ့ပိုးခဲ့သူ၊ ကျွန်တော့်အပေါ်တွင် အမြဲတစေ နားလည်သည်းခံပြီး ချစ်ခင်စွာ ဆက်ဆံခဲ့သူ၊ ခင်မင်ရင်းနှီးခဲ့သည့် သက်တမ်း တစ်လျှောက်လုံး လွန်စွာ အနွံအတာခံခဲ့သူ မိတ်ဆွေကြီး ကိုရာမ(ဘူမိဗေဒ)အား လွမ်းဆွတ်မိပါသည်။

ကိုစောလွင် (ခေါ်) ကိုရာမ ကောင်းရာသုဂတိ လားပါစေ။

**လက်ထွဲဖော်**

http://www.cherrythitsar.org

မေတ္တာ့ (ၿမတ္)



http://www.cherrythitsar.org

# မေတ္တာဘွဲ့ (မူကွဲ)

၁။

ဖတ်ဖူးကြားဖူးသည့် ‘မဟောသဓ’ ဇာတ်တော်ထဲမှ ဝတ္ထုတစ်ပုဒ်ကို သတိရနေမိသည်။

ဘီးလူးမက လူယောင်ဖန်ဆင်းလာကာ မွေးကင်းစ သားငယ်ကို ခိုးယူသည့် ဇာတ်လမ်း…။

လူမိသွားသောအခါ ထိုဘီလူးမက သူ၏ကလေးပါဆိုသဖြင့် ကလေး၏ အမေအရင်းနှင့် လုကြသည့် ပြဿနာ…။

ထိုပြဿနာက မဟောသဓထံ ရောက်သွားသည်တွင် မင်းမဟော်က ဘီလူးမနှင့် အမေအရင်းကို တစ်ဖက်စီမှ နေစေကာ ကလေးကို အပြိုင်ဆွဲစေသည်။ ပါအောင် ဆွဲနိုင်သူ ယူစေဟူသော သဘောနှင့်။ ထိုသို့ သူတင်ကိုယ်တင် ဆွဲကြသောအခါတွင် ဘီလူးမက အတွင်းအားပါ ထည့်သုံးသည်။ သူ့အတွက် သည်ကလေးမှာ စားစရာသာ ဖြစ်လေသည်မို့ ဘာမှ ညှာတာနေစရာ မလိုသည်အမှန်…။

အမေရင်းခမျာမှာတော့ မိမိ၏ရင်သွေးကလေး နာရှာပေမည်ဆိုသော အတွေးနှင့် အားစိုက်မဆွဲတော့ဘဲ အသာလွှတ်ပေးလိုက်သည်။ သည်တွင်မှ ပညာရှိမဟောသဓက အမေအရင်း မည်သူဆိုတာကို ဆုံးဖြတ်ပေးလိုက်သော ဇာတ်…။

ဖတ်လို့လည်း ကောင်းခဲ့ဖူးသည်။ နာလို့လည်း ကောင်းခဲ့ဖူးသည်။

http://www.cherrythitsar.org



၂။

ကျွန်တော့် အမေ အကြောင်းကို ဖွဲ့ဆိုရမည် ဆိုလျှင်ဖြင့်…

တကယ့်ကို ငိုချင်စရာ ကောင်းလှသေးတော့သည်။

အမေသည် သူ့အမေ ဝမ်းထဲကတည်းက ပြဿနာရှာတတ်သူလား တော့ မပြောတတ်ပေ။

ကျွန်တော် တစ်ဆင့်စကားနှင့် ပြန်ကြားဖူးသမျှကတော့ သိပ်အဟုတ် မဟုတ်လှ။ သူ့အမေ (ကျွန်တော့်အဖွား)၏ ဝမ်းကြာတိုက်တွင် အမေ့ကို သန္ဓေတည်သည့် အချိန်တွင် အဖွား၏ကျန်းမာရေးမှာ ကလေးတစ်ယောက် ထပ်မွေးလောက်အောင် ကောင်းမနေဟု ဆိုသည်။ ထို့ကြောင့် ထိုကလေး (ကျွန်တော့်အမေ)ကို ဖျက်ချဖို့နည်းမျိုးစုံဖြင့် ကြိုးစားကြသေးသတဲ့…။

သို့သော် လူ့ရပ်ခွင်၊ လူ့လောကသို့ မရောက်မီ သန္ဓေသားဘဝကပင် အမေသည် သူ၏ ဒုံးပေကပ်သတ် လုပ်တတ်သော သဘာဝကို ပြခဲ့ဟန် တူ၏။ အမျိုးမျိုး ဖျက်ချသည့်ကြားမှ ခရစ်နှစ် ၁၉၂၈ခုနှစ်၊ မတ်လအတွင်း ဖွားမြင်လာပါတော့သည်။

သည်နှယ် ဖွားမြင်လာသည်ဆိုရာတွင်လည်း လွယ်လင့်တကူတော့ မဟုတ်ပြန်သေးပါ။ အဖွားခမြာ နေ့လစေ့၍ ဝမ်းနာပြီး ဆေးရုံပေါ်သာ ရောက်သွားသည်။ ကျွန်တော့်မိခင်လောင်းလျာကတော့ ထွက်ကိုမလာပါ။ ဆရာဝန်တွေက အတင်းမွေး၊ အဖွားက အတင်းညှစ်နှင့်…။

နောက်ဆုံးတွင် အဖွားခမျာ မျော့မျော့လေးသာ ကျန်ရှာတော့သည်။ အမေကတော့ ထွက်ကို မလာနိုင်သေး။ သည်မှာတင် ဆရာဝန်က မဖြစ်ချေ ဘူးဆိုကာ ညှပ်(ဖော့ဆက်ပ်)နှင့် ဆွဲထုတ်လိုက်ပြီးသောအခါ အပြင်လောက အရောက်၌ အမေသည် အသက်မရှူသေးမှုဘဲ နေပြလိုက်ချေသေးသည်။ ဆရာဝန်၊ ဆရာမများကလည်း ကလေးမှာ အသက် ပါမလာဟု ယုံကြည် လိုက်ကြပြီး သူ့ကို အနီးရှိစားပွဲတစ်လုံးပေါ်တွင် တင်ထားလိုက်ကြသည်။ လူကြီး(အဖွား)၏အသက်ကိုသာ ပြန်လည် လုယူနိုင်ရန် အစွမ်းကုန် အား

http://www.cherrythitsar.org



ထုတ် နေလိုက်ကြသည်ဆိုပဲ…။

သည်အခိုက်ကျကာမှ… ကျွန်တော့်မိခင်လောင်းလျာက အသက်ဝင်လာကာ လူးလိမ့်လိုက်သည်တွင် စားပွဲပေါ်မှ မွေးခန်း ကြမ်းပြင်ပေါ်သို့ လိမ့်ကျပြီး ခေါင်းပေါက်သွားရပါတော့သည်။ မွေးပြီး မိနစ်ပိုင်းအတွင်းတွင် ခေါင်းပေါက်ခေါင်းကွဲဖြစ်ရသော ကလေးဆိုသည်မှာတော့ ဤ မဟာဘဒ္ဒကမ္ဘာတွင် ကျွန်တော့် အမေတစ်ယောက်သာ ရှိလိမ့်မည် ထင်သည်။

ပြောစရာတစ်ခု ကျန်ခဲ့သေးသည်။ ကျွန်တော့်အမေကို သောကြာနေ့ညနေကတည်းက စမွေးကြသည် မှန်သော်လည်း တော်တော်နှင့် ထွက်မလာဘဲ ပေခံနေသည့်အတွက် စနေနေ့ဘက်ကူးခါမှ မွေးနိုင်လေသည်။

၃။

သောကြာနေ့မွေးသင့်လျက် မထွက်ခဲ့သော စနေသမီးပီပီ အမေသည် လေကလည်း အလွန် အင်မတန် ပေါသည်။ ခေါင်းကလည်း သံတုံးသံခဲတမျှ မာကျောသည်။ စိတ်ကလည်း အလွန်မြန်၊ အလွန်ထက်၊ အလွန်ကြီးသည်။

ကျွန်တော် ကြားဖူးသမျှ အမေ့ငယ်ဘဝ ဇာတ်ကြောင်းတွေမှာ တစ်စက်မျှ လွမ်းစရာမကောင်းပေ…။

အမေသည် ကလေးအရွယ်က အသံပြကြီးနှင့် အလွန် ငိုကြောရှည်သတဲ့။ သည်မှာတင် သူ့အဖေ(ကျွန်တော့်အဘိုး)က နည်းမျိုးစုံနှင့်ချော့သည်။ မရတော့သည့်အဆုံးတွင် အဘိုးက သူ့ခြေနှစ်ချောင်းမှ ဆွဲကိုင်ကာ ရေစည်ထဲ ခေါင်းစိုက်လိုက်သည်ဆိုပဲ။ သို့တိုင်အောင် ရေမွန်းနေတုန်း တစ်ခဏသာ ငိုသံပျောက်သည်။ ဆတ်ဆို ပြန်လည်း ဆွဲထုတ်လိုက်သည်နှင့် ဝူဝူလန်စမြဲမို့ နောက်ဆုံးတွင် အဘိုး လက်မြှောက်ရသည့်အဖြစ်သာ ရှိခဲ့ပါသတဲ့။

အမေ့ကို ခေါင်းရိတ်သည့်အလုပ်မှာလည်း မလွယ်လှ။ အိမ်လာပြီး ရိတ်ပေးသော ဆတ္တာသည်ခမြာ တစ်နေ့နှင့် အပြီးရိတ်ပေးနိုင်သော အစွမ်းမရှိနိုင်ရှာတော့ဘဲ တစ်ပတ်မျှ အချိန်ယူကာ အခန်းဆက်စနစ်နှင့် အမေ့ကို

http://www.cherrythitsar.org



ခေါင်းရိတ်ယူရသည်တဲ့။

ဖြစ်ချင်တော့ ကျွန်တော့် အဖိုးနှင့်အဖွား နှစ်ယောက်စလုံးသည် စပါးပွဲစားနှင့် ဆန်ကုန်သည်များဖြစ်ကြရာ ငွေရှာဖို့လောက်ကိုသာ မဲနေသူများဖြစ်ကြလေသည်။ ထိုအခါ အမေ့ကို အိမ်မှ အလုပ်သမားများ လက်ပေါ်တွင်သာ ကြီးပြင်းစေခဲ့လေသည်။ (ထို့ကြောင့်ထင်၏။ အမေသည် အယုတ္တ၊ အနုတ္တစုံအောင် ကောင်းကောင်းကြီးဆဲတတ်လေသတည်း။) ထိုမှျမကသေး မောင်နှမ နှစ်ယောက်သာ ရှိသည့်အနက် အမေက အငယ်ဆုံး ဖြစ်ရပြန်လေရာ သူ့အဖို့ ဆိုးချင်တိုင်း ဆိုးနိုင်သည့် အခွင့်အရေးကို အလွယ်တကူရယူနိုင်ခဲ့လေသည်။

၄။

အမေ၏ ဆိုးဂုဏ်များကို ထင်ရှားအောင် လိုရင်းတိုရှင်း ဖွဲ့ရပါမူ အောက်ပါအတိုင်းဖြစ်လေသည်။

အမေသည် ငယ်စဉ်ကတည်းက အတူနေသူများနှင့် တည့်အောင်နေနိုင်ရိုးမရှိ၊ သူ့ဘထွေးများ၊ သူ့ထွေးလေးများ၊ သူ့ ဝမ်းကွဲမောင်နှမများအပြင် သူ့အစ်ကိုအရင်းနှင့်ပါ မခေါ်နိုင်မပြောနိုင် အဆင့်ထိ ရောက်ရောက်သွားသည်ကို ကျွန်တော်ကိုယ်တိုင် မကြာခဏတွေ့ဖူးသည်။ ဒါတင်လားဆိုတော့ မဟုတ်သေးပါ၊ သူ့အမေ ကျွန်တော့်အဖွားနှင့်လည်း မကြာခဏ ပြဿနာတက်သည်ကို ကျွန်တော် တော်တော် အသက်ကြီးသည်အထိ ကြုံဖူးသည်။

သူ့ယောင်းမဆိုတာကတော့ အမေ့အတွက် အချဉ်ပင်။

နည်းမျိုးစုံနှင့် ယောင်းမကို အမေ ရန်လုပ်တတ်သည်။ ကျွန်တော့် ကြီးကြီး၊ အမေ့ယောင်းမမှာ ကျွန်တော် သိသလောက် အလွန်တရာ အေးဆေးပြီး စိတ်ကောင်း၊ နှလုံးကောင်း ရှိသူဖြစ်သည်။ ဒါကိုလည်း အမေကတော့ ယောင်းမဆိုသောအမြင်နှင့် အမြဲပင် မကြည်မလင်ရှိသည်။

ထားပါ။ ဒါတွေကိုတော့ ၅၂၈အပါအဝင်နှင့် တစ်နွယ်ငင် တစ်စင်ပါ

**လက်တွဲဖော်**

http://www.cherrythitsar.org



များမို့ မတည့်ခဲ့သည်ကို ထားပါ။ သူချစ်၍ ယူထားခဲ့သော ကျွန်တော့် အဖေနှင့်ဆိုတာကလည်း တစ်လလျှင် ရက်ပေါင်း ၃၀နီးပါး ပြဿနာ ရှိနေတတ်သည်။ အနည်းဆုံး တစ်လလျှင် လေးကြိမ်ခန့် ခွန်းကြီး ခွန်းငယ် စကားများကြပြီး နှစ်ကြိမ်လောက်က သတ်ကြ၊ ပုတ်ကြစမြဲ။

သားဆိုသည့် ကျွန်တော်ကတော့ ဘာဘာညာညာ မသိ။ သိသည်ကတော့ အမေ့ကို ကျွန်တော်အလွန်ချစ်ခြင်းနှင့် အမေက ကျွန်တော့်ကို အလွန်ချစ်ခြင်းတို့သာ ဖြစ်သည်။ သည်တော့ အဖေနှင့်အမေတို့ ရန်ဖြစ်ကြလျှင် လွန်သူမှာ (ကျွန်တော့်အမြင်တွင်) အဖေသာ အခါခပ်သိမ်း ဖြစ်နေသည်။ အမေ့ကို ရိုက်နှက်နှိပ်စက်ကလူပြုသည့်အတွက် အဖေ့ကို ကျွန်တော် အလွန်မုန်းသည်။ နာသည်။

အဖေကလည်း ဒါကို ကောင်းစွာ ရိပ်မိသည်။ တစ်ခါတစ်ရံ စိတ်လိုလက်ရရှိနေသော အခိုက်များ၌ 'အေး··· ငါသေတော့မှ မင်းအမေက ဆိုးသလား၊ ငါကပဲ ဆိုးနေသလားဆိုတာ မင်းကောင်းကောင်းကြီး သိလာမှာပါကွာ'ဟု အဖေပြောတတ်သည်။ သို့တိုင်အောင် ကျွန်တော် သဘောမပေါက်နိုင်ခဲ့···။ အဖေ့ကို နာမြဲနာ၊ မုန်းမြဲမုန်းသာ ဖြစ်နေခဲ့သည်။

'အမေရယ်··· အမေ့ကို သည်လောက် နှိပ်စက်တဲ့ ယောက်ျားကြီးကို ပေါင်းမနေပါနဲ့ ကွာလိုက်စမ်းပါ၊ အမေ့ကို ကျွန်တော် ရှာကျွေးပါ့မယ်'ဟု ပင် ပြောမိသည်အထိ အဖေ့အပေါ်တွင် ကျွန်တော် အမြင်မကြည်လင်ခဲ့။ ကုန်ကုန်ပြောရလျှင်တော့ အဖေ ကွယ်လွန်သွားသောအခါတွင် ကျွန်တော့်မှာ ဟန်ဆောင်ပန်ဆောင် ကလေးသော်မျှ မကြေကွဲတတ်နိုင်ခဲ့···။ ပျော်ပင်ပျော်မိသေးသည့် သားလူမိုက် ကျွန်တော်···။

၅။

အဖေသေသောအခါ အမေ့မှာ ပြဿနာ ရှာစရာ လူမရှိတော့ဟု ကျွန်တော် ထင်ခဲ့မိသေးသည်။

**လက်ကျွဲဖော်**

အဖေမရှိတော့သည့်နောက် အမေသည် ဘယ်သူနှင့်မျှမနေ။ ထိုစဉ်က ၁၇နှစ်သာ ရှိသေးသော ကျွန်တော်နှင့်သာ နေသည်။ ကျွန်တော့်မှာ (ကံဆိုး ချင်၍ပဲ ဖြစ်မည်) မွေးချင်းပေါက်ဖော် မရှိ။ အမေ၏ 'တစ်ဦးတည်းသော သား။'

ကျွန်တော်တို့ သားအမိအိမ်သည် *ပတ္တမြားမရှိ၊ စိန်မစီလည်း မမှိန်ပြီ၊ မေတ္တာတန်ခိုးရယ်ကြောင့် ရှိုး၍မသွားဆိုသော* 'ကိုရိုး'၏ကဗျာထဲက အိမ်မျိုးတော့ မဟုတ်သည်မှာအမှန်။ ကျွန်တော်တို့ သားအမိအိမ်မှာ ရိုးမသွား နိုင်အောင် ဖြစ်နေစေသောအရာမှာ 'မေတ္တာ'မဟုတ်။ နိစ္စဓူဝဖြစ်နေသည့် ပြဿနာများသာ ဖြစ်လေသည်။

တကယ်တော့ ကျွန်တော်တို့ သားအမိမှာ 'ဝေးတသက်သက်၊ နီး တကျက်ကျက်'ဆိုသော အမျိုးအစားတွင် ပါဝင်သည်။ ဗျစ်တောက် ဗျစ် တောက်နှင့် တစ်ခုခုဆိုလျှင် မပြီးနိုင်မစီးနိုင် မြည်တွန် တောက်တီးတတ် ခြင်း၊ စကားတစ်ခုကို ဟောဟောဒိုင်းဒိုင်းနှင့် ပြောချလိုက်ဖို့ထက် ရိသလို လို၊ ရွဲ့သလိုလို၊ စောင်းသလိုလို ပြောတတ်ခြင်း၊ စိတ်တိုင်းမကျလျှင်မကျ သလို ခုနစ်သံချီကာ အော်ဟစ်ဆဲဆိုတတ်ခြင်း၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း သလို ကျွန်တော်နှင့်ပတ်သက်သမျှ (ဟုတ်တာရော၊ မဟုတ်တာပါ) အရပ် တကာ လည်ပြောတတ်ခြင်းအစရှိသည်တို့မှာ အမေ၏ ထူးချွန်ပြောင်မြောက် လှသော အတတ်ပညာများပင် ဖြစ်လေသည်။

အဖေသေပြီး တစ်နှစ်အတွင်းမှာပင် ကျွန်တော်သည် အဖေ့စကားကို ကောင်းကောင်းကြီး သဘော ပေါက်သွားရလေပြီ။ '*ငါသေမှ မင်းအမေ ဆိုးသလား၊ ငါကပဲ ဆိုးနေသလားဆိုတာ သိလာမှာပါကွာ...*'ဆိုသော အဖေ့စကားကို နေ့ရောညပါ ကြားယောင်ယူလာရသည်အထိ ဖြစ်လာတော့ သည်။

သည်နေရာတွင် မသူတော် စာရင်းဝင်ကာမှ ဝင်စေတော့၊ ကျွန်တော့် ကိုယ် ကျွန်တော်ဖော်ရင်း ကျွန်တော့်အကြောင်းကိုလည်း အနည်းအကျဉ်း

http://www.cherrythitsar.org



ပြောပြဖို့ လိုပေသေးသည်။ စင်စစ် ကျွန်တော်သည် သိပ်လိမ္မာလှသော သားတစ်ယောက် မဟုတ်သည်ကတော့ သေချာပါသည်။ သို့သော်လည်း ဆိုးသွမ်းစွာနှင့် မိဘကို ဒုက္ခပေါင်းစုံပေးသော သားမျိုးမဟုတ်သည်လည်း အမှန်ပင် ဖြစ်ပါသည်။ ကျောင်းနေစဉ်ဘဝကလည်း အမေနှင့် အဖေတို့၏ သတ်ပွဲများကြားမှာ သေချင်စော်နံလောက်အောင် စိတ်ညစ်ဖို့ ကောင်းလှသည့်ကြားမှ တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့ပါသည်။

တစ်ခါ၊ အဖေ မရှိသည့်နောက်တွင် တက္ကသိုလ်တက်ရင်းနှင့် အငှားယာဉ်မောင်းကာ အမေ့ကို ရှာဖွေကျွေးမွေးခဲ့သူလည်း ဖြစ်ပါသည်။ တစ်ခုတော့ ပြောစရာ ရှိလာပါသည်။

အငှားယာဉ် မောင်းရင်းမှ အပေါင်းအသင်း စုံလာကာ နဂိုကတည်းက ဝါသနာ ပါလှသည့် အရက်သောက်ခြင်း အမှုကို ကျွန်တော် ခုံခုံမင်မင်ပြု တတ်လာခြင်းပင် ဖြစ်ပါသည်။ သို့တိုင်အောင်လည်း ထိုစဉ်က ကျွန်တော့် အသက်မှာ ၂၀ကိုကျော်ပြီး ဖြစ်နေသည့်အပြင် နေ့စဉ်ညဆက် မူးနေသည့် အရက်သမား အမျိုးအစားလည်း မဟုတ်ခဲ့ပါ။ မကြုံလျှင် မသောက်၊ ကြုံလျှင် သောက်သည့် နာမည်ပျက်ရုံကလေးမျှ သောက်သုံးသူ အရက်သမား အငယ်စားလေးသာ ဖြစ်ခဲ့ပါသည်။

ထိုအခါ အိမ်သို့ သန်းခေါင်သန်းလွဲမှ ပြန်ရောက်ခြင်း၊ အနံ့ တထောင်းထောင်း ထွက်ကာ သောက်စား မူးယစ်လာခြင်းများကြောင့် အမေနှင့် ပြဿနာတွေ တဂျိမ်းဂျိမ်း တက်နေခဲ့ပါသည်။ ခက်သည်မှာ အမေ့အပေါ် ကျွန်တော့်ဘက်မှ မည်သည့်ဝတ္တရားမျှ မပျက်ခဲ့ခြင်းပင် ဖြစ်ပါသည်။

၆။

ဖြစ်ချင်တော့ တက္ကသိုလ်နောက်ဆုံးနှစ်ဖြေအပြီးတွင် ကျွန်တော်သည် မူလကတည်းက ဝါသနာမပါခဲ့သော အငှားယာဉ်မောင်းသမားအလုပ်ကို အပြီးတိုင် စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်မိပါသည်။ သည်တွင် ကျွန်တော် မောင်း

http://www.cherrythitsar.org



နေသော ကားကို ရောင်းချကာ စီးပွားရေးလုပ်ရန် စိတ်ကူးဖြစ်သွားပါတော့၏။

ကံမရှိ၊ ဉာဏ်ရှိတိုင်းမွဲပဟူသော စကားသည် ထိုစဉ်က ကျွန်တော့်အတွက်သာ ဖြစ်လေမည် ထင်ပါ၏။ မြက်မြက်ကလေး စားချင်၍ ဇာတ်ထဲလိုက်ရာမှ နဲ့ကြီးကိုတင်မက ဖုံတွေ လင်းကွင်းတွေပါ တက်နင်းရုံဖြင့်အားမရသေးဘဲ နောက်ဆုံး၌ မင်းသမီး၏ ထဘီစကိုပါ တက်နင်းမိပြီးဇာတ်ထဲမှ ရိုက်ထုတ်ခံလိုက်ရသူနှယ်ပင် ဖြစ်ပါသည်။

ကျွန်တော် လုပ်သမျှ အရာမထင်၊ ဝင်သမျှအရင်းအနှီးတွေ ပြုတ်ပြုတ်ပြုန်း၊ ရှုံးလိုက်သမှ ခွက်ခွက်လန်၊ သည်ငွေတွေကို သုံးဖြုန်း သောက်စားပစ်လိုက်မိခဲ့လျှင်သော်မှ တန်ပေဦးမည်။ ယခုတော့ ကျွန်တော့်မှာ အမေပြောစရာတွေ တစ်သီကြီး ဖြစ်လာရပြန်တော့သည်။

အမေ့ မိတ်ဆွေများနှင့် ကျွန်တော့် အပေါင်းအသင်းများအလယ်တွင် ကျွန်တော်သည် အမေ့ပိုက်ဆံ ထိုင်ဖြုန်းနေသူသာ ဖြစ်လာရပါတော့သည်။ အမေကလည်း ကျွန်တော့်ကို လူတကာက သည်အတိုင်း မြင်စေရန် လိုက်ပြောခြင်းအားဖြင့် ကူညီစောင်မရှာပါသည်။

နောက်ဆုံး၌ ဘွဲ့ရ အလုပ်လက်မဲ့တို့၏ ထုံးစံအတိုင်း အရင်းမစိုက်လေ့ထိုးလိုက်ဆိုသကဲ့သို့ ကျူရှင်ပြစားခြင်းအလုပ်ကို ကျွန်တော် လုပ်ကိုင်ဖြစ်ရပါတော့သည်။ တစ်ချိန်တည်းမှာပင် နောက်ထပ်အပိုပညာများကိုလည်းဆက်လက်သင်ကြားနေမိခဲ့ရပြန်ပါသည်။

အတိုချုပ်ရလျှင်တော့ ကျွန်တော်သည် အမေနှင့် အတူ နေထိုင်ရင်းအသက်သုံးဆယ်ဆိုသောအရွယ်ကို အလွယ်တကူ လွန်မြောက်ဖြတ်သန်းမိခဲ့ရတော့သည်။ ကျူရှင်ပြသည့်အလုပ်ကလေးကလည်း လုံးလည် လုံးလည်နှင့် ထမင်းနပ်မှန်နေခဲ့ပြန်သလို တစ်ဖက်မှလည်း သာမန် သိပ္ပံဘွဲ့အပြင်နောက်ထပ် အပိုဘွဲ့ငယ်နှစ်ခုကိုပါ ထပ်မံရယူနိုင်ခဲ့ပါသည်။ တစ်နည်းဆိုရသော် ကျွန်တော်သည် မလိမ်မာလှသော်လည်း သားဆိုးတစ်ယောက် မဟုတ်

http://www.cherrythitsar.org



ခဲ့ကြောင်းကို သက်သေပြနိုင်ခဲ့ပါ၏။

၇။

အိမ်ထောင်ပြုရန် ကျွန်တော့်ကို အလေးအနက် စတင် တိုက်တွန်းသူမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(အငြိမ်းစား) ဦးတိုက်စိုးပင် ဖြစ်ပါသည်။ သူနှင့် ကျွန်တော်မှာ မှတ်ပုံတင် ရှေ့နေသင်တန်း တက်ရောက်ကြရင်းမှ အမှတ်မထင် ခင်မင်သွားကြပါသည်။ ထိုအခါ သူက ကျွန်တော့်အသက်ကို မေးမြန်းရာ (ထိုစဉ်က) ၂၆နှစ် ရှိပြီဖြစ်ကြောင်း ပြန်ဖြေခဲ့မိပါသည်။ မိသားစု စီမံကိန်းသဘောအရ သည်အရွယ်ဆိုလျှင် အိမ်ထောင်ပြုသင့်ပြီ ဖြစ်ကြောင်း သူက ကျွန်တော့်ကိုအကြံပြုသည်။ ကျွန်တော်ကလည်း လက်ခံပါသည်။

သို့ရာတွင် ထိုစဉ်က ကျွန်တော့်မှာ အိမ်ထောင်ရေး ကံဇာတာ ညှိုးမှိန်နေခိုက်မို့ သူ့အကြံကို လက်ခံရုံသာ လက်ခံနိုင်ခဲ့ပြီး အထမြောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း အလျဉ်းမရှိခဲ့ပါ။

တချို့တချို့သော မိတ်ဆွေအပေါင်းအသင်းများကတော့ သည်အရွယ်ထိ အိမ်ထောင်မပြုသေးဘဲ အမေကြီးအား လုပ်ကျွေးနေသည့်အတွက် ကျွန်တော့်ကို ကောင်းချီးပေးတတ်ကြပါသည်။ ကျွန်တော့်မှာတော့ ရတာမလို လိုတာမရသည့် လူပျိုသိုး ဘဝသက်တမ်းသာ တစ်နှစ်ထက်တစ်နှစ် ပိုပြီး ရှည်လာရပါ၏။

၈။

အသက်၃၀ကျော်ခါစ အချိန်တွင်မူ ကျွန်တော် ထိတ်ထိတ်ပြာပြာ ဖြစ်လာရတော့သည်။ အမှန်က ထိုအချိန်တွင် ကျွန်တော်၏ ဇာတာစန်းလဂ်ကလေးကလည်း ဖေးဖေးတက်ခိုက်ဖြစ်ရာ ရည်းစားတွေ ဟောတစ်ယောက်၊ ဟောတစ်ယောက် ထားရင်း လူပျိုသိုးဘဝမှာ သာယာနေခိုက်ဖြစ်သည်။

http://www.cherrythitsar.org



ဖြစ်ချင်တော့ သည်အခိုက်အတန့်မှာမှ အသက် ၈၇နှစ်အရွယ်ရှိ ကျွန်တော့်အဘိုးလေး တစ်ယောက်၏ နောက်ဆုံးအချိန်ကို မျက်ဝါးထင်ထင် မြင်လိုက်ရပြန်သည်။ တစ်သက်လုံး တစ်ကိုယ်တည်းနေထိုင်ခဲ့သဖြင့် သားထောက် သမီးခံဟူ၍ မည်မည်ရရ မရှိရှာသူ ကျွန်တော့်အဘိုး၏ နေဝင်ချိန်သည် ထိတ်လန့်ဘွယ် ကောင်းလှပါဘိသည်။ တူဖြစ်သူ ကျွန်တော့် ဦးကြီးတို့အိမ်တွင် သူ၏ နောက်ဆုံးအချိန်အား စိတ်တိုင်းမကျစွာ ကျော်လွန်ဖြတ်သန်းခဲ့ရှာသည်ကို ကျွန်တော်မြင်ခဲ့ရပါသည်။ ဝမ်းနှင့်မလွယ်၊ သားမမည်သဖြင့် အားလုံးက သူ့အပေါ် ဝတ္တရားအရသာ ဆက်ဆံပြုစုခဲ့ကြသည်ကိုလည်း တွေ့လိုက်ရပါသည်။

အဘိုးလေး တိမ်းပါးသွားသောအချိန်သည် ကျွန်တော့်အတွက် ထိတ်လန့်ဘွယ် အကောင်းဆုံးအချိန်ပင် ဖြစ်ပါသည်။ သူ၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်သည့် ဆွေမျိုးညာတိဟူ၍ ကျွန်တော်တစ်ယောက်တည်းသာ ရှိလေသည်။ ရှင်စဉ်အခါက သူ၏ဥစ္စာဓနကို မြော်မြင်လျှက် ခယဝယ လုပ်ခဲ့သူ တူ၊ တူမအပေါင်းသည် သူမဟာချိန်တွင် ရှိမနေရုံမျှမက သူ၏ နောက်ဆုံးခရီးကိုပင်လျှင် ဟန်ဆောင်ပန်ဆောင်ကလေးသော်မျှ လိုက်ပါပို့ဆောင်ခြင်း မရှိကြတော့ပါ။

သည်မှာတင် အိမ်ထောင်ပြုဖို့ ကျွန်တော် ဆုံးဖြတ်လိုက်မိရပါတော့သည်။

၉။

အဘိုးကွယ်လွန်ပြီးနောက် ငါးလအကြာတွင် ကျွန်တော် အိမ်ထောင်ကျပါသည်။ သည်နေရာတွင်လည်း ပြောစရာတစ်ခု ကျန်နေပါသေးသည်။ စောစောပိုင်းက ကျွန်တော့်အား အိမ်ထောင်ပြုရန် တိုက်တွန်း နားချလာသူများကို ကျွန်တော် ပြောလေ့ရှိခဲ့ဖူးသော စကားတစ်ခွန်း အကြောင်းပင် ဖြစ်ပါသည်။

**လက်တွဲဖော်**

http://www.cherrythitsar.org



'ကျွန်တော့် အမေနေ့ကတော့ မိန်းမ ယူလို့ကို ဖြစ်မှာ မဟုတ်ပါဘူးဗျာ၊ ယူမယ်ဆိုလည်း စုံလုံးကန်းပြီး နားလည်းမကြား၊ လျှာလည်းမပါတဲ့ မိန်းမ မျိုးနဲ့မှ အမေနေ့တည့်မှာဗျ...'

ထိုသို့ ကျွန်တော် ခဏ ခဏ ပြောခဲ့ဖူးပါသည်။ အမှန်လည်း အမှန်ပါ။ တစ်ဦးတည်းသောသား ဘဝသည် တကယ်တော့ မလွယ်လှပါ။ အမေသည် သူ့သားကို ကွယ်ရာ၌သာ မကောင်းပြောချင်ပြောမည်။ ရှေ့တွင်လည်း နှိမ်ချင် နှိမ်ဦးမည်။ တကယ်တမ်းတွင်တော့ ကျွန်တော့်ကို တော်တော်ပင် တန်ဖိုးထားလေသည်။ သို့ဖြစ်ရာ တော်တော်တန်ရုံ မိန်းမမျိုးနှင့် သူ့ သားကို တန်သည်မထင်ပါ၊ သူယူစေချင်သော မိန်းမမျိုးမှာ ရုပ်ရည်က လည်း ငေးလောက်အောင် လှရမည်၊ ဥစ္စာကလည်း ပေါရမည်၊ ပညာက လည်း တတ်ရဦးမည်။ ဖြစ်နိုင်လျှင် ဥစ္စာပေါ၊ ရုပ်ချော၊ အလိမ္မာအိမ်ပါ တစ်ယောက်ကိုပင် ချိန်စေချင်ဟန် ရှိပါသည်။

ခက်သည်က ဖူးစာဆိုသောအရာနှင့် ကျွန်တော်၏ အိမ်ထောင်ဖက် ရွေးချယ်မှုစံပင်ဖြစ်ပါသည်။ လှတာတော့ ကျွန်တော်ကိုယ်၌ကလည်း မကဲ ပါသည်။ သို့သော် မိန်းမတစ်ယောက်တွင်ပါလာမည့် ဥစ္စာပစ္စည်းကိုတော့ ကျွန်တော် စိတ်မဝင်စားပါ၊ ကြွယ်ဝချမ်းသာမှုကို လူတစ်ယောက်အနေနှင့် သာမန်ကာလျှံကာ စိတ်ဝင်စားသော်လည်း စိန်နားကပ်ရောင်နှင့် ပါးပြောင် သည့် ဘဝကိုတော့ ကျွန်တော် အလိုမရှိပါ။

တစ်ဖန်၊ ပညာကို ဂုဏ်တစ်ခုအနေနှင့် သင်ကြားထားသည့် အမည်ခံ ဘွဲ့ရ ကျားမပုဂ္ဂိုလ်များကို ကျွန်တော် အထင်မကြီးပါ။ 'ပညာ'သည် ဘဝကို ရင်ဆိုင် ရဲဝံ့စေသည့် ကိရိယာတန်ဆာပလာတစ်ခုသာ ဖြစ်သင့်သည်ဟု ကျွန်တော်ခံယူပါသည်။ ဂုဏ်မောက်ဝါကြွားစွာ ဆင်မြန်းအပ်သော အဆင် တန်ဆာတစ်ခု ဟူ၍ ကျွန်တော် မယုံကြည်ပါ။ ကျူရှင်ဆရာအဖြစ် ကြော် ငြာစဉ်ကလည်း ကျွန်တော့်အမည် နောက်၌ မည်သည့် ဘွဲ့တစ်စုံတစ်ရာ ကိုသော်မျှ ထည့်သွင်းခြင်း အလျဉ်းမရှိခဲ့သလို ရှေ့နေတစ်ယောက်အနေနှင့်

http://www.cherrythitsar.org



နေ့စဉ်သတင်းစာများတွင် ကြော်ငြာချက်များ ထည့်သွင်းခဲ့ရာတွင်လည်း မည်သည့် ဘွဲ့ကိုသော်မျှ ကျွန်တော့်အမည်နောက်တွင် မတပ်ခဲ့ဖူးပါ။ ထိုသို့ မိမိအမည်နောက်တွင် အမြီးတို၊ အမြီးရှည်များ ကြံဖန်ထည့်သွင်းလေ့ ရှိကြသူများကိုလည်း ကျွန်တော် ရွံလှပါသည်။

ထားပါတော့...

ပြောချင်သည်က အမေလိုလားသော မိန်းမမျိုးကို ကျွန်တော် မယူဖြစ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

၁၀။

ကျွန်တော့်မိန်းမသည် ကျွန်တော့်ထက် ခုနစ်နှစ်နီးပါး ငယ်ပါသည်။ ပြီးတော့လည်း သူသည် သူ့မောင်နှမများအနက်တွင်လည်း အငယ်ဆုံးဖြစ်နေပြန်သည်။ သူ့အဖေ၏ အရေးပေးအခံရဆုံး သမီးဖြစ်ပြန်သကဲ့သို့ သူ့အမေ၏ အမြှောက်စားဆုံး သမီးထွေးလည်း ဖြစ်နေပေသေး၏။ သူ့အစ်မ အကြီးဆုံးသည် သူ့ထက် ၁၅နှစ်မျှ ကြီးလေရာ အခြားအခြားသော သူ၏ အစ်ကို၊ အစ်မများကလည်း သူ့ကိုအလွန်ချစ်ပြီး အလွန် အလိုလိုက်ထားကြပါသည်။

ဆိုတော့ ကျွန်တော့်မိန်းမသည် နွဲ့ဆိုးဆိုးခြင်း အပါအဝင် အဆိုးပေါင်းသောင်းခြောက်ထောင်ကို တစ်ဖက်ကမ်းခတ် တတ်ကျွမ်းပါသည်။ လူဟူသည့် သဘာဝမှာတော့ မည်သူမျှ အကုန်မကောင်းနိုင်သလို မည်သူမျှလည်း အကုန်မဆိုးပါ။ ကျွန်တော့် မိန်းမမှာလည်း ကောင်းတာလေးတွေ ရှိသလို ညံ့တာလေးတွေ ရှိမည်ကတော့ အသေအချာပင် ဖြစ်ပါသည်။

ကျွန်တော့်အမေအဖို့ကတော့ သူလိုချင်သော အောက်ပါ အရည်အချင်းတွေ မပြည့်စုံသည့်အတွက် ကျွန်တော့်မိန်းမကို စလာကတည်းက မကြည်လင်ပါ။ ကျွန်တော် လစ်လျှင်လစ်သလို အမျိုးမျိုး ထိုးနှက် တိုက်ခိုက်ပါတော့သည်။ ကျွန်တော့်အား အဘယ်မိန်းကလေးနှင့် အဘယ်သို့ ရည်ရွယ်ခဲ့ဖူးကြောင်း၊ အဘယ်မျှလောက် ချမ်းသာသော အဘယ်သမီးရှင်က အဘယ်

လက်ဖက်ရည်ဆိုင်

http://www.cherrythitsar.org



သို့ လာရောက် စပ်ဟပ်ဖူးကြောင်း၊ နောက်မြီးတပ်ဘွဲ့များ အဘယ်မျှပေါ များသူ့ အဘယ်သတို့သမီးနှင့် အဘယ်သို့ ခရီးရောက်ဖူးကြောင်း အစချီကာ နောက်ဆုံးကျမှ ကျွန်တော့်မိန်းမ၏ထောင်ချောက်တွင် ကျွန်တော် အဖမ်းခံလိုက်ရကြောင်းအစရှိသဖြင့် လေကြောင်းထိုးစစ်ကို ဖွင့်ပါလေတော့သည်။

ကျွန်တော့်မိန်းမ၏ ဗီဇက မပွင့်လင်းခြင်းပင်ဖြစ်သည်။ အမေပြောသမျှကို အမေ့ရှေ့မှာ မျက်စိပျက်၊ မျက်နှာပျက်နှင့် ကြိတ်ခံသည်။ ပြီးလျှင် ကျွန်တော့်ကို မျက်ရည်လည်ရွှဲနှင့် ပြန်ပြောသည်။ ပြေရာပြေကြောင်းဖြေရင်း ကျွန်တော် ကြိုးစား ဖျောင့်ဖျကြည့်သော်လည်း အချီးအနှီးသာ။

သည်တော့ အမေ့ကို ကျွန်တော် တားကြည့်ရပြန်သည်။ *ပြီးတာတွေလည်း ပြီးခဲ့ပါပြီ အမေ…။ အမေ့ ထိုးစစ်၊ တိုက်စစ်များကို ရပ်တန်းက ရပ်ပေးပါတော့…။*

သို့ရာတွင် ကျွန်တော့်အမေသည် ပြောလိုက်မှ ပိုဆိုး၊ ပိုကဲလာသော အမေဖြစ်မှန်းကို ကျွန်တော် မေ့နေခဲ့မိသည်။ ဆိုတော့… ကျွန်တော့်မိန်းမမှာ ခံစားချက်တွေ တစ်နေ့ထက်တစ်နေ့ များပြားလာရတော့သည်။

ဆိုးသည်က ကျွန်တော့်မိန်းမသည် အမေ့ကို 'အမေ'ဟု ခေါ်ကာ သူ့ကိုယ်သူ 'သမီး'ဟု ပြောဆို သုံးနှုန်းသည့်တိုင် အမေက သူ့ကို 'ညည်း' တစ်ခွန်း၊ 'ငါ'တစ်ခွန်း ပြောခြင်းဖြစ်သည်။ အိမ်တွင် မွေးထားသော ကြောင်မကလေးကိုမူ အမေက 'သမီး' ဟုခေါ်နိုင်သည်။ ချွေးမ လူစင်စစ်ကိုတော့ အမေ့ခမျာ 'သမီး' မခေါ်နိုင်ရှာ…။

မိသားစု တစ်စုနှင့်တစ်စု ဆိုသည်က အနေအစား၊ အကြိုက် စရိုက် တူဖို့ ခဲယဉ်းသည်ကလည်း တစ်ပြဿနာ…။ သည်ကြားထဲ အမေ့ အတိုက်အခိုက်ကို မခံရဲသော ကျွန်တော့်မယားသည် အမေ့ကို တတ်နိုင်သမျှ ခပ်ရှောင်ရှောင်နေသည်။ ယုတ်စွဆုံး မနက်မိုးလင်းလျှင်ပင် သူနိုးသည့်တိုင် ကျွန်တော် မထသေးလျှင် မထရဲသည့်အဖြစ်…။

သည်မှာတင် အမေက မနက် မိုးမလင်းခင် ထတဲ့ပြီး အိမ် တံခါး

http://www.cherrythitsar.org



ပေါက်တွေ၊ ပြူတင်းပေါက်တွေကို တဝုန်းဝုန်း ဖွင့်သည်။ ပြီးလျှင် တရားခွေကို အော်ကြီးဟစ်ကျယ် ဖွင့်သည်။ အဲ... ပြီးလျှင်တော့ သူ့အိပ်ရာထဲ သူပြန်ဝင်ကာ တခေါခေါနှင့် အိပ်တတ်သူဖြစ်သည်။

သည်မှာတင် မိန်းမနှင့် တစ်ပြဿနာ တိုးလာသည်။ မိန်းမက ချွတ်ခြုံအသံလေးနှင့်ပင် နိုးလွယ်သူ။ နေကြသည်က ၁၂ပေခွဲ၊ ပေ၅၀ အခန်းကျဉ်းလေးမှာဆိုတော့ အမေလှုပ်တာနှင့်ပင် မိန်းမမှာ တနိုးထဲ နိုးနေတော့၏။

ဒါကို အမေ့အားပြောပြ၊ တောင်းပန်တော့ 'ငါ့အိမ်ပေါ် ငါနေတာ တောင် လွတ်လွတ်လပ်လပ် မနေရဘူး...' ဟု ပြောလေသည်။

**၁၁။**

တစ်နေ့ညတွင် ကျွန်တော်အိပ်မောကျနေခိုက် မိန်းမက လှုပ်နှိုးသဖြင့် နိုးလာသည်။ နိုးသည်နှင့် ကြားလိုက်ရသည်က အမေ့အသံ...

'မအေ(-)တွေ...၊ ဖေ(-)မတွေ...၊ ငါ့ အိမ်ပေါ်တက်လာပြီး ငါ့ကို ဒုက္ခပေးကြတယ်။ ငါ့အိမ်မှာ ငါနေချင်သလို မနေရဘူး။ အကုန်လုံး ကာလနာတိုက်ပြီး သေချင်းဆိုးနဲ့ သေကြပါစေတော်...၊ ဟို မအေ(-) လည်း ငါအခု ခံစားနေရသလို မခံစားရပါစေနဲ့လို့ ငါဆုမတောင်းနိုင်ပေါင်။ ငါခံစားရသလို သင်းပြန်ပြီး ခံစားရပါစေ။ သင်းကို ကိုယ်ရောစိတ်ပါ နှိပ်စက် ညှဉ်းဆဲမယ့်သူတွေ ပေါ်လာပါစေ။ သင်း ဒုက္ခရောက်တာကို ငါမသေခင် မျက်ဝါးထင်ထင် မြင်သွားပါရစေ...'

ကျွန်တော့်အတွက်ကတော့ ရိုးနေပြီဖြစ်သော အမေ၏ ကျိန်စာများဖြစ်သည်။ ကားနှင့်သွား ကားတိုက်၍၊ ရထားနှင့်သွား ရထားမှောက်၍၊ လေယာဉ်နှင့်သွား လေယာဉ်ပျက်၍ အသေဆိုးနှင့် သေပါစေဟု ကျွန်တော့်အား ကျွန်တော့်အမေ(အရင်းခေါက်ခေါက်)က အကြိမ်များစွာ ကျိန်စာတိုက်ခဲ့ဖူးပါသည်။ အိမ်ထောင်ပြုမိခဲ့အပြီးတွင် အမေ၏ကျိန်စာအရေးအတွက် ပို၍ ပို၍ စိပ်လာခဲ့သည်။

**လက်တွဲဖော်**

http://www.cherrythitsar.org



အခုလည်း အော်ကြီးဟစ်ကျယ် ရွတ်ဖတ်သရဇ္ဈာယ် နေပြန်ပါလေပြီ။ မိန်းမသည် မခံနိုင်လွန်း၍ အသားများ ဆတ်ဆတ်တုန်နေ၏။ ကျွန်တော်က လေသံမျှသောအသံဖြင့် မိန်းမကို 'ရွှေပြည်အေး' တရား ကြိတ်ပြီး ဟောနေရသည်။

*သည်းခံ တကာမကြီး... သည်းခံ... သည်းခံ...*

၁၂။

သည်းမခံနိုင် ကြတော့သည့် အဆုံးမှာတော့ ချွေးမနှင့် ယောက္ခမတို့၏ ပေါက်ကွဲမှုကြီး စတင်ပါလေတော့သည်။ အမေက ခုနစ်သံချီကာ ချွေးမနှင့် သားတို့၏ ငယ်ကျိုးငယ်နာကို အရပ်က မကြား ကြားအောင် ဖော်ထုတ်ပါလေသည်။

ချွေးမနှင့်သား၏ အားနည်းချက်များကိုပင်လျှင် အသံကုန် ဟစ်ကာ အရပ်အား တိုင်တည်လေတော့ရာ ကျွန်တော့်မှာ သေချင်လောက်အောင် စိတ်ညစ်ရလေ၏။

ကျွန်တော့်မိန်းမကလည်း အလွန်စိတ်ကြီးပြီး ရှူးရှူးဒိုင်းဒိုင်းဖြစ်လွယ်သည့်အမျိုး။ ဒေါသအလွန်ကြီးသည့်အမျိုး။ သူ ဒေါသဖြစ်လျှင် ရှေ့ရှေ့နောက်နောက် ဆင်ခြင်စဉ်းစားခြင်း မလုပ်တတ်တော့သည့်အမျိုး။

လက်ခုပ်ဆိုတာကလည်း နှစ်ဖက်တီးမှ မြည်သည်။ ပြဿနာတစ်ခု ပေါက်ကွဲကြပြီဆိုကတည်းက နှစ်ဖက် သည်းမခံနိုင်ကြ၍သာ ဖြစ်ကြသည်။ ဘယ်သူမှားသည်။ ဘယ်သူ မှန်သည်ဟု ကျွန်တော် မပြောလို။ တောင်ငူကလည်းတောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင်သာဖြစ်လိမ့်မည်၊ ကြားထဲက အနေခက်သူကား ကျွန်တော်...။

ကျွန်တော် ဖြစ်စေချင်သည်က အမေက လူကြီးပီပီ အလျှော့ပေး၊ ညှာတာဖို့ပဲ ဖြစ်သည်။ သို့သော် ကျွန်တော့်အမေသည် ထိုသို့မဟုတ်၊ သူ့အစ်ကို ကျွန်တော့်ဦးကြီး ပြောသလိုပင် ဖြစ်၏။

http://www.cherrythitsar.org



"မင့်အမေက အသက်သာ တစ်နှစ်ထက် တစ်နှစ် ကြီးလာတာကွ…၊ စိတ်ကတော့ တစ်စက်မှ အရွယ်ရောက်လာတာ မဟုတ်ဘူး"ဟူသတည်း။

ဇာတ်ပေါင်းသော် ကျွန်တော်နှင့် ကျွန်တော့်မိန်းမသည် အမေ့အိမ်ပေါ်မှ ဆင်းရလေတော့သည်။ အမေကလည်း နှင်ချသည်။ မိန်းမကလည်း သည်အိမ်ပေါ်မှာ တစ်မိနစ်၊ တစ်စက္ကန့်သော်မျှ မနေချင်ဟု ဆိုသည်။

ကျွန်တော့်အတွက်ကလည်း ကြားထဲကအနေရခက်လှပြီ။ ဖြစ်ချင်တော့ သည်အချိန်မှာ မိန်းမက မပေါ့မပါးဖြစ်စ…။ သည်တော့လည်း ဆံထုံး နောက် သျှောင်ပါခြင်းအားဖြင့် ကျွန်တော် လူပီသလိုက်ရပါတော့သည်။

၁၃။

ပြဿနာ ဖြစ်လိုက်ရခြင်း၏ အကျိုးကျေးဇူးကား ကြီးမားလှပါဘိ။

ကျွန်တော်သည် မျက်နှာမငယ်လှသည့်တိုင် ယောကက္ခမ အိမ်ပေါ်သို့ တက်ရသော သမက်ဖြစ်သွားရပါသည်။ ယောကက္ခမအိမ်သည် မြို့လယ် ကောင်မှ ဆယ်မိုင်မျှ ကွာဝေးသော အရပ်တွင် တည်သည်။ ထိုအချိန်တွင် ကျွန်တော့်မှာ ရုံးဝန်ထမ်း အလုပ်တစ်ခုကိုလည်း ရနေခဲ့ပြီဖြစ်ရာ နေ့စဉ် ရုံးတက်၊ ရုံးဆင်းသည် ကျွန်တော့်အတွက် ဒုက္ခတစ်ခု ဖြစ်လာရပါပြီ။

မြို့ထဲရှိ အမေ့အိမ်မှာ နေစဉ်တုန်းကတော့ ရုံးသို့ ခြေလျင် ချီတက်ရုံမျှ ဖြင့် ငါးမိနစ်သာသာတွင် ကိစ္စပြီးသည်။ ယောကက္ခမအိမ်မှမူ အနည်းဆုံး တစ်နာရီ ကြိုမထွက်နိုင်လျှင် ရုံးသို့ အချိန်မီ မရောက်နိုင်ပါလေတော့…။

ရုံးဆင်းသည်နှင့် ကျွန်တော်၏ ဝိုင်းကျူရှင်က ရှိနေပြန်သေးရာ အမေ့ အိမ်သို့ တစ်ခေါက် ဝင်ရသေးသည်။ (အခန့်မသင့်လျှင် အမေ၏ မေတ္တာပို့ ကိုန်စာများကို နာရသေးသည်။) အမေ့အိမ်တွင် စုထားသော ဝိုင်းသင်တန်း များကို သင်စရာရှိတာ သင်ပေးပြီးသည့်နောက်တွင်ကား နေရောင်ကွယ် လေပြီ။

ည ရှစ်နာရီကျော်၊ ကိုးနာရီ နီးပါး၊ မိုးစုတ်စုတ်…။ သည်အချိန်မှာ

**လက်တို့ဖော်**

http://www.cherrythitsar.org



လိုင်းကားကို အားကိုး၍ မရတော့။ ထိပ်ခေါင်တင် ဈေးပေးရသော အငှား ကြားကားများနှင့် ဇနီးမယားရှိရာ အပြေးအလွှား ပြန်ရသည်။

ဆိုလိုချင်သည်ကတော့ အမေနှင့် မယားတို့ကတော့ သူတို့ဒေါသနှင့် သူတို့၊ သူတို့မာနနှင့် သူတို့၊ ပေါက်ကွဲချင်တိုင်း ပေါက်ကွဲ၊ ရန်ဖြစ်ချင်တိုင်း ဖြစ်လိုက်ကြပြီး သူတို့ဘာသာသူတို့ မကြေနိုင်မချမ်းနိုင် ရှိနေကြသည်။ တကယ်တမ်း သည်ပေါက်ကွဲမှုတွင် သားကောင်ဖြစ်ရလေသူကား ကျွန်တော်။ ဒုက္ခအလုံးစုံကို ရင်ဆိုင်တွေ့ရသူက ကျွန်တော်။ ကျိန်စာသင့်ရသူက လည်း ကျွန်တော်…။

သြော်…

၁၄။

ဖတ်ဖူးကြားဖူးသည့် 'မဟောသဓ' ဇာတ်တော်ထဲမှ ဝတ္ထုတစ်ပုဒ်ကို သတိရ နေမိသည်။

ဘီးလူးမက လူယောင်ဖန်ဆင်းလာကာ မွေးကင်းစ သားငယ်ကို ခိုးယူ သည့် ဇာတ်လမ်း…။

လူမိသွားသောအခါ ထိုဘီလူးမက သူ၏ကလေးပါဆိုသဖြင့် ကလေး ၏ အမေအရင်းနှင့် လုကြသည့် ပြဿနာ…။

ထိုပြဿနာက မဟောသဓထံ ရောက်သွားသည်တွင် မင်းမဟော်က ဘီလူးမနှင့် အမေအရင်းကို တစ်ဘက်စီမှနေစေကာ ကလေးကို အပြိုင်ဆွဲ စေသည်။ ပါအောင် ဆွဲနိုင်သူ ယူစေဟူသော သဘောနှင့်။ ထိုသို့ သူတင် ကိုယ်တင် ဆွဲကြသောအခါတွင် ဘီလူးမက အတွင်းအားပါ ထည့်သုံးသည်။ သူ့အတွက် သည်ကလေးမှာ စားစရာသာ ဖြစ်လေသည်မို့ ဘာမှ ညှာတာ နေစရာ မလိုသည်အမှန်…။

အမေရင်းခမျာမှာတော့ မိမိ၏ရင်သွေးကလေး နာရှာပေမည်ဆိုသော အတွေးနှင့် အားစိုက်မဆွဲတော့ဘဲ အသာလွှတ်ပေးလိုက်သည်။ သည်တွင်မှ

http://www.cherrythitsar.org



ပညာရှိမဟောသဓက အမေအရင်း မည်သူဆိုတာကို ဆုံးဖြတ်ပေးလိုက်သော ဇာတ်···။

ဖတ်လို့လည်း ကောင်းခဲ့ဖူးသည်။ နာလို့လည်း ကောင်းခဲ့ဖူးသည်။

၁၅။

ကျွန်တော့်မိန်းမသည် ဘီလူးမ မဟုတ်မှန်း ကျွန်တော် သေချာသိသလို အမေလည်း သိနေလေမည်မှာ ယုံမှားဖွယ် မရှိပါ။

သို့ရာတွင်···

အမေ့အာရုံပုံရိပ်တွင် အနီးကျွန်တော့်မယားအရင်းခေါက်ခေါက်၊ အမေ့ ချွေးမ အရင်းခေါက်ခေါက်ကြီးသည် ဘီလူးမထက်ပင် အသက်ဝင်နေပုံရ နေလေတော့သည် တမုံ့။

ကျွန်တော့်ကို အလွန်ချစ်ခဲ့ဖူးသော ကျွန်တော့်မေမေ၊ ကျွန်တော့်အား ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှသည် လူဖြစ်သည်အထိ မွေးကျွေး သုတ်သင်ခဲ့သော ကျွန်တော့်မေမေ···။ ထိုအမေ အရင်းခေါက်ခေါက်သည် ချွေးမနှင့် တကယ်တမ်း သူတင်ကိုယ်တင်ယှဉ်ပြီး သားကိစ္စအခြေတည် သောအခါ သားကလေး နာရှာပေတော့မည်ဟု တွေးမိဖို့ အမေ့ကြီးမေ့သွား ခဲ့ဖူးသည်ကတော့ ကျွန်တော့်ဇာတ်အရ သေချာနေသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။

၁၆။

လောလောဆည်မှာတော့ မဟောသဓ ပညာရှိကိုသာ ကျွန်တော် တွေ့လိုက် ချင်စမ်းပါဘိတော့သည်။

♥ ♥ ♥

http://www.cherrythitsar.org

# ဝတ္ထုနောက်မှာ ပြောချင်တာ

ဤဝတ္ထုကို အမေ တရားဝင်ဖတ်ပြီးမှ မဂ္ဂဇင်းထဲသို့ ထည့်ရန် ကြိုးပမ်းခဲ့ပါသည်။ ပထမတစ်စောင်တုန်းက ထည့်မည့်ဆဲဆဲတွင် မဂ္ဂဇင်းရပ်သွားခဲ့သည်။ ဒုတိယ တစ်စောင်ကို ပို့တော့ စာတည်းချုပ် ကဗျာဆရာကြီးက အစဉ်အလာသမားကြီး ဖြစ်နေသဖြင့် ပယ်သည်။

'ရှေ့ပြေးမဂ္ဂဇင်း'နှင့်ကျမှ အဆင်ပြေတော့သည်။ တကယ်တမ်း ၁၉၉၃ခု အောက်တိုဘာလထုတ် ရှေ့ပြေးမဂ္ဂဇင်းမဂ္ဂဇင်းထဲ ပါလာတော့ အမေ ဒေါသူပုန် ထသည်။ အစကတည်းက အမေဖတ်ခဲ့ပြီး ဘာမှမဖြစ်ခဲ့လို့ မဂ္ဂဇင်းသို့ ပို့လိုက်ခြင်းဖြစ်သည်။ သို့သော် မဂ္ဂဇင်းထဲ ပါလာပြီးနောက် အမေ့ကို ဟိုလူက သွေးထိုး သည်လူက သွေးထိုးနှင့်၊ နည်းနည်းပါးပါး ဆွပေးလိုက်ကြသောအခါ ကျွန်တော် အဆဲခံရလေသည်။


ထိုအချိန်က ထိုစိတ်နှင့် ရေးခဲ့သော ဝတ္ထုဖြစ်ပါသည်။ ကျွန်တော့်ဘဝ ဖြစ်ရပ်မှန်ကို အရင်းအတိုင်း ဖော်ပြခြင်းလည်းဖြစ်လေသည်။ လူတိုင်းတွင် သူ့အကြောင်းနှင့်သူ ရှိသလို၊ ထိုအကြောင်းများကို အခြေခံပြီးလည်း ရှုမြင် သုံးသပ်ပုံတွေလည်း တစ်နည်းတစ်ဖုံကွဲပြားနေမည်သာဖြစ်ပါသည်။ လိပ်ပြာ၏ အမြင်ကို တီကောင်က ဘယ်လိုမှ နားလည်ပေးနိုင်မည်မဟုတ်မှန်းလည်းသေချာသည်။

အလားတူပင်၊ ထိုမှ ဆယ်နှစ်အကြာသော ယနေ့ကာလ၊ စိတ်ပညာကို အတော်အတန် တီးမိခေါက်မိလာသောအခါတွင် အမေ့ငယ်ဘဝဒဏ်ချက်ပြင်းပြင်း **(childhood trauma)** ကို ရိပ်စားမိလာရသည်နှင့်အမျှ၊ အမေ့ကုသိုလ်၊ ကျွန်တော့်ကုသိုလ်၊ ကျွန်တော်တို့သားအမိနှင့် ထဲထဲဝင်ဝင် ထိစပ်ပတ်သက်ရသူ အပေါင်းတို့၏ ကုသိုလ်ကြမ္မာကိုလည်း မြင်လာခဲ့ရလေပြီတကား။

**လက်ထပ်ဖော်**

http://www.cherrythitsar.org

မေတ္တာဒွဲ့ (ဖုသမီ)



http://www.cherrythitsar.org

# မေတ္တာဘွဲ့ (မူသစ်)

၁။

လက်တွင်ပတ်ထားသောနာရီကို ကြည့်လိုက်သည်။

ဖြောရီတိတိ။ နာရီကြိုးကို ဖြုတ်လိုက်ပြီး ခုတင်ဘေးမှ စားပွဲငယ်ပေါ် လှမ်းတင်လိုက်သည်။ ထို့နောက် ခြင်ထောင်ကို အသာအယာ မပြီး ခုတင်ပေါ်တက်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သမီးငယ်၏ ပါးဖောင်းဖောင်းလေးကို တစ်ချက် ငုံ့နမ်းလိုက်သည်။

ခုတင်၏ဟိုမှာဘက်အစွန်တွင် အိပ်နေသူ 'မရွှေမိ' သည်ဘက်လှည့်လာသည်ကို သူ မြင်လိုက်သည်။ 'မရွှေမိ' ကို သူ ကြည့်သည်။ 'မရွှေမိ' သည် သူ့ကို မျက်ထောင့်နီနှင့် စားမတတ် ဝါးမတတ် ရဲရဲစူးစူးကြည့်နေလေသည်။

သူမျက်လုံးလွှဲလိုက်ပြီး အိပ်ရာပေါ်သို့လှဲချလိုက်သည်။ သမီးနှင့် သူ့ကြားရှိ ခွေါင်းအုံးကိုယူကာ တစ်ဘက်သို့စောင်းမည် ပြင်လိုက်စဉ် 'မရွှေမိ' အသံ ထွက်လာသည်။ မာမာထန်ထန်။

'ဒါ ဘာလုပ်မလို့လဲ'

သူ ပြန်ဖြေသည်။ အေးအေးပျော့ပျော့။

'အိပ်မလို့လေ'

'မအိပ်ရဘူး'

'ကိုယ် သိပ်ကို အိပ်ချင်နေပြီ မိလေးရယ်'

ပြောပြောဆိုဆို သူတစ်ဖက်သို့ စောင်းလိုက်သည်။ ခွေါင်းအုံးကို ဖက်ကာ သူအိပ်ရန်ပြင်သည်။ 'မရွှေမိ' ဆတ်ကနဲ ထထိုင်သည်။ သမီးငယ်ကို ပွေ့ပြီး နေရာရွှေ့သည်။ လွတ်သွားသော သမီး၏နေရာသို့ပြောင်းထိုင်ပြီး

**လက်ကျဲဖော်**

http://www.cherrythitsar.org



သူ့ပခုံးကို ဆွဲလှည့်သည်။ သူသည် ခွခေါင်းအုံးကို ဖက်လျက်သား အနေအထားဖြင့်ပင် ပက်လက်။

'ရှင် လုံးဝ မအိပ်ရဘူး…'

'သိပ်အိပ်ချင်နေလို့ပါ မိန်းမရယ်…'

'မရဘူး၊ ပြော… ရှင်ဘယ်ကောင်မနဲ့ တစ်ညလုံး သွားအလေလိုက်နေလဲ…'

'ဟာ… မဟုတ်တာတွေကွာ၊ ဟိုကောင်တွေ အတောမသတ်ကြလို့ မိုးလင်းသွားတာပါ'

စကားအဆုံးတွင် တစ်ဘက်သို့ ပြန်စောင်းပြီး အိပ်ရန် ပြန်ပြင်သည်။ မအောင်မြင်။ 'မရွှေမိ'က သူ့ပခုံးကို တွန်းထားသည်။

'လုပ်မနေနဲ့။ ဘယ် အရက်သမားမှ မိုးအလင်း မသောက်ဘူးဆိုတာ ကျွန်မ နားလည်တယ်။ ဘယ်ညေ့ခံပွဲမှလည်း မိုးအလင်းညေ့မခံဘူး။ ရှင် ဘယ်တွေ သွားနေလဲ…'

'နိုးတော့ ပြောပြမယ်ကွာ၊ ဟုတ်ပြီလား…'

'မရဘူး၊ မရဘူး။ ရှင် ကျွန်မစိတ်ကို သိတယ်မဟုတ်လား…'

'မရွှေမိ' အသံက ပိုကျယ်လာသည်။ ပက်လက်အနေအထားဖြင့်ပင် သူခေါင်းကုတ်သည်။

'ခက်တာပဲ မိလေးရယ်၊ ကိုယ်ပြောတာလည်း မယုံဘူး…'

'မရွှေမိ'က နှုတ်ခမ်းများကို မဲ့လိုက်သည်။

'ယုံစရာကောင်းတာကိုး၊ ရှင့်ဆီက အရက်နံ့နဲ့အတူ တထောင်းထောင်းထွက်နေတဲ့ ရေမွှေးနံ့က ယုံစရာကောင်းတာကိုး…'

သူအနည်းငယ် ထိတ်ပြာသွားသော်လည်း ချက်ချင်းပင် ဖြေရှင်းချက်ထုတ်သည်။

'မိလေးကလည်းကွာ၊ ကိုယ် အာ့ဖ်ထာရှေ့ဗ်(မုတ်ဆိတ် ရိတ်ပြီးစတွင် သုတ်လိမ်းသော ရေမွှေး) အသစ်သုံးတာ နှစ်ရက်ပဲ ရှိသေးတဲ့ဟာကို…'

**လက်တွဲဖော်**

http://www.cherrythitsar.org



'မရွှေမိ' ၏နှုတ်ခမ်းများ ရွဲ့စောင်းသွားကြပြန်သည်။

'လုပ်မနေနဲ့၊ ရှင့်အာဖ်ထာရှေ့ဗ်နံ့နဲ့ ခုရှင့်ဆီကရတဲ့အနံ့နဲ့ တခြားစီ...'

*သည်မိန်းမ ဒိုဘာမင်နဲ့များစပ်ထားသလားမသိ၊ အနံ့ခံ တယ်ကောင်း*

ဟု အောင့်တောင့်တောင့် တွေးရင်း သူ ငြိမ်နေလိုက်သည်။ သူ ငြိမ်သော်လည်း 'မရွှေမိ' က မရပ်နား။

'ကဲ... ပြော၊ ရှင် ဘယ်မိန်းမနဲ့ သွားအလေလိုက်နေလဲ...'

'မဟုတ်ရပါဘူးဆိုကွာ။ ကဲပါ၊ ရန်ဖြစ်ချင်သပဆိုလည်း နောက်မှဖြစ်၊ ကိုယ် အခု အရမ်းအိပ်ချင်နေလို့ပါ မိန်းမရယ်။ တောင်းပန်ပါတယ်ကွာ...'

သူ နူးနူးညွတ်ညွတ် ပြောမိရသည်။ တကယ်လည်း တကယ်။ သူ အရမ်း နုံးချိပြီး အိပ်ချင်လှပြီ၊ မျက်လုံးတွေကလည်း ဖန်ပြီးစပ်နေလေပြီ။

'ရှင်လုံးဝမအိပ်ရဘူး၊ မနေ့ညနေက ရှင့်ကို ကျွန်မဘာပြောထားလဲ...'

သူ ချက်ချင်းစဉ်းစား၍ မရနိုင်သေးသဖြင့် ခဏငြိမ်နေရသေးသည်။ ပြီးမှ...

'သြော်... မိလေးကို ဈေးပို့ပေးဖို့...'

'ဟုတ်တယ်...'

'ပို့ပေးမယ်လေ၊ ပြန်လာမှ အိပ်တာပေ့ါ၊ မိ မျက်နှာသွားသစ်လေ...'

'ပြန်လာရင်လည်း မအိပ်ရဘူး၊ ရှင် သည်နေ့တစ်နေ့လုံး အိပ်ကို မအိပ်စေရဘူး...'

'ဟာ! ဘာလို့လဲ မိလေးရယ်...'

'ဈေးကပြန်လာပြီးရင် ကျွန်မမှာ တခြားသွားစရာတွေ ရှိသေးတယ်'

သည်မိန်းမတော့ သူ့ကိုတစ်ရစ်ပြီးတစ်ရစ် 'ကြပ်'နေပြီဆိုတာကို သူ သိလိုက်သည်။ ငါးနှစ်လုံးလုံး ပေါင်းလာခဲ့သည့်မိန်းမမို့ သည်မိန်းမ ပြောသည့်အတိုင်း လုပ်တော့မည်ဆိုသည်ကိုလည်း သူကောင်းကောင်းကြီးကို သိနေရပြန်သည်။

သူ တော်တော်လေး စိတ်ညစ်လာပြီ။ အိပ်ရာမှ သူ ထလိုက်သည်။

**လက်ကျဲဖော်**

http://www.cherrythitsar.org



ခြင်ထောင်ကို မပြီး ထွက်ရန်အပြင်တွင် 'မရွှေမိ'က သူ့အင်္ကျီ ပခုံးစကို လှမ်းဆွဲရင်း မေးသည်။

'ဒါက ဘယ်သွားမလို့လဲ?'

'ဘယ်မှမသွားပါဘူး မိလေးရယ်၊ မိလေးကို ဈေးလိုက် ပို့ပေးမလို့လေ။ ကဲ… မိလေးလည်း ထ၊ မျက်နှာသစ်ချေ…'

၂။

'မရွှေမိ'ရေချိုးခန်းထဲ ဝင်သွားချိန်တွင် သူဟင်းချပြီး ကားဂိုဒေါင်ဆီသို့ သွားသည်။ ခြံစောင့်သူငယ်လေးက သူ့ကို ဂိုထောင်တံခါးဖွင့်ပေးသည်။ ကားထဲ ဝင်ထိုင်လိုက်ပြီး စက်နှိုးလိုက်ချိန်တွင် သူငယ်လေးက ခြံတံခါးကို သွားဖွင့်နေလေပြီ။

အကြံတစ်ချက် လက်ခနဲရသည်။ ကားကို မောင်းထွက်လိုက်ပြီးသည်နှင့် သူမရပ်တော့။ တစ်ခါတည်းပင် ခြံဝိုင်းထဲမှ ထွက်လာခဲ့ရတော့သည်။

သူ့ခေါင်းကလည်း တဆက်တည်းမှာပင် အလုပ်လုပ်နေလေသည်။ သည်အချိန်ဆို'ထား'တစ်ယောက် သူ့သူငယ်ချင်း 'ဥမ္မာ'တို့ အိမ်မှာပင် ရှိနေလေချိမ့်ဦးမည်။ အခကြေးငွေပေးပြီးပြောလို့ရသော တယ်လီဖုန်း ရှိနိုင်ရာ အနီးဆုံး နေရာကို စဉ်စားကြည့်သည်။ ထိုနေရာမှ 'ထား'ဆီ ဖုန်းဆက်ရမည်။

၃။

'ကို့မေမေအိမ်ကို ထားလိုက်လို့ ဖြစ်ပါ့မလား ကိုရယ်…'

'ဖြစ်ပါတယ်ထားရဲ့… မေမေ့အိမ်လောက် စိတ်ချရတဲ့ နေရာမရှိဘူး။ မေမေနဲ့ မရွှေမိနဲ့က အကြီးအကျယ် ပြဿနာ တက်ထားကြတော့ အဲသည်ကို ဘယ်လိုနည်းနဲ့မှ မရွှေမိ လိုက်လာမှာမဟုတ်ဘူး။ ပြီးတော့ မေမေ့အိမ်ကိုလည်း ကိုယ်သွားလိမ့်မယ်လို့ မရွှေမိ လုံးဝတွေးမှာကို မဟုတ်ဘူး'

http://www.cherrythitsar.org



'ဒါတော့ ဒါပေါ့ ကိုရယ်၊ ဒါပေမယ့် ကို့မေမေက ထားကို ဘယ်လို ထင်မလဲ…'

'ကိစ္စမရှိပါဘူး ထားရယ်… မေမေက အရမ်းကို နားလည်မှုရှိပါတယ် ထားရဲ့'

သူကားစက်သတ်လိုက်သည်။ သော့တံကို ဆွဲဖြုတ်ရင်း 'ကဲ… ထား၊ ဆင်း' ဟု သူပြောလိုက်သည်။ သူ့ဘက်မှ ပြတင်းမှန်ကိုတင်လိုက်ပြီး သူ ကားထဲမှ ထွက်သည်။ ကားတံခါးကို သော့ချပြီး သူပိတ်လိုက်သလို ထားကလည်း သူ့ဘက်မှ တံခါးကို ပိတ်လိုက်သည်။

အိမ်ဖော်မလေး ဖွင့်ပေးသော သံဘာဂျာတံခါးအတိုင်း အိမ်ထဲသို့ လှမ်းဝင်လိုက်ချိန်တွင် အိမ်အတွင်းခန်းမှ ထွက်လာသော မေမေ့ကို သူတွေ့ သည်။ သူ့နောက်တွင် ကပ်ပါလာသော 'ထား' ကို မြင်သောအခါ မေမေ မျက်လုံးဝိုင်းသွားသည်။ သူ ဖိနပ်ချွတ်လိုက်သည်။ ခပ်လောလော။

ချက်ချင်းပင် မေမေ့အပါးသို့ သူရောက်သွားရလေသည်။ လေသံ သာသာဖြင့် မေမေ့ကို သူ ပြောရပြီ။

'ဘာမှစိတ်မပူပါနဲ့မေမေ၊ သားပြီးတော့ အားလုံးရှင်းပြပါ့မယ်။ ခုတော့ သားတို့ တစ်ညလုံး တစ်မှေးမှ မအိပ်ရသေးလို့ အိပ်ချင်လို့ မေမေ့အိမ် လာအိပ်တာပါ၊ လောလောဆယ် သည်လောက်ပဲ နားလည်ပေးပါနော်… မေမေ'

'ငါ့သားတော့ လုပ်ချလိုက်ပြန်ပြီ' ဟူသောအကြည့်နှင့် သူ့ကို မေမေ တစ်ချက်ကြည့်သည်။ သူ 'ထား' ဘက်သို့ လှည့်လိုက်တော့ 'ထား' က သူ့ ခွာမြင့်ဖိနပ်အဖြူ ကြိုးသိုင်းကလေးကို ခဲခဲယဉ်းယဉ်း ချွတ်ပြီး သူ့ ကြိုးကြာသားရေဖိနပ်နှင့် ယှဉ်လိုက်ပြီးစ ဖြစ်သည်။

'ထား… ဒါ ကိုယ့်မေမေလေ။ မေမေ… ဒါ 'ထား' တဲ့။ ကျွန်တော် တို့ ကုမ္ပဏီရဲ့ ဗခခသကညအညေအ (စာရင်းကိုင်)ပေါ့။ ထားက ရှေ့လထဲမှာ အမေရိကားကို အပြီးအပိုင် သွားတော့မှာလေ…'

**လက်ဆွဲဖော်**

http://www.cherrythitsar.org



လိုအပ်သည်ထက်ပိုပြီး အသေးစိတ်ပြောပြကာ မေမေ့ကို 'ထား' နှင့် မိတ်ဆက်ပေးလိုက်သည်။ 'ထား' က ခပ်အမ်းအမ်းရှိနေသော်လည်း မေမေ က ဖော်ဖော်ရွေရွေပင် ပြုံးပြီး…

'အေး…အေး၊ နေကြ… နေကြ၊ အေးအေးဆေးဆေး နားကြပေါ့ ကွယ်။ ဟိုကလေးမလေးလည်း အေးအေးဆေးဆေးသာ နား။ သူ့မိန်းမနဲ့ အန်တီနဲ့က အကြီးအကျယ် ဖြစ်ထားကြတာဆိုတော့ သည်အိမ်ကို သူ့မိန်းမ လိုက်မလာမှာ သေချာတယ်။ သူ့မိန်းမက အန်တီ့ကို ကမ္ဘာပေါ်မှာ မကြည့် ချင်၊ မမြင်ချင်ဆုံးလေ၊ အေးအေးဆေးဆေးသာ နေကြ…'

'ထား' က အသံတိမ်တိမ်ဖြင့် 'ဟုတ်ကဲ့ပါ… အန်တီ' ဟု ပြောကာ သူ လူပျိုဘဝက နေခဲ့သော အိပ်ခန်းသို့ သူတို့ဝင်ခဲ့ကြသည်။

သည်အခန်းမှာ 'မရွှေမိ' နှင့်လည်း မင်္ဂလာဦးတစ်နှစ်တွင် နေဖြစ်ခဲ့ကြ သေးသည်။ 'မရွှေမိ' နှင့်မေမေ အကြီးအကျယ် ရန်မဖြစ်ကြခင်အထိပေါ့။ သမီးယောက္ခမနှစ်ယောက် ငြိမ်းချမ်းစွာ အတူရန်စောင်စဉ်ကဟုပဲ ပြောရ မလား၊ ရန်လိုစွာ အတူယှဉ်တွဲနေထိုင်ကြစဉ်ကဟုပဲ ပြောရမလားတော့မသိ။ ထိုစဉ်က သည်အခန်းမှာပင် သူတို့ နေဖြစ်ခဲ့ကြသည်။ သမီး ယောက္ခမ ဘောက်ကျ ပေါက်ကွဲပြီးသည့်နောက်မှာတော့ သူသည် ပထမတော့ ယောက္ခမအိမ်သို့ ခိုရသေးသည်။ နောက်တော့ ယခုနေသော အိမ်ကလေးကို ငှားဖြစ်ပြီး နေဖြစ်လာခဲ့ကြသည်။

သူ့အခန်းကို မသုံးဘဲ ထားသဖြင့် ဖုန်အလိမ်းလိမ်း၊ အခန်းထဲတွင် သူလူပျိုဘဝကအိပ်သော တစ်ယောက်အိပ် ခုတင်ကို ခင်းထားသည်။ တစ် ယောက် အိပ်ခုတင်ဆိုပေမင့် တစ်ယောက်ခွဲစာ ခုတင်မျိုးမို့ နှစ်ယောက်တော့ ကောင်းကောင်း အိပ်နိုင်မည်ပဲ။ ခုတင်ပေါ်မှ ဖုန်များကိုခါရန် နံရံတွင် ချိတ်ထားသော ကြက်မွေးကို သူ ယူသည်။ 'ထား' က ကြက်မွေးကို သူ့ လက်မှ ယူရင်း…

'ဘယ်နေရာကိုခါရမလဲ ကို…'

http://www.cherrythitsar.org



'ခုတင်ကိုပဲ ခါလိုက်ပါ ထားရယ်၊ ကိုယ် ဖျာနဲ့ခေါင်းအုံးတွေ သွားယူလိုက်ဦးမယ်…'

သူ့စကားကို မေမေ ကြားဟန်တူသည်။ အပြင်မှ လှမ်းပြော၏။

'အဲသည့် အခန်းထဲက ဗီရိုထဲမှာ ခေါင်းအုံးတွေရော စောင်တွေရော ရှိတယ်။ သင်ဖြူးက အဲသည့် ဗီရိုဘေးမှာ ထောင်ထားတယ် သားရေ…'

'ဟုတ်ကဲ့ မေမေ'ဟု သူ လှမ်းပြောရင်း ဗီရိုရှိရာသို့ ခြေရွှေ့သည်။ 'ထား'က သူ့ကို ခပ်တိုးတိုး လှမ်းပြောသည်။

'အိမ်ပေါက်ဝမှာ ထားဖိနပ်ကလေး ထားခဲ့တယ် ကို၊ အဲဒါ ထားသွားသိမ်းလိုက်ရင် ကောင်းမယ်ထင်တယ်နော်…'

'ထားလိုက်ပါကွာ၊ ကိစ္စမရှိပါဘူး၊ သည်အိမ်ကို ဘယ်သူမှ လာမှာမှ မဟုတ်တာ၊ ထားကလည်း ပူမနေစမ်းပါနဲ့…'

သူဗီရိုဖွင့်ပြီး ခေါင်းအုံးများကိုထုတ်ယူနေစဉ် 'ထား'ကလည်း ဗီရိုဘေးမှ သင်ဖြူးဖျာကို ဆွဲယူလိုက်လေသည်။

နတ်တော်ဆန်းစ နံနက်ခင်းပေမင့် မေမေအိမ်ရိပ်မို့လို့လားတော့ မသိ။ ဖုန်အလိမ်းလိမ်းနှင့် သူ့အခန်းလေးသည် နွေးထွေးနေ၏။

၄။

နားထဲတွင် စကားပြောသံလိုလို ကြားရသည်။ တစ်စုံတစ်ယောက်က သူ့လက်မောင်းကို လှုပ်နေသည်။

'ထ ကို…၊ ထ… ထ' ဟူသော 'ထား'အသံကို ကြားရသည်။ လေသံမျှဖြစ်သော်လည်း 'ထား'အသံက လှုပ်လှုပ်ခါခါနိုင်လှသည်။ သူနိုးလာသည်။ အပြင်ဘက်မှ မေမေ၏'သားရေ'ဟု ဆင့်ကာ ခေါ်သံကိုလည်း သူကြားလိုက်သလို ကလေးတစ်ယောက်ငိုသံကိုပါ သူကြားရသည်။

သမီးလေး အသံ… *မြတ်စွာဘုရား…*

သူ ချက်ချင်းထထိုင်လိုက်ပြီး 'လာပြီ… မေမေ' ဟု အသံပြန်ပေး

http://www.cherrythitsar.org



လိုက်သည်။ ကစဉ့်ကလျားဖြစ်သွားသော စိတ်ကို အတတ်နိုင်ဆုံး ပြန်လည်စုစည်းလိုက်ရင်း ကြမ်းပေါ်သို့ သူခြေချသည်။

'ထား'ကို တစ်ချက်လှည့်ကြည့်တော့ 'ထား'က သူ့ကို အားပေးပြုံးတစ်ပြုံးခပ်ယဲ့ယဲ့ပေးနေသည်။ သူ ပုဆိုးကို ပြင်ဝတ်လိုက်ပြီး အပြင်ခန်းသို့ထွက်လိုက်သည်။

အပြင်ရောက်ရောက်ခြင်း သူ့မျက်လုံးက ဖိနပ်ချွတ်သို့ အရင်ရောက်သည်။ သူ့ကြိုးကြာဖိနပ်၊ 'မရွှေမိ'ကတ္တီပါဖိနပ် ကြက်သွေးရောင်၊ သမီးငယ်၏ ကွင်းစွပ်ကြိုးသိုင်းဖိနပ်များကိုသာ သူတွေ့သည်။ 'ထား'၏ ကြိုးသိုင်း ဖိနပ်ဖြူကို မတွေ့ရ။

သူ တည်ငြိမ်စွာ ရင်ဆိုင်နိုင်သည့် အနေအထားသို့ ရုတ်ချည်း ရောက်သွားပြီ။ 'မရွှေမိ'သည် သူ့ကိုကျောပေးပြီး ထိုင်နေ၏။ မေမေ့အား သူ၏လူမဆန်မှု အပေါင်းကို သာသာထိုးထိုးလေးတိုင်တည်နေသံကို သူနားခံရင်းသူတို့ ထိုင်နေရာသို့ သွားသည်။

နံရံပေါ်မှနာရီကို သူ လှမ်းကြည့်သည်။ မနက် ကိုးနာရီသာသာပဲရှိသေးသည်။ နှစ်နာရီခန့်ပဲ အိပ်ရသေးပေမင့် လူက လန်းလန်းဆန်းဆန်းကြီးဖြစ်လို့နေသည်။

၅။

'ဟဲလို…'

'မေမေလား၊ သားပါ…'

'သြော်…၊ ပြော သား…'

'ထား ပြန်သွားပြီလား မေမေ…'

'အင်း… ပြန်သွားပြီ။ အိမ်က ကားနဲ့ပဲ လိုက်ပို့ ပေးလိုက်တယ်။ ကောင်မလေးက ရည်ရည်မွန်မွန်လေးရယ်၊ မင့်နှယ်ကွာ သူများသားပျိုသမီးပျိုလေးကို…'

လက်ဆောင်

http://www.cherrythitsar.org



'ထားပါတော့ မေမေရယ်၊ ဘဝမှာ တစ်ချို့ကိစ္စတွေက မကြံစည် မရည်ရွယ်ပေမယ့် သူ့အလိုလို ဖြစ်ကုန်တတ်ကြတာပါဗျာ…'

'တော်စမ်းပါကွာ၊ မင့်ဟာမင်း အကျင့်တန်တာကို ဘဝကြီးနဲ့ ချိုပြီ မနေစမ်းပါနဲ့။ မင့်မှာလည်း သမီးနဲ့၊ သားနဲ့၊ ဆင်ခြင်ဖို့ ကောင်းနေပြီ မောင်ရေချမ်း…'

'ဟုတ်ကဲ့ပါ မေမေရာ…'

'မင့်ပြောလိုက်ရင် ဟုတ်ကဲ့ချည်းပဲ။ ပြီးတော့မှ ထင်ရာစိုင်းတဲ့အကျင့် ယုတ်…။ ဒါနဲ့ မေးရဦးမယ်။ အိမ်ပြန်ရောက်တော့ရော မင့်မိန်းမနဲ့ အဆင် ပြေရဲ့လား'

'ပြေပါတယ် မေမေ။ မေမေ့ကို သား ကျေးဇူးတင်ပါတယ်'

'ဘာကို ကျေးဇူးတင်တာလဲ…'

'ထား ဖိနပ်ကလေးကို နေရာရွှေ့ပေးထားလို့ပေါ့…'

'ခွေးတိရစ္ဆာန်၊ အဲဒါ နင့်ကို မေတ္တာရှိလွန်းလို့ နင်နဲ့ အလိုတူ အလိုပါ မို့လို့မဟုတ်ဘူးဆိုတာ နားလည်၊ ငါ့မြေးလေးတွေ မိတကွဲဖတကွဲနဲ့ ဖြစ်မှာ စိုးလို့ ငါ့မှာ လူကြီးတန်မယ့်နဲ့ အလိုတူအလိုပါ လုပ်လိုက်ရတာဟဲ့ ခွေး ကောင်ရဲ့…'

♥ ♥ ♥

## ဝတ္ထုနောက်မှာ ပြောချင်တာ

ထုံးစံအတိုင်း တကယ့်အဖြစ်အပျက်ကို အခြေခံပြီးမှ အပြောက် အမွမ်း အနည်းငယ် ဖြည့်ကာ ရေးလိုက်သော ဝတ္ထုတိုလေးဖြစ်ပါ သည်။

၁၉၉၄ခု ဖွန်လထုတ် မဟေသီဂျဖင်းတွင် ထိုဝတ္ထုပါလာတော့မှ ကျွန်တော့် အိမ်သူမှာ ထိုအချိန်က အမေ့အိမ်ထဲတွင် နောက် အမျိုး သမီးတစ်ယောက် ရှိနေခဲ့မှန်း သိသွားပါသည်။ အမေနှင့် ကျွန်တော့် အိမ်သူတို့၏ ပြတ်တောက်နေသော ဆက်ဆံရေးသည်လည်း ယင်း ဖြစ်ရပ်ပေါ် ပေါက်ပြီး နောက်ပိုင်းတွင် ပြန်လည် ကောင်းမွန်လာခဲ့ ပါသည်။


ထုံးစံအတိုင်းပင်၊ သည်ဝတ္ထုနောက်မှာလည်း ဂယက်ကလေး တွေ ပွက်ခဲ့ပါသေးသည်။ ဖန်တီးမှုတစ်ခုကို လူတိုင်းလက်ခံနိုင်ရန်မှာ မမျှော်လင့်စကောင်းသောအရာဖြစ်ပေသည်။ သံသရာတွင် ချစ်ခြင်း မုန်းခြင်း မကင်းသကဲ့သို့ပင် ဖန်တီးမှုတိုင်းမှာလည်း လက်ခံခြင်း၊ လက်မခံခြင်းများ ရှိနေသည်မှာ သဘာဝပင် ဖြစ်ပါသည်။

ကျွန်တော့်လုပ်ရပ်၊ ကျွန်တော့်အနေအထိုင်၊ ကျွန်တော့် ငါ တကော ကောမှု အားလုံးအတွက် ကျွန်တော့်ကိုယ်ကျွန်တော် သိပ် ဘဝင်မကျလှသော်လည်း ဤဝတ္ထုလေးကို ရေးဖြစ်ခဲ့ခြင်းနှင့် ကျွန် တော်၏ ရိုးသားပွင့်လင်းမှု ဖြောင့်မတ်မှုအတွက် ရေးသားခဲ့စဉ်က လည်း မိမိဘာသာ ကျေနပ်အားရနေမိခဲ့သလို ယခု ပြန်လည် စုစည်း ချိန်တွင်လည်း ကျေနပ်အားရနေဆဲပင်ဖြစ်ပါသတည်း။

**လက်ထပ်ပေါ်**

http://www.cherrythitsar.org

# ဖက်ဒွလုံး



http://www.cherrythitsar.org

# ဖက်ခွလုံး

ကျွန်တော့်အား 'ဖက်ခွလုံးရှည်'ကလေးနှင့်စတင် မိတ်ဖွဲ့ပေးသူမှာ ကျွန်တော်၏ ချစ်ဇနီး 'မိ'သာဖြစ်လေသည်။

တချို့က သူ့ကို'ဖက်ခေါင်းအုံး'တဲ့။ တချို့က 'ခွခေါင်းအုံး'တဲ့။ တချို့တွေကကျပြန်တော့ 'ခြေတင်ခေါင်းအုံး'ဆိုပဲ။

မည်သို့ပင် ခေါ်ခေါ်၊ ထိုအခေါ်အဝေါ်များ တစ်ခုမှ မမှန်ပေ။

'ခေါင်း'ဆိုသောဦးခေါင်းနှင့် မည်သို့မျှ မပတ်သက်ဘိသကဲ့သို့ 'အုံး'ခြင်း၊ သို့တည်းမဟုတ် မှီခြင်းကိုလည်း မခံရသောကြောင့် 'ခေါင်းအုံး' ဟူသော ဝေါဟာရနှင့် တွဲပေးလိုက်သမျှ ဘယ်လိုမှကို မမှန်နိုင်တော့ပေ၊

'မိ'ကမူ သူ့ကို 'ဖက်လုံး'ဟု ခေါ်သည်။ ဒါကလည်း တစ်ဝက်သာမှန်သည်။ တကယ်က သူ့ကိုဖက်ရုံတင်မကဘဲ ခွချင်လျှင်လည်း ခွတတ်ကြမြဲဖြစ်သောကြောင့် သူ့အသုံးတည့်ပုံအတိုင်း 'ဖက်ခွလုံး' ဟုခေါ်မှသာလျှင် လုံးဝ မှန်ပေလိမ့်မည်၊

ထို့ကြောင့် ကျွန်တော်ကတော့ သူ့ကို 'ဖက်ခွလုံး'ဟုသာ ခေါ်ပါသည်။

- - -

ထိုဖက်ခွလုံးသည် ကျွန်တော့် ဖွားဘက်တော် မဟုတ်ခဲ့သည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ သူ့ရှိမှန်းသိသည့်တိုင် သူနှင့် ကျွန်တော် အကြောင်းမသင့်သဖြင့် ပတ်သက်ရင်းနှီးခွင့် မကြုံခဲ့သည်မှာ အနှစ်၃၀ကျော် ကြာပါသည်။

ကျွန်တော့်အဖေနှင့် အမေတွင် ဖက်ခွလုံး အသုံးပြုသောဓလေ့ မရှိကြ

http://www.cherrythitsar.org



သည်က စရပါမည်။ သူတို့သုံးကျင့်မရှိတော့ သူတို့သားဖြစ်သည့် ကျွန်တော် လည်း သုံးခွင့် မကြုံတတ်နိုင်ခဲ့ပါ။

ပိုဆိုးသည်က ကျွန်တော့် မွေးသဖခင် ကျေးဇူးရှင် 'ကိုတယူသန်' (ခေါ်) 'ဦးတလွဲတွေး'ပင် ဖြစ်ပါသည်။

ဖက်ခွလုံးဝေးစွ၊ မွေ့ရာနှင့် အိပ်ခွင့်ပင် အဖေက ကျွန်တော့်ကို မပေး ခဲ့ပါ။ နူးညံ့အိစက်သောမွေ့ရာသည် အကြင်လူပျိုပေါက်၏ သွေးသားကို ဆူပွက်ဆာလောင်စေသည်ဟူသော အယူအဆကို လက်ကိုင်ထားသောအဖေ့ ကြောင့် ကျွန်တော်သည် လူပျိုဖော် မဝင့်တဝင်အရွယ်ကတည်းက မွေ့ရာနှင့် အိပ်စက်ခွင့်ကို (အသားလွတ်ကြီးပင်) ဆုံးရှုံးခဲ့ရပါသည်။

အဖေ မရှိတော့မှ ကျွန်တော့်ခမျာ မွေ့ရာနှင့်၊ ဘာနှင့် ပြန်အိပ်ရပါ သည်။ သို့တိုင်အောင် ဖက်ခွလုံးတော့ မပါပါ။

အမေကတော့ အဖေ မရှိတော့သည့် နောက်ပိုင်းတွင် (အဖေ့ကိုယ်စား လားတော့မသိ) ဖက်ခွလုံးတစ်လုံးကို သူ့အိပ်ရာထဲသို့ ခေါ်လာခဲ့သည်ကို တွေ့ရပါ၏။ သို့တိုင်အောင် ကျွန်တော်ကတော့ ဖက်ခွလုံးကို တတောင့်တတ မရှိခဲ့ဖူးပါ။

---

မိနှင့်ကျွန်တော် လက်ထပ်ရန် ပြင်ဆင်ကြသောအခါ မိက 'ဖက်ခွလုံး'ကို ထည့်လာပါသည်။ ဖက်ခွလုံးမပါလျှင် လုံးဝမအိပ်တတ်ပါဟုဆိုသော မိကို ကျွန်တော် ကောင်းကောင်း ဟားလိုက်ပါသည်။ (ဒါလည်း သူ့မိဘနှင့် ဆိုင်သည်။ သူ့ဖအေကို မဆုံဖူးလိုက်သော်လည်း သူ့မအေကြီးကမူ ဖက်ခွလုံး ကို မက်မက်ခြိုက်ခြိုက် ရှိလှသည်မှာ ကျွန်တော့်အမြင်လေ။)

ထို့ကြောင့် မင်္ဂလာဦး အိပ်ရာခမ်းနားဝယ်စဉ်က...

'ဖက်ခွလုံးကို မိလိုချင်ရင်တော့ ထည့်ဝယ်လေ။ ကိုယ့်အတွက်တော့ ထည့်မဝယ်နဲ့၊ ကိုယ် ဝါသနာမပါဘူး...'ဟု မိကို ပြောခဲ့ပါသည်။

**လက်တွဲဖော်**

ထို့ကြောင့် ကျွန်တော်တို့မွေ့ရာခမ်းနားတွင် မွေ့ရာတစ်ချပ်၊ ခေါင်းအုံး နှစ်လုံး၊ ခြင်ထောင်တစ်လုံးနှင့် ဖက်ခွလုံးတစ်လုံးသာ ပါခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ၊ မိနှင့် လက်ထပ်လိုက်သည့်အတွက် ဖက်ခွလုံး တစ်လုံး ကတော့ ကျွန်တော်(တို့)အိပ်ရာထဲသို့ အလွယ်တကူ ချဉ်းနင်းလာခဲ့ သည်လည်း အမှန်ပင် ဖြစ်ပါသည်။

– – –

ညားခါစအိပ်ရာဝင်မှာ အနှီဖက်ခွလုံးသည် ကျွန်တော်တို့ လင်မယား ကြား တွင် အတော် ခလောက်ဆန်နိုင်ခဲ့သည်။ မိက အိပ်ရာထဲရောက်သည်နှင့် တစ်ပြိုင်နက် ဖက်ခွလုံးကိုသာ ဆွဲယူ ပွေ့ဖက်၊ ခွတက်တတ်မြဲဖြစ်သည်။

ဖက်ခွလုံးနှင့်ယှဉ်လာလျှင် ကျွန်တော်သည် မိ၏လင်ငယ် ဖြစ်ဖြစ်နေ တတ်ပါသည်။ ဖက်ခွလုံးကသာ မိ၏လင်ကြီးဖြစ်သည်ဟု မိကိုလည်း ကျွန်တော် မကြာခဏ စကားနာ ထိုးဖူးသည်။ ကြာတော့ ထိုဖက်ခွလုံးကို ကျွန်တော် မုန်းထားမနာလိုတော့ပါ။

– – –

သည်ကြားထဲက ဘယ်လိုက ဘယ်လိုဖြစ်သွားသည်မသိ။

အိမ်ထောင်သက်တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါးကြာသောအခါ ကျွန်တော် သည် ညတိုင်ကျလျှင် မိနှင့်ဖက်ခွလုံးလုရသည့် အလုပ်တစ်လုပ်ကို ရလာပါ သည်။

'အစကတော့ ရှင်ပဲ ဖက်လုံးနဲ့ အိပ်တာ ဝါသနာမပါဘူးဆို…'

မိက ထိုသို့ပြောကာ ကျွန်တော့်ရင်ခွင်ထဲ ရောက်ရောက်နေတတ်သော ဖက်ခွလုံးကို အတင်းပြန်လုတတ်ပါသည်။

သူနှင့် ကျွန်တော် လင်မယား အရင်းကြီးပင်ဖြစ်လင့်ကစား ဖက်ခွလုံး ကိုတော့ သမဂ္ဂါယမစနစ်နှင့် မျှဝေခံစားခြင်း မပြုနိုင်သည်လည်း အမှန်ပင် ဖြစ်ပါသည်။

သည်လိုနှင့် နောက်ဆုံးတွင် မိက ကျွန်တော့်အတွက် ဖက်ခွလုံး

http://www.cherrythitsar.org



နောက်တစ်လုံးကို အိပ်ရာထဲသို့ ခေါ်သွင်းလာခဲ့ရပါတော့သည်။

---

မိ၏ဖက်ခွလုံးရောဂါသည် ကျွန်တော့်ကို ကူးစက်လာခဲ့သလို ကျွန်တော်တို့မှ ဖြစ်လာသော သမီးနှင့်သားတို့မှာလည်း မွေးရာပါရောဂါဟုပင် ထင်ရလောက်အောင် စွဲကပ်လာသည်ကို တွေ့ရသည်။

မစွဲကပ်ပဲ ခံနိုင်ရိုးလား…

ကလေးများ မွေးဖွားပြီး အိမ်ပြန်ရောက်သည်နှင့် သူတို့ အရပ်ကလေးတွေနှင့် လိုက်ဖက်သော ဖက်ခွလုံးလေးများကို သူတို့၏အမေနှင့်အဖွားက ဖန်တီးပေးကြပေသကိုး။

ခုတော့လည်း လက်တောက်လောက်သာ ရှိသေးသော သားတော်မောင်ကလည်း သူ့အရွယ် ဖက်ခွလုံးနှစ်လုံး ဘယ်ညာ ခြံရံကာ အိပ်တတ်သည်။ လေးနှစ်သာသာသာ ရှိသေးသော သမီးငယ် 'ဘုတ်ဆုံမ'ကလည်း မိ၏ ဖက်ခွလုံးကို လုတတ်လာသည်။

သူ့အရပ်နှင့် လိုက်ဖက်သော ဖက်ခွလုံးကို မိက သီးသန့်ပေးထားသည့်တိုင် သမီးသည် သူ့မအေ၏ ဖက်ခွလုံးကိုသာ တမက်တမော ရှိလှသည်။

ထို့ကြောင့် မိသည်သူ့သမီးအတွက်နောက်ထပ်ဖက်ခွလုံး(လူကြီးဆိုက်) တစ်လုံးကို ထပ်မံဝယ်ယူရပြန်တော့သည်။

---

ပြဿနာက မိအမေ အိမ်လာအိပ်သည့် တစ်ညတွင် စပါသည်။

အဖွားကြီးသည်အိပ်ရာထဲရောက်သည်နှင့် ဖက်ခွလုံးကို တောင့်တတောင်းဆိုပါတော့သည်။

မိက အိပ်ပျော်နေသော သမီးငယ်၏ ရင်ခွင်ထဲမှ ဖက်လုံးကို ယူပေးလိုက်ရန် ချက်ချင်းကြံပါသည်။ *(တော်တော်လည်းဟုတ်တဲ့မိန်းမ။ ပေးခြင်းပေး သူ့ဟာ ပေးလိုက်ပေါ့။)*

**လက်တို့ဖော်**

http://www.cherrythitsar.org



'မိကလည်းကွာ၊ သမီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကို။ မိရဲ့ ဖက်ခွလုံးပဲ အမေ့ကိုပေးလိုက်ပေါ့…'

'ပေးနိုင်ပေါင်တော်… မိမှ ဖက်လုံး မရှိရင် မအိပ်တတ်တဲ့ဟာကို…'

'ပေးလိုက်ပါမိရယ်၊ ကိုယ့်ဖက်ခွလုံးကို သည်တစ်ည မိယူအိပ်ပေါ့၊ ကိုယ်က ဖက်ခွလုံး မရှိလည်း အိပ်တတ်ပါတယ်၊ သွား… မိဟာသာ ပေးလိုက်…'

သူ့အတွက် အစားရဖို့ သေချာသွားတော့မှ မိလည်း သူ့အမေကို ကြည်ဖြူသွားပါသည်။ သူ့ဖက်ခွလုံးကို သူ့အမေအား တစ်ညတာ ကျေကျေနပ်နပ် ငှားလိုက်ပြီး သူကိုယ်တိုင်ကမူ ကျွန်တော့်ဖက်ခွလုံးကို မိမိရရ၊ တစ်တစ်ခွကာ စက်တော်ခေါ်ပါလေတော့သည်။

---

ဓာတ်ပေါင်းသော် ထိုညက ကျွန်တော်လုံးဝအိပ်မပျော်နိုင်တော့ချေ၊

ကျွန်တော့် ရင်ခွင်ထဲမှာ၊ ကျွန်တော့်ပေါင်အောက်မှာ တစ်ခုခုလစ်ဟာနေသလို၊ တစ်စုံတစ်ရာ လိုအပ်နေသလို။ ဟိုဘက် စောင်းလိုက်၊ သည်ဘက် လှိမ့်လိုက်၊ မှောက်လိုက်၊ လှန်လိုက်…။

နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြသောသမီးငယ်နှင့် ဇနီးသည်တို့၏ ရင်ခွင်များထဲမှ ဖက်ခွလုံးတစ်လုံးလုံးကို ဆွဲယူလိုက်ချင်စိတ်တွေကို ကြိတ်မှိတ်မျိုသိပ်။ မျက်လုံးတွေကို ဇွတ်မှိတ်။ အိပ်လို့ကတော့ ဘယ်လိုမှမရ။

ကျွန်တော့်ကိုယ် ကျွန်တော် မကျေနပ်။

'ဘယ့်နှယ့်ကွာ… အနှစ်၃၀လုံးလုံး ဖက်ခွလုံးမဲ့ဘဝမှာ ကျင့်သားရခဲ့ဖူးပါလျက်ကနဲ့ ခုတော့မှပဓာကြောင့် ကျွန်တော် မနေတတ်၊ မအိပ်နိုင်ဖြစ်နေရပါသလဲ…

'ကြည့်စမ်း၊ နှစ်အနည်းငယ်လောက်သာ ဖက်ဖူး၊ ခွဖူးလိုက်ရုံနှင့် ကျွန်တော် ကောင်းကောင်းကြီး အရသာ သိသွားပါပကောလား၊ ဘုရား… ဘုရား…

**လက်ကျဲဖော်**

http://www.cherrythitsar.org



'ဟင်… ဒါဆို မိလို နှစ်ပေါင်း များစွာ ဖက်ခဲ့၊ ခွခဲ့သူ တစ်ယောက် အဖို့ ဖက်ခွလုံးကို အာသာ ငမ်းငမ်း၊ တတမ်းတတနှင့် အလွတ်မပေးချင် တော့တာဟာ သဘာဝပါကလား၊ မြတ်စွာဘုရား…'

ကျွန်တော်သည် မိ၏ ဖက်ခွလုံးအာသာကို ပထမဆုံး အကြိမ်အဖြစ် ကိုယ်ချင်းစာကာ ထောက်ညှာမိသွားရလေပြီ။ သို့သော်လည်း အိပ်ပျော်ခြင်း သည်ကား ကျွန်တော့်ထံ လုံးဝကို ရောက်မလာနိုင်တတ်သေးပေ။

လင်းလုလုအခိုက်တစ်တံ့တွင် မိသည်ဖက်ခွလုံးမှခွာကာ တစ်ဖက်သို့ လှည့်စောင်းသွားသည်ကို တွေ့လိုက်၏။ မိမှ ဟိုတစ်ဘက်သို့ ပြည့်ပြည့် မလှည့်မိသေးခင်တွင်ပင် ကျွန်တော်သည် မိ ယာယီစွန့်ခွာသွားသော ဖက်ခွ လုံးကို တမ်းငင်တွယ်မက်စွာဖြင့် ဆွဲယူဖက်ခွလိုက်မိရပါတော့သည်။

ယင်းသည်၏ နောက်တွင်ကား နာရီပေါင်းများစွာကတည်းက ကျွန် တော့်အပါးတွင် ရစ်ဝဲနေသော အိပ်ပျော်ခြင်းဟူသည့်အရာသည် ကျွန်တော့် ထံ မြန်မြန်သာသာ ရောက်လို့လာပါတော့သည်။

– – –

အကယ်တွန့်…

ကျွန်တော့်အား ဖက်ခွလုံးရှည်ကလေးနှင့် စတင်မိတ်ဖွဲ့ပေးသူမှာ ကျွန်တော်၏ ချစ်ဇနီး 'မိ'သာ ဖြစ်လေသည်။

♥ ♥ ♥

**လက်တွဲဖော်**

## ဝတ္ထုနောက်မှာ ပြောချင်တာ

သရဖူမဂ္ဂဇင်းကို ရေတမာစာပေမှ ကိုကျော်သန်းနှင့် ကိုကျော်ဇင်တို့ နှစ်ဦး တွဲဖက်လုပ်ကိုင်နေစဉ်၊ ကဗျာဆရာတစ်ဦးက စာတည်းချုပ်အဖြစ် ဆောင်ရွက်နေချိန်တွင် ရေးခဲ့သောဝတ္ထုဖြစ်ပါသည်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလထုတ် သရဖူ မဂ္ဂဇင်းတွင် ဖော်ပြ ပါရှိပါသည်။ ထိုစဉ်က ကျွန်တော့်မှာ ယာဉ်တိုက်မှုဖြစ်ပွားပြီးစ ဒဏ်ရာကြီးနှင့်၊ အိပ်ရာထက် ပက်လက်လဲနေခိုက်။

ကိုမျိုးမြတ်သူက ကျွန်တော့်ကို အမေးအဖြေ လာလုပ်ရင်းမှ သရဖူမဂ္ဂဇင်းနှင့် စတင်ထိတွေ့ခဲ့ရပါသည်။ ကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ်ကလေးကို ဆန့်ထုတ် လိုက်သောအခါ လူ့စရိုက်အဖွဲ့ ဝတ္ထုတိုကလေးဖြစ်လာခဲ့လေသည်။ ထိုစဉ်က ဖတ်မိသူတိုင်း ညြဘာပေးကြသော ဝတ္ထုလေးအဖြစ် မှတ်မိနေပါသေးသည်။

တစ်ဆက်တည်းမှာပင် ဓမ္မာရုံလမ်းက ပုံနှိပ်စက်များကြားက သရဖူရုံးခန်းကလေး၊ ကိုကျော်သန်းနှင့် ကိုကျော်ဇင်မည်သော သူငယ်ချင်းနှစ်ယောက်၊ ကွယ်လွန်သွားပြီဖြစ်သော ကဗျာဆရာတစ်ဦးတို့ကိုလည်း အောက်မေ့နေမိပါသည်။


တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာကို ကျွန်တော်တို့ထဲက မည်သူတစ်ဦးတစ်ယောက်မှ လွန်ဆန်နိုင်စွမ်း မရှိခြင်းကို ပိုမိုသေချာစေသော အောက်မေ့မှုမျိုးလည်း ဖြစ်ပါတော့သတည်း။

**လက်ထဲပေါ်**

http://www.cherrythitsar.org



# တောလေဂဏန်းငါးလုံးတွဲ



http://www.cherrythitsar.org

# တေလေ ဂဏန်း ငါးလုံးတွဲ

**နိဒါန်း ၁**

ဘယ်လိုက ဘယ်လို စကားစပ်မိသွားသည်မသိ။ ကျွန်တော် ဦးထိန်ဝင်းကို ပြောမိသွားရသည်။

'သည်လို အပြောမျိုးလေးတွေကြောင့်လည်း အစ်ကို့ကို မိန်းကလေးတွေက အသည်းစွဲနေတာပေါ့ . . .'

ဦးထိန်ဝင်း ရယ်သည်။ ရယ်ရင်းက ကျွန်တော့်ကို စကားပြန်သည်။

'မလုပ်နဲ့ အစ်ကိုရေ့။ ကျွန်တော်က ပါးစပ်နဲ့သာ လျှောက်နှောက်နေတာ၊ ဘာမှ အဖြစ်ရှိတာ မဟုတ်ဘူး . . .'

ကျွန်တော်တို့နှစ်ယောက်တွင် ဦးထိန်ဝင်းက ကျွန်တော့်ထက် အသက်အတန် ကြီးသော်လည်း သူက လူတကာကို 'အစ်ကို' ခေါ်ကာ အမြဲတစေ ဖော်ရွေပျူငှာလေ့ရှိပြီး မိတ္တဗလဋီကာကို ကြေညက်သူဖြစ်လေသည်။ ကျွန်တော် ကိုယ်တိုင်ကလည်း သူ့လောက် မညက်လှသည့်တိုင် မိတ္တဗလသဘော

http://www.cherrythitsar.org



တရားများကို နှံ့စပ်သူဖြစ်သည့်အားလျော်စွာ သူ့နယ်ပင် လူတကာကို 'အစ်ကို'ခေါ်ပြီး ဆက်ဆံရန် ဝန်လေးသူမျိုး မဟုတ်ပြန်ပေ။

သို့ဖြစ်ရာ ကျွန်တော်တို့နှစ်ယောက် ပြောဆိုသည့် စကားပြောခန်းများကို ပြန်လည်ရေးသားတင်ပြရာတွင် 'အစ်ကို'များ ထောင်းထောင်းထနေခဲ့သော် သရုပ်မှန် သဘောတရားများနှင့် သမပြီး ချိန်ထိုးကာ နားလည်ပေးကြပါမည့်အကြောင်း စာဖတ်သူအပေါင်းအား ဤနေရာမှ ကြိုတင်နှိုးဆော်အပ်ပါသည်။

ကျွန်တော်က အကြမ်းပန်းကန်လုံးထဲသို့ ကရားထဲမှ ရေနွေးကြမ်းကို ထပ်ဖြည့်လိုက်ရင်း ဦးထိန်ဝင်းထံမှ စကားဆက်ကို စောင့်နေလိုက်သည်။ သူ့လေသံဟန်ပန်အရ စကားက မဆုံးတတ်ချင်သေး။

'ကျွန်တော့်ဗျာ... ဟိုတလောဆီက မိန်းမတစ်ယောက် ဖုန်းဆက်နေလို့ ဒုက္ခကိုရောက်လို့။ အိမ်က မိန်းမနဲ့ကလေးတွေ ရှေ့လည်း သည်ဖုန်းက ဝင်လာလို ဝင်လာနဲ့၊ တော်တော် မချောင်တာ အစ်ကိုရေ့...'

'ဟုတ်လား၊ လုပ်စမ်းပါဦး၊ ဘယ်က အမျိုးသမီးလဲဗျ...'

သူ့ကို စကားထောက်ရင်း သည်လူကြီး ၄၀ကျော်မှ ကံက ပေါ်နေပါလားဟု တွေးလိုက်၊ ကျိုကျိုတက်သူမို့ ဗိုင်းဗိုင်းလည်နေတာဖြစ်မှာဟု တွေးလိုက်နှင့်၊ တစ်ယောက်တည်း ဖယားရှုပ်နေမိသည်။

'နေဦးဗျ၊ သည်ဇာတ်က အစက စပြောမှ ကောင်းမှာဗျ...၊ အစ်ကို အချိန်ရတယ် မဟုတ်လား...'

'သိပ်ရတာပေါ့ အစ်ကိုရယ်၊ လုပ်စမ်းပါဦး...'

သည်စကားကိုတော့ မိတ္တဗလစွမ်းရည်ကြောင့် ပြောဖြစ်သွားသည် မထင်ပေ။ အကယ်တန္တျ၊ ဇာတ်လမ်းတစ်ပုဒ်၏အစိက ဇာတ်ပို့တစ်နေရာမှာ တယ်လီဖုန်းတစ်လုံး ပါလာကတည်းက ထိုဇာတ်ကို ကျွန်တော်မှ စိတ်မဝင်စားလျှင် ကမ္ဘာကြီးခများ လုံးနေရာက ပြားသွားသည့်နှယ်သာ ရှိချိမ့်မည်။

**လက်ဖျဲ့ဖော်**

http://www.cherrythitsar.org



နိဒါန်း ၂

သည်လို အစ်ကိုရ…၊ တစ်နေ့မှာ ကျွန်တော် ဆိုက်(worksite)ထဲ ရောက်နေတုန်း ကျွန်တော့်ခါးမှာ ချိတ်ထားတဲ့ ဆယ်လျူလာတယ်လီဖုန်းက မြည်လာတယ်။ ဒါနဲ့ ကျွန်တော် ထူးလိုက်တော့ မိန်းမသံတစ်သံ ကြားရတယ်။

'ဦးမောင်မောင်လေးနဲ့ ပြောချင်လို့ပါ'တဲ့။ အသံက အောအော၊ လွင်လွင်ဗျ။ ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ အဲသည့်အသံကို ဆစ်ပိုင်းနေမိရင်းက 'ခင်ဗျာ'လို့ အာမေဋိတ်လိုက်မိရတယ်။

'ကိုမောင်မောင်လေးလား…'

'မဟုတ်ဘူးခင်ဗျ၊ ကျွန်တော် ထိန်ဝင်းပါ…'

'ရှင်…'

'ကျွန်တော် ထိန်ဝင်းပါ။ အဲသည့်က ဘယ်ကို ဆက်တာပါလဲ…'

'ဝ၉-၅၅၄၁၂ကလား ရှင်…'

'နံပါတ်ကတော့ မှန်ပါတယ် ခင်ဗျ…၊ ဒါပေမယ့် သည်ဖုန်းက ကျွန်တော်ထိန်ဝင်းရဲ့ ဖုန်းပါ…'

'ရှင်… ဦးမောင်မောင်လေးဖုန်း မဟုတ်ဘူးလား၊ မြားနတ်မောင်ကုမ္ပဏီက ဦးမောင်မောင်လေးလေ…'

'မဟုတ်ဘူးခင်ဗျ…'

'ဩော်… ဆောရီးနော်၊ ဆူးကို စိတ်မရှိနဲ့ အစ်ကိုရယ်… နော်'

ပြောရရင်တော့ အစ်ကိုရေ… ကျွန်တော့်မှာ စိတ်မရှိမိတဲ့အပြင် သူ့ပြောပုံ ဆိုလက်ကြောင့် စိတ်တောင် နည်းနည်းလှုပ်ရှားသွားတယ်ဗျ။ နေဦး… မရယ်နဲ့ဗျ၊ တကယ်ပြောတာ…

အစ်ကို သိတဲ့အတိုင်း ကျွန်တော့် ဘဝက အလုပ်ထဲမှာ နစ်နေတာ။ အပန်းဖြေစရာဆိုလို့ ညနေတိုင်းသောက်တဲ့ ဘီယာလေး နှစ်လုံး၊ သုံးလုံးနဲ့ စီးကရက်တွေနဲ့ပဲ ကျင်လည်နေရတဲ့ဘဝ။ သားတွေ၊ သမီးတွေကလည်း သူ့အရွယ်သူ ရောက်နေကြ၊ မိန်းမကလည်း သူ့အလုပ်နဲ့သူဆိုတော့ ဘာရယ်

http://www.cherrythitsar.org



မဟုတ်ဘူး၊ အဲသည့် တဒင်္ဂလေးမှာ ကျွန်တော် အူရွင်လာတယ်။ ဒါနဲ့ပဲ…

'အဲသည့်က နာမည်က ဆူးတဲ့လား…'

'ဆူဇန်ပါရှင်။ ဆူဇန်ကို အတိုပြောတဲ့အကျင့်ပါနေလို့ ဆူးလို့ ထွက်သွားတာပါ။ အက်စ်၊ ယူ၊ အီး၊ ဆူးပေါ့ အစ်ကိုရယ်…'

'ဟုတ်ကဲ့ခင်ဗျ…၊ သိရတာ ဝမ်းသာပါတယ် မဆူးရယ်…'

'အစ်ကိုက အရမ်းကို ရည်မွန်တာပဲ။ အစ်ကို့ကို ဆူးမြင်ဖူးချင်လို့တောင် လာပြီ…'

'မမြင်ဖူးချင်ပါနဲ့ မဆူးရယ်… မြင်တာနဲ့ မဆူးကျွန်တော့်ကို စိတ်ပျက်သွားမှာ…'

'ဘာလို့လဲဟင်… အစ်ကိုက ရုပ်သိပ်ဆိုးနေလို့လား၊ ကိစ္စမရှိပါဘူး အစ်ကိုရာ၊ ယောကျ်ားဆိုတာ ရုပ်လှဖို့မှ မလိုတာ…'

'ကျွန်တော့်အသားက ကပ္ပလီကတောင် အဘခေါ်ရလောက်အောင် မည်းတယ် မဆူးရဲ့။ ပိုက်ကလည်း ရွဲသေး၊ နှုတ်ခမ်းကလည်း ပြဲတဲ့အပြင် ထော်နေသေး…'

'အစ်ကိုကလည်းနော်… ပေါက်ကရတွေ…'

'တကယ်ပြောတာ မဆူးရဲ့… မဆူးမြင်ရင် စိတ်ပျက်မိမှာပါ…'

'အစ်ကိုက မိန်းကလေးတွေအကြောင်း မသိဘူးနဲ့တူတယ်။ မိန်းကလေးတွေက ရုပ်အလှထက် စိတ်အလှကိုပိုလို့ အလေးအနက်ထားတတ်ပါတယ် အစ်ကိုရယ်…'

'ပြောတဲ့အတိုင်း ဖြစ်လာပါစေလို့ ဆုတောင်းနေရမှာပဲဗျာ…'

အစ်ကို ပြုံးပြီ။ ဟုတ်တယ်ဗျ… အဲသည့်အချိန်က ကျွန်တော့်လျှာ စလစ်(slip) ဖြစ်နေသလား အောက်မေ့မိရအောင်ကို သွက်နေတာ။ နဂိုကတည်းက လျှာသွက်ရတဲ့အထဲ အူကလေးက မြူးနေတော့ ပိုသွက်နေတာပေါ့အစ်ကိုရာ…။ ဒါပေမယ့် သတိကတော့ မလွတ်ဘူးဗျ။

ခုမှ အသံကြားရတဲ့ မိန်းမတစ်ယောက်ကို ကျွန်တော့် ကိုယ်ရေး

http://www.cherrythitsar.org



အချက်အလက်တွေ အစုံအလင် ရွတ်ပြဖို့အထိတော့ ကျွန်တော့်သတိက လွတ်မသွားသေးဘူး။ ဒါနဲ့ တွေ့ကရာတွေ လျှောက်ပြောချလိုက်တာပေါ့။

'သည်ညနေ အစ်ကိုအလုပ်ရှိလားဟင် ...'

သူမေးလိုက်တဲ့ လေယူလေသိမ်းက ဖုန်းနားထောင်နေတဲ့ကျွန်တော့်ကို အရည်ပျော်စေနိုင်ရုံသာမက အငွေ့ဖွဲ့ပြီး မိုးသားကောင်းကင်ပေါ်တက်လို့ သူ့ဘက် လွင့်ပါးသွားချင်လောက်အောင်ကို နှိုးနေတယ်။ ဒါပေတဲ့ အစ်ကိုရေ၊ 'သတိ၊ သတိ' ဆိုပြီး ကျွန်တော့်ကိုယ်ကျွန်တော် ချွန်းအုပ်လိုက်ရင်း ပြန်ဖြေလိုက်ပါတယ်။

'အင် ... သည်ညနေ စက်ရုံက လာတဲ့ ဧည့်သည်တစ်ယောက်ကို ညစာ ကျွေးမယ်လို့ ကတိထားခဲ့မိတယ်။ မဆူးရယ် ...'

'ဒါဆို နက်ဖန်ညနေကျမှ ဆူး ကို့ဆီ ဆက်လိုက်မယ်လေ ...'

'ကျွန်တော် မျှော်နေပါ့မယ် ...'

'အစ်ကိုက အရမ်း အပြောကောင်းတာပဲ။ ဆူး အစ်ကို့ကို အရမ်း ခင်မိသွားပြီ။ ဒါပဲနော် ... ကို'

'ဟုတ်ကဲ့ပါ ...'

'Bye.'

**နိဒါန်း ၃**

'အဲသည့် ဘိုင်းဆိုတဲ့ အသံကိုက ထူးလှတယ် အစ်ကိုရေ့ ...၊ ဘိုင်း ... ယီ ... လို့ ထွက်နေတယ်။ ညာသံအမြင့်စားလေးနဲ့ ...'

ဦးထိန်ဝင်း၏ သကာလောင်းထားသော မျက်နှာပေးကို ကြည့်ရင်း ကျွန်တော်ပါ ရွှင်လာရသည်။ စားပွဲပေါ်မှ သူ့လပ်ခီးစထရိုက်ခ် စီးကရက်ဘူးထဲက တစ်လိပ်ကို ဆွဲထုတ်လိုက်မိချိန်မှာ သူစကားဆက်သည်။

'တိုတို ပြောရရင်တော့ အဲသလိုနဲ့ သူ ကျွန်တော့်ဆီ မကြာမကြာ ဆက်တော့တာပဲ။ တွေ့ဖို့လည်း ခဏခဏ ချိန်းတယ်။ ကျွန်တော့်မှာ အလုပ်

http://www.cherrythitsar.org



များတာကလည်း တစ်ကြောင်း၊ ချက်ချင်းကြီး ပြေးတွေ့လိုက်ရင် မှားကုန်မှာ စိုးတာကလည်း တစ်ကြောင်းကြောင့် လှည့်ပတ် ရှောင်နေရတာပေါ့။ သူက လည်း ဘာဆက်သလဲ မမေးနဲ့။ အချိန်မရှိ၊ အချိန်ရှိတွေ့ဆက်တာ။ အိမ်က သားတော်မောင်လည်း ညဘက် သူအပြင်ထွက်တဲ့အခါ ကျွန်တော့် ဆယ် လျူလာကို တစ်ခါတစ်လေ ယူသွားတတ်တယ်။ အဲဒါ တစ်ခါကျတော့ သားတော်မောင်နဲ့ တိုးနေပါလေရော။ သားအဖချင်းက ရှင်းလို့ရသေးတယ်။ အိမ်က မဒမ်နဲ့ တိုးတဲ့အခေါက်မှာတော့ ကျွန်တော့်ဗျာ... ခေါင်းနားပန်းကို ကြီးသွားတာပဲ။ မနည်းရှင်းယူရတယ်။ လူ့ကို သေချင်စော်နံလို့...'

'သူ့ ပုံပန်းသဏ္ဌာန်ကိုရော အစ်ကို မေးမကြည့်ဘူးလား...'

'ဟား... ဘယ်နေမလဲ အစ်ကိုရာ... မေးတာပေါ့...'

'မေးတော့...'

'မေးတော့ သူက ပြောတယ်။ စိုးမြတ်သူဇာကို မျက်လုံးထဲမှာ မဆိုစလောက် ကလေး ဝကြည့်လိုက်တဲ့။ အဲဒါ သူပဲတဲ့...'

'အလဲ့... တယ်ဆိုပါလား၊ အသက်ကိုရော မေးကြည့်သေးလား အစ်ကို...'

'မေးတယ်၊ မေးတယ်။ ၃၀စွန်းစွန်းဆိုပဲ...'

'အိမ်ထောင်သည်များဖြစ်နေမလား...'

'အဲဒါ ကျွန်တော်လန့်တာပေါ့၊ နေဦး အစ်ကို၊ ကျွန်တော် ဆက်ပြော ပြပါ့မယ်...'

'ကျွန်တော် တော်တော် စိတ်ဝင်စားနေပြီ...'

ကျွန်တော် ထက်ထက်သန်သန် ပြောလိုက်မိသည်။ အမှန်ပင်၊ သူ့ ဇာတ်လမ်းက တခြားသူတွေအတွက်တော့ မည်သို့ရှိလေမည်မသိ။ ကျွန်တော့် အတွက်ကတော့ ကျွန်တော့်အကြောင်းနှင့် ကျွန်တော်မို့ကို အူယားစရာ ကောင်းလှပြီ။

'သည်လိုနဲ့ တစ်ညနေမှာတော့ သူချိန်းတာကိုလာမယ်လို့ ကျွန်တော်

http://www.cherrythitsar.org



ပြောလိုက်တယ်…’

**နိဒါန်း ၄**

သူက ‘ဆုံစည်းရာ’ စားတော်ဆက်က စားပွဲအမှတ်၂၄ကို ညနေ ခြောက်နာရီ အရောက် လာခဲ့မယ်တဲ့။ ကျွန်တော်လည်း လာခဲ့ပါ့မယ်လို့ သူ့ကို စကား ပြန်လိုက်တယ်။

ညနေ ငါးနာရီခွဲသာသာလောက်မှာ ကျွန်တော်တို့ အဲသည့် ‘ဆုံစည်း ရာ’ကို ရောက်သွားကြတယ်။ ကျွန်တော်တို့ဆိုတာက ကျွန်တော်ရယ်၊ နှုတ်ခမ်းမွှေးရယ်၊ စောမြင့်အောင်ရယ်၊ ကိုရဲရယ်၊ အစ်ကို့ မိတ်ဆွေကြီး ဦးတင်အောင်ဝင်းရယ်ပေါ့။ တစ်အုပ်ကြီး…

ဟိုရောက်တော့ ကျွန်တော်တို့က စားပွဲအမှတ်၂၅မှာ နေရာယူလိုက် တယ်။ စားပွဲ၂၄မှာက လူမရှိဘူး။ ကျွန်တော့်ကိစ္စကို အားလုံးကို ပြောပြထား ပြီးသားဆိုတော့ အားလုံးကလည်း အရမ်းကို စိတ်ဝင်စားနေကြတယ်။

ခြောက်နာရီသာသာလောက်ကျတော့ အဲသည့် စားပွဲ၂၄ကို လူငယ် သုံးယောက် လာထိုင်တယ်။ ကျွန်တော့်မှာ မင်းတို့ တခြားမှာ သွားထိုင်ကွာ လို့ သွားပြောလို့ကလည်း မဖြစ်၊ ဟိုကရောက်လာလို့ အားလုံး လွဲချော် ကုန်မှာကလည်း စိုးနဲ့… နည်းနည်း ညစ်သွားတယ်။

ခြောက်နာရီခွဲလောက်ကျတော့ တက်ကြွနေတဲ့ ကိုရဲတို့အုပ်စုကလည်း ‘ခင်ဗျားဟာက လာမှာမဟုတ်တော့တဲ့အတူတူ ကျုပ်တို့ အရက်ပဲသောက် တော့မယ်’လို့ပြောကြတယ်။ ကျွန်တော်ကတော့ ဘယ်လိုပဲ ဖြစ်ဖြစ်၊ သူ ရောက်လာလိမ့်မယ်လို့ ယုံနေတယ် အစ်ကိုရ…။

ခြောက်နာရီ လေးဆယ်ကျတော့ ဆိုင်ထဲကို အမျိုးသမီး သုံးယောက် ဝင်လာတယ်။ ခက်တာက သုံးယောက်စလုံးက စိုးမြတ်သူဇာလို အဆက် အပေါက်မျိုးတွေ ဖြစ်နေတာပဲ။ သူတို့အားလုံးက စားပွဲနံပါတ်၂၄ကို လှမ်း ကြည့်တယ်။ အဲသည့်စားပွဲ မအားတာနဲ့ စားပွဲ၂၃ကို သွားထိုင်တယ်။

ကြက်ဖအူဖော်

http://www.cherrythitsar.org



သုံးယောက်ထဲမှာ ဘယ်ဟာ မဆူးလဲလို့ ကျွန်တော် ဝေခွဲလို့မရတော့ဘူး။ ဒါနဲ့ အကြံထုတ်ရတော့တာပေါ့။

လွယ်ပါတယ်။ 'ဆုံစည်းရာ' က ကျွန်တော်တို့နဲ့ အလွန်ရင်းနှီးတဲ့ဆိုင်။ ဆိုတော့ ကျွန်တော်တို့နဲ့ ခင်နေတဲ့စားပွဲထိုးလေးတစ်ယောက်ကို ကောင်တာနားမှာ သွားပြောတယ်။

'စားပွဲ၂၃မှာ အမျိုးသမီး သုံးယောက် ထိုင်နေတယ်။ အဲသည့် အမျိုးသမီးတွေဆီကိုသွားပြီး အစ်မတို့အထဲက မဆူးဆိုတာ ဘယ်သူလဲလို့မေး၊ စောစောက ဦးလေးတစ်ယောက်က မှာသွားလို့လို့ပြော။ အဲသည့်ဦးလေးက စားပွဲ၂၄မှာ ၃၅မိနစ်တိတိစောင့်ပါတယ်။ ၃၅မိနစ်ကြာမှ ပြန်သွားပါတယ်။ အစ်မတို့လာရင် ပြောလိုက်ပါ။ သူ ၃၅မိနစ်တိတိ စောင့်သွားပါတယ်လို့ မှာသွားတယ်ဆိုပြီး သွားပြောပေးကွာနော်၊ သြော်... နေဦး... သူတို့က အဲသည့်လူရဲ့ ပုံပန်းသဏ္ဌာန်ကို မေးရင် အသားမည်းမည်း၊ ဗိုက်ရွဲရွဲ၊ ပါးစပ်ပြဲပြဲလို့သာ ပြောလိုက်နော...'

ကျွန်တော်လည်း စားပွဲထိုးလေးကို အပီ သင်ပေးပြီး ကိုယ့်နေရာကိုယ်ပြန်ထိုင်နေလိုက်ပါတယ်။

## နိဒါန်း ၅

ကျွန်တော့်ပစ်ချက်က ဒက်ခနဲကို မှန်တော့တာပဲ။ အမျိုးသမီး သုံးယောက်ထဲမှာ အသားဖြူဖြူ၊ မျက်လုံးမျက်ဆံကောင်းကောင်းနဲ့ ရွှေရေး ပါတိတ်ဝမ်းဆက်ဝတ်ထားတဲ့တစ်ယောက် တော်တော်လှုပ်ခတ်သွားတာကျွန်တော်တို့စားပွဲက လှမ်းတွေ့ရတယ်။

သည်အချိန်မှာ ကျွန်တော့်ခေါင်းထဲကို နောက်ထပ်အကြံတစ်ခု ဝင်လာတယ်။ ဒါနဲ့ ကျွန်တော်တို့ဝိုင်းက ဆရာတွေကို မှာလိုက်တယ်။ ကျွန်တော် အပြင်ဘက်ကနေ ထွက်ပြီး ဆိုင်ကို ဖုန်းလှမ်းဆက်မယ်၊ အဲသည့်အမျိုးသမီးကို အခေါ်ခိုင်းမယ်။ ဘယ်သူ ထပြီး စကားပြောလဲဆိုတာကို

http://www.cherrythitsar.org



တစေ့တစောင်း ကြည့်ထားကြဖို့ပေါ့။

ပြီးတာနဲ့ ကျွန်တော်လည်း ဆိုင်ဝင်းထဲမှာ ရပ်ထားတဲ့ ကားပေါ်ပြေးရတယ်။ မှန်တွေ အကုန်တင်လိုက်တော့မှ စားသောက်ဆိုင်ထဲက ထွက်နေတဲ့ သီချင်းသံတွေကို မကြားရတော့ဘူး။ ဒါနဲ့ ကျွန်တော့်ဆယ်လျူလာနဲ့ ဆိုင်ကို ဖုန်းဆက်လိုက်တယ်။ စားပွဲ ၂၃က မဆူးကိုခေါ် ပေးပါပေါ့။ ခဏနေတော့ သူ့အသံကို ကြားရတယ်။

'အစ်ကိုလား' လို့ တန်းမေးတာပဲ။

'ဟုတ်ပါတယ် မဆူး၊ မဆူးကို ကျွန်တော် အကြာကြီးစောင့်နေသေးတယ်။ သိပ်ကြာလာတော့ မဆူး ကျွန်တော့်ကို ညာသွားပြီလို့ တွေးပြီး ထွက်လာခဲ့တာ…'

'သြော်… ကိုရယ်၊ ကို့ကို ဆူးမညာပါဘူး။ ဆူးနည်းနည်း နောက်ကျသွားတာပါ။ လမ်းမှာ ခတ်ဆိုဝင်ဖြည့်နေလို့။ ကဲပါ၊ အစ်ကို အခုလာခဲ့လေ၊ ဆူးစောင့်နေမယ်…'

'အခုတော့ လာလို့ မရတော့ဘူးဗျာ။ ကျွန်တော် အခု လွှမ်းလိပ်ပြာ ဘီယာဆိုင်ကို ရောက်နေတယ်။ အပေါင်းအသင်းတွေနဲ့မို့ ထထွက်လို့ မရတော့ဘူး။ နက်ဖန်ကျမှ ထပ်ချိန်းတာပေါ့…'

'ဟင်… ကိုကကွာ၊ ဆူး ငိုတောင်ငိုချင်လာပြီ၊ မရဘူးကွာ၊ လာဖြစ်အောင် လာခဲ့ရမယ်၊ ဒါပဲ…'

'မဖြစ်လို့ပါဗျာ၊ ကျွန်တော်လည်း လာချင်တာပေါ့၊ ဟော… မူးနေတဲ့ ကျွန်တော့် သူငယ်ချင်းတစ်ယောက် သည်ဘက်ကို ထလာတယ်။ သူက သိပ်ရစ်တတ်တာ၊ ပြီးမှ ပြန်ဆက်လိုက်မယ်၊ ဒါပဲနော်…'

ဖုန်းပြောပြီးတော့ ကျွန်တော်လည်း ဆိုင်ထဲ ပြန်ဝင်ခဲ့တယ်။ စားပွဲ ၂၃ကို မသိမသာအကဲခတ်လိုက်တော့ ဟိုအမျိုးသမီး တော်တော့်ကို ဂဏှာမငြိမ်ဖြစ်နေတော့တာတွေ့ရတယ်။ အတူပါလာသူတွေကို တတွတ်တွတ်နဲ့ ပြောလို့ ဆိုလို့…။

**လက်ကျဲဖော်**

http://www.cherrythitsar.org



သည့်အချိန်မှာ ကိုရဲက တစ်စခန်းထပြန်နေတယ် အစ်ကိုရ။ ဆိုင်မှာက သီချင်း ဆိုပြီး ဖျော်ဖြေပေးတဲ့ အစီအစဉ်လည်း ရှိနေတာကိုး။ ကိုရဲက စားပွဲထိုး လေးကတစ်ဆင့် သီချင်းတောင်းပြန်တယ်။

သီချင်းတစ်ပုဒ် ဆိုခိုင်းရင် ၃၀၀ပေးရတာ။ အင်္ဂလိပ် အချစ်သီချင်း တစ်ပုဒ်ဆိုပေးပါလို့ သူက ခိုင်းပါလေရော။ အဲ… မဆိုခင်မှာ 'စားပွဲနံပါတ် ၂၃က မဆူးအတွက် တစ်ယောက်သောသူက တောင်းဆိုပေးလိုက်တဲ့ သီချင်းလေးပဲဖြစ်ပါတယ်' လို့လည်း ကြေညာခိုင်းလိုက်တယ်။

အဲသည့်ဆိုင်က သီချင်းသည်တွေကလည်း အင်္ဂလိပ်အချစ်သီချင်း ဆိုလို့ *Unchained Melody* တစ်ပုဒ်ပဲ ရသတဲ့။ တကယ့် သီချင်း ကောင်းပေါ့။

ကိုရဲခိုင်းတဲ့အတိုင်းလည်း ကြေညာလိုက်ရော ဟိုမချော ပျာယာခတ် သွားတယ်။ တစ်ဆိုင်လုံးကို လိုက်ကြည့်နေတယ်။ အစ်ကိုသိတဲ့အတိုင်း ကျွန်တော်တို့ မိတ်ဆွေကြီးနှုတ်ခမ်းမွေးက အသားမည်းမည်းနဲ့ ဆိုတော့ သူ့ကိုလည်း ကွက်ကြည့်၊ ကွက်ကြည့်လုပ်တယ်။ ဒါပေမယ့် ကျွန်တော်တို့ ဝိုင်းမှာ ဆယ်လျူလာဖုန်းမှ မရှိတော့ နှုတ်ခမ်းမွေးကိုလည်း ထင်လို့ မရ ဖြစ်နေဟန်တူတယ်။

ကျွန်တော့်ဆယ်လျူလာကို ကားထဲမှာပဲ ထားခဲ့တာ အစ်ကိုရ…။ ဆယ်လျူလာကို ဆိုင်ထဲမှာ တကိုင်ကိုင်လုပ်နေရင် သဲလွန်စ ရသွားမှာစိုးလို့။

ကျွန်တော့်လေ… စားပွဲထိုးကို လှမ်းခေါ်ပြီး မေးမြန်းစုံစမ်းနေတဲ့ အမျိုးသမီးကို ကြည့်ရင်း ရယ်လိုက်ရတာ။ ဦးတင်အောင်ဝင်းက 'ခင်ဗျား စွတ်ရယ်မနေနဲ့။ ဟိုဘက်က ရိပ်မိသွားလိမ့်မယ်' လို့ကို ပြောပြီး တားယူရတဲ့ အထိပဲ။

သီချင်း ဆုံးခါနီးတော့ ကျွန်တော်လည်း ကားထဲ ပြန်သွားတယ်။ ကားထဲကနေ ဆိုင်ထဲကို ဖုန်းလှမ်းဆက်တာ။

မချောလည်း လာကိုင်ရော ကျွန်တော်လည်း ပြောချလိုက်တယ်။

http://www.cherrythitsar.org



'မဆူးရယ်၊ ကျွန်တော်ဆုံစည်းရာကို ရောက်လာပါတယ်။ ဒါပေမယ့် မဆူးတို့က သုံးယောက်တောင်ဆိုတော့ ရင်မဆိုင်ရဲတာနဲ့ မဆူးအတွက် သီချင်းတစ်ပုဒ် တောင်းပြီး အပြင်ပြန်ထွက်ခဲ့ရတာ…'

'ဟင်… အစ်ကို အခုဘယ် ကဆက်နေတာလဲ…'

'ကားရပ်တဲ့နေရာက ဆက်နေတာပါ'

'ဆူး ချက်ချင်းထွက်လာခဲ့မယ်'

'လာခဲ့လေ…'

'ဘာကားဆိုတာရယ်၊ အစ်ကို ဘာဝတ်ထားတယ် ဆိုတာရယ်တော့ ဆူးကို ပြောဦး…'

ကားရပ်တဲ့နေရာကို သေသေချာချာလှေ့လာပြီးသား…။ ဆိုင်ဝင်းထဲမှာ ကျွန်တော်တို့ကားတွေအပါအဝင် စုစုပေါင်းမှ ၁၁စီးတည်း ရှိနေတာ။ အဖြူက ရှစ်စီး၊ နက်ပြာရောင် တစ်စီး၊ စိမ်းပြာရောင် နှစ်စီးပဲ ရှိတယ်။

'ကြက်သွေးရောင် တိုယိုတာ မာ့ခ်တူးပါ။ ကားနံပါတ်က သ/၁၃၂၆၊ အဲသည့်ကားထဲမှာ ကျွန်တော် ထိုင်နေမယ်…'

ပါးစပ်ထဲမှာတွေ့တဲ့ နံပါတ်တစ်ခုနဲ့ ကားနာမည်ကို ရွတ်ပြလိုက်တယ် ဆိုရင်ပဲ တစ်ဘက်က အမျိုးသမီးက 'ခုချက်ချင်း ဆူးလာခဲ့မယ်'လို့ ခပ်လောလောပြောပြီး ဖုန်းချသွားတယ်။ ကျွန်တော်လည်း ဆယ်လျူလာကို ခပ်သွက်သွက်ပိတ်၊ ကားပေါ်က ဆင်းပြီး ကားစောင့်တဲ့ လူကြီးနဲ့ စကား ပြောနေလိုက်တယ်။

ကျွန်တော် စကားစခိုက်မှာပဲ ဆိုင်ထဲက မချောထွက်လာတာကို ရိပ်ခနဲ လှမ်းမြင်လိုက်တယ်။ ကျွန်တော်က ကားစောင့်သူနဲ့ စကားတွေ ဖောင်နေရင်းက မျက်လုံးစွန်းကနေ အသာကြည့်နေလိုက်တယ်။

အမျိုးသမီးချော မပြေးရုံတမည်ပဲ။ ဆိုင်ဝိုင်းထဲမှာရပ်ထားတဲ့ကား တွေကို တစ်စီးချင်း လိုက်ကြည့်နေတာ။ ခက်တာက နီညိုရောင် ကားလည်း တစ်စီးမှမရှိသလို တိုယိုတာမာ့ခ်တူးလည်း တစ်စီးမှ မရှိတာပဲ။ သေချာ

http://www.cherrythitsar.org



လိုက်ကြည့်ပြီးတော့ သူ ကျွန်တော်တို့အနားကို ရောက်လာတယ်။

'သည်မှာရှင်…'

ကျွန်တော်ရော ကားစောင့်သူပါ သူ့ကိုလှည့်ကြည့်လိုက်တယ်။ သူနဲ့ ကျွန်တော်နဲ့က သုံး-လေးပေလောက်ပဲ ဝေးတာ။ သူက ကျွန်တော့်ကို နည်းနည်းလေးတောင် ဇွေမကြည့်ဘဲ ဆိုင်ဝတ်စုံဝတ်ထားတဲ့ ကားစောင့်သူ ကိုသာ ကြည့်ပြီးမေးတယ်။

'စောစောက သည်အနားမှာ တိုယိုတာ မာ့ခ်တူး ကြက်သွေးရောင် တစ်စီးများ ရှိနေလားဟင်…'

ကားစောင့်သူက အသေအချာ စဉ်းစားနေတယ်။ ကျွန်တော်က မာကျူရီမီးရောင်အောက်က သူ့ကို သေချာ အနီးကပ် ကြည့်လိုက်တယ်။ ချောမောလှပတယ်လို့ မဆိုနိုင်ပေမယ့် တော်တော်ဆွဲဆောင်မှုရှိတဲ့ အမျိုးသမီး ပါပဲ။ ထူထဲတဲ့ နှုတ်ခမ်းတွဲတွဲတွေက အဆွဲဆောင်နိုင်ဆုံးလို့ ပြောရမယ် ထင်ပါရဲ့ဗျာ။

ကားစောင့်သူက ကျွန်တော် သူ့ကို ခပ်တိုးတိုး ကပ်သင်ပေးထားနှင့် တဲ့အတိုင်း သွက်သွက်လက်လက် ဖြေချလိုက်တယ်။

'အစ်မ ထွက်မလာခင်လေးတင်ပဲ အဲသည့်ကား ထွက်သွားတာ အစ်မရဲ့…'

'ဟာကွာ…'

အမျိုးသမီး သိသိသာသာကို စိတ်ပျက်လက်ပျက် ဖြစ်သွားတယ်။ ကားစောင့်သူကို ဘာမှ ထပ်မပြောတော့ဘဲ ဆိုင်ထဲကို စိတ်ဆိုးမာန်ဆိုး ပြန်ဝင်သွားတော့တာပေါ့ အစ်ကိုရာ။

ကျွန်တော်လည်း ရင်းနှီးနေပြီဖြစ်တဲ့ ကားစောင့်သူကို အကျိုးဆောင်ခ အဖြစ် နှစ်ရာတန်တစ်ချပ် ထုတ်ပေးလိုက်တယ်။ ဟိုအမျိုးသမီးလည်း ဆိုင်ထဲ ပြန်ရောက်သွားရော ကျွန်တော်လေ… အားရပါးရ ရယ်လိုက်မိတာ များ၊ မျက်ရည်တောင်ထွက်တယ်။ တကယ်…

**လက်တို့ဖော်**

http://www.cherrythitsar.org



စိတ်ထဲကလည်း 'ငါ့ ကို သည်လောက်တောင် နှောင့်ယှက်ထားတဲ့ ဟာမ၊ မှတ်ဟာ...'လို့ ကြိမ်းဝါးနေမိတယ်။ ဟုတ်တယ်လေ၊ ကျွန်တော့် မိန်းမကသည် မဆူးဆိုတဲ့အမျိုးသမီးနဲ့ တစ်ခါ တိုးပြီးကတည်းက ကျွန် တော့်ကို တစ်ချိန်လုံး ဝက်အူတင်းနေတာကို ကျွန်တော် ခံနေခဲ့ရတာ။ သားလုပ်တဲ့ကောင်ကလည်း သူနဲ့ အဖေ့ဇာတ်လမ်းနဲ့ တိုးဖူးထားတယ်ဆိုတဲ့ သဘောမျိုးနဲ့ ကျွန်တော့်ကို မခန့်လေးစားလုပ်ချင်တဲ့ အမူအရာတွေ ပြလို ပြဆိုတော့ ကျွန်တော်လည်း စိတ်က ပေါက်နေပြီ။

**နိဒါန်း ၆**

ဆိုင်ထဲ ပြန်ရောက်တော့ နှုတ်ခမ်းမွေးက ကျွန်တော့်ကို ပြောတယ်။

'သည်အမျိုးသမီးကို ကျွန်တော် ရင်းရင်းနှီးနှီးကို မြင်ဖူးတယ်ဗျ။ ဘယ်မှာ မြင်ဖူးထားမှန်းသာ မသိတာ...'တဲ့။

သူ့စကားဆုံးလို့ မကြာခင်မှာပဲ စားပွဲ၂၃က ငွေရှင်းနေတာကို တွေ့ လိုက်ရတယ်။ အမျိုသမီးတွေ ပြန်ကြတော့မယ်ဆိုတာ မှန်းလို့ရနေပြီ။

ဒါနဲ့ ကိုရဲက သူတို့တွေ ဘာကားနဲ့လာကြတယ်ဆိုတာကို သူလိုက် ကြည့်မယ်လို့ ပြောတယ်။ ကောင်းတဲ့ အစီအစဉ်ပဲ။

တိုတိုပြောရရင် သူတို့တွေ ထွက်သွားတော့ ကိုရဲက အပြင်ဘက်မှာ ကြိုစောင့်နေပြီးသား။ တော်တော်လေးကြာတော့ ကိုရဲ ပြန်ရောက်လာတယ်။

'န/၉၁၄၆၊ ဂျီအယ်လ် ဖင်ထောင် ကားအဖြူကို ဦးထိန်ဝင်း အမျိုး သမီးက ကိုယ်တိုင် မောင်းသွားတယ်'လို့ သတင်းပို့တယ်။

ကျွန်တော်လည်း ကားနံပါတ်ကို ရေးမှတ်နေတုန်းမှာ နှုတ်ခမ်းမွေး က...

'န/၉၁၄၆... န/၉၁၄၆... ဂျီအယ်လ်... အဖြူ။ ဟာ... သိပြီ၊ ကျွန်တော့်အိမ် နောက်ဘက်လမ်းက ကားပဲ။ ဟုတ်တာပေါ့၊ ၅၂လမ်းက ကား၊ ဒါဆို အလွယ်လေးပဲ။ ကိုထိန်ဝင်း ခင်ဗျား ဘာမှ မပူနဲ့တော့။ သူ

http://www.cherrythitsar.org



ဘယ်သူလဲ၊ ဘာလဲဆိုတာ ခင်ဗျား သည်ညှ သိကို သိစေရမယ်။ သူတို့ ရပ်ကွက် ဆယ်အိမ်မှူးက ကျွန်တော့် သူငယ်ချင်းပဲ…'

နိဒါန်း ၇

'ဇာတ်ပေါင်းတော့ အဲသည့်မိန်းမရဲ့ နာမည်က ကြည်ကြည်တင်။ ကလေး နှစ်ယောက်ရှိတယ်။ သူ့ခင်ပွန်းက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတယ်။ သူက သည်မှာ ကားတစ်စီးနဲ့ ထင်တိုင်းကျဲနေတဲ့သူပေါ့ အစ်ကိုရာ…

'ကိုရဲကတော့ သူဟာ ဆယ်လျူလာသမားတွေကို ရှာဖွေနေသူသာ ဖြစ်ရမယ်လို့ တစ်ထစ်ချပြောတယ်။ ကိုရဲပြောတာလည်း ဖြစ်နိုင်တာပဲဗျ'

ဦးထိန်ဝင်းက သူ့ဇာတ်ကို အဆုံးသတ်လိုက်သည်။

'ဖြစ်နိုင်တာပေါ့ အစ်ကို၊ ဆယ်လျူလာဆိုတာ ငွေစကြေးစရှင်သူမျိုး တွေမှ ကိုင်နိုင်တာဆိုတော့ သူ့အတွက် စိတ်အဆာပြေရုံတင်မက ငွေကုန် ကြေးကျ ခံနိုင်တာကိုပါ ထည့်တွက်လို့ ရပေတာကိုး…'

ဦးထိန်ဝင်းက ခေါင်းညိတ်သည်။ ကျွန်တော့်အတွက် သည်ဇာတ် လမ်းက မဆုံးသေး၊ သိချင်တာတွေ ရှိနေသေးသည်။

'ဒါနဲ့ သူနဲ့ ဦးထိန်ဝင်းနဲ့ ဆုံဖြစ်လိုက်ကြသေးလား…'

'မဆုံဖြစ်တော့ဘူး၊ ကျွန်တော် သူ့အကြောင်းတွေ သိရပြီး နောက် တစ်ရက်ကျတော့ သူက ကျွန်တော့်ဆီ ဖုန်းဆက်တယ်။ ထုံးစံအတိုင်း ချိန်းတာပေါ့၊ အဲတော့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။ အိမ်ကိုပဲ တစ်ခါတည်း တန်းလာခဲ့လို့ မရဘူးလားလို့…။ သူက ဘယ်ဖြစ်မလဲလို့ ပြန်ပြောတော့ ဘာလဲ၊ သမီးတွေသိသွား မှာစိုးလို့လား မကြည်ကြည်တင်လို့ မေးလိုက်တယ်။ ဟား… မချော အရမ်းဖျား သွားတော့တာပဲ။ ချက်ချင်း စကားဖြတ်ပြီး ဖုန်းချသွားတယ် အစ်ကိုရဲ့…။ အဲသည့်နေ့က စပြီးတော့ သူ ကျွန်တော့်ဆီ ဖုန်းမဆက်တော့တာ ကနေ့အထိပဲဆိုပါတော့…'

အခုမှ သူ့ဇာတ်က နိဋ္ဌိတံတော့သည်။ ဘာကြောင့်မှန်းမသိ သက်ပြင်း

http://www.cherrythitsar.org



ကို ကျွန်တော် ချမိသည်။

'ဘယ့်နှယ့်လဲအစ်ကို…၊ ကျွန်တော့်ဇာတ်က အစ်ကို့အတွက် ရေးစရာ ရရဲ့လား'

ဦးထိန်ဝင်းက ကျွန်တော့်ကို ဆက်မေးသည်။ သက်ပြင်းတစ်ချက်ကို ထပ်ချလိုက်ရင်း သူ့အမေးကို ပြန်ဖြေမိရသည်။

'အမှန်ကတော့ ရေးစရာက နဂို ကတည်းက ကျွန်တော့်မှာရှိနှင့်နေခဲ့ ပါတယ်ဗျာ…။ ချရေးလောက်အောင် အသည်းမမာတတ်နိုင်သေးလို့ ရင်ထဲ မှာသာ တစ်အုံနွေးနွေးနဲ့ ဝေးနေပြီး မရေးဘဲ ထားထားရတာတစ်ခုပါပဲ'

ဦးထိန်ဝင်း မျက်လုံးတွေ အရောင်လက်လာသည်။

'ဟာ… အစ်ကို့စကားက တစ်မျိုးပါလား။ လုပ်စမ်းပါဦး အစ်ကိုရ၊ ကျွန်တော့်ကို ပြောပြနိုင်ရင် ပြောစမ်းပါဦး…'

'ပြောချင်လို့ အစချီရတာပါပဲ အစ်ကိုရေ့…'

၁၅။

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် အထက်ကာရီကပါ။ ကျွန်တော့် အသက် ၂၆-၂၇ လောက်ကပေါ့။ အဲတုန်းက ကျွန်တော် အိမ်ထောင်မကျသေးဘူး၊ ၄၅လမ်းက အမေ့တိုက်ခန်းမှာ သားအမိနှစ်ယောက် နေကြတဲ့ အချိန်မှာပါ။

ကျွန်တော်က အဲသည့်အချိန်မှာ ကျူရှင်ဆရာအလုပ်နဲ့ အောင်မြင်စ အချိန်။ အမေ့အခန်းမှာပဲ ကျွန်တော့်ကျောင်းခန်းကို ဖွင့်ထားတာ၊

အခုလို ပြေလထဲမှာပေါ့ဗျာ။ ကျောင်းတွေက ပိတ်ထားတဲ့အချိန် ဆိုတော့ ကျွန်တော့်မှာ တစ်ယောက်တည်း ပျင်းရိ ငြီးငွေ့နေတာ။ နေ့ခင်း ဘက် တစ်ရေးတစ်မောလည်း မမေးတတ်တော့ စာအုပ်တွေပဲ ဖိဖတ်ရင်း နေ့တာကို မတို တိုအောင် အတင်းလုပ်နေမိရတဲ့ လူပျိုသိုး ဘဝ…။

အဲသည့်အချိန်မှာ ဖုန်းက မြည်လာတယ်။

အိမ်မှာက ဖုန်းလာရင် ကျွန်တော်ပဲ ကိုင်တာ များတယ်။ အမေက

http://www.cherrythitsar.org



ကျွန်တော် မရှိမှသာကိုင်တာ။ ဒါနဲ့ ကျွန်တော်လည်း ဖုန်းကို ထူးလိုက်တယ်။

'ဟယ်လို…'

'တူးတူး ရှိလား…'

တစ်ဘက်က အသံက တိုးသက်နူးညံ့ လွန်းအားကြီးတော့ 'တူးတူး ရှိလား'လို့ ကြားလိုက်သယောင်သာ ရှိတယ်။ သိပ်ကြီး မသေချာလှဘူး၊ ဒါကြောင့် 'ခင်ဗျာ…'လို့ မရေမရာ ပြန်ပြောလိုက်မိတယ်။

'တူးတူး ရှိလား'လို့ တစ်ဘက်က ထပ်မေးချိန်မှာ ကျွန်တော်ကသာ 'သြော်… ဖုန်းမှားနေပါတယ် ခင်ဗျာ'လို့ ပြန်ပြောပြီး ဖုန်းကို သူ့နေရာမှာ သူပြန်ထားလိုက်မိခဲ့ရင် အားလုံးဟာလည်း သူ့နေရာမှာပဲ သူရှိနေခဲ့မှာပါ။ ခုတော့… ခုတော့ လျှာရှည်တဲ့ ကျွန်တော်ဟာ 'ဖုန်းမှားနေပါတယ်'လို့ ပြောရမယ့်အစား 'ဘယ်နံပါတ်ကို ဆက်တာပါလဲ'လို့ ရှည်လိုက်မိပါတယ်။

သည်အခါ တစ်ဘက်က တိုးသက်နူးညံ့ အသံရှင်က…

'အသက် ဘယ်လောက်ရှိပြီလဲဟင်…'

'ခင်ဗျာ…'

'အသက် ဘယ်လောက်ရှိပြီလဲလို့ မေးနေတာလေ…'

စိတ်မရှည်သလိုလို အသံနဲ့ပေမယ့် တိုးသက် နူးညံ့လွန်းမှုကြောင့် နားဝင်ချိုလှပါတယ်။ စိတ်ထဲမှာ လှုပ်ခနဲ ဖြစ်သွားခြင်းနဲ့အတူ…

'အင်း… အမှန်အတိုင်းပြောရမယ်ဆိုရင်တော့…'

'ညာပြောချင်လည်း ပြောပါ…'

'အစိတ်နဲ့ ၃၀ကြားဆို ကျေနပ်မလား'

'အင်း…'

'ဘာလို့ မေးတာလဲဟင်…'

'သိပ်အသက်ကြီးတဲ့သူဆိုရင် ဘယ်စကားပြောလို့ ကောင်းမှာလဲလေ'

'သြော်… သြော်…'

'အဲသည့်အိမ်မှာ သူတစ်ယောက်တည်း နေတာလားဟင်…'

'ဘာဖြစ်လို့ မေးတာလဲ…'

'အဲသည့် နံပါတ်ကို မှားလှည့်မိသွားတိုင်း အဲသည့်တစ်ယောက် အသံကိုပဲ ကြားရလို့…'

'အင်း… သည်ဖုန်းကို တို့ပဲ ထူးတာများတယ်။ အိမ်မှာက မေမေ ရယ်၊ တို့ရယ်ပဲ ရှိတာလေ…'

'နာမည် ဘယ်လိုခေါ်သလဲ'

'ခင်ဗျားနာမည်ကို အရင်ပြောပြဦးလေ…'

သူ ငြိမ်နေတယ်။ ကျွန်တော်လည်း နာမည်တစ်ခုခုကို စဉ်းစားနေမိ တယ်။

'မပြောချင်လည်း နေဗျာ၊ ဒါပဲ'

အဲသလိုကျတော့လည်း လွမ်းစရာ ကောင်းသွားတယ်။ လောကမှာ မြင်မြင်ချင်း ချစ်တယ်လို့သာ ရှိတာ။ ကျွန်တော့်မှာက လူမမြင်ရသေးဘူး၊ အသံလေးကို ကြားထားတာနဲ့ကို သရိုးသရီဖြစ်ချင်နေပြီ။ ကြားကြားချင်းပင် ချစ်မိတယ်လို့ ပြောရရင် လွန်မလားပဲ။ အသံကို ပြောပါတယ်။

'စိတ်ရှည်ရှည်ထားပါ မမရယ်…၊ ပြောဆိုလည်း ပြောပါ့မယ်'လို့ ခပ်လောလော ကျွန်တော် ပြန်ပြောတော့ သူခပ်အုပ်အုပ်လေး ရယ်နေတယ်။

သည်ဘက်ကကောင်တော့ အတော်ကြွေနေပြီ။ နူးညံ့တိုးသက်လှတဲ့ စကားသံက စွဲလန်းဖို့ကောင်းတယ်ဆိုရင် ခိုးခိုးခစ်ခစ်ရယ်သံလေးက ယစ်မူး တွယ်တာစရာ ကောင်းလှတယ်လို့ ဆိုရပါလိမ့်မယ်။

'ပြောမယ်ဆို ပြောလေဗျာ…'လို့ သူက ထပ်လောဆော်တော့မှ ကျွန်တော်လည်း ညွတ်ကျနေတဲ့ စိတ်ကို မနည်းပြန် စုစီးလိုက်ရပါတယ်။

'ညီညီ…'

'ရည်းစားရှိလား…'

'မူးရင်တောင် ဘယ်နား လိုက်ရှာရမယ်မှန်း မသိပေါင်ဗျာ…'

'တကယ်ပြောနေတာလား…'

http://www.cherrythitsar.org



'တကယ်ပါ…'

အမှန်ပါ။ အဲသည့်အချိန်က ကျွန်တော့်မှာ ရည်းစားလက်မဲ့ ဘ၀။ အမေ့ဆန္ဒကို ငဲ့ကွက်လို့ မခင်မိုးလှိုင်ကို ရင်နာနာနဲ့သစ်စိမ်းချိုး ချိုးလိုက်ရသလို အမေကျေနပ်လောက်တဲ့ မမှုယာနဲ့ကလည်း အစပ်မတည့်နိုင်၊ ရေရှည် စခန်းသွားလောက်အောင် အဆင်မပြေနိုင်မှန်း ရိပ်စားမိလာတာမို့ ပတ်စာခွာ ဖျာသိမ်းပြီးတဲ့နောက် ဘ၀မှာ ကိုယ့်ကြောင့် မိန်းမသားတွေ နစ်နာလို့ချည်းနေတာကို အားနာစိတ်နဲ့ ဘယ်သူနဲ့မှ မပတ်သက်တော့ဘဲ အေးအေးနေခိုက်မှာမို့ ခိုင်ခိုင်မာမာ ပြောလိုက်တာပါ။

ကျွန်တော့်အသံထဲမှာ သေချာမှုတွေ ပါသွားသလားတော့ မသိဘူး၊ တစ်ဖက်က ပြန်ပြောလာတာက…

'ကျွန်တော့်မှာတော့ ရှိတယ်…'

'အဲဒါ ကျုပ်က ဘာလုပ်ရမှာတုံး…'

'စောစောစီးစီး သိအောင်ပြောထားတာလေ…'

၁၄။

ဟုတ်ပါတယ်။ သူ့ဘက်က ကျွန်တော့်ကို အစောကြီးကတည်းက သေသေချာချာ ပြောထားနှင့်ခဲ့ပြီးသားပါ။ သည်ကြားထဲကမှ တိမ်းမူးသွားတဲ့ ကျွန်တော့်နှလုံးသားမှာ နားရွက် မပါခဲ့တာမို့လည်း သည်ဇာတ်လမ်းဖြစ်လာရပါတယ်လို့ ဆိုရပါလိမ့်မယ်။

ပြောရရင်တော့ ရယ်စရာကောင်းလှတယ်။ ကျွန်တော့်နှလုံးက နှလွန်းတယ်။ လူပျိုပေါက်ကတည်းက နာခဲ့၊ ကွဲခဲ့ရဖန် များလွန်းလို့ မာသွားပြီမထင်နဲ့၊ နာရလွန်း၊ ကွဲရလွန်းတော့ အသားနုတွေနဲ့ချည်း ဖွဲ့တည်နေတဲ့ နှလုံးထင်ပါရဲ့ဗျာ။ ထိလွယ်၊ ရှလွယ်၊ ပွန်းပဲ့လွယ်နေတော့တာများ… ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြယူမိတယ်။

အခုလည်း လူကိုသာ မမြင်ရသေးတာ၊ တိုးသက်နူးညံ့တဲ့ သူ့အသံ၊

မာန်ငွေ့ငွေ့ပါသည့်တိုင် ပျော့နွဲ့ဆွဲငင်နေတဲ့ သူ့လေယူလေသိမ်းတို့ကြောင့် ကျွန်တော့် စိတ်က တိမ်းညွတ်နေမိရပြီလေ။

'ဒါပဲလေ… နော်'

'ဟာ… ဘယ်လိုဖြစ်တာလဲ၊ နေပါဦး…'

သူ့သဘောနဲ့သူ၊ ကိုယ်ကမဖိတ်ခေါ်ပါဘဲရောက်လာခဲ့သူတစ်ယောက် အနေနဲ့ သူ့သဘောနဲ့သူ၊ ကိုယ်က မနှင်ဘဲနဲ့လည်း ပြန်ထွက်သွားပိုင်တယ် ဆိုတဲ့ သဘောကို ချက်ချင်းပဲ ရိပ်စားမိလိုက်တာနဲ့အတူ ရင်ထဲမှာ လှိုက်ခနဲ နင့်သွားတယ်။

'စာကျက်ရဦးမယ်…'

'စာကျက်ရဦးမယ်… ဟုတ်လား။ သည်အချိန်မှာ ဘာစာမေးပွဲမှ မရှိဘူး…'

'ရှိလို့ စာကျက်ရဦးမယ်လို့ ပြောတာပေါ့…'

'နေဦး… ဆယ်တန်းတွေလည်း ဖြေပြီးကုန်ကြပြီ၊ တက္ကသိုလ်က လည်း စက်တင်ဘာမှ ဖြေရမှာဆိုတော့ သည်အချိန်မှာ စာကျက်ရမယ့် ကျောင်းရယ်လို့ MC ပဲ ရှိတယ်…'

သူ ခဏ ငြိမ်နေတယ်။ တစ်အောင့်လောက်တောင်ကြာတယ်။ ပြီး တော့မှ…

'ဟုတ်တယ်… MC ကပဲ…'

'2nd MB လား၊ 3rd MB လား…'

'ဟာ… ကျွမ်းလှချည်လား၊ ဟုတ်တယ်။ 2nd MB ကပါ…'

'Senior လား၊ Junior လား…'

ငြိမ်ကျသွားပြန်တယ်။ ဒုတိယနှစ် ဆေးကျောင်းမှာ အကြီးတန်းလား၊ အငယ်တန်းလားဆိုတာကို မေးနေမိတာ။ တော်တော်လေး ငြိမ်နေလို့ ထပ် မေးယူတော့မှ…

'2nd MB Senior တက်နေတာ။ ဒါပဲလေ၊ စာကျက်ရဦးမယ်လို့

http://www.cherrythitsar.org



ဆို…'

သူ့အသံလေး နားထဲက ပျောက်သွားတော့မှာကို တွေးပြီး ကြိုလွမ်းတဲ့ စိတ်နဲ့ 'နေပါဦး…'လို့ မပြောသာ ပြောသာ ပြောဖြစ်ရပြန်တယ်။

'စာမေးပွဲကျလိမ့်မယ်…'

'ဆပ္ပလီ **(Supplementary Examination)** ရှိပါသေးတယ်'

'ဟာ… ကျွမ်းလှချည်လား၊ ခင်ဗျား ဆရာဝန်လားဟင်…'

'မဟုတ်ပါဘူး…'

'ဘယ်လိုလုပ်ပြီး ဒါတွေ သိနေတာလဲ…'

'ကိုယ်က ပညာရေးလောကနဲ့ မစိမ်းတဲ့သူပါ…'

'ဘာအလုပ် လုပ်လဲ…'

'ကြုံရာ ကျပမ်းပေါ့…'

'ကျွန်တော် အကောင်းမေးနေတာ…'

'ကျွန်တော်ကလည်း အကောင်းဖြေနေတာပါပဲ။ ကျောင်းပြီးကတည်းက ဟိုဟာ စမ်းလုပ်ကြည့်လိုက်၊ သည်ဟာ စမ်းလုပ်ကြည့်လိုက်နဲ့ ယောင်နေတာ…'

'ဘာနဲ့ ကျောင်းပြီးတာလဲ…'

'ခင်ဗျားကပဲ ကျွန်တော့်ကို စွတ်မေးနေတာ။ ကျွန်တော် မေးတာ ခင်ဗျား ဖြေဖို့ကျတော့ တိုရေ၊ ရှည်ရေနဲ့…'

သူ ခိုးခိုးခစ်ခစ် ရယ်ပြန်တယ်။ အဲသည့် ရယ်သံလေးမှာ မူးနေပါတယ်ဆိုမှ။

'ကဲပါ… ခင်ဗျားမေးတာလည်း ကျွန်တော်ဖြေမယ်၊ ကဲ… မေး'

'နာမယ်လောက်တော့ ကိုယ်သိချင်တယ်'

သူ ခဏလေး ငြိမ်နေတယ်။ ခဏကြာမှ…

'နွယ်လို့ မှတ်ထားလိုက်လေ…'

'သည်လောက်ပဲ တို့ကို သိခွင့်ပေးမယ် ဆိုပါတော့…'

**လက်ဖက်ရည်ဖော်**

http://www.cherrythitsar.org



'သည်လောက် သိရရင်တော်ရောပေါ့ ···'

၁၃။

အဲသည့်က စတာပါပဲ။ နေ့စဉ်ရက်ဆက်မဟုတ်တောင် တစ်ရက်ခြားတစ်ခါ၊ နှစ်ရက်ခြား တစ်ခါလောက်တော့ သူ ဆက်တတ်တယ်။ တစ်နေ့တည်း နှစ်ခါ၊ သုံးခါ ဆက်တဲ့အခါလည်း ဆက်ရဲ့။

တစ်ယောက်နဲ့ တစ်ယောက်မမြင်ဖူးကြပေမယ့် စကားပြောတဲ့ ကြိမ်ဖန်က များလာတော့ ရင်းနှီးလာတယ်။ ခက်တာက သူ ဆက်သွယ်ချင်တဲ့ အချိန်မှာ ဆက်သွယ်နိုင်နေပြီး သူဖြတ်ချသွားရင်လည်း ကိုယ်က ငုတ်တုတ်ကြီး ခံနေရတာ။

ပိုဆိုးတာက ဖုန်းချသွားခါနီးတိုင်း သူပြောတတ်တဲ့ စကားလေးတွေပါပဲ။

'သတိရနေမယ်နော် ···' ဆိုတာမျိုး၊

'အဲသည့်အသံကို အမြဲပဲ ကြားယောင်နေမိတယ် ···' ဆိုတာမျိုး၊

'ဖြစ်နိုင်ရင် ခင်ဗျားကို မေ့ပစ်လိုက်ချင်တယ်။ မေ့လို့မရတော့ ခက်နေတယ်လေ ···' ဆိုတာမျိုး၊

'ဖုန်းပြောပြီးရင် ကျွန်တော် စာကျက်လို့ရတော့မှာ မဟုတ်ဘူး၊ သိရဲ့လား' ဆိုတာမျိုးတွေနဲ့ တစ်နေ့တစ်မျိုး မရိုးအောင် သူ တတ်နိုင်ခဲ့ပါတယ်။

သည်ဘက်က ကျွန်တော့်မှာ အဲသလို စကားမျိုးလေးတွေအတွက် တစ်ခုခု ပြန်ပြောမလို့ရှိသေး၊ သူ့အသံလေးတွေ စီးမျောလာတဲ့တယ်လီဖုန်းက အသက် ကင်းမဲ့သွားတာကိုကလည်း ထူးခြားမှုတစ်ခုလို့ ဆိုရမယ် ထင်ပါရဲ့ ···။

၁၂။

*'တယ်လီဖုန်းက တစ်ဆင့်ကွယ် ···*

**လက်ဆွဲဖော်**

http://www.cherrythitsar.org



*ခင်မင်ရင်းနှီးမှု ရအောင်...*
*စကားတွေ ပြောချင်တယ်...*
*တစ်နေ့တစ်ခါက်တော့ ပြောပါရစေ...*
*အသံသာလေးတော့ ကြားပါရစေ...*
*အချစ်ဆုံးရယ်... ခွင့်ပြုပါ...*
*ကြင်နာရင်...*
*တစ်နေ့တစ်ခါက်တော့ ဖုန်းဆက်ပါ*
*ရယ်ရယ်မောမော စကားပြောချင်...*
*သူလေးအသံ ကြားရရင် ကျေနပ်ပြီ...'*

သီချင်းလေး တစ်ပုဒ်ကို ကျွန်တော် ရေးဖြစ်ခဲ့ပါတယ်။ ကျွန်တော် ကြိုက်တဲ့ အဆိုရှင် **Englebert Humperdick** ရဲ့ ***A Place in the Sun*** သီချင်းသွားမှာ စာသား ဖြည့်လိုက်တာပါ။

သူ့ကိုလည်း ဖုန်းထဲက ဆိုပြမိပါတယ်။ ညာဘက်နားနဲ့ ပုခုံးကြားမှာ တယ်လီဖုန်းစကားပြောခွက်ကို ညှပ်ပြီး လက်နှစ်ဘက်စလုံး အားသွား အောင်လုပ်၊ ဂစ်တာတီးပြီးတော့ ဆိုပြရတာလေ...။

(နောင်အခါ သည်သီချင်းကို တေးရောင်ခြည်လို့ခေါ်တဲ့ **The Rays** တီးဝိုင်းမှ 'ဒရမ္မာလုဝိုင်း'က သူ့'ဒရမ်' ဆိုတဲ့ သီချင်းခွေမှာ ထည့်ဆိုသွားခဲ့ ဖူးတယ်။)

သီချင်းနားထောင်ပြီးတော့ သူက 'ချို့ကို ပိုလို့ရွဲလမ်းအောင် လုပ်နေ တာလားဟင်...' လို့ ပြောတယ်။

ကျွန်တော် လှုပ်ခနဲ ခါသွားတယ်။ သူ့ကိုယ်သူ ချိုလို့ လွှတ်ခနဲသုံး စွဲတာ ဒါနဲ့ဆို ၃ခါ ရှိသွားပြီ။ သေချာနေပါပြီ၊ သူသတိထားပြီးပြောတဲ့အခါ သူ့ကိုယ်သူ 'နွယ်'လို့ ပြောတတ်ပေမယ့် အမှတ်တမဲ့များမှာ 'ချို'လို့ သုံးတယ်ဆိုတော့ သူ့နာမည်မှာ 'ချို'ပါရမယ်လို့ ကျွန်တော် အတတ်စွဲထား လိုက်တယ်။

http://www.cherrythitsar.org



*'တစ်နာရီလောက် ပြောရတာ...*
*ကိုယ်တကယ် အားမရဘူးကွယ်...*
*သည့်ထက်မက ပြောချင်တယ်...*
*ဒါပေမယ့် သိတ်တော့မလွယ်...*
*အိမ်က အဖိုးကြီး ဒေါပွရင်...*
*အခွင့်အရေးတွေ နစ်နာမယ်...*
*တစ်နေ့တစ်ခေါက်တော့ပြောပါရစေ...*
*အသံသာလေးတော့ ကြားပါရစေ...*
*အချစ်ဆုံးရယ် ခွင့်ပြုပါ...*
*မစိမ်းနဲ့နော်...*
*တစ်နေ့တစ်ခေါက်တော့ဖုန်းဆက်ပါ...*
*ရယ်ရယ်မောမော စကားပြောချင်...*
*သူလေးအသံကြားရရင်ကျေနပ်ပြီ...*
*ချိုတဲ့အသံ ကြားရရင်စိတ်ထဲပျော်...'*

လူ့ဘဝဇာတ်ခုံမှာ အမှန်တကယ် ဖြစ်ပျက်ခဲ့တဲ့ ကျွန်တော်တို့ ဇာတ်လမ်းလေးမှာ စိတ်ကူးယဉ် ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ်လိုပဲ ဇာတ်ဝင် သီချင်းတစ်ပုဒ်ဟာ မဆွကတည်းက ပါနေခဲ့ပါတယ်။

'ချို'ပဲဖြစ်ဖြစ်၊ 'နွယ်'ပဲဖြစ်ဖြစ်၊ 'ချိုနွယ်'ပဲဖြစ်ဖြစ်၊ 'နွယ်ချို'ပဲ ဖြစ်ဖြစ်၊ ကျွန်တော့်ဆီမှန်မှန် ဖုန်းဆက်နေတဲ့ အဲသည့် တိုးသက် နူးညံ့ အသံရှင်လေးဟာ ကျွန်တော့်ရင်နှလုံးထဲကို နက်နက်ရှိုင်းရှိုင်း ဝင်ရောက်လာခဲ့တာတော့ အမှန်ပါပဲ။

၁၁။

တစ်နေ့မှာ ကျွန်တော်တို့ နှစ်ယောက် ဖုန်းပြောနေတုန်း တယ်လီဖုန်းထဲမှာ နာရီသံတစ်သံ ကြားရတယ်။

http://www.cherrythitsar.org



ရင်းနှီးနေတဲ့အသံ . . .

ဟုတ်တယ် . . . ဝန်ကြီးများရုံးမှာ တပ်ဆင်ထားတဲ့ နာရီကြီးရဲ့ အချက်ပေးသံ . . .။

တယ်လီဖုန်းကို နားနဲ့ ခွာလိုက်တဲ့အခါ ကျွန်တော့်နားထဲမှာ အဲသည့်နာရီသံသဲ့သဲ့ကို အတိုင်းသားကြားရတယ်။ တယ်လီဖုန်းကို နားနဲ့ကပ်လိုက်တဲ့အခါ ဖုန်းထဲကနေပြီးတော့ အဲသည့်နာရီသံကို ပီပီသသ ကြားရတယ်။

'ဒါ ဝန်ကြီးများ ရုံးက နာရီသံပဲ။ ဒါဆိုရင် နှယ့်အိမ်က အဲသည့်နားတဝိုက်မှာပဲ ရှိရမှာပေါ့ . . .'

သူ ငြိမ်ကျသွားတယ်။

'အရှေ့ဘက်မှာ ၄၅လမ်း ၄၆လမ်း၊ အနောက်ဘက်မှာ ဗိုလ်အောင်ကျော်လမ်း၊ လမ်း၄၀၊ ၃၉လမ်း၊ တောင်ဘက်ဆိုရင် ၄၁၊ ၄၂၊ ၄၃၊ တစ်ခုခုပဲ . . .'

ကျွန်တော် ဆက်ပြောပေနေမယ့် သူ ငြိမ်နေတယ်။

ကျွန်တော်က ၄၅လမ်းမှာနေတဲ့သူဆိုတော့ သည်နာရီသံနဲ့က နေ့စဉ်ယဉ်ပါးနေတာလေ။ သည်တော့လည်း သူ့ဖုန်းထဲကပါ သည်အသံကိုကြားလိုက်ရတဲ့အခါ သူသည်လည်း သည်နယ်နိမိတ်တစ်ဝိုက်မှာ နေထိုင်သူဖြစ်ရပေတော့မှာပေါ့။

'ချို'လို့ လွှတ်ခနဲ ထွက်တာဟာ ပထမ သဲလွန်စဖြစ်တယ်ဆိုရင် နာရီသံဟာ ဒုတိယသဲလွန်စပါပဲ။

## ၁၀။

'မနေ့က ခုံနံပါတ်တွေ ထွက်တယ်။ စာမေးပွဲက နီးလှပြီ၊ စာကျက်လို့လည်း မရချင်ဘူး၊ စိတ်ညစ်တယ် သူရယ် . . .'

တစ်နေ့မှာ သူ အဲသလိုပြောတော့ ကျွန်တော်တေးထားလိုက်တယ်။

http://www.cherrythitsar.org



သူလည်း ဖုန်းချသွားရော ကျွန်တော် 'လိပ်ခုံး'ကို တန်းပြေးတော့တာပဲ။ အဲတုန်းက လိပ်ခုံး မဖျက်သေးဘူးလေ။ ဆေးတက္ကသိုလ်က ဒုတိယနှစ်၊ တတိယနှစ်အတန်းငယ်လေးတွေကို အဲသည့်မှာပဲ ထားတာမှန်း ကျွန်တော် သိနေတယ်။

အဲသည့်နေ့က တနင်္ဂနွေနေ့ဆိုတော့ လူရှင်းတယ်။ မှတ်ပုံတင်ရှေ့နေ သင်တန်း တက်တုန်းက အဲသည့် ကျောင်းဝိုင်းထဲမှာပဲ တက်ခဲ့ရတာဆိုတော့ သည်ပရဝုဏ်နဲ့ ကျွန်တော်နဲ့ကလည်း ရင်းနှီးပြီးသား။

ခုံနံပါတ် စာရင်းကို အလွယ်တကူပဲ တွေ့ရပါတယ်။ စာရင်းထဲမှာ ဒုတိယနှစ်အကြီးတန်းကို ရှာလိုက်တယ်။ အတန်းက လူလည်း သိပ်မများ ဘူး၊ ၆၀-၇၀လောက်ပဲ ရှိတယ်။

နာမည်တွေကို တစ်ယောက်ချင်း ကြည့်တယ်။ နာမည်မှာ 'ချို' သို့မဟုတ် 'နွယ်'ပါတဲ့သူကို ရှာတာပေါ့။ ကံကောင်းချင်လို့လား၊ ကံဆိုး ချင်လို့လားတော့ မသိဘူး။ အဲသည့် တစ်တန်းလုံးမှာ 'ချို'ရော၊ 'နွယ်'ပါ ပါတာ တစ်ယောက်တည်း ရှိတယ်။

'ချိုနွယ်သင်း'တဲ့၊ ခုံနံပါတ်-၅၄၊ ကျွန်တော်တက္ကသိုလ်တက်စဉ်က ခုံနံပါတ်ကလည်း ၅၄ဆိုတော့ အထူးတလည်မှတ်နေဖို့တောင် မလိုတော့ဘူး၊

ကျွန်တော်လည်း ခုံနံပါတ်စာရင်းကို သေချာအောင် နောက်တစ်ခေါက် အသေးစိတ် ကြည့်လိုက်ပြီး ပြန်ခဲ့တယ်။

၉။

'ခင်ဗျားနဲ့ ဖုန်းပြောနေရတာနဲ့ နွယ်တော့ စာမေးပွဲ ကျတော့မယ်...'

'စာကျက်ပေါ့၊ ဖုန်းပြောတာက အလွန်ဆုံးမှ တစ်နာရီလောက် ပြော ဖြစ်တာကို၊ ကျန်တဲ့ အချိန်ကျက်လေ'

'ကျက်လို့မှ မရတာ...၊ ခင်ဗျားဆီပဲ နွယ့်စိတ်က ရောက်နေတာ မသိဘူးလား၊ ဒါနဲ့ပဲ စာမေးပွဲ ကျတော့မှာပဲ...'

http://www.cherrythitsar.org



အကွက်ကလေးက အလိုက်တသင့် ဝင်လာတာနဲ့ ကျွန်တော်လည်း စကားတစ်ခွန်းကို အသာလေး ခင်းပေးလိုက်တယ်။

'စာမေးပွဲဆိုတာ ကံလည်း ပါသင့် သလောက်ပါတယ်။ ခုံနံပါတ်တွေ ဘာတွေကလည်း အဲသည့်စာမေးပွဲအတွက် ဖြေမယ့်သူရဲ့ ကံကို ကောင်းစေ တတ်တယ်...'

'ခုံနံပါတ်ကတော့ အပျံစားပဲ။ ပေါင်းလိုက်ရင် ကိုးရတယ်...'

တော်တော် သေချာနေပြီ။

ထပ်သေချာအောင် လုပ်ဖို့ပဲ ကျန်တော့တယ်။

'ဒါဆိုရင် နွယ့် ခုံနံပါတ်က ၅၄များလားဟင်...'

သူ ငြိမ်ကျသွားတယ်။ ပထမသဲလွန်စဖြစ်တဲ့ 'ချို' ဆိုတာကို ထောက် လိုက်မိစဉ်က တစ်ကြိမ်၊ ဝန်ကြီးများရုံးနာရီသံကို ထောက်လိုက်စဉ်က တစ်ကြိမ် သူငြိမ်ကျသွားတတ်တာတွေကို အမှတ်ထင်ထင်ရှိနေခဲ့ပြီးသား။ သူနဲ့ပတ်သက်လို့ သဲလွန်စ အမှန်အကန်တစ်ခုခုကို ရလိုက်တိုင်း သူ ဖြစ်သွားနေကျ ပုံစံ...။

အခုလည်း ခုံနံပါတ် ၅၄ဟာ မှန်ကန်ပါကြောင်း သူငြိမ်ကျသွားခြင်း နဲ့ အတည်ပြုပေးလိုက်တယ်လို့ ကျွန်တော် နားလည်ယူလိုက်တယ်။

၈။

ကျန်တဲ့အပိုင်းကတော့ လွယ်လို့သွားပါတယ်။ တခြားသူတွေအတွက် လွယ် ချင်မှ လွယ်မှာပေမယ့် ကျွန်တော့်အတွက်ကတော့ တော်တော်လေး လွယ် ပါတယ်။

ကျူရှင်ဆရာ လုပ်သက်ကလေးကလည်း အတန်အသင့်ရှိနေပြန်၊ ဘာသာစုံသင်တဲ့ ကျောင်းပေါင်းစုံမှာလည်း ဝင်ပြီးသင်နေသူဆိုတော့ ဆရာ ပေါင်းစုံနဲ့က ခင်နေတယ်။ အပြင်ကျူရှင်ဆရာတွေနဲ့တင်မဟုတ်ဘဲ တက္က သိုလ် ဆရာတွေထဲမှာလည်း ကျွန်တော်နဲ့ မကင်းရာ မကင်းကြောင်းတွေက

http://www.cherrythitsar.org



များတယ်။

သည်တော့ သူ့ခုံနံပါတ်နဲ့ နာမည်အပြည့်အစုံကို သိရပြီးတဲ့နောက် တစ်ပတ်မပြည့်ခင်အတွင်းမှာ လမ်းမတော် ဆေးတက္ကသိုလ် မော်ကွန်းထိန်း ရုံးကို ကျွန်တော် ရောက်သွားတယ်။ ဒုတိယနှစ် အကြီးတန်းကျောင်းသူ 'ချိုနွယ်သင်း' ရဲ့ ကျောင်းဝင်ပုံစံကို မရ၊ ရအောင် တောင်းကြည့်ဖို့ပါ။

အပေါင်းအသင်းကောင်းတော့ ခဏချင်းမှာပဲ လိုချင်တာကို မျက်ဝါး ထင်ထင် မြင်ရတယ်။

ပုံစံပေါ်က အဖြူအမည်းဓာတ်ပုံထဲမှာက ကလေးမလေးတစ်ယောက် ရဲ့ ပုံ။ အလွန်ဆုံးရှိမှ ရှစ်တန်းကျောင်းသူအရွယ် ပုံစံမျိုးလေး။ မှတ်ပုံတင် ဓာတ်ပုံဆိုတာ လှည့်စားတတ်မှန်း သိနေမိတော့ ပုံထက် ကိုယ်ရေး အချက် အလက်တွေကို ပို အာရုံစိုက်လိုက်တယ်။

ချိုနွယ်သင်း၊ မိဘအမည် - ဦးဇော်သင်းမောင်၊ ဒေါ်ခင်နှင်းမြင့်၊ နေရပ်လိပ်စာ - ၂၄၆၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်။

နှစ်ခေါက်ဖတ်လိုက်တဲ့အခါမှာတော့ သည်အချက်အလက်တွေအားလုံး ဟာ ကျွန်တော့် ဦးနှောက်ထဲမှာ စွဲမြဲသွားပြီ၊

၇။

ဒုတိယအဆင့်က သူ့ဖုန်းနံပါတ် ရှာဖို့။ တယ်လီဖုန်း စုံစမ်းရေးဌာနကို လှမ်းမေးတော့ ဦးဇော်သင်းမောင်၊ ဒေါ်ခင်နှင်းမြင့်တို့အမည်နဲ့ တယ်လီဖုန်း မရှိဘူးလို့ ပြန်ကြားတယ်။

အမှန်က အဲသည့်အချိန်မှာ ရှစ်နဲ့စတဲ့ တယ်လီဖုန်းတွေအတွက် စာရင်း မဝင်သေးဘူးဆိုတာ ကျွန်တော် သိနေတယ်။ ကျွန်တော့်အိမ်က ဖုန်းလည်း ရှစ်နဲ့ စတာလေ…။

သည်တော့ တယ်လီဖုန်းအိပ်ခ်ချိန်းချ်က မိတ်ဆွေအင်ဂျင်နီယာကို အကူအညီ တောင်းရပြန်တယ်။ အဲတော့လည်း လွယ်သားပဲ။

**လက်ဆွဲဖော်**

http://www.cherrythitsar.org



ဦးဇော်သင်းမောင်ရဲ့ ဖုန်းက ၈၉၄၉၃လို့ သိရတယ်။ ရှစ်ကိုးဆယ့်လေး၊ ကိုးဆယ့်သုံးလို့ မှတ်ရုံပဲလေ။ ကျွန်တော့် ဖုန်းကို ရှစ်၊ နှစ်ဆယ့်ငါး၊ နှစ်ဆယ့်လေးလို့မှတ်ဖို့ သူများတွေကို မှာနေကျကိုး။ သည်နည်းနဲ့ မှတ်တာက လွယ်တယ်။

ဖုန်းနံပါတ် သိလိုက်ရပြီးတဲ့နောက် နှစ်ရက်လောက်နေတော့ သူ ဖုန်းဆက်တယ်။ အလိုက်အထိုက်ကလေး ပြန်ပြောနေမိတာပေါ့။ ခါတိုင်းလိုပဲ၊ ကျွန်တော်တို့နှစ်ယောက် ဖုန်းထဲမှာ သူငယ်ချင်းမကာ၊ ချစ်သူ မကျ လုပ်နေကြတာလေ…။

မိနစ်၄၀လောက်ကြာတော့ သူက…

'စာကျက်လိုက်ဦးမယ်နော်…၊ စာကျက်ရင်းနဲ့ သူ့ကို သတိရနေမှာပါ…'ဆိုတဲ့စကားနဲ့ ဖုန်းချသွားတယ်။

၆။

ချက်ချင်းပဲ ၈၉၄၉၃ကို ကျွန်တော် ပြန်လှည့်လိုက်တယ်။ ဖုန်းနားက ခြေ ရွေ့ဖို့တောင် သူ အချိန်ရလိုက်မယ် မထင်ဘူး။

ခေါ်သံတစ်ချက်ပဲပေးလိုက်ရတယ်။ ထူးသံကိုချက်ချင်းကြားရတယ်။

'ဟယ်လို…၊' 'အမိန့်ရှိပါရှင်…၊' 'ဟုတ်ကဲ့ ပြောပါရှင်…'အစရှိသဖြင့် ဖုန်းထူးတဲ့အခါ မိန်းကလေးတွေ ထူးလေ့ရှိတဲ့ အသုံးအနှုန်းမျိုးကို မကြားရဘူး။

တစ်သက်တာ ထာဝရအတွက် အမှတ်တရ ဖြစ်နေအောင်ထင်ပါရဲ့။ ကျွန်တော် သူ့ဆီ ပထမဆုံး ပြန်ဆက်တဲ့နေ့က သူ ထူးလိုက်ပုံလေးက သည်လို…

'အင်း… ပြော…'တဲ့၊ သူ့ ထုံးစံအတိုင်း တိုးသက်နူးညံ့လှသလို လေးတိလေးကန်နိုင်လွန်းလှတယ်။

'ကိုယ်ဘယ်က စပြီးပြောရမယ်မှန်းတောင် မသိနိုင်တော့ပါဘူး ချို

http://www.cherrythitsar.org



နွယ်လေးရယ်...'

သူ အရမ်းလှုပ်ခတ်သွားတယ်။

'ဘယ်လိုလုပ်ပြီး သိသွားတာလဲ' လို့ အလန့်တကြားမေးလာတယ်။

'သည်လိုပဲပေါ့ချိုရယ်၊ ကိုယ်က ချို့ကို စိတ်ဝင်စားတော့ စုံစမ်းယူရတာပေါ့လေ...'

'ဘာတွေ သိသေးလဲ...'

'ဟင့်အင်၊ ဘာမှ သိပ်မသိပါဘူး။ ဦးဇော်သင်းမောင်၊ ဒေါ်ခင်နှင်းမြင့်တို့ရဲ့ သမီးဆိုတာရယ်၊ ၂၄၆၊ ၃၉လမ်းမှာ နေတယ်ဆိုတာလောက်ပါပဲ'

'ဒါဆို အကုန်သိရောပေါ့။ အဲဒါကြောင့် သူ့ကို ချို ဘာမှမပြောဘဲနေခဲ့တာပါ။ ချို့အစ်မကို ထိခိုက်မှာစိုးလို့ ချိုအစက သူ့ကို ဘာမှမပြောခဲ့တာပါ...'

ကျွန်တော် နားမလည်ဘူး။

'ဘာဆိုင်လို့လဲ...'

'ဆိုင်တာပေါ့၊ လှိုင်သဇင်သင်းရဲ့ နာမည်ကိုထိခိုက်မှာစိုးလို့ အစကတည်းက သူ့ကို ပြောသင့်လျက်နဲ့ မပြောခဲ့တာပါ...'

ကျွန်တော် ဇာတ်ရည် လည်သွားတယ်။ လှိုင်သဇင်သင်းဆိုတာက နာမည်ကျော် ဇာတ်လိုက်မင်းသမီးကိုး။ အိုးဟိုး... ဒါကြောင့် ဦးဇော်သင်းမောင်ဆိုတဲ့အမည်ကို တစ်နေရာရာမှာကြားဖူးသလို ရှိနေတာပါလား။ လှိုင်သဇင်သင်းအကြောင်း ရေးကြတဲ့ မဂ္ဂဇင်းတွေထဲမှာ ဖတ်ဖူးထားတာဖြစ်မှာပေါ့လေ။

ဒါပေမယ့် ဘာဆိုင်လဲ ချိုရယ်၊ ချိုက ချိုပဲ။ လှိုင်သဇင်သင်း ညီမဖြစ်နေတာနဲ့။ အေးလေ... သူ့ဘက်က တွေးတော့လည်း အစ်မကို ထိခိုက်မှာ စိုးရှာမှာပေါ့...

'ထားပါတော့ ချိုရယ်၊ ဘာပဲဖြစ်ဖြစ်၊ ချိုကချည်းဆက်နေမယ့်အစားကိုယ်ကလည်း နောက်ဆို ချို့ဆီ ပြန်ဆက်မယ်လေ...'

**လက်ကျဲဖော်**

http://www.cherrythitsar.org



'ဟော့အေး··· အဲလိုတော့ မလုပ်နဲ့၊ ချိုပဲဆက်ပါရစေ၊ သူမဆက်ပါနဲ့၊ မဆက်ဘူးလို့ ချို့ကို ကတိပေးပါလား'

လုကို အခုချိန်အထိ မမြင်ဖူးသေးပေမယ့် တိုးသက်နူးညံ့သံနဲ့ သူ စေသမျှကို လိုက်လျောကျင့်ရပြီဖြစ်တဲ့ ကျွန်တော်ဟာ သူတောင်းတဲ့ကတိကို လည်း ပေးဖြစ်လိုက်သလို ကတိအတိုင်းလည်း လိုက်နာဖြစ်ခဲ့ပါတယ်။

၅။

၈၄၄၈၃ ဆိုတဲ့ သူ့ဖုန်းနံပါတ်ရယ်၊ ၈၂၅၂၄ဆိုတဲ့ ကျွန်တော့်ဖုန်းနံပါတ်ရယ် မှာက ကြမ္မာတွေ ပါဝင်ပတ်သက်နေတယ်။

နှစ်ယောက်စလုံးအတွက် မဟုတ်ရင်တောင်မှ ကျွန်တော့်အတွက် ငင်ဖြစ်စရာ ရွေကြမ္မာက သည်ဖုံးနံပါတ်နှစ်ခုမှာ ပါသွားခဲ့ပါတယ်။

သူကလည်း သူ့ဖုန်းကို ကျွန်တော့်လိုပဲ ရှစ်၊ ကိုးဆယ့်လေး၊ ကိုး ဆယ့်သုံးရယ်လို့ ရှစ်နောက်မှာ ကိုးဆယ့်လေးနဲ့ သူ့အောက် ဂဏန်းတစ်လုံး လျော့စနစ်နဲ့ မှတ်သားခဲ့တာပါ။ ကံက (ကျွန်တော့်ကိုမှ ကွက်ပြီး ဆိုးချင် တော့) သူ့သူငယ်ချင်း 'တူးတူး' ဆိုတာရဲ့ ဖုန်းနံပါတ်က ၈၂၄၂၅ (ရှစ်၊ နှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါး)။ တူးတူးဆီ လှည့်တဲ့အခါတိုင်းမှာ အဲသလို ရှစ်၊ နှစ်ဆယ့်လေး၊ နှစ်ဆယ့်ငါးလို့ ပထမဆုံးဂဏန်းကို ဖယ်ပြီး ကျန်နှစ်စုံ မှာ အသေးပြီးမှ အကြီးလာတဲ့ အစီအစဉ်အတိုင်း လှည့်ရမယ့်အစား၊ သူ့ နံပါတ်လိုပဲ အကြီးပြီးမှ အသေးလိုက်တဲ့ပုံစံနဲ့ ရှစ်၊ နှစ်ဆယ့်ငါး၊ နှစ်ဆယ့် လေးကို လှည့်မိသွားတာက များခဲ့တယ်လို့ ဆိုပါတယ်။

သည်အခါ ကျွန်တော်ချည့် အဲသည့်ဖုန်းကိုထူးနေတာနဲ့ပဲ တိုးနေပြန် တဲ့အခါ သည်ဖုန်းကို သည်တစ်ယောက်တည်း ကိုင်နေတာမို့ စိတ်ဝင်စား လာရာကနေ သည်အခြေကို ရောက်ခဲ့ကြရတယ်လို့ သူက ဖာတ်ပေါင်း ပေးပါတယ်။

http://www.cherrythitsar.org



၄။

တစ်ညနေ . . .

ငါးနာရီထိုးဖို့ ဆယ်မိနစ်လောက် အလိုမှာ ဖုန်းမြည်လာပြန်တယ်။ ထုံးစံအတိုင်း ကျွန်တော် ထူးလိုက်ရပါတယ်။

'အိမ်လိပ်စာပြော . . .'

တိုးသက်နူးညံ့ပေမယ့် ပြတ်သားတဲ့ သူ့အသံကို ပီပီသသ ကြားရတယ်။

'၂၄၆၊ ၃၉လမ်း၊ ကျောက်တံ . . .'

'အကောင်းမေးနေတာ . . . နောက်မနေနဲ့ . . .'

'ဘာလုပ်ဖို့ မေးတာလဲ . . .'

'လာခဲ့မလို့ . . .'

ကျွန်တော့် လိပ်စာကို ရွတ်ပြလိုက်တော့ သူ ဖုန်းချသွားတယ်။

မကြာပါဘူး။ ဖုန်းချသွားအပြီး ငါးမိနစ်သာသာလောက်မှာ အိမ်တံခါး ခေါက်သံ ခပ်ဆတ်ဆတ်ကြားရတယ်။

ကျွန်တော့်နှလုံးသွေးတွေ ရုတ်ချည်း မြန်သွက်လို့လာတယ်။

တံခါးကို ကျွန်တော် ကိုယ်တိုင် ဖွင့်လိုက်ပါတယ်။

လွယ်အိတ်အညိုလေးကို လွယ်ထားတဲ့၊ အညိုရောင်ဝတ်စုံလေးနဲ့ အသားညိုညို မိန်းကလေးတစ်ယောက်။

မရွှဲ့မရဲဖြစ်နေပုံ လုံးဝ (လုံးဝ) မရှိဘူး။ ရဲတင်းလွန်းတဲ့ ပုံစံမျိုးလည်း မဟုတ်ပြန်ဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ အရိပ်အကဲကို သူ့မျက်ဝန်းတောက်တောက်လေးတွေထဲမှာ တွေ့ရတယ်။

မျက်နှာလေးက နုနုလေးပေမယ့် ရင့်ကျက်သိမ်မွေ့တဲ့ မျက်နှာထားက တည်ကြည်လို့နေတယ်။ လှလိုက်တာလို့ပြောရလောက်အောင် မချောပေမယ့် တင့်တယ်မှန်းသိသာတဲ့ ချောမောမှုက သူ့ကို လွှမ်းခြုံထားတယ်။

နေရာထိုင်ခင်းပေးပြီးတဲ့အခါ သူ့ကို မေးမိရတယ်။

http://www.cherrythitsar.org



'ကော်ဖီ သောက်မလား…'

'ဟင့်အင်း… မကြိုက်ဘူး…'

အမေက အံ့သြတကြီးနဲ့ ကြည့်နေတယ်။ သူက အမေ့ကို လှည့်ပြုံးပြပြီး အလ္လာပသလ္လာပစကားတွေကို သူ့ကိုယ်ပိုင်ဟန်အတိုင်း တိုးတိုးသက်သာ ပြောနေတယ်။

ကျွန်တော်ကတော့ မမျှော်လင့်ဘဲရောက်လာတဲ့ ကျွန်တော့်ဧည့်သည်မလေးကို ဘာနဲ့ဧည့်ခံရမယ်ဆိုတာ အပြင်းအထန် စဉ်းစားနေမိတယ်။ အိမ်မှာ အမြဲတစေရှိတာက ကော်ဖီပဲ။ ကော်ဖီကိုသူက မကြိုက်ဘူးဆိုတော့ ဘာနဲ့ဧည့်ခံရမယ်မှန်း မသိဘူး။

'ဖရုံစေ့လှော် စားမလား…'

အမေနဲ့သူ စကားပြတ်ခိုက်မှာ မေးလိုက်မိရပြန်တယ်။

တောက်ပတဲ့မျက်လုံးညိုညိုလေးတွေ ကျွန်တော့်ဆီ ဖျတ်ခနဲရောက်လာတယ်။

'စားမယ်…'

ကျွန်တော် ပျော်သွားတယ်။ ဖရုံစေ့ လှော်ထုတ်ကို သွားယူပြီး သူ့ကို အထုတ်လိုက် ချပေးလိုက်တယ်။ အမေက 'မင်းကလည်း… ပန်းကန်နဲ့ထည့်လာတာ မဟုတ်ဘူး' လို့ ပြောတော့ သူက 'ရပါတယ်အန်တီ၊ သည်တိုင်း ဖောက်စားရတာ ချို့ ပိုသဘောကျပါတယ်' လို့ ပြောတယ်။

ကျွန်တော်က သူ့ကျောင်းအကြောင်းတွေ ဘာတွေ နည်းနည်းပါးပါး မေးတယ်၊ ပြောတယ်။ ကျွန်တော့် ကျူရှင်သင်တန်းအကြောင်းတွေကိုလည်း သူက တို့တိတို့တိမေးတယ်။ အမေက ငုတ်တုတ်ကြီး ရှိနေလေတော့ ကျွန်တော့်မှာ ချို့ကို ပြောချင်တာတွေ ပြောလို့မရနိုင်တဲ့အတူတူ တွေ့ကရာ ရှစ်သောင်း စကားဖောင်းနေရတာ။

အာရုံထဲမှာ လွန်ခဲ့တဲ့တစ်ပတ်ကျော်က ဝယ်ထားတဲ့ စမေ့ညော Sparkling ဘီလပ်ရည်ကို သွားသတိရတယ်။ တစ်လုံးကြီးများတောင် ကျန်

http://www.cherrythitsar.org



နေသေးတယ်။ ရေခဲသေတ္တာထဲမှာ…

‘ချို စပါ့ခလင်ဂ် သောက်မလား…’

‘သွားဝယ်ရမှာလား…’

‘ဟင့်အင်း… အိမ်မှာတင် အဆင်သင့်ရှိပါတယ် ချိုရဲ့…’

‘ဒါဆို သောက်ချင်တယ်…’

ကျွန်တော် သူ့ကို ချစ်သွားတယ်။ ဟန်ဆောင်မှုမရှိတဲ့ မိန်းကလေး တစ်ယောက်ပဲ။ ရေမွှေးနံ့မရ၊ ခြယ်သမှုမပါ၊ ရိုးရိုးရှင်းရှင်းလေးနဲ့ ရဲရဲရင့်ရင့်၊ တည်တည်ကြည်ကြည်၊ ပွင့်ပွင့်လင်းလင်းစရိုက်တွေနဲ့ လွှမ်းခြုံ ထုံမွှမ်း ထားတာကို ခဏချင်းအတွင်းမှာ မြင်လိုက်ရတာကိုး…။

၃။

တစ်နာရီနီးပါးကြာတော့ သူပြန်ဖို့ စကားစတယ်။ နေပါဦးလို့ ပြောရလောက် အောင် သူနဲ့ ကျွန်တော့်ကြားမှာ စည်းနှောင်အားက မရှိဘူး။

‘ကိုယ် လိုက်ပို့ပေးမယ်နော်…’

သူနဲ့ နှစ်ယောက်ချင်း စကားပြောချင်နေသေးတဲ့ ကျွန်တော်က ပြောမိ တယ်။

‘မပို့နဲ့…’

‘မှောင်စပျိုးနေပြီ ချို…။ မိန်းကလေးတစ်ယောက်တည်း ဘယ် ကောင်းပါ့မလဲ…’

‘လိုက်ပို့တာက ပိုမကောင်းဘူးလေ။ မလိုက်ခဲ့နဲ့…’

အစကတည်းက နာခံခဲ့ရသူပီပီ အခုလည်း သူ့ကို အတွန့်မတက်ဖြစ် တော့ဘူး။ ‘လိုက်ပို့တာက ပိုမကောင်းဘူး’ဆိုတဲ့ သူ့စကားကလည်း ယထာ ဘူတ ကျနေသလိုလိုမို့ လက်လျှော့လိုက်တာလည်း ပါပါတယ်။

သွားတော့ ချိုရယ်လို့ စိတ်ထဲကခပ်တိုးတိုးပြောရင်း အိမ်တံခါးကို ဖွင့်ပေးလိုက်ပါတယ်။

http://www.cherrythitsar.org



၂။

သူ တတိယနှစ်ရောက်လို့ ရန်ကုန်ဆေးရုံကြီးကို စဆင်းတဲ့ အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ အမေ ဆေးရုံ တက်ရတယ်။ ခွဲစိတ်ဆောင်မှာ အမေ တက်နေရချိန်မှာ သူ ဖျားနာဆောင်ကို ဆင်းရချိန်နဲ့ ကြုံနေတယ်။

ဂျူတီကုတ်အဖြူလေးနဲ့ သူ့ကို ဖျားနာဆောင်မှာ ကျွန်တော် သွားတွေ့လိုက်ပါသေးတယ်။ သူက ကျွန်တော်နဲ့အတူ လိုက်လာပြီး အမေ့ကို လိုက်နှုတ်ဆက်တယ်။

ဒါဟာ သူနဲ့ကျွန်တော်တို့နှစ်ယောက် နောက်ဆုံးတွေ့ဆုံခြင်းပဲဆိုတာ ကျွန်တော် မသိခဲ့ဘူး။

'အဲသည့် ဖုံးနံ့ပါတ်ကို ချို မေ့လိုက်တော့မယ်'လို့ တစ်နေ့မှာ သူ ပြောလာတော့ ကျွန်တော် ကြေကွဲစွာနဲ့ ဘာမှပြန် မပြောတတ်ခဲ့ဘူး၊ 'ချို့မှာ ရှိပြီးသားပါလို့ သူ့ကို တစ်ခါမက ပြောခဲ့ဖူးပါတယ်နော်…၊ ချို့ကို ခွင့်လွှတ်ပါ'လို့ သူပြောတဲ့အခါမှာလည်း ကျွန်တော် ဆို့နင့်နေမိတယ်။

ကျွန်တော့် ဘဝထဲကို သူ့သဘောနဲ့ သူ လာချင်တဲ့အချိန်မှာ လာချင်တဲ့ ပုံစံနဲ့ ဝင်လာပြီး ပြန်ချင်တော့လည်းသူ့သဘောနဲ့သူ ပြန်ချင်သလို ပြန်သွားတော့မယ့် ရန့်များကို တိုးသက်နူးညံ့တဲ့သူ့အသံထဲမှာ သေသေချာချာ ခံစားနိုင်ပါတယ်။

'ဒါတော့ ချို့သဘောပါပဲလေ…'လို့ ပြောလိုက်မိချိန်မှာတော့ ပီပီမှ မစရသေးတဲ့ ဇာတ်ကလေး ဖြိုးခနဲ ဆုံးသွားပါတော့တယ်။

၁။

ချို့နွယ်သင်းဆိုတဲ့ မိန်းကလေးဟာ တော်တော့်ကို ကြံ့ခိုင်တည်ကြည်လှပါပေတယ်လို့ပဲဆိုရရင်ကောင်းမလား၊ ခိုင်မာပြတ်သားလှတယ်ပဲဆိုရရင် ကောင်းမလားတော့မသိဘူး။ သေချာတာတစ်ခုကတော့ သူ ကျွန်တော့်ဆီကို ဖုန်းမဆက်တော့ဘူးလို့ ယတိပြတ်ပြောသွားပြီးတဲ့နောက် လုံးလုံးလျားလျားကို

မဆက်သွယ်တော့တာပါပဲ။

ခံစားရလွန်းလို့ အရက်သောက်မိတာမျိုးမဟုတ်ပေမယ့် အဖော်ကောင်းလို့ အရက်များသွားတဲ့အခါမျိုးတွေမှာ ကျွန်တော် သူ့ကို ဖုန်းဆက်ပြီး ဂျီကျခဲ့ဖူးတယ် (ထင်ပါတယ်)။ သူ ကောင်းကောင်းမွန်မွန်၊ ချေချေငံငံ ပြန်ပြောပေမယ့် ကျွန်တော့်ကို သူ့ဘဝထဲက အပြီးတိုင် မောင်းထုတ်ပြီးပါကြောင်း အထပ်ထပ် အတည်ပြုပေးခဲ့တာလည်း အမှန်ပါ။

၀။

ကြားဖူးတဲ့ သီချင်းတစ်ပုဒ်ကို သတိရမိတယ်။ ဘယ်သူ့သီချင်းမှန်း၊ ဘာသီချင်းမှန်း မသိတော့ပေမယ့် စာသားတွေရဲ့ သဘောက ကျွန်တော့်အဖြစ်နဲ့ ဆင်တူလွန်းလှလို့ပါ။

ငှက်ကလေးတစ်ကောင် သစ်ကိုင်းတစ်ကိုင်းမှာ လာနားတယ်။ သူ့သဘောနဲ့ သူ ခဏ လာနားတာပါ။ နားလို့အားရပြီးတဲ့နောက် ငှက်ကလေး ပြန်ထွက်သွားတဲ့အခါ ကိုင်းဖျားလေးမှာ ဆတ်ဆတ်ခါပြီး ကျန်ရစ်တယ်တဲ့။

ဟုတ်ပါတယ်။ 'ချိုနွယ်'ဆိုတဲ့၊ တိုးသက်နူးညံ့ ငှက်ကလေး တစ်ကောင်လည်း ကျွန်တော့်ဘဝသစ်ပင်မှာ ဝင်နားခဲ့ဖူးပါတယ်။ သူ ပြန်ထွက်သွားတော့ ကျွန်တော့် နှလုံးသား ကိုင်းဖျားမှာ တဆတ်ဆတ်ခါလို့ ကျန်ရစ်ခဲ့ရတာလည်း အမှန်ပါ။

အဲသလို ဖြစ်ကျန်ရစ်ခဲ့ရတဲ့အတွက် လာနားသွားတဲ့ ငှက်ကလေးကို အပြစ်တင်ရင် ကျွန်တော် တရားပါ့မလား။ ထို့အတူ တဆတ်ဆတ်ခါတတ်တဲ့ ကိုင်းလေးကို မာန်မဲ စိတ်ဆိုးလို့ကော ရမတဲ့လား။

နားသူ ငှက်ငယ်လေးကရော ကိုင်းကလေး ခါကျန်ရစ်စေဆိုတဲ့ စေတနာနဲ့ ဝင်နားခဲ့ပုံ မရသလို တဆတ်ဆတ်ခါပြီး ကျန်ရစ်တာကိုလည်း သတိထားမိပုံ မရပါဘူး။ သည်အတွက်ရော 'ပြန်ငဲ့ကြည့်ဖော်မှ မရပါလား ငှက်ကလေးရယ်'လို့ ငှက်ငယ်အပေါ် ဒေါသဖြစ်လို့ ဘယ်ရနိုင်ပါ့မလဲ။ ပြန်ငဲ့

http://www.cherrythitsar.org



ကြည့်တဲ့အကျင့် မရှိတာကိုက ငှက်တို့ရဲ့သဘာဝပဲ မဟုတ်လား။

သေချာတာတစ်ခုကတော့ သူ နားခိုသွားဖူးတဲ့ ကိုင်းဖျားလေး တဆတ်ဆတ် ခါလို့ ကျန်ရစ်တာပါပဲ။

၁။

ဒါပေမယ့် အရာတိုင်းမှာ အတိုင်းအဆဆိုတာ ရှိရစမြဲမို့ အရှိန်ကုန်သွားတော့ လှုပ်ခတ်တာလည်း ရပ်သွားရတာပါပဲ။

နောက်ပိုင်းမှာ ကျွန်တော်လည်း သူ့ကို ဖွတ်အတင်း မေ့ဖျောက်ယူလိုက်ပါတယ်။ ဘဝဝန်တာ ထွေရာလေးပါးများကလည်း ကျွန်တော့်ကို ဖိစီးထားပါတယ်။

ချိုနွယ်နဲ့ စတင်ပတ်သက်ခဲ့တာ ၁၉၈၃ခုနှစ်။ တစ်နှစ်အကြာ ၁၉၈၄ မှာကျတော့ သူ ကျွန်တော့်ဘဝထဲမှာ မရှိတော့ပါဘူး။

၁၉၈၅ခုနှစ် မေလထဲမှာ ကျွန်တော့်ဆီကို မိန်းကလေးတစ်ယောက် ဖုံးဆက်လာပြန်ပါတယ်။

ချိုနွယ့်လိုပဲ တိုးသက်နူးညံ့လွန်းလှလို့ ပထမတုန်းကချိုနွယ်လို့တောင် ထင်ယောင်မှားမိသေးတယ်။

တကယ်တော့ သူဟာချိုနွယ်မဟုတ်ဘူး။ 'နွယ်နွယ်မွန်'လို့ သိခွင့်ရပါတယ်။ ကျွန်တော့်ဘဝနဲ့ 'နွယ်'နဲ့ ဘယ်လိုများ နွယ်နေသလဲတော့ မသိပါဘူး။

တစ်ဖက်ကကျပြန်တော့လည်း လောက်စာလုံး မှန်ဖူးတဲ့ ဂုမ္ဘာန်ပီပီ သည်တစ်ချီမှာတော့ ကိုယ့်ဆီက ဘာဆိုဘာမှ ပါမသွားအောင် နေတတ်နေပါပြီ။

ဒါပေမယ့် သည်တစ်ခါ ကျွန်တော့်ဘဝထဲကို တိုးဝင်လာပြန်တဲ့ နွယ်အသစ်ကတော့ ကျွန်တော့်ထံပါးကို သာယာမှုများနဲ့ ပီတိ သောမနဿများကိုသာ စဉ်ဆက်မပြတ် ဆောင်ယူလာခဲ့ပါတယ်။

**လက်တွဲဖော်**

http://www.cherrythitsar.org



လူချင်းဆုံဖြစ်ပြီးကြတဲ့ နောက်ပိုင်းမှာလည်း နွယ်နွယ်မွန့်အပေါ် ကျွန်တော် မယုံမရဲနဲ့သာ နေခဲ့ပါတယ်။ ဘယ်အချိန်မှာ လေးညို့သံ ကြားရလေမလဲဆိုတဲ့ အတွေးက ကျွန်တော့်အာရုံထဲမှာ မြဲနေပုံပါပဲ။ ဒါပေမယ့် နွယ်နွယ်မွန်ဟာ ကျွန်တော့် ဆိုးမျိုးကို ကောင်းကောင်းခံနိုင်ခဲ့သလို ကျွန်တော့်ကိုလည်း အလွန့်အလွန် တွယ်တာနေတာကို အထိတ်တလန့်သိလိုက်ရချိန်မှာ ကျွန်တော့်ဘဝ တစ်မျိုး ပြောင်းသွားခဲ့ရတယ်။

၁၉၈၈ခုနှစ်မေလမှာ အဲသည့်နွယ်နဲ့ ကျွန်တော်နဲ့လက်ထပ်ဖြစ်ပါတယ်။

၂။

လက်ထပ်ပြီးစ ကာလမှာတော့ အမေ့အိမ်ခန်းမှာပဲ ကျွန်တော်တို့ ခိုဖြစ်ခဲ့ပါသေးတယ်။

ညားခါစ သန်းခေါင်ယံ တစ်ညမှာ ဖုန်းက မြည်လာလို့ အိပ်ချင်မူးရီနဲ့ ဖုန်းကို လှမ်းကိုင်လိုက်မိတဲ့အခါ ယောကျ်ားသံတစ်သံက 'တူးတူးရှိလား' လို့ မေးလာပါတယ်။

ကျွန်တော် သိလိုက်တယ်။

'ဖုန်းမှားနေတယ် ခင်ဗျ…၊ တူးတူးရဲ့ ဖုန်းနံပါတ်က ၈၂၄၂၅ပါ။ အခု ၈၂၅၂၄ကို ရောက်နေပါတယ်'လို့ ဖြေလိုက်မိတယ်။ တစ်ဖက်လူက 'ဟာ… ဟုတ်သားပဲ ဆောရီး၊ ဆောရီး' လို့ပြောပြီး အလောသုံးဆယ် ဖုန်းချသွားပါတယ်။

လှုပ်ခါတတ်တဲ့ ကိုင်းဖျားလေးဟာ အရှိန်ကုန်လို့ ငြိမ်ခဲ့ပြီလို့ ကျွန်တော် ထင်တစ်လုံး ရှိမိသမျှ တစ်စစီ ပြိုကျသွားတဲ့ ညပါပဲ။ ငြိမ်နေတဲ့ ကိုင်းဖျားလေးခမျာ လေအဝှေ့မှာ ဆတ်ခနဲ တစ်ချက်ခါသွားရပြန်ပြီကော လေ…။ အော်… ချိုနွယ်သင်းရယ်လို့ တိတ်တိတ်ကလေးညည်းမိသွားတာ အဲသည့်ညကပါ။

**လက်ဖျဲ့ဖော်**

http://www.cherrythitsar.org



ညာဘက်ဘေးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ ဇနီးသည် 'နွယ့်' ကို စောင်ပါးလေး လွှမ်းပေးလိုက်တယ်။ ပြန်အိပ်လို့ မရတော့နိုင်တော့တဲ့ အတူတူ စာအုပ်တစ်အုပ်၊ ဆေးလိပ်တစ်တိုနဲ့ မိုးလင်း သွားခဲ့ရတာလည်း အဲသည့်ညကပါပဲလေ…

၃။

၁၉၉၀ပြည့်နှစ်မှာ သမီးကို မွေးပါတယ်။

သမီး အခါလည်စလောက်မှာ ချိုနွယ့်အသံ ကြားရပြန်တယ်။ အိပ်ရာပေါ်မှာ ကစားနေတဲ့သမီးရဲ့ ခိုးခိုးခစ်ခစ်ရယ်သံလေးတွေက အိပ်ယာဘေးက ဖုန်းနဲ့ စကားပြောနေတဲ့ ကျွန်တော့်ပတ်လည်မှာ လွင့်ပျံ့လို့နေတယ်။

'ဘာသံတွေလဲဟင်…'လို့ ချိုနွယ်က မေးတဲ့အခါ 'သမီး ဆော့နေတာ'လို့ ဖြေလိုက်ပါတယ်။ သူ ခဏငြိမ်ကျသွားတယ်။ ခဏလေးကြာမှ…

'သူ အိမ်ထောင်ကျသွားပြီလား…'

'ဟုတ်တယ်… ၈၈၊ မေတုန်းက…'

ခဏ ငြိမ်နေပြန်တယ်။

'ဒါဆို ဒါပဲလေ၊ သူ့မိန်းမကို အားနာစရာ ကောင်းပါတယ်…'

'ရပါတယ်။ ကိုယ့်ဇနီးက သဘောထား ပြည့်ဝပါတယ်…'

'ဘာပဲဖြစ်ဖြစ်၊ ချို့အတွက် မကောင်းလှဘူးလေ၊ ဒါပဲနော်…'

သည်တစ်ကြိမ်မှာတော့ ကိုင်းဖျားလေးက မဆိုစလောက်ကလေးပဲ ခါတော့တာကို သတိထားမိတယ်။ သမီးငယ်လေးကြောင့် ထင်ပါရဲ့…။

**နောက်ဆက်တွဲ**

ချိုနွယ် ကျွန်တော့်ဆီ ဖုန်းဆက်ပြီးတဲ့နောက် တစ်နှစ်ခွဲလောက် အကြာမှာ သူ့မင်္ဂလာသတင်းကို သတင်းစာတွေထဲမှာ ဖတ်လိုက်ရတယ်။

ဝဿန်အလီလီကို ကျော်ဖြတ်လာရတဲ့ သစ်ပင်မှာ ကိုင်းသစ်တွေက

**လက်ဖက်ရည်**

http://www.cherrythitsar.org



ဖြာ၊ ရွက်နုသစ်တွေက ဝေ… ဆာ… နေလိုက်တာများ တစ်ချိန်တုန်းက လှုပ်ခါတတ်ဖူးတဲ့ကိုင်းအိုကလေးကို မနည်း ရှာယူရတဲ့အထိပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ…

မဂ်လာသတင်းကို ကြည့်နေမိရင်းနဲ့ တစ်ချိန်တုန်းက လှုပ်ခါခဲ့ဖူးတဲ့ အကိုင်းအခက်ကလေးကို ပြန်လို့ သတိရမိသွားရတာကိုတော့ ပျော်ရွှင်စွာ ဝန်ခံရပါလိမ့်မယ်။

တစ်ချိန်တည်းမှာပဲ နားခဲ့ဖူးတဲ့ ငှက်ကလေးကိုလည်း…

မေ ၈ ၉၆

♥ ♥ ♥

## ဝတ္ထုနောက်မှာ ပြောချင်တာ

၁၉၉၆ခု၊ ဩဂုတ်လထုတ် 'ပန်းဝေသီ'မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သော သည်ဝတ္ထုနှင့် ပတ်သက်၍မူ ပြောချင်တာ အတန်များပါသည်။

ပထမဆုံးမှာ ကျွန်တော့်စာရေးသက်တစ်လျှောက်တွင် သည်ဝတ္ထုလေးသည် ပီတိများကို ပထမဆုံး ဆောင်ကြဉ်းလာသော ဝတ္ထုလေးအဖြစ် မှတ်မိနေပါသည်။ ဖတ်မိသူတိုင်းက ချီးမွမ်းကြသလို သောင်းပြောင်းထွေလာမဂ္ဂဇင်းမှ ဝေဖန်ရေးဆရာတစ်ဦးကလည်း အမွှမ်းတင်ခဲ့ပါသေးသည်။ ကျွန်တော် ကိုယ်တိုင်လည်း စိတ်တိုင်းအကျဆုံး ဝတ္ထုတစ်ပုဒ် ဖြစ်ခဲ့လေသည်။

တစ်ခုတော့ စိတ်မကောင်းစရာ ဖြစ်သွားခဲ့ပါသည်။ ဝတ္ထုတွင် အဓိကထားကာ သုံးခဲ့သော ငှက်နှင့်သစ်ကိုင်းနိမိတ်ပုံမှာ အမှန်တော့ သီချင်းမဟုတ်ပါ။ ကဗျာဆရာ မောင်ပေါက်စည်၏ ကဗျာတစ်ပုဒ် ဖြစ်နေမှန်း သည်ဝတ္ထုဖော်ပြပြီး နှစ်နှစ်ကျော်ကြာမှ ကျွန်တော် သိလိုက်ရပါသည်။ သူက သည်လို ရေးခဲ့ပါသည်။

*လာရောက်ခိုနား*

*သူပျံသွားသော်*

*ကိုင်းဖျား ဆတ်ဆတ်ခါသတည်း. . .*

ဆရာမောင်ပေါက်စည်ကို ခရစ်ယန်သာသနာပိုင်ချုပ် (ယခု အငြိမ်းစား) ဆရာ အယ်န်ဒြူးမြဟန်အဖြစ် ကျွန်တော် ခင်မင်ရင်းနှီးပါသည်။ သူ့ကို ကဗျာဆရာမှန်း၊ မောင်ပေါက်စည်မှန်း ကျွန်တော် မသိခဲ့ပါ။ သူ့ ကဗျာစာအုပ်ထွက်လာသော အခါတွင်မှ ထိုကဗျာနှင့် ထိုကဗျာဆရာကို သိရပါသည်။

**လက်ထပ်ပွဲပေါ်**

http://www.cherrythitsar.org



ထိုကဗျာကို ၁၉၅၃ခုနှစ်တွင် သူရေးခဲ့ပါသည်။ ကျွန်တော့်ကို ၁၉၅၇ခုနှစ် ကုန်လုနီးမှ မွေးပါသည်။ ထို့ကြောင့် မည်မျှပင် ကျော်ကြားခဲ့သည်ဖြစ်စေ၊ ကျွန်တော် ဘယ်လိုမှ အလှမ်းမမီနိုင်သောကဗျာ ဖြစ်နေခဲ့ပါသည်။ ကျွန်တော် ကြားဖူးသည်မှာ ကျွန်တော့်ဝတ္ထုထဲတွင် ရေးခဲ့သည့်အတိုင်း သီချင်းသာ ဖြစ်ပါသည်။

သို့ရာတွင် ဆရာမောင်ပေါက်စည်၏ ကဗျာစာအုပ်တွင် အဖွင့်အမှာ ရေးသူ ဆရာမောင်ပေါက်စည်၏ သူငယ်ချင်း ကဗျာဆရာ၊ ဝေဖန်ရေးဆရာက ကျွန်တော့်အမည်ကိုလည်း မဖော်ပြ၊ ဝတ္ထုအမည်ကိုလည်း မဖော်ပြဘဲ၊ ကျွန်တော်ကပဲ လူလည်လုပ်ကာ ဆရာ မောင်ပေါက်စည်၏ကဗျာကို အညွန့်ခူးသယောင်ယောင်ထည့်သွင်းနှိပ်ကွပ်လိုက်သည်ကို ဖတ်လိုက်ရသောအခါ စိတ်မကောင်းပါ။

ကျွန်တော့်စာရေးသက်တစ်လျှောက်တွင် ကျွန်တော်သည် အမြဲတစေ ရိုးသားခဲ့ပါသည်။ ကဗျာများတင်မက ခေါင်းစဉ်များကိုပါ ယူငင်သုံးစွဲ သည့်အခါ မူရင်းဆရာတို့၏ အမည်ကို ဖော်ပြရန် မည်သည့်အခါကမျှ ဝန်မလေးခဲ့ပါ။

တစ်ခါက ရွှေအမြုတေမဂ္ဂဇင်းတွင် 'အိပ်မက်အတူမက်ကြစို့ မနက်မလင်းခင်' အမည်ဖြင့် အခန်းဆက်ဝတ္ထုရှည်တစ်ပုဒ် ရေးဖူးပါသည်။

ကိုးကား ကဗျာမှာ. . .

*ခံစားမှု ဝေစုယူ*
*အတူစက်ပါလှည့် မောင့်ချစ်သက်သခင်*
*အိပ်မက်အတူ မက်ကြစို့ မနက်မလင်းခင်. . .*

ဟူ၍ဖြစ်ပါသည်။ ထိုကဗျာကို ဘယ်သူရေးမှန်း ကျွန်တော် မသိတော့ပါ။ ထို့ကြောင့် ဝတ္ထုကို ဖော်ပြရာတွင် ယင်းကဗျာရှင်အမည်ကို သိသူရှိက ကျွန်တော့်ကိုဖြစ်စေ၊ ရွှေအမြုတေသို့ဖြစ်စေ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံချက်ကို ဝတ္ထုဖော်ပြချိန်တွင် အစဉ်တစိုက် ကြေညာခဲ့ဖူးပါသည်။ မည်သူကမျှ အကြောင်းမပြန်သည့်

http://www.cherrythitsar.org



အတွက် ယနေ့ထက်တိုင်လည်း မည်သူရေးမှန်း မသိရသေးပါ။

ပြောလိုသည်မှာ ကျွန်တော့်ဘက်က ဖြောင့်မတ်ခြင်းကိုပင် ဖြစ်ပါသည်။ သို့တစေ ဆရာမောင်ပေါက်စည်၏ သူငယ်ချင်း ကဗျာဆရာ/ဝေဖန်ရေးဆရာကမူ ကျွန်တော့်အပေါ် ဒေါသသင့်သော အရေးအသားဖြင့် တစ်ဖက်သတ် စွဲချက်တင်ခဲ့ဖူးလေသည်။ ကျွန်တော့် ကုသိုလ်ကံအကျိုးပေးဟုသာ ဆိုရန်ရှိပေတော့သည်။

ဝတ္ထုအကြောင်း ပြန်ကောက်ရပါလျှင် တယ်လီဖုန်းအမှတ်များ၊ ကားအမှတ်များကို အပီအပြင်ထည့်သွင်းရေးသားထားခဲ့သဖြင့် ပရိသတ်တချို့က ထိုအချိန်ကတည်းကပင် ဖြစ်ရပ်မှန်ဝတ္ထုမှန်း ရိပ်စားမိနေခဲ့ကြပါသည်။ တယ်လီဖုန်းအမှတ်များမှာ မရှိသော တယ်လီဖုန်းများကို ရွေးချယ် ထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ဆယ်လျူလာတွင် ၅၅နှင့်စသော ဆယ်လျူလာမရှိပါ။ ဝတ္ထုကို ဖော်ပြစဉ်က ငါးနှင့်စသော ဂျီအက်စ်အယ်မ်တယ်လီဖုန်းဝေးစွ၊ ရှစ်နှင့်စသော စီဒီအယ်မ်အေ ဆယ်လျူလာဖုန်းများပင် မပေါ်ပေါက်သေးပါ။ နှစ်နှင့်စသော မူလလက်ဟောင်း တီဒီအယ်မ်အေများပင် ပေါ်ခါစ ဖြစ်ပါသည်။

၈၉၅၉၄လည်း မရှိပါ။ ရှစ်နှင့်စသော ဖုန်းများ ရှိသည့်တိုင် ၈၉မှ မရှိပါ။ ၈၂၅၂၄မှာမူ ကျွန်တော့်မေမေ့အိမ်မှ ဖုန်းအမှတ် ဖြစ်ပါသည်။ ထိုတစ်နံပါတ်ကိုတော့ အမှန်ရေးလိုက်ပါသည်။ အလားတူပင်၊ ချိန္ဒွယ်အိမ်လိပ်စာဟူ၍ အတိအကျဖော်ပြထားသော လိပ်စာမှာလည်း ကျွန်တော့် သန်းခေါင်စာရင်းဝင် လိပ်စာဖြစ်သော မေမေ့အိမ်လိပ်စာပင် ဖြစ်ပါသည်။

ကားအမှတ်တွင်လည်း သ/၁၃၂၆မှာ တိုယိုတာမာ့ခ်တူးမဟုတ်ပါ။ ထိုအချိန်က ကိုငြိမ်းအေး (စာရေးဆရာ ငြိမ်းအေးအိမ်) စီးခဲ့ဖူးသော ကားအမှတ် ဖြစ်ပါသည်။ န/၉၁၄၆မှာလည်း ကျွန်တော်စီးခဲ့သော တိုယိုတာ နေဆောင်းထီး ကားလေးဖြစ်ခဲ့ကာ ၁၉၉၄ခုနှစ် ဇူလိုင်လတွင် တစ်စီးလုံး ကုန်တင်ကားအောက် ဝင်သွားသဖြင့် လုံးဝသုံးမရတော့ဘဲ သုံးလို့ရသမျှ ပစ္စည်းများကို တစ်စစီ ဖြုတ်ရောင်း

http://www.cherrythitsar.org



လိုက်ရသော ကားဖြစ်ပါသည်။

ဆိုလိုသည်မှာ သုံးလိုက်သမျှ နံပါတ်များအားလုံးမှာ ကျွန်တော့် ဘက်က ပြဿနာမဖြစ်လောက်ဟု ပိုင်နိုင်သေချာသော နံပါတ်များ ကို သုံးစွဲထားကြောင်းပင် ဖြစ်ပါသည်။

အမည်များကိုလည်း လွှဲပြောင်းထားခဲ့ပါသည်။ ဝတ္ထုထဲတွင် ဦးတင်အောင်ဝင်းဟု အမည်ပြောင်းထားသူမှာ ၂၀၀၂ခုနှစ်၊ နှစ်ဆန်း တွင် ကွယ်လွန်သွားခဲ့ပါပြီ။ ကျန်သည့်အပိုင်းမှာတော့ သရဖူ မဂ္ဂဇင်း တွင် ၂၅လတိတိ ဖော်ပြခဲ့သော ကျွန်တော့် 'ချစ်သူ့ရင်ခွင်ရှာပုံတော်' အခန်းဆက် ဆောင်းပါးတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ဝတ္ထုကို ပန်းဝေသီမဂ္ဂဇင်းလေး၏ နောက်ဆုံးလများတွင် ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က ပန်းဝေသီကို ကိုကျော်စိုးဝင်း (စာရေးဆရာ ကြည်လင်အေး)က မွမ်းမံတင်ဆက်နေချိန်ဖြစ်ပါ သည်။ ကျွန်တော်နှင့် ကိုကျော်စိုးဝင်းကြားမှာ ဘာ အခုအခံမှ မရှိဘဲ ရင်းနှီးခင်မင်နေခဲ့ချိန်ဟုလည်း အမှတ်ရနေပါသေးသည်။


စာရင်းချုပ်သော် ကျွန်တော့် စာရေးသက် တစ်လျှောက်တွင် သည် ဝတ္ထုမှာ အားအရဆုံးဝတ္ထုဟု ဆိုရမည်ပင်ဖြစ်သလို '*မှတမပါ၊ လက်ာမချော*'ဟူသော ဆိုရိုးစကားလေး သွေးထွက်အောင် မှန်လှ ကြောင်းကိုလည်း ဤဝတ္ထုက သက်သေခံလျက် ရှိနေပါသတည်း။

**ဃက်ထူဲဖော်**

http://www.cherrythitsar.org



# ဘွဲ့နှင်းသဘင်ခန်းမထဲကဘာလွမ်း



http://www.cherrythitsar.org

# ဘွဲ့နှင်းသဘင်ခန်းမထဲက အလွမ်း

**အပျိုး**

၁၉၉၅ခုနှစ်၊ တက္ကသိုလ်စိန်ရတုသဘင်…။

စာရေးဆရာဖြစ်ဖို့ အဖအညီုအညင်၊ အမိ အဆိုအပြော၊ အားလုံးသော လူတို့ရဲ့ အငေါ့အထေ့ ခံပြီး မရကုပ်ကပ် ကြိုးစားလာခဲ့တဲ့ ကျွန်တော်။ တက္ကသိုလ် ရောက်ကတည်းက စာတိုပေစရေးသားရင်း ကျောင်းမဂ္ဂဇင်းမှာ သုံး–လေးခါ ပါဖူးလိုက်တာနဲ့တင် ကိုယ့်ကိုယ်ကိုယ် စာရေးဆရာအဖြစ် ခပ်တည်တည် သတ်မှတ်လိုက်ပြီးသကာလ ဖနောင့်သံရှူးတဲ့လူလို ကြွတ၊ မြောက်တ ဖြစ်ခဲ့သော ကျွန်တော်…။

ထိုကျွန်တော်သည် ယခုနှယ် တက္ကသိုလ် စိန်ရတုကာလသို့ ရောက်လာသောအခါ တစ်ပုဒ်တစ်လေမှမရေးရလျှင် စားလို့လည်း ကောင်းကောင်း မဝင်၊ အိပ်လျှင်လည်း ကောင်းကောင်း မရ၊ ထိုင်ချလည်း တစ်ခုခုက တင်ပါးအောက်မှာ ခုနေသလို၊ ဟိုဟိုသည်သည် တောင်တောင်အီကာ ယောင်ချာလည်နေပါတော့တယ်။

ဒါနဲ့… မရေးရ မနေနိုင်အောင် ရောဂါသည်းနေတဲ့အတူတူ၊ မထူးပါဘူး၊ ရေးဖြစ်အောင်တော့ ရေးကို ရေးလိုက်ဦးမယ်။ ပြီးကာမှ မဂ္ဂဇင်း တစ်ခုခုကို ပို့တော့မယ်လို့ ဆုံးဖြတ်ပြီး ကလောင်ပြင်တယ်။

သိတယ်မဟုတ်လား၊ တက္ကသိုလ်ဆိုတာ အင်မတန် လွမ်းစရာ ကောင်းတဲ့ ကိစ္စ။ ကျွန်တော်က အဲသည့်တက္ကသိုလ်ကြီးကို အင်မတိ အင်မတန့်ကို

**လက်တွဲဖော်**

http://www.cherrythitsar.org



ချစ်တာ...။ အလယ်တန်း ကျောင်းသားဘဝလောက်ကတည်းက အဲသည့် တက္ကသိုလ်ကြီးကို စိတ်ကူးနဲ့ ရှုံးခဲ့တာ။

ဒါကြောင့် ဆယ်တန်းအောင်တော့တောင် ကံ့ကော်တောနဲ့ ဝေးမှာစိုးလို့ အမှတ်ကောင်းကောင်းရအောင် မဖြေခဲ့တာသာ ကြည့်...။ တော်ကြာ... အမှတ်တွေ စွတ်ကောင်းနေပြီး ဆေးတို့၊ စက်မှုတို့၊ သွားတို့၊ တိ-ကုတို့ ဝင်ကုန်ရင် ကျွန်တော်အနှစ်နှစ် အလလက အိပ်မက် မက်ခဲ့ရတဲ့ ကံ့ကော် ရွှေပြည်နဲ့ ဝေးမှာ စိုးလို့ ဆယ်တန်းကို သူလိုငါလိုလောက် အောင်ရုံလုပ်ခဲ့ တာပ။ (အမှန်ကတော့ ကိုယ့်ဟာကိုယ် သောက်ဖျင်းနိုင်တာကို ကြံဖန်ကြွား ကြည့်တာနော်... ဟီး... ဟီး။ ဤကား စကားညှပ်။)

ကျောင်းပြီးသွားတာတောင် သံယောဇဉ်မကုန်နိုင်ဘဲ ကျောင်းထဲ ခဏ၊ ခဏ သွားပြီး စိတ်ကစားရတာလည်း အမော။ အခုဆို ကျောင်းနဲ့ ဝေးခဲ့တာ ၁၆နှစ် ရှိကပြီ။ ဒါလည်း ကျောင်းနားက ဖြတ်မိ ဖြတ်မိ၊ ကျောင်းထဲ အကြောင်းသင့်လို့ ရောက် ရောက်၊ ကိုယ့်ဇာတိ ပြန်ရောက်သလို အူရွလို့ ကောင်းနေတုန်း။

အဲသလောက်ကို သံယောဇဉ်ရှိလှပါတဲ့ကျောင်းတော်မဟာကြီး စိန်ရတု ဆင်တဲ့ကာလမှာ မှတ်မှတ်ရရလေး တစ်ခုခုမှ မရေးရရင် သေတာတောင် ဖြောင့်ချင်မှဖြောင့်တော့မှာမို့ တစ်ခုခုရေးလိုက်စမ်းမယ်၊ ကိုင်း... ရွာစားရေ၊ အဲလေ... အယ်ဒီတာရေ... ထည့်လို့သာ ပေးလိုက်ပ... (ခင်ဗျာ့ မဂ္ဂဇင်း ထဲကို... ပြောတာနော်) ကျွန်တော်မျိုးရဲ့ တက္ကသိုလ် အလွမ်း... အမ်း... ဟမ်း... ဟမ်း...

**အတော**

အမှန်ကတော့ ကျွန်တော့်ဇာတ်လိုက်ကျော် '*ရွှေပြာလောင်ချမ်း*' ရဲ့ ဇာတ် လမ်းလေးပါပဲ။ စာဖတ်သူတွေ မှတ်မိကြဦးမလားတော့ မသိဘူး။ *ရှေ့ပြေး မဂ္ဂဇင်း* ဇန်နဝါရီလထုတ်မှာပါတဲ့ '*ကဲချင်ဦးလေ... မှတ်ပလား*' ဇာတ်

**လက်တွဲဖော်**

http://www.cherrythitsar.org



လမ်းထဲက 'ရေပြာလောင်ချမ်း' ကိုလေ။ နာမည်ရင်းက ရေချမ်း၊ ဒါပေသည့် ကာတွန်းတင်အောင်နီရဲ့ ဇာတ်လိုက်ကျော် 'ပြာလောင်'နဲ့ ခပ်ဆင်ဆင်ရယ်မို့ သူ့ကို ရေပြာလောင်ချမ်းလို့ အားလုံးက ခေါ်ကြသဗျ။

အဲသည့် ရေချမ်းက ကျောင်းသာ ပြီးသွားတယ်။ ကျွန်တော်နဲ့က အဆက်အသွယ် တယ်··· မပြတ်လှပါဘူး။ သည်မောင်က ချစ်စရာတော့ အတော်လေး ကောင်းသဗျ···။ ကောင်းဆို ကျောင်းတုန်းက ကျွန်တော့်ကို သူနဲ့ လူစီလူးနဲ့ ဇာတ်လေး ပြောပြလိုက်လို့ ကျွန်တော် ဖိုးရေးချင်ကလည်း ကောက်ရေးလိုက်တယ်။ ကျောင်းမဂ္ဂဇင်းလည်း ထွက်ရော လူစီလူးလည်း ဒေါသူပုန်တွေ ထတော့တာပဲပေါ့။ ဘယ့်နှယ်··· သူနဲ့ ရေချမ်းနဲ့ နှစ်ယောက်ချင်းသာ သိသင့်တဲ့ ဇာတ်ကို ရေချမ်းက ဟောင်ဖွာ လိုက်တာနဲ့ ကျွန်တော်က ကောက်ရေးလိုက်တော့ တစ်ကျောင်းလုံး ဟိုးလေးတကျော် တွေဖြစ်၊ လူစီလူးမှာ အရှက်ကြီး ရှက်ရပါတယ်ဆိုပြီး ရေချမ်းကို ပါးရိုက်လို့ ဖြတ်သွားပါရောလား···။

အဲဒါနဲ့ ရေချမ်း အဲတုန်းက ကျွန်တော့်ဆီ ရောက်လာသေးတယ်။ အသည်းကွဲ ဇာတ်လမ်းလေး လာပြောတာ။ အရက်ကလေး လက်နှစ်လုံး လောက်ကို ရေတစ်ပုံးလောက် ရောသောက်ပြီး သူက ပြောပြတာပေါ့။ သူ့အလွမ်းဝေဒနာကိုလေ။ ပြောပုံကိုလည်း ကြည့်ဦး···။ တဟီးဟီးနဲ့··· ငိုတာ မဟုတ်ဘူး၊ ရယ်ပြီးပြောတာ···။ အဲသလိုကို ချစ်စရာ ကောင်းလှတဲ့ ကောင်···။

ကျွန်တော်လည်း သူပြောတဲ့ ဇာတ်လမ်းလေးတွေ ကြိုးကြား ရေးလာ ရင်း နေလာလိုက်တာ အခုလို တက္ကသိုလ် စိန်ရတုအတွက် စာရေးမယ် လည်း ကြံမိရော··· ဇာတ်လမ်းတွေ ပေါလွန်းတဲ့ သင်းဆီ ပြေးကပ်မိရ တော့တာပဲ။

တကယ်တော့ သူ့ဘဝကိုက အင်မတန် ဇာတ်ပေါတာကလား···။ တက္ကသိုလ်တုန်းကလည်း နေရာတကာ စပ်စပ်စပ်စပ်နဲ့ နေခဲ့တဲ့ ကောင်မျိုး

http://www.cherrythitsar.org



ဆိုတော့ သူ့မှာ တက္ကသိုလ် ဓာတ်တစ်ခုခုတော့ ကျန်တန်ကောင်းရဲ့လို့ တွေးပြီး သူ့ဆီ ပြေးလိုက်တာ…။

ထင်တဲ့အတိုင်းပါပဲဗျား…။ မောင်မင်းကြီးသားက ကျွန်တော့်ကို ဓာတ် ပြောပြတယ်။ ကျွန်တော်ကလည်း အကြံနဲ့ သွားတဲ့သူဆိုတော့ အသင့်ပါ သွားတဲ့ ကက်ဆက်နဲ့ ဖမ်းထားလိုက်တာပေါ့၊ ပြီးတော့… သူပြောတဲ့စကား အတိုင်း ပြန်ချရေးလိုက်တော့ ကျွန်တော့် တက္ကသိုလ်အလွမ်းဓာတ်ကို ပောာသလို ရလာတာပေါ့…။

## အတိုင်

ကျွန်တော် အဲတုန်းက ဒုတိယနှစ် ကျောင်းသားဗျ။ မန္တလေးဆောင်မှာ တက်ရတာ။

ခက်တာက ကျွန်တော်က တက္ကသိုလ်ကျောင်းသားစင်စစ် ဖြစ်ပါလျက် ကနဲ့ အဆောင်နေကျောင်းသားမဟုတ်ရင် တက္ကသိုလ်ဘဝအရသာကို ပြည့် ပြည့် ဝဝ ခံစားရတယ်လို့ တယ်မထင်ဘူး။ ကျွန်တော်ကလည်း ရန်ကုန် လိပ်စာနဲ့ တက်တဲ့ကောင်ဆိုတော့ အဆောင်နေခွင့်တော့ ဘယ်ရပါ့မလဲလေ။

ဒါပေမယ့် လူကြံရင် ထရံတောင် ပြက္ခဒိန် ချိတ်လို့ ရသေးတာပဲ၊ ကျွန်တော်လည်း ဘယ်နေမလဲ။ ဒုတိယနှစ်ကျတော့ ကျွန်တော်တို့ အတန်း ထဲကို မော်လမြိုင်ကောလိပ်တို့၊ ပုသိမ်ကောလိပ်တို့က ပြောင်းလာတဲ့ ကျောင်းသူ၊ ကျောင်းသားအသစ်တွေ ရောက်လာတယ်။

အဲသလို ပြောင်းလာတဲ့အထဲက မြင့်ဆွေဆိုတဲ့ မြိတ်သားတစ်ယောက် လည်း ပါတယ်။ ဆိုင်းဘာဘာဆံပင်နဲ့၊ အမြဲတန်းလို ကျော့နေတဲ့ကောင်။ အဲသည့်ကောင်နဲ့ ကျွန်တော်နဲ့ခင်သွားတယ်။ အဲသည့်မှာတင် ကျွန်တော် လည်း ရေဝတ်တုန်း ရေတွင်းထဲ အတောင့်လိုက် ကျသွားတော့တာပါပဲ။

ကျဆို မြင့်ဆွေ (ဘိတ်စုတ်)က ပဲခူးဆောင်ကနေ ကျောင်းတက်ရတဲ့ အဆောင်နေကျောင်းသားလေ။ သူက နယ်က ကျောင်းလာတက်တာဆိုတော့

http://www.cherrythitsar.org



အဆောင်ရတာပေါ့။ သည်မှာတင် အဆောင်ကျောင်းသား အရသာ ခံစားချင်တဲ့ ကျွန်တော်လည်း အဆင်ပြေသွားတာပဲ။

အားအားရှိ မြင့်ဆွေ့အခန်း သွားနေတော့တာပေါ့၊ အိမ်ကိုလည်း ပြန်ချင်မှ ပြန်ဖြစ်တယ်။ ပဲခူးဆောင်မှာပဲ အိပ်ချင်အိပ်တယ်။ အဲသလို နေခဲ့တာ၊

ဇာတ်လမ်းက ဘိတ်စုတ်ရဲ့ အခန်းဖော်က စတာ။ အဲသည့်ကောင့် နာမည်ရင်းတော့ မမှတ်မိတော့ဘူး။ နာမည်ပြောင်ကတော့ *'ခပတ-တုတ်'* တဲ့···။

ဟုတ်တယ်···

ဘယ်သူက ဘယ်လို စလိုက်မှန်းတော့ ကျွန်တော်လည်း အသေအချာတော့ မသိဘူး။ အဲသည့်ကောင့်အရပ်က တော်တော်လေးပျပ်ပြီး အလုံးအဖန်က သေးတော့ ခွေးပစ်တဲ့တုတ်လို့ ခေါ်ကြရင်း အတို ခေါက်လိုက်တဲ့အခါ 'ခပတ-တုတ်'လို့ တွင်သွားတော့တာပဲ။

ဇာတ်လမ်းကို ခပတ-တုတ်က စတာ···။ သူက ကျွန်တော်တို့လို သိပ္ပံကျောင်းသား မဟုတ်ဘူး။ ဒဿနိကဗေဒ ကျောင်းသား···။ ဘိတ်စုတ်ရဲ့ အခန်းဖော်ဆိုတော့ ကျွန်တော်နဲ့လည်း ရင်းနှီးသွားတော့တာပေါ့။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့လေ···။

အဲဒါ··· တစ်နေ့တော့ ခပတ-တုတ်က ကျွန်တော့်ကို ပြောတယ်။

'ရေပြာလောင်ချမ်း၊ မင်း မနက်ဖန်ကျရင် ငါတို့ ဌာနမှူးနဲ့ လိုက်တွေ့ပေးစမ်းပါကွာ···'

'ဘာလုပ်ဖို့တုံး···'

'ဒီလိုကွ··· ငါတို့ ဌာနမှူးက ငါ့ကို ခိုင်းထားတာ တစ်ခု ရှိလို့။ ပွဲတစ်ပွဲမှာကွာ ဌာနမှူးက အားကစားယိမ်းတစ်ခု တင်ချင်တယ်။ အဲဒါ ငါ့ကို သီချင်း ရှာခိုင်းတယ်ကွာ၊ ငါကလည်း ဂစ်တာသာ မတောက်တခေါက် တီးတတ်တာ၊ မင်းလို မနှံ့စပ်လှဘူး။ မင်းကတော့ ဘိ(တ်)တွေ၊ တိုင်မင်ဂ်တွေ၊ တယ်မ်ပိုတွေ နားလည်တယ်ဆိုတော့ အဆင်ပြေမယ်လေ···'

**လက်ဆွဲဖော်**

http://www.cherrythitsar.org



ဟား… ကျွန်တော့်ဘဝင် လေဟပ်သွားတော့တာပေါ့။ ခပတ–တုတ် ဆိုတဲ့ကောင်က ကျွန်တော့်ကို အဲသလို ဆရာတင်လာတော့ ကျွန်တော်လည်း အကြီးအကျယ် မြောက်သွားတယ်။ 'ဘာရမလဲ၊ ငါကွ' လို့ ဥဒါန်းကျူးချင် စိတ်ကို မနည်း ဘရိတ်အုပ်ရင်း ခပ်အင်အင် ဟန်ပန်နဲ့ 'လိုက်ဆိုလည်း လိုက်တာပေါ့ကွာ…' လို့ ပြောလိုက်တယ်။ အမှန်ကတော့ ကျွန်တော့်မှာ ဟိုသင်းနဲ့နှလုံး တွေ့နေပြီ။

တိုတိုပြောရရင်တော့ဗျာ၊ နောက်တစ်ရက်မှာ သူတို့ ဌာနမှူး ဆရာမ ကြီးကို ဆုံရတယ်။ ဆရာမကြီးက ချောချောခန့်ခန့်ကြီးဗျ။ ဒူးယား စီးကရက် ကို သောက်တာကလည်း ဘာလုသလဲ မမေးနဲ့။ တစ်ခေတ်တစ်ခါဆီက တင်တင်မူ ဆေးလိပ်သောက်တာထက်တောင် လှသေး။ (အိမ်ရောက်လို့ အမေ့ပြန်ပြောပြတော့မှ အဲသည့်ဆရာမကြီးက ရွှေမန်းမယ် ရဖူးသူ ဖြစ် ကြောင်း၊ အထင်ကရ ဓာတ်ပုံဆရာကြီးတစ်ဦးကဆို အဲသည့်ဆရာမကြီးနဲ့ တင်တင်မူသာ ဆေးလိပ်သောက်တဲ့နေရာမှာ အလှဆုံး မိန်းမများဖြစ် တယ်လို့ ရေးဖူးကြောင်း သိရပါတယ်။)

ဆရာမကြီးက အားကစားယိမ်းတစ်ခု လုပ်ချင်နေတဲ့အကြောင်း၊ အဲ သည့် ယိမ်းအတွက် နရီကတော့ သုံးချက်စည်းမျိုးဖြစ်တဲ့အတွက် ကျွန်တော် ကပဲ သင့်တင့်မယ့် တေးသွားမျိုးကို ကြံဆပေးဖို့အကြောင်း စတာတွေကို ပြောလာပါတယ်။ ကျွန်တော်လည်း အာမဘန္တေ ခံလိုက်တယ်။

ဒါလေးများ…

အဲတုန်းက ၁၉၇၇ခုနှစ်လောက်ဆိုတော့ အခု အေရိုးဗစ်လို့ ခေတ်စား နေတဲ့ (အရိုးဗစ်ခ်စ်) ကာယလေ့ကျင့်ခန်းတွေ မပေါ်သေးဘူး။ ဆရာမ ကြီးက ခေတ်မီသူဆိုတော့ သူ့ကျောင်းသူတွေနဲ့ အားကစားလှုပ်ရှားမှု ယိမ်း အက တစ်ခုကို ထွင်တဲ့သဘော။ ကျွန်တော်က မဆီမဆိုင်လှပါဘဲ ခပတ– တုတ်ရဲ့ ကျေးဇူးကြောင့် အဲသည့်အစီအစဉ်အတွက် တေးသွားရာတဲ့အလုပ် ကို စေတနာ့ဝန်ထမ်း လုပ်ပေးရတာ…။

**လက်တို့ဖော်**

http://www.cherrythitsar.org



သုံးချက်စည်းဆိုတော့ နိုင်ငံတကာတေးသွားသဘောအရ ဝေါ့လ်တ်ဇ် **(Waltz)**။ ဆိုတော့… ကျွန်တော့်စိတ်ထဲမှာ ဒေါက်တာဇီဗားဂိုးဇာတ်ကားရဲ့ ဇာတ်ဝင်သီချင်းက အလွယ်တကူ ဝင်လာတယ်။ နောက်တစ်ပုဒ်ကျပြန်တော့ ပြင်သစ်လို *မင်းကို ကိုယ်ချစ်တယ်* **(Je t'aime)**၊ အင်္ဂလိပ်လို *မြင်မြင်ချင်း ချစ်တယ်* (**Love at first sight**) ဆိုတဲ့ သီချင်းလေးလည်း ခေါင်းထဲ ဝင်လာတယ်။

ဒါနဲ့ ကျွန်တော်လည်း အဲသည့် သီချင်းလေးနှစ်ပုဒ်ကို ဂစ်တာလေးနဲ့ တီးပြီး ဆရာမကြီးကို ဆိုပြလိုက်တယ်။ ဆရာမကြီးက နားထောင်ကြည့်ပြီး သူ့ကျောင်းသူမတွေနဲ့ တိုက်ကြည့်ခိုင်းတယ်။ သူ့ကျောင်းသူမတွေရဲ့ ကိုယ်လက် လှုပ်ရှားမှုတွေနဲ့ ကျွန်တော့်တေးသွား စီးချက် အံဝင်/မဝင် တိုက်ကြည့်တာ။ အံဝင်သွားတော့ ဆရာမကြီးက နေ့တိုင်း လာတိုက်ပေးဖို့ ကျွန်တော့်ကို ပြောရော။ ကျွန်တော်ကလည်း အားနေတဲ့ကောင်ပီပီ လုပ်ပေးပါ့မယ်ပေါ့…။

ဒါပေမယ့် ခက်တာက သီချင်းတွေက အင်္ဂလိပ်သီချင်းတွေ။ ဒုတိယ အပုဒ်ဆို အင်္ဂလိပ်စာသားကို ကျွန်တော် တစ်ခါမှ မကြားဖူးဘူး။ သည်တော့ နေ့စဉ် တိုက်တဲ့အခါ *ဒါဒါဒါ… ဒီဒီဒီ…* ဆိုပြီး ပါးစပ်နဲ့ တေးသွားကို ဆိုညည်းရင်း အကတိုက်ရတာ တယ်ဟန်မကျချင်တော့ဘူး။ ကိုယ့်ဘာသာ ကိုယ် နားထောင်ရင်းတောင် နားညည်းလာတယ်။ တကယ်…

ဒါနဲ့… ဘာရမလဲ၊ ရေပြာလောင်ချမ်းပဲ။ နာမည် လေးလုံးနဲ့နေတာ၊ ကဗျာရှူး၊ စာရူး၊ သီချင်းရူး၊ စွယ်စုံရူးပဲ။ အဲသည့် တေးသွားတွေထဲ ဆရာမကြီးတို့ အစီအစဉ်နဲ့ လိုက်ဖက်တဲ့ စာသားတွေ ထည့်ချပြီး သီချင်း တိုက်ရာမှာ စာသား အဆိုနဲ့ တိုက်ပေးတာပေါ့…။

ဆရာမကြီးက နေ့တိုင်းပဲ သူကိုယ်တိုင် ကြီးကြပ်ပြီး အက တိုက်ပေးတာ။ အဲလိုနဲ့ ကျွန်တော် စာသားထည့် ဆိုပေးနေတာ နှစ်ရက်လောက် ရှိတော့ ဆရာမကြီးက ကျွန်တော့်ကို ပြောတယ်။

**လက်ကျဲဖော်**

http://www.cherrythitsar.org



'မောင်ရေချမ်း၊ မင်းလည်း အသံ ကောင်းသားပဲ။ သီချင်း စာသားလေးတွေကလည်း တို့လုပ်ထားတဲ့ အကြောင်းအရာနဲ့ ဆီလျော်နေတော့ တကယ့်ပွဲကျရင် မင်းကိုယ်တိုင်ပဲ စင်ပေါ်တက်ဆိုရင်း တို့အစီအစဉ်ကို ဝေဝေဆာဆာလေး လုပ်လိုက်ရအောင်…'

ကျွန်တော့်လို ဖိုးဆိုချင်အတွက် ဒါဟာ မဟာ့မဟာ အခွင့်အရေးတစ်ရပ်ပဲလေ။ သည်ယုံမြင်လို့ သည်လှောင်အိမ်ဆောက်ခဲ့တာ မဟုတ်ပေမယ်လို့ ရလာတဲ့အခွင့်အရေးကိုတော့ ဘယ် လက်လွှတ်ခံချင်တော့မလဲ။ မူတောင် မမူနိုင်တော့ပါဘူးဗျာ။ တစ်ခါတည်း တန်းပြီး ဟုတ်ကဲ့… ကောင်းပါတယ် ခင်ဗျာ လိုက်တာပေါ့။

**အဆို**

တိုတိုပြောရရင်တော အဲသလိုနဲ့ တီးဝိုင်းတွေ ဘာတွေနဲ့ စနစ်တကျ တိုက်ဖြစ်သွားပြီး တကယ်ဆိုရမယ့်နေ့ ရောက်လာတော့တာပါပဲ။ နေရာက ဘွဲ့နှင်းသဘင်ခန်းမကြီးထဲမယ်။ ဒုတိယနှစ် ကျောင်းသားဘဝကတည်းက ရေချမ်းတို့က ဘွဲ့နှင်းသဘင် စင်မြင့်ပေါ်တက်လာခဲ့ဖူးတာ၊ ပေါ့ရွှတ်ရွှတ်မှတ်လို့…

တိုက်တဲ့အခါတွေမှာတော့ ဘယ်… ဘွဲ့နှင်းသဘင်ခန်းမထဲ ဝင်ကြဲလို့ ရမလဲ၊ တကယ့် ပွဲနေ့ကျမှ စင်ပေါ်ရောက်တာပေါ့။ ဝတ်စုံပြည့် အစမ်းလေ့ကျင့်တာလည်း အပြင်မှာ ကျင့်ထားတာ။ ကျွန်တော်ကတော့ ဝတ်စုံမလိုလှပါဘူး။ သီချင်းနှစ်ပုဒ်၊ အကနှစ်ချိုးဆိုတော့ ဘောင်းဘီရှည်နဲ့ တစ်ခါ၊ ပုဆိုးနဲ့ တစ်ခါပေါ့။ ကိုယ်ဝတ်ချင်သလို ဝတ်ရုံပဲလေ။

တကယ်ဆိုတဲ့အခါကျတော့ ကျွန်တော့်မှာ ဇာတ်ခုံအတွေ့အကြုံကနည်းတော့ ဒူးတွေ တုန်ချင်သလိုလိုကြီးရယ်…။ ဒါပေမယ့် ရေချမ်းပဲ၊ 'ရဲချမ်း'လို့တောင် ပြောင်းလိုက်ဖို့ကောင်းအောင် ရဲတဲ့နေရာ (သောက်ရက်မရှိတဲ့ နေရာ)မှာ ထိပ်ဆုံးက ကျွန်တော်လေ။

**လက်တွဲဖော်**

http://www.cherrythitsar.org



ဆိုချလိုက်တာပေါ့၊ ခပ်တည်တည်ပဲ။ အကအဖွဲ့က စင်အပြည့် နေရာယူထားတော့ ကျွန်တော်က စင်ရဲ့ ယာဘက်ထောင့် ယွန်းယွန်းကလေးကနေ မှင်မောင်းအပြည့်နဲ့ ဆိုတာ။ ဝဲလက်တွင် ခေတ်ခွက်မိုက်ခရိုဖုန်း၊ ယာလက်တွင် သီချင်းစာရွက် ကိုင်လျက် အိုက်တင်အပြည့်ပေါ့ခင်ဗျ…။

အမှန်ကတော့ ကိုယ်တိုင် ရေးထားတဲ့ သီချင်း စာသားလည်းဖြစ်၊ အထပ်ထပ်လည်း ဆိုဖူးနေခဲ့ပြီမို့ အလွတ်ရနေတဲ့ စာသားတွေပဲ၊ သီချင်းစာရွက် မလိုပါဘူး။ ဒါပေမယ့် ပုံပေးချင်တာက တစ်ကြောင်း၊ ပရိသတ်ကို မကြည့်ရဲတဲ့ အတူတူ၊ မျက်လုံး ထားစရာ နေရာရှိနေဖို့ အကြံအဖန်လုပ်တဲ့ ဘောအနေနဲ့ တစ်ကြောင်း၊ ပေါင်း နှစ်ကြောင်းကြောင့် သီချင်းစာရွက်ကို ကိုင်ချလိုက်တာပါ။

ပထမတစ်ပုဒ်၊ ပထမအချိုးမှာ ပုဆိုးနဲ့ တိုက်ပုံနဲ့ အကျအန ဆိုချလိုက်ပြီးတော့ အဆင်ပြေတယ်။ ပရိသတ်က အားနာပါးနာ လက်ခုပ်တီးပေးတာကလည်း သောသောကို ညံလို့…။ ကောင်မလေးတွေ ဘောင်းဘီတိုလေးတွေနဲ့ ကတာကို အားပေးတယ်လို့ကို မထင်ဘူး။ ကျွန်တော့် အဆိုကောင်းလွန်းလို့ လက်ခုပ်တွေ တီးကြပေတာပဲလို့ မှတ်တယ်။

ဘောင်းဘီရှည်၊ ဘွတ်ဖိနပ်၊ ခွေးလည်ပတ် စတာတွေကို အကျအန ဝင်လဲတယ်။ ကောင်မလေးတွေဆီက မှန်နဲ့ ဘီးကို ငှားလို့ ကျွန်တော့် ကေသာကို မလိုအပ်လှဘဲ ထပ်ဖြီးတယ်။

ယိမ်းထဲက ကောင်မလေးတွေက 'ကိုရေပြာလောင်က ခုလိုတော့လည်း သမိစ်ပဲ'တဲ့…။ တစ်ယောက်ကတော့ 'ဓောဓောက မြန်မာဝတ်စုံနဲ့တုန်းကလည်း ကိုရေပြာလောင်ချမ်းတို့က ခံကြော၊ အဲလေ… ခန့်ချောကြီးပါကွာ' တဲ့…။ ကျွန်တော့်မှာ သွား အချောင်း ၃၀လောက် ပေါ်အောင် ဖြီးတီးတီးကြီးကိုဖြစ်လို့။ ပီတိတွေ ဖြာလိုက်တာများ၊ ရှုရှုးတွေတောင် ပါမတတ်ပဲ။

ဆရာမကြီးက တစ်အောင့်လောက်နေတော့ ကျွန်တော်တို့ အဖွဲ့ကို အချိန်ကျတဲ့အကြောင်း လာပြောတာနဲ့ ကျွန်တော်တို့လည်း စင်ပေါ်တက်၊ဝ

http://www.cherrythitsar.org



ကန့်လန့်ကာနောက်မှာ နေရာယူလိုက်တယ်။ တီးဝိုင်းက အတော တီးလုံးကို စ အတီးမှာ ကန့်လန့်ကာ ပွင့်သွားတယ်။ ကန့်လန့်ကာလည်း ပြည့်ပြည့်ဝဝ ပွင့်သွားရော၊ ကျွန်တော်လည်း စ ဟဲရတော့တာပဲ။

## အငို

ဒုတိယအကြိမ်မှာလည်း ပထမအကြိမ်တုန်းကလိုပဲ။ ခေါင်းခွက် တစ်ဖက်၊ စာရွက်တစ်ဖက်။ ပိုရဲနေပြီလေ၊ သည်ပရိသတ်နဲ့ကလည်း ရင်းနှီးသွားသလို ရှိနေတော့ ကျွန်တော်လည်း အိုက်တင်အမျိုးမျိုး၊ ပို့စ်အမျိုးမျိုးနဲ့ ရိုးတော့ တာပေါ့။

ပရိသတ်ကြီးကလည်း ငြိမ်လို့။ (အားပေးတာ··· အားပေးတာ။)

ကျွန်တော်လည်း စောစောက အပုဒ်တုန်းကလို စင်ထောင့်မှာ ကုပ်ချောင်းချောင်းလေး မဟုတ်တော့ဘူး။ ခြေလေး ရသလောက် လှမ်းလို့။ အငြိမ်မနေတော့ဘူး။ အားပါးတရ ဆိုလို့ကလည်း၊ ဘာကောင်းသလဲ မမေးနဲ့။ လမိုင်းကလည်း ခုမှ ပိုကပ်လာသလိုလို။

သီချင်းဆုံးတဲ့အထိ ဖြောင့်လို့။ ပရိသတ် လက်ခုပ်သံအကြားမှာ ဦးညွတ်လို့ ပရိသတ်ကို ကျွန်တော် ဂါရဝပြုလိုက်တယ်။ အဲသလို ယဉ်ကျေးတာ။ သည်သူငယ် တယ်တော်ပါကလားလို့ ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်မိရသေး···။

ဦးညွတ်ပြီး ခေါင်း ပြန်အမတ်မှာ ကျွန်တော့်ယာဘက်က တစ်စုံတစ်ရာ ရိပ်ခနဲ ပြေးဝင်လာတယ်။

မည်းမည်းကြီး···

ရုတ်တရက်မို့ ဘာမှန်း ညာမှန်း စဉ်းစားချိန် မရလိုက်ဘဲ ကျွန်တော် အလန့်တကြား ခုန်ရှောင်လိုက်တယ်။ သတိရလိုက်တဲ့အချိန်မှာ ကျွန်တော့် ညာဘက်က ရိပ်ခနဲ ဝင်လာတဲ့ မည်းမည်းကြီးက ကန့်လန့်ကာကြီးဆိုတာ သိလိုက်တယ်။

http://www.cherrythitsar.org



မြတ်စွာဘုရား…

ပရိသတ်က အုံးခနဲ ရယ်လိုက်တယ်။ဟာ… သွားပြီ…။ ကျွန်တော် ခုန်ရှောင်လိုက်တာက နောက်ကိုမဟုတ်ဘဲ ရှေ့ကို ခုန်ရှောင်မိတာဆိုတော့ ကန့်လန့်ကာအပြင်ကို ရောက်သွားတာ…။

အက တစ်ဖွဲ့လုံးက ကန့်လန့်ကာ နောက်မှာ…၊ ကျွန်တော် တစ်ကောင်တည်း ကန့်လန့်ကာ အပြင်ဘက်မှာ အတောင့်လိုက်ကြီး…။ ပရိသတ်ရဲ့ ရယ်သံကြောင့် ကျွန်တော် ၁၅ပြားဖိုးလောက် (ခု ကာလတန်ဖိုးနဲ့ဆို ကျပ် ၃၀ဖိုးလောက်) ရှက်သွားတယ်။

ဒါပေမယ့် ရေပြာလောင်ချမ်းလေ… သိတယ်မဟုတ်လား၊ မျက်နှာကို 'ဘရာဆို' ကြေးဝါချေးချွတ်ဆေး တိုက်ထားတာ…။ ရေချမ်းတို့ မျက်နှာက သည်လောက်နဲ့တော့ ပြောင်ရုံမကဘူး။ လက်လက်ကို ထလို့…

**အလွမ်း**

ရတ်ချည်းစဉ်းစားမိတာက ကန့်လန့်ကာရဲ့ သဘောထားအမှန်…။

သည် ကန့်လန့်ကာက ဘေးတိုက် နှစ်ခြမ်းစေ့လာတဲ့ ကန့်လန့်ကာမျိုး။ အထက်ကနေ အောက်ကိုချတဲ့ ဇာတ်ပွဲထဲက ကန့်လန့်ကာ ကားလိပ်ကြီးမျိုး မဟုတ်တော့ အလယ်ကောင် နှစ်ခြမ်းစေ့တဲ့ နေရာကနေ ကန့်လန့်ကာ နောက်ကို ပြန်ဝင်လို့ ရမှာပဲ။

ဟုတ်ကပြီ။ ဒါလေးများ…

ပရိသတ်ကြီးရဲ့ရယ်သံ နည်းနည်း လုပ်သွားခိုက်မှာ ကျွန်တော် မောင်ရေချမ်းသည် စင်ထောင့်မှနေ စင်အလယ် ကန့်လန့်ကာ နှစ်ခြမ်းစေ့ရာသို့ ခပ်မှန်မှန် ခြေလှမ်း၊ ခပ်လျှမ်းလျှမ်း မျက်နှာထားနှင့် ခပ်ကြွားကြွား သွားရပါတော့သည်။ ဝဲလက်တွင် ဓာတ်ခွက်၊ ယာလက်တွင် စာရွက်နှင့်၊ မာန်ပါပါ၊ ဟန်ခါခါ၊ ဈာန်သာသာ ကြွလိုက်သည်တွင်…

ကန့်လန့်ကာ နှစ်ခုကြားအစေ့သို့ ရောက်ရန် ခြေသုံးလှမ်းမျှသာ

http://www.cherrythitsar.org



အလိုမှာ လက်ထဲက ခတ်ခွက်ကြီးက ကျွန်တော့်ကို တုန့်ခနဲ ဆောင့်ဆွဲထားလိုက်ပြန်ပါတော့တယ်။

ခတ်ကြိုးက တိုလေတော့ကာ စင်အလယ်ထိ မရောက်။ ဆိုတော့… ခတ်ခွက် ကိုင်ထားသူ ကျွန်တော့်ခမြာလေးမှာလည်း ဟန်အတိ၊ မာန်အပြည့်နှင့် လျှောက်လာရာက လမ်းခွတ်လတ်တွင် ဟတ်ကော့ **(Half caught)** ကြီးနှင့် ဆတ်ခနဲ ရပ်လို့သွား… ပရိသတ်ကြီးက တဝါးဝါး။

အံမယ်မင်းတဲ့… မင်း… ဓာတ်ဆရာ 'စိန်ရေပြာလောင်ချမ်း' တို့အဖြစ်များ ငိုချင်းသာ ချလိုက်ချင်စမ်းတော့တယ်။

**အချ**

ကန့်လန့်ကာ နောက်ဘက်ဆီက အသံတစ်သံက ပေါ်လာတယ်။

'ပေး… ပေး… မိုက်ခရိုဖုန်းကို ကားလိပ်အောက်ကနေ လှမ်းလိုမ့်လိုက်…'

ပရိသတ်ကြီးက တဝါးဝါး သဘောကျနေတုန်းမှာ ကျွန်တော်လည်း ဓာတ်စင်ကြမ်းပြင်ပေါ် ဒူးထောက်လို့ ခတ်ခွက်ကို အသံရှင် ပြောတဲ့အတိုင်း ကန့်လန့်ကာအောက်ကနေ ထိုးထည့်လိုက်တယ်။

ပြီးတော့လား… ပြီးတော့ ခပ်တည်တည်ပဲပေါ့။ ပြောင်ရုံမက လက်လက်ထ တောက်ပတဲ့ မျက်နှာပိုင်ရှင် ရေပြာလောင်ချမ်းပဲ၊ ဘာရမလဲ။ ရယ်နေတဲ့ ပရိသတ်ကို စပ်ဖြဲဖြဲ မျက်ခွက်နဲ့ ဦးသုံးကြိမ်ညွှတ်ပြီး စင်ရှေ့အစွန်မှာ ရှိတဲ့ လှေကားအတိုင်းပဲ ဆင်းချလိုက်တာပေါ့။

ဘယ့်နှယ့်လဲ… စာရေးဆရာ၊ ကျွန်တော့် ဓာတ်လမ်းလေးက လွမ်းစရာ မကောင်းပေဘူးလား။ ကျွန်တော်တော့ ဘွဲ့နှင်းသဘင်ခန်းမကြီးကို မြင်တိုင်း သည်အကြောင်းကို တွေးမိပြီး တစ်ယောက်တည်း ပြုံးနေမိတာ သည်နေ့အထိပါပဲ စာရေးဆရာရယ်… ခွစ်… ခွစ်… ခွစ်…

♥ ♥ ♥

**လက်တွဲဖော်**

http://www.cherrythitsar.org

## ဝတ္ထုနောက်မှာ ပြောချင်တာ

စာရေးဆရာ သပ်သပ်၊ ဇာတ်ကောင်သပ်သပ်အဖြစ် ဝတ္ထုကြောင်းထဲတွင် လီဆယ်ထားသော်လည်း သည်ဝတ္ထုကလည်း အမှန်စင်စစ်၊ အခြားဝတ္ထုများနှယ်ပင်၊ ကျွန်တော့်ကိုယ်တိုင်ကြုံအဖြစ်အပျက်ကို အရင်းအတိုင်း ပြန်ချရေးထားခြင်းသာ ဖြစ်ပါသည်။

၁၉၉၅ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင် ကျရောက်ခဲ့ပါသည်။ အမိတက္ကသိုလ်ကို လွန်စွာသံယောဇဉ်ကြီးသော ကျွန်တော်သည် ထိုကာလတွင် ကျွန်တော့်နည်းကျွန်တော့်ဟန်ဖြင့် တစ်တပ်တစ်အား ပါဝင်ဆင်နွှဲချင် စိတ်ကလေးနှင့် ၁၉၇၇ခုနှစ်က ကိုယ်တိုင်ကြုံခဲ့သော အဖြစ်အပျက်ကလေးကို ခြေရာကောက်ခဲ့မိခြင်းလည်း ဖြစ်ပါသည်။ ၁၉၉၅ခုနှစ် မဟေသီမဂ္ဂဇင်းမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။

ကျောင်းသားဘဝတွင် အငှားယာဉ်မောင်းအလုပ်တစ်ဖက်နှင့်မို့ စိတ်လက်လွတ်လပ်စွာ ပျော်ခွင့်မရခဲ့သည့်တိုင် အလွန် အပျော်မက်သော ကျွန်ခတော်တစ်ယောက် ကျောင်းထဲတွင် နည်းမျိုးစုံဖြင့် နှောက်ခဲ့ဖူးပါသည်။ တလောဆီက အတန်းဖော်တစ်ဦးနှင့် ဆုံဖြစ်ရာ သူက ကျွန်တော့်ကျေးဇူးကြောင့် ယုဒသန်မျှော်စင်ထက် တက်ခွင့်ရခဲ့ဖူးသည့်အကြောင်းကို အမှတ်တရ ပြန်ပြောပါသေးသည်။

မှန်ပါသည်။ ရန်ကုန်တက္ကသိုလ်တက်ဖူးသူ တစ်ထောင် တစ်ယောက်၊ တစ်သောင်းတစ်ယောက်၊ တစ်သိန်းတစ်ယောက်ပင်၊ ယုဒသန်မျှော်စင် ထိပ်ဆုံးအထိ တက်ခဲ့ဖူးဖို့ ခဲယဉ်းလှပါသည်။ ကျွန်တော်ကား နေရာဘကာ စပ်စပ်စပ်စပ်နှင့် ဇာတ်ရှုပ်တတ်သလောက်၊ ကျောင်းတုန်းကလည်း ကျောင်းအလျောက် မရောက်ဖူးတာ၊ မတွေ့ဖူးတာ မလုပ်ဖူးတာမရှိအောင် အမျိုးစုံ လုပ်ခဲ့ ရှုပ်ခဲ့၊ ဗရုတ်ခဲ့ဖူးသူဖြစ်လေရာ ယုဒသန်မျှော်စင်၏ထိပ်ဆုံးအထိ မရောက်အရောက်

**လက်တွဲဖော်**

http://www.cherrythitsar.org



လည်း တက်ကြည့်ခဲ့ဖူးပါသည်။

ယခုဝတ္ထုလေးတွင်လည်း လူတိုင်း ကြုံရခဲသော အဖြစ်အပျက်လေးက တမ်းမက်စရာ ကျောင်းသားဘဝကို သူ့ဟာလေးနဲ့သူတော့ ထင်ဟပ်နေတန်ကောင်းပါလိမ့်မည်။

ယခုပြန်စီသောအခါ ပဲခူးဆောင်ရှိ သူငယ်ချင်း၏အခန်းတွင် နေခဲ့သောကာလနှင့် အသက်အရွယ်တို့ ပါဝင်သော ထိုငယ်ဘဝကို တသလွမ်းဆွတ်မိပါသည်။

ကျွန်တော့်အလွမ်းပွင့်များသည် တက္ကသိုလ်မြေပေါ်တွင် အများဆုံး ကဲပြန့်နေသည်ဟုပင် ထင်ပါသည်။

တစ်လောဆီက ဘွဲ့လွန်သင်တန်းတစ်ခုကို စုံစမ်းရန် ကျောင်းထဲသို့ ကျွန်တော့်အိမ်သူနှင့်အတူ ရောက်သွားခဲ့ပါသည်။ မိုးဦးကာလ၊ စိမ်းမြမြမို့ ရန်ကုန်တက္ကသိုလ်ပရဝုဏ်သည် တင့်တယ်လွန်းနေသည်။ ဘာမှန်းမသိသော ခံစားမှုတစ်မျိုးကလည်း ကျွန်တော့် ရင်ထဲတွင် အိုင်ကျင်းဖွဲ့လာသည်။ ထို့ကြောင့် ကျွန်တော့်အိမ်သူကို ပြောဖြစ်သွားပါသည်။

"ကိုယ် သေသွားရင် သည်ကျောင်းထဲလာပြီး နေရာအနှံ့မှာ ကိုယ့်အတွက် အမျှဝေပေးပါနော်။ သည်ကျောင်းကြီးကို ဘာလို့မှန်း မသိဘူး သိတ်စွဲလန်းတာပဲ။ ကိုယ်သေရင် သည်ကျောင်းထဲမှာပဲ မကျွတ်မလွတ်ဖြစ်နေတော့မယ် ထင်သကွာ" ဟုပင်။

အမှန်လည်း အမှန်ပင်။ ကျောင်းတက်တော့လည်း တက်နေသည့်အလျောက်၊ ကျောင်းနှင့် ဝေးတော့လည်း ဝေးနေသည့်အလျောက် တက္ကသိုလ်မြေသည် ကျွန်တော့်အား ညို့ငင်ဖမ်းစားနိုင်လွန်းအားပါဘိသည်။

ချစ်စွာသောစာဖတ်သူများလည်း ကျွန်တော်သေလွန်ပြီးနောက် ကျောင်းထဲသို့ရောက်ခဲ့ပါက ရောက်ရာအရပ်တွင် ကျွန်တော့်အတွက် အမျှဝေပေးကြပါရန် ကြိုတင်တောင်းပန်ထားလိုက်ချင်ပါသည်။

**လက်တွဲဖော်**

http://www.cherrythitsar.org

# သုတကြူလိပ်ပြာ



# ညစ်ကျူလိပ်ပြာ

၁။

တစ်နေ့နေ့ကျလျှင်တော့ ဆပ်ပြာမှုန့်ကောင်းကောင်း၊ ဆေးချုပ်ဆေး ကောင်းကောင်းနှင့် လိပ်ပြာလေးတွေကို လျှော်ဖွပ်နိုင်ဖို့ ကြိုးစားရပေဦးမည်။

၂။

ပြောရလျှင် ကျွန်တော် အလွန်တရာ အအိပ်မက်ခြင်းက စရပါမည်။

ကျွန်တော်သည် အလွန်အပျင်းကြီးသူတစ်ယောက်ဖြစ်သည်ကို ဂုဏ်ယူစွာ ဝန်ခံလိုက်ချင်ပါသည်။ မတ်တတ်ရပ်နေတာထက် ထိုင်နေတာက သက်သာ၏။ ထိုင်နေတာထက် လဲလျောင်းနေတာက သက်သာ၏။ လဲလျောင်းနေတာထက် အိပ်စက်နေသည်က သက်သာ၏။ အဲသလို ကျွန်တော်က ယူဆ ယုံကြည်သည်။

ကွယ်လွန်သူ မိတ်ဆွေကြီး ရာမ(ဘူမိဗေဒ)က အိပ်လွန်းသည့် ကျွန်တော့်ကို သည်လို ပြောဖူးသည်။

'မောင်ရင်လေးက တော်တော်အအိပ်မက်တာပဲ။ တကယ်က မောင်ရင်သေချာစဉ်းစားကြည့်စမ်း... တစ်နေ့မှာ ရှစ်နာရီအိပ်တယ်ဆိုရင် တစ်နေ့ရဲ့ သုံးပုံနှစ်ပုံကိုပဲ မောင်ရင် လူအဖြစ် နေခွင့်ရတယ်။ အဲသည်တော့ မောင်ရင် လူ့ဘဝမှာ အသက်၆၀ နေတယ်သာ ဆိုတယ်။ အိပ်နေတာက အနှစ်၂၀၊ နှီးပြီး တကယ်တမ်းနေခွင့်ရလိုက်တာက အနှစ်၄၀တည်းရယ်။ ဘယ့်လောက်နမြောစရာ ကောင်းသလဲ၊ သိပ် မအိပ်စမ်းပါနဲ့ကွာ...'တဲ့။

**လက်ကျဲဖော်**

http://www.cherrythitsar.org



သူပြောတာ ဟုတ်သလိုလိုတော့ အရှိသား။ သို့သော် ကျွန်တော် မလုပ်နိုင်။ ဘယ့်နှယ်ကွယ်··· အိပ်နေတာက အရောရောကို မျက်စိ အနောက် သက်သာသည်။ ခေါင်းအခြောက် သက်သာသည်။

နိုးနေတဲ့ ဘဝမှာတော့ စိတ်တိုင်းမကျစရာ တစ်မျိုးပြီး တစ်မျိုးနှင့် နယ်နိမ်းသတ်ရင်း လောကကြီးကို အလကားနေရင်းကို တံတောင်နှင့် တွက်ချင်နေတတ်မြဲ။ အိပ်ပျော်နေတဲ့ဘဝမှာတော့ အရောရောက ကိုယ်နှင့် သိပ်မဆိုင်တော့။ စိတ်တိုင်းမကျစရာ နည်းသွားသလို စိတ်တိုင်းမကျတောင်မှ လောကကြီးကို သိပ် မထိခိုက်။

သည်တော့ ကျွန်တော့်လမ်းစဉ်သည် အိပ်ရေး အဓိက။

၃။

အအိပ်မက်သောသူအတွက် အိပ်မက်တွေ ထပ်တတ်သည်လားတော့ ကျွန်တော် မပြောတတ်နိုင်ပေ။ သေချာသည်ကတော့ အိပ်မက်တစ်ခုကို အထပ်ထပ်၊ အကြိမ်ကြိမ် ကျွန်တော် မက်နေမိသည်သာ ဖြစ်ပါသည်။

ထိုအိပ်မက်ကို ကျွန်တော် အလွန်မုန်းမိပါသည်။ သို့သော် ထိုအိပ်မက်က ကျွန်တော့်ကို အမြဲလိုလို နှိပ်စက်တတ်၏။

ကြာတော့ အအိပ်မက်သော ကျွန်တော်တစ်ယောက် အိပ်ရမှာကို ကြောက်လာခဲ့ပါပြီ။ အိပ်မက်ကို မမက်အောင် ဘယ်လိုကမှ တားဆီးကာကွယ်လို့ မရနိုင်တော့သည့်အဆုံး မအိပ်ဘဲနေဖို့သာ အတတ်နိုင်ဆုံး ကြိုးစားယူရတော့မည့် ကျွန်တော့် အဖြစ်ပါ။

'*သုတ္တောစ အိပ်ပျော်သော်လည်း၊ ကိဉ္စိ တစုံတစ်ခုသော၊ ပါပံ မကောင်းသော အိပ်မက်ကို၊ နပဿတိ မမြင်မက်*' ဟုမွမ်းထားသော မေတ္တာသုတ်တော်ကို ယုံကြည်စွာ အဖန်ဖန်ရွတ်ဆိုပြီး အိပ်လည်းမအောင်မြင်။ မေတ္တာသုတ်က မစွမ်းဟု ဆိုလိုခြင်း မဟုတ်ပါ။ ကျွန်တော့်အိပ်မက်ကလည်း ကောင်းသောအိပ်မက်မဟုတ်သည့်တိုင် မကောင်းသောအိပ်မက်(ဝါ)အိပ်မက်

http://www.cherrythitsar.org



ဆိုးမဟုတ်သောကြောင့် မေတ္တာသုတ်ပါ *'ပါပံ - မကောင်းသောအိပ်မက်'* စာရင်းတွင် ဝင်ဟန်မတူပါ။

*'ရှုန္တိ မိတ္တံ အဝမင်္ဂလစ်'* နှင့်လည်း စာရင်းဝင်ဟန် မတူပါ။

နှစ်မျိုးစလုံး စုံရွတ်၍လည်းကောင်း၊ တစ်မျိုးစီ ရွတ်ဆို၍လည်းကောင်း အိပ်ကြည့်သည့်တိုင် ကျွန်တော့် အိပ်မက်က ကျွန်တော့်ကို ကောင်းကောင်း ကြီး နှိပ်စက်မြဲမို့ ကျွန်တော့် ခမြာလေးမှာ မအိပ်ရဲရှာတော့ပါ။

၄။

ဟုတ်ကဲ့ . . .

ကျွန်တော့်အိပ်မက်က သည်လိုပါ ခင်ဗျာ၊ စင်းစင်းလေးပါ . . .။

ကျွန်တော်သည် သိပ္ပံဘွဲ့ နောက်ဆုံးနှစ် စာမေးပွဲကို အကြိမ်ကြိမ် ကျရှုံးလျက် တက္ကသိုလ်တက်နေရသည်ဟုချည်း မြင်မက်ခြင်းသာ ဖြစ်ပါသည်။

၅။

ဘုရားစူး ကျိန်ပြောပါ့မည်။

ကျွန်တော် ဘွဲ့ရတစ်ယောက်ပါ ခင်ဗျား . . .။

ဟုတ်ပ . . . ၁၉၇၉ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ရူပဗေဒ ဘာသာ အဓိကနှင့် 'ဘက်ချလာအော့ဖ် ဆိုင်းယင့်စ်'ဟု မည်တွင်တော်မူပါ ပေထသော၊ 'ဘီအက်စ်စီဘွဲ့'ဟု ခေါ်ပါပေထသော၊ သိပ္ပံဘွဲ့ကို လက်ဝယ် ပိုင်ပိုင် ဆုပ်ကိုင်ထားပါ၏။

သို့ရာတွင် . . .

၆။

ဟုတ်ကဲ့ . . .

**လက်တွဲဖော်**

http://www.cherrythitsar.org



သို့ရာတွင် ကျွန်တော့်မှာ ဘွဲ့နှင့်ပတ်သက်နေလေသော စိတ္တဇဝေဒနာ တစ်ရာ ဖြစ်နေပါသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ကျွန်တော်သည် အိပ်မက်ထဲတွင် ဘယ်သောအခါမှ ဘွဲ့မရသူ ဖြစ်လို့ချည်းနေပါသည်။

တကယ်က ၁၉၇၉ခုနှစ်တွင် ကျောင်းပြီးကာ ၁၉၈၁ခုနှစ်တွင် ဘွဲ့ဝတ်ရုံကြီး ဝတ်လျက် ပါမောက္ခချုပ်ကိုယ်တိုင် ချီးမြှင့်ပေးသနားသော ဘွဲ့လက်မှတ်ကြီး ကျွန်တော်မျိုး 'ငရေချမ်း' လက်ထဲ ရောက်နေသည်မှာ ၁၃-၄နှစ် ရှိနေပါပြီ။

သို့သော်··· ထို ၁၃-၄နှစ်အတွင်းတွင် ထိုအိပ်မက်က ကျွန်တော့်ကို အကြိမ်တစ်ရာမက နှိပ်စက်ပြီးနေပါပြီ။

၇။

စတင်မြင်မက်စ လေး၊ ငါး၊ ဆယ်ခါတုန်းကတော့ သိပ်မထောင်းတာလှ···။ သာမာန်အိပ်မက် ကယောက်ကယက်ဟုသာ ခပ်ပေါ့ပေါ့တွေးထင်ခဲ့မိသည်။ အထပ်ထပ်၊ အဖန်ဖန် ပြန် ပြန် မက်လေတော့မှ တစ်စ၊ တစ်စ မအီမလည် ဖြစ်လာရချေသည်။

တစ်ညများဆိုလျှင် အိပ်ချင်မူးတူးနှင့် ဗိုင်တွဲတစ်တွဲတွင် ချောင်ထိုးထားမိသော ဘွဲ့လက်မှတ်ကြီးကို ထုတ်ကြည့်ကာ ကျွန်တော့်နာမည်နှင့် ဟုတ်၊ မဟုတ် ထကြည့်မိရသည်အထိ ကယောင်ကတမ်းတွေ ဖြစ်ယူရသည်။

ဆိုးပါ့ကွယ်···

၈။

စိတ်ရောဂါ အထူးကုဆရာဝန်တစ်ဦးဦးထံ သွားပြလိုစိတ်ပင် ပေါက်လာသည်။ ခက်နေသည်က ကျွန်တော်တို့ဆီမှာ စိတ်ကုဆရာဝန်ဆီ ပုထုဇဉ်တွေ သွားသည့် ဓလေ့က မရှိ။ စိတ်ကုဆရာဝန်တွေကလည်း ဟိုနိုင်ငံတွေမှာ

http://www.cherrythitsar.org



လို မပေါ်…။

ကိုယ့် ပြဿနာကိုယ်တော့ စိတ်ရောဂါ မှန်းသိနေပြီ။ အိုး… အနာ သိမှတော့ ဆေးရှိရပေမပေါ့…။

ကိုယ့်ဘာသာ ကိုယ်ကုယူမည်။ *ရေချမ်းပဲ၊ ပေါ့ရွှတ်ရွှတ်မှ မဟုတ်တာ၊ ဘာရမလဲ၊ ငါ့ကွ…* ဟု ကိုယ့်ကိုယ်ကိုယ် မောင်းတင်လိုက်သည်။

၉။

တက္ကသိုလ်ကျောင်းသားဘဝကို အစအဆုံး အနုလုံပဋိလုံကြည့်သည်။ ဒါက ကုထုံးသဘောလေ၊ ဟဲ… ဟဲ…

စာမေးပွဲဖြေခဲ့ပုံတွေ အသေးစိတ် ပြန်စဉ်းစားကြည့်သည်။

မှန်းစမ်း…

၁၀။

အာရုံမှာ ထင်လင်းစွာ ဦးဦးဖျားဖျား ပေါ်လာလေသည်က ကျွန်တော် ပထမနှစ် သိပ္ပံလက်တွေ့ စာမေးပွဲ ဖြေခဲ့ပုံကလေး…။

တစ်နှစ်အတွက် ရူပဗေဒ လက်တွေ့သင်ခန်းစာ ၁၄ခု လုပ်ရသည်ကို မှတ်မိနေသေးသည်။ စာမေးပွဲတွင် ထို ၁၄ခုအနက်မှ တစ်ခုကို ဖြေရမည်။

ကျွန်တော်ရွှေဉာဏ်ရှင် ရေချမ်း(မဟာသောက်ပျင်း)က အဲဒါကို ခုနစ် ခုပဲ ကြိုကြည့်သွားသည်။ ၁၄ခုထဲက ခုနစ်ခုလောက်သာ ကြည့်လိုက်လျှင် လုံလောက်ပြီဟု ကိုယ့်အတွေးနှင့်ကိုယ် ပိုင်းဖြတ်ချလိုက်သည်။

အဲ… တကယ်တမ်း စာဖြေခန်းထဲလည်း ရောက်လို့ မဲလည်း နှိုက် ချလိုက်ပါရော၊ ခွက်ခွက်လည်း လန်ပါလေရော ခင်ဗျား…။

ကံကြမ္မာကား တော်တော်ကြီးကို စုတ်ပဲ့ပုံရလေသည်။ ကျွန်တော် လုံးဝကြည့်မထားခဲ့သော ကျန်ခုနစ်ခုထဲမှ တစ်ခုကို ဖြေရမည်ဖြစ်လေ၏။ "အားလည်ကိန်း"ဆိုပဲ။ *သေဟဲ့ နန္ဒိယ*ဟု ကျဆင်းစွာ ဥဒါန်းကျူးရုံမှတပါး

http://www.cherrythitsar.org



ကျွန်တော်ကကော ဘာများတတ်နိုင်ပါဦးမည်နည်း။ (ဗန်းမော်တင်အောင်၏ ထင်ရှားလှသော အသုံးအနှုန်းကို ဖြောင်ခိုးထားခြင်း ဖြစ်ပါသည်။ စာပေဆားပုလင်းများ ဝမ်းသာကြစေကုန်သတည်း။)

အားလည်ကိန်းဆိုတော့ သူ့ပုံသေနည်းကို ဆယ်တန်းတုန်းက အသေကျက်ခဲ့ဖူးသဖြင့် ရေးနိုင်သည်။ သို့သော် ယင်းမှ ဆက်မလုပ်တတ်တော့။

တစ်ယောက်တစ်မျိုးစီ ဖြေကြရသည်မို့ ဘေးဘီ၊ ဝဲယာမှ သူငယ်ချင်းအတန်းဖော်တွေကို အားကိုးလို့ကလည်း မရနိုင်တော့သည်မှာ သေချာနေသည်။

ထိုအခါ ကျွန်တော်သည် အဖြေလွှာနှင့် မေးခွန်းလွှာကို ရှေ့တွင်ချကာကြက်သရေအပြည့်၊ အိန္ဒြေအတိ၊ သိက္ခာအစုံနှင့် ငုတ်တုတ်ကြီး ထိုင်နေမိရလေတော့သည်။

ကွမ်းတစ်ယာကိုဝါးပြီး ကွမ်းသွေးနှစ်ခါလောက် ထွေးပြီးချိန်ခန့်အကြာတွင် ထိုင်ကိုယ်တော် ကျွန်တော့်အပါးသို့ စာမေးပွဲခန်းစောင့်သူ သရုပ်ပြဆရာလေး ရောက်လာပါသည်။

'ဖြေလေကွာ…'

'မဖြေတတ်လို့ပါ ဆရာ…'

'မင်း စာမကြည့်ခဲ့ဘူးလား…'

'ကြည့်ခဲ့ပါတယ် ဆရာ။ ဒါပေမယ့် ကျွန်တော်က ကိုယ့်ဘာသာ ရွေးကြည့်လာတော့ မကြည့်တဲ့ထဲကဟာ ဖြစ်နေလို့ပါ…'

'မင်းကွာ၊ တော်တော်ဟုတ်တဲ့ကောင်…'ဟုပြောကာ ဆရာ ကျွန်တော့်အပါးမှ ခွာသွားပါသည်။

ကျွန်တော်ကား ငုတ်တုတ်…။ ကျွန်တော့် ရှေ့စားပွဲမှ အတန်းဖော် မိန်းကလေး စာငုံ့ဖြေရင်း ပေါ်နေသည့် ခါးသားဖြူဖြူလေးကို ကသိုင်းရှုနေမိသည်။

ကွမ်းတစ်ယာ အသေအချာ ညက်သွား၍ မျိုချလိုက်ပြီးချိန်လောက်

အကြာတွင် စောစောက ဆရာလေး ရောက်လို့လာပြန်သည်။

'ဟော့ကောင်… ဖြေလေကွာ…'

'မရလို့ပါဆိုမှ ဆရာရယ်…'

'မဖြေရင် ကျလိမ့်မယ်ကွ…'

'သိပ်ကို သေချာတာပေါ့ ဆရာရယ်။ ဒါပေမယ့် မဖြေနိုင်မှတော့ ဘယ်တတ်နိုင်ပါ့မလဲ…'

'ခက်တဲ့ကောင်ကွာ…' ဟု ညည်းရင်း ဆရာ ထွက်သွားပြန်သည်။

ကျွန်တော်ကတော့ တစ်စက်ကမှ စိတ်မပူတော့။ ကိုယ့်အပြစ်နှင့်ကိုယ်။ ထင်ရာလုပ်ချလာခဲ့ပြီးမှဖြစ်လာသော အကျိုးဆက်ကို ရဲရဲခံယူလိုက်ရုံသာ ရှိသည်။

နောင်တတွေ၊ ဘာတွေလည်း မရချင်။ ကိုယ်ဖြစ် ကိုယ်ခံ။ သည်အချိန်ကျမှ နောင်တတွေ ရနေလို့လည်း မရသောစာက ရတော့မည် မဟုတ်။ အဲတော့လည်း စိတ်အေးလက်အေးနှင့် တောင်တွေး၊ မြောက်တွေး။

ကွမ်းနောက်တစ်ယာ ထပ်ဝါးပြီး ညက်လုလုလောက်အကြာတွင် ဆရာလေး ရောက်လို့လာပြန်သည်။ သည်တစ်ခါ သူက ကျွန်တော့်ကို ခပ်တိုးတိုး ကပ်မေးသည်။

'မင့်ကို ဆယ်မိနစ် အချိန်ပေးမယ်၊ မင်းအပြင်မှာ စာသွားဖတ်ရင် ဖြေနိုင်မလား…'

'ဟား… သိပ်ရတာပေါ့ဆရာ၊ ဆယ်မိနစ်တောင် မလိုဘူး။ ငါးမိနစ်ဆိုရင်ကို ရတယ်ဆရာ…'

'ဒါဆို သွားဖတ်ချေကွာ…'

ကျွန်တော့်ဉာဏ်က အထူးဆင့်မှာ ရှိသည်။ လျှောက်လွှာစာရွက်နှင့် တစ်မျက်နှာခွဲသာသာ ရှိသည့် စာတစ်ပုဒ်ကို ငါးမိနစ်အတွင်း ကြောင်ပုစွန်စားသလို သေသေချာချာ ပိုင်ပိုင်နိုင်နိုင် ရသွားသည်။

သည်လိုနှင့် ပထမနှစ်စာမေးပွဲကို ကျွန်တော်တစ်ကောင် ယောင်တောင်

http://www.cherrythitsar.org



ပေါင်တောင် အောင်မြင်ခဲ့လေ၏။

၁၁။

ဒုတိယနှစ်၊ တတိယနှစ်စာဖြေပွဲတွေမှာတော့ အလားတူတွေထပ်မဖြစ်တော့။ နီးမှ ကပ်တွန်းသွားသည့်တိုင် အောင်ရုံလောက်ကတော့ ဟန်မပျက် ဖြေနိုင်ခဲ့သည်ချည်းသာ။

အဲ··· နောက်ဆုံးနှစ် စာဖြေပွဲရောက်တော့မှ တစ်ဘာသာမှာ ဗရချာရမ်းနေလေတော့သည်။ *နျူကလီယဘာသာ···*။

ကျွန်တော် တစ်ပုဒ်သာ ဖြေနိုင်သည်။ ဖြေရမှာက ခြောက်ပုဒ်···။ တစ်ပုဒ်နှင့်တော့ အောင်မှတ်မရနိုင်သည်ကို ကျွန်တော် ကောင်းကောင်းကြီးကို သိနေသည်။

ပေးထားတာက ရှစ်ပုဒ်။ ဖြေထားတာက တစ်ပုဒ်။ ကျန် ခုနစ်ပုဒ်ထဲမှ တစ်ပုဒ်ကမှ ကျွန်တော် မဖြေတတ်တော့···။ ဘာတတ်နိုင်မှာလဲ။

စတုတ္ထနှစ် တစ်နှစ်လုံး လက်တွေ့တန်းများက လွဲလျှင် မည်သည့်ပို့ချချက်တန်းကိုမှ မလိုက်ခဲ့။ အတန်းထဲသို့ပင်လျှင် ကျွန်တော် မရောက်ဖူး။ သည်တော့လည်း ကျွန်တော် မဖြေနိုင်သည်မှာ အဆန်းမဟုတ်လှပေ။

ဆိုခဲ့သည့်အတိုင်း ကျွန်တော်သည် ကိုယ်လုပ်လိုက်သည့်အတွက် ဖြစ်ပေါ်လာသော အကျိုးဆက်ကို အပြုံးမပျက်လက်ခံနိုင်သူဖြစ်ပေရာ ယခုလည်း ဘာကိုမှ ဆက်မကြိုးစားတော့ဘဲ အချိန်စေ့သည်အထိ သည်အတိုင်း ငုတ်တုတ် ထိုင်နေလိုက်သည်။

စာမေးပွဲခန်းတို့၏ စည်းမျဉ်းများအရ ဖြေဆိုချိန် သုံးနာရီအတွက် အနည်းဆုံး တစ်နာရီ မပြည့်ဘဲ ထွက်ခွာခွင့်မရှိသည်ကို ကျွန်တော် သိသဖြင့် တစ်နာရီပြည့်အောင် ထိုင်စောင့်နေရခြင်း ဖြစ်သည်။

တစ်နာရီလည်း တင်းတင်းစေ့ရော ကျွန်တော် နေရာမှ ထ ရပ်လိုက်သည်။ စာမေးပွဲခန်းစောင့်ဆရာ ကျွန်တော့်အနားသို့ ရောက်လာသည်။

http://www.cherrythitsar.org



အဖြေလွှာကို ထိုးအပ်လိုက်ချိန်တွင် ဆရာက မေးသည်။

'ပြီးပြီလားကွ…'

'ဟုတ်ကဲ့ဆရာ' ဟု ကျွန်တော်ဖြေခိုက်တွင် ဆရာက ကျွန်တော့် အဖြေစာအုပ်ကို လှပ်ကြည့်သည်။

'ဟင်… မင့်ဟာက တစ်ပုဒ်တည်း…'

'ဟုတ်တယ် ဆရာ၊ အဲဒါပဲ ရလို့…'

'မဟုတ်သေးပါဘူး။ ထိုင်စမ်းပါဦး …'

ကျွန်တော် နာခံစွာ ထိုင်အချတွင် ဆရာက မေးခွန်း စာရွက်ကို ယူကြည့်ပါသည်။ မေးခွန်းကို အစအဆုံးဖတ်ကြည့်ပြီးသွားသောအခါ ဆရာက 'သည်တစ်ပုဒ် ဖြေလေ…'ဟု မေးခွန်းတစ်ပုဒ်ကို လက်သိုးနှင့် ထောက်ပြပါသည်။

ကျွန်တော် မေးခွန်းကို ဖတ်ကြည့်ပြီး ခေါင်းရမ်းကာ…

'မဖြေတတ်ဘူး ဆရာ…'

'မဟုတ်သေးပါဘူးကွာ…။ သည်အပုဒ်ကတော့ မင့်မှာရှိတဲ့ဆယ်တန်း ဗဟုသုတလောက်နဲ့တင် လျှောက်ရေးလို့ ရပါတယ်ကွာ။ ရေးစမ်း။ မင့် လက်ရေးနဲ့ဆို တစ်မျက်နှာခွဲလောက် ပြည့်အောင် ရေးလိုက်၊ အဲဒါပြီးရင် သွားကွာ။ စာပါရင် ပြီးရော။ ရေး…'

ကျွန်တော် သက်ပြင်းမောတစ်ချက်ချလိုက်ကာ ဆရာ ခိုင်းသည့်အတိုင်း ဆယ်တန်းအသိဖြင့် စတုတ္ထနှစ် သိပ္ပံဘွဲ့ စာမေးပွဲကို ဖြေချလိုက်ပါသည်။

(စာဖြေခန်းထဲက ထွက်ပြီး အတန်းဖော်တွေနှင့် ပြန်ဆုံမှ သိရသည်မှာ ထိုအခန်းစောင့်ဆရာသည် ကျွန်တော်တို့အတန်းအား နျူကလီယာ ဘာသာ ရပ်ကိုပို့ချပေးသည့် ကထိကဖြစ်မှန်းသိရလေ၏။ ဆိုးလိုက်သည့်အဖြစ်ကား ကိုယ့်ဆရာကိုယ် မမြင်ဖူးသဖြင့် ဆရာမှန်း မသိသောအဖြစ်ပေတည်း။)

မည်သို့ပင်ဖြစ်စေ၊ ဆရာက ကျွန်တော့်ကို အထက်ကနှယ် အဖြေခိုင်းသဖြင့် ကျွန်တော်ကလည်း နာခံစွာဖြေချခဲ့သဖြင့် ကျွန်တော်သည် အနီ

http://www.cherrythitsar.org



နောက်ဆုံးနှစ် စာမေးပွဲကိုလည်း ဘာသာစုံဂရိတ် သရီးဖြင့် ယောင်တောင်ပေါင်တောင် အောင်မြင်ခဲ့ပြန်လေသည်တမုံ့။

၁၂။

ကံကောင်းချင်တော့ ကျွန်တော်တို့သည် *တားမ်ပေပါ* (ခေါ်) ဘွဲ့ယူစာတမ်းကို ရေးစရာ မလိုခဲ့ပေ…။ သည်လိုနှင့် ကျွန်တော် မဟာသောက်ပျင်းဘွဲ့ခံ မောင်ရေချမ်းသည် ၁၉၇၉တွင် ကျောင်းပြီးကာ ၁၉၈၁တွင်ဘွဲ့ယူခဲ့ပါသည်။

သို့သော်…

ဟုတ်ကဲ့… သို့သော်… တကယ်တမ်းတွင် ကျွန်တော် ရူပဗေဒကို မတတ်မှန်း ကျွန်တော့်ကိုယ်ကျွန်တော် အသိဆုံးဖြစ်လေသည်။

ရူပဗေဒ ဝေးစွ…။ ရူပဗေဒ ကျောင်းသားတို့ တတ်အပ်သော အင်္ဂါရသများတွင်ပါဝင်သည့် အသုံးချသင်္ချာကိုပင် ကျွန်တော် လုံးဝ (လုံးဝ) မတွက်တတ်ပါပေ။

၁၃။

လား… လား…

သည်တော့ အိပ်မက်ထဲတွင် ကျွန်တော် ကြိမ်ဖန်များစွာ ဒုက္ခနဲ့လှလှ တွေ့နေရသည်မှာ မဆန်းလှပြန်ပေ။ ကိုယ့်လိပ်ပြာကိုယ်ဒ္ဓက မသန့်မှတော့ ထိုမသန့်သော လိပ်ပြာကလေးက မသိစိတ်ဖြင့် မြင်မက်နေသော အိပ်မက်ထဲတွင် ပျော်ရွှင်မြူးတူး လွတ်လပ်စွာ ဝဲပျံ ခုန်က စိုးမိုးပြလေမည်သာတည်း။

၁၄။

သည်လို စိတ်ကို သရုပ်ခွဲပြီးသကာလ ကိုယ့်ကိုယ်ကိုယ် ပြန်ကုရန် နည်းလမ်းကို ထပ်ဆင့် ဖွေရှာသည်။

**လက်ဘျဲဖော်**

http://www.cherrythitsar.org



တွေ့ပြီ။

ကိုယ့်ကိုယ်ကိုယ်တော့ သည်ဘွဲ့ကို ကိုယ်နှင့် မထိုက်တန်မှန်း သိသည်။ သို့သော် ထိုက်ထိုက်၊ မထိုက်ထိုက်၊ တန်တန်၊ မတန်တန်၊ ထိုဘွဲ့လက်မှတ်ကြီးသည် ကျွန်တော့်လက်ထဲတွင် ပိုင်ပိုင်နိုင်နိုင် ရောက်ရှိနေသည်။ သည်အချိန်ကျမှတော့ ဘယ်သူမှ ပြန်ယူလို့မရနိုင်ပါလေတော့။ ဘယ်သူကကော ပြန်တောင်းနေပါလိမ့်မလဲ…။

ဒါဆို ကိုယ့်ဘာသာ စိတ်အေးလက်အေး နေလိုက်ရုံပေါ့ကွယ်…။ ဒါလေးများ…။

ခက်တာက သည်ရွှေလိပ်ပြာ၊ တော်တော်လည်း ကူလီကူမာနိုင်သည်။ ဟုတ်ပရော…။ စိတ်ထဲတွင် စနိုးစနောင့်ကတော့ နိုင်လို့ နေတုန်း…။

*ဟော့ကောင်…ဖြေတွေး တွေးကြည့်စမ်း…*

*တွေးစမ်း… ဖြေပြီး တွေးစမ်း…*

*အမယ်… အဲလို တွေးတော့ အလကြီးပဲ…။*

ဟုတ်ပ…

တကယ်တော့ သည်လောကကြီးမှာ အဲသလိုမျိုးတွေ ဖြစ်နေသူက ကိုယ်တစ်ယောက်တည်းမှ မဟုတ်တာ…

ဒါနဲ့များ… ဒါနဲ့များ…

**၁၅။**

တစ်နေ့နေ့ကျလျှင်တော့ ဆပ်ပြာမှုန့်ကောင်းကောင်း၊ ချေးချွတ်ဆေးကောင်းကောင်းနှင့် လိပ်ပြာလေးတွေကို လျှော်ဖွပ်နိုင်ဖို့ကြိုးစားရပေဦးမည်။

♥ ♥ ♥

http://www.cherrythitsar.org

## ဝတ္ထုနောက်မှာ ပြောချင်တာ

ဤဝတ္ထုကို ၁၉၉၅ခု၊ မတ်လ ၃ရက်နေ့တွင် ရေးသားပြီးစီးခဲ့ပြီး ထိုနှစ် မေလထုတ် သရဖူမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပါသည်။


ပြောစရာ နောက်ဆက်တွဲက ထိုသို့ မိမိကိုယ်ကိုမိမိ ဖြောင့်ချက်ပေးသည့်အနေဖြင့် ဤဝတ္ထုကို ရေးလိုက်မိသည့်နောက်တွင် ထိုအိပ်မက်ကို လုံးဝ ထပ်မမက်တော့ပါ။

ထို့ကြောင့် စာဖတ်သူများလည်း ကျွန်တော့်နှယ် တစ်စုံတစ်ရာကြောင့် လိပ်ပြာမျှား ညစ်ကျုနေသည်ဆိုပါလျှင် မိမိကိုယ်မိမိ ဝန်ခံဖြောင့်ချက်ပေးခြင်းအားဖြင့်လည်းကောင်း၊ မိမိကိုယ်မိမိမထောက်မညှာဘဲ အမှန်ကို အမှန်အတိုင်း ဘည်တည့်မှန်မှန် ပြန်လည်ဝေဖန်နည်းဖြင့်လည်းကောင်း ကုစားနိုင်ပါကြောင်း သတင်းကောင်း ပါးလိုက်ချင်ပါသေးသည်။

ကျွန်တော်ကတော့ ကျွန်တော့်ကုထုံး မှန်သွားပြီဟု ခိုင်ခိုင်မာမာယူဆလျက် လူဆက်လုပ်နိုင်သွားပါပြီ။

အဟောဝတ. . . ကောင်းလေစွ. . .

**လက်ထဲမော်**



# သေမင်းဆိုတဲ့ သူငယ်ချင်း

http://www.cherrythitsar.org

# သေမင်းဆိုတဲ့ သူငယ်ချင်း

**အခန်း ၁**

‘တစ်ခါတုန်းက သူငယ်ချင်း နှစ်ယောက် ရှိလေသတဲ့’ဆိုတဲ့ ဝါကျနဲ့ သည်ဇာတ်ကို စဖွင့်ရမယ် ထင်ပါတယ်။

ဟုတ်ကဲ့။

တကယ်တော့လည်း သည်ဇာတ်လမ်းမှာ ဇာတ်ဆောင်က နှစ်ဦးသာ ပါပေသကိုး။ တစ်ဦးက ‘ကိုညို’တဲ့၊ မုံရွာသား။ အညာသားပီပီ အသားက ခပ်ညိုညို၊ ဂင်က ခပ်တိုတို။

နောက်တစ်ယောက်ကတော့ ‘ကိုရိုး’တဲ့။ သူကလည်း ပဲစားတဲ့ အညာသားပဲ။ ကိုညိုလောက် မဖိုင့်ပေမယ့် အရပ်ကတော့ ကိုညိုလိုခပ်ပျပ်ပျပ်ပဲ။ အသားကျပြန်တော့လည်း ကိုညိုလောက် မမှောင်ဘူး၊ နည်းနည်း ရင့်တဲ့ အညိုရောင်ပေါ့။

http://www.cherrythitsar.org



သူတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် အင်မတန်ချစ်ကြတယ်။ ဆုံကြတာက မန္တလေးတက္ကသိုလ်မှာ။ ဘာသာတွဲချင်း မတူပေမယ့် နှစ်ယောက်စလုံးက စာရူးကဗျာရူးတွေ ဆိုတော့ အလိုလိုပေါင်းမိသွားကြတာက စတာပါပဲ။

ပေါင်းမဲ့သာ ပေါင်းဖြစ်သွားတာ၊ တစ်ယောက်နဲ့ တစ်ယောက် အကြိုက်ချင်းတော့ တယ်မညီချင်ဘူး။ ကိုညိုက ဆေးပေါ့လိပ်ကို လက်ကြားက မချသူ ဖြစ်ပေမယ့် ကိုရိုးကျတော့ ဆေးလိပ်နံ့ကို အောင့်ခံတာတောင် သိပ်ရချင်တဲ့သူမျိုး မဟုတ်ဘူး။

အဲသလိုပဲ ကိုရိုးက သူရာမေရယ မဇ္ဈပမာဒဋ္ဌာနာ ဝေရာမဏီ ထားပေမယ့် ကိုညိုကတော့ ချဥ်ချဥ်တူးတူး မူးလေ ကောင်းလေ သဘောထားမျိုးနဲ့။ တစ်ခါက ကိုရိုးက 'ဣတ္ထိယ(ခေါ်)မိန်းမတို့သည် ဘိုင်စကုတ်လိုခွတ်ကြည့်ရာသည်'လို့ အောက်မေ့ပြီး မလွတ်တမ်း ငမ်းတတ်ပေမယ့် ကိုညိုဆိုတဲ့ ငနဲကတော့ မိန်းမဆို သူ့ဆေးပေါ့လိပ် အစီခံမှာ ကပ်နေတဲ့ ဖုန်မှုန့်လောက်တောင် အလေးဂရုပြုရကောင်းမှန်း မသိပြန်ဘူး။ အဲသလို စရိုက်က မညီတာ။

သူတို့နှစ်ယောက် အကြိုက်ချင်းတူတာဆိုလို့ လက်ဖက်ရည်ဆိုင်မှာ ရေနွေးကြမ်း တစ်အိုးပြီး တစ်အိုး မှာသောက်ရင်း လေပစ်တာ တစ်ခုပဲရှိတယ်။ စကားတစ်ခု ပြောတော့မယ်ဆို နှုတ်ခမ်းကို မိနစ်များစွာ လှုပ်ရင်း အချိန်ယူတတ်တဲ့ ကိုညို့ကို ကိုရိုးမှပဲ စိတ်ရှည်လက်ရှည် နားထောင်တတ်တယ်။ တခြားသူငယ်ချင်းတွေကတော့ ကိုညိုနှုတ်ခမ်းလှုပ်နေတာ ကြည့်ရင်း ယောက်ျားချင်း အူယားလာတတ်စမြဲမို့ ကိုညို တစ်ခုခု ပြောဖို့ ပြင်တိုင်း လစ်ပြေးကြတာချည့်ပါပဲ။

အဲသလိုပဲ တစ်ခုခုဆို ဒက်ကနဲ တန်းသိလိုက်ဖို့ထက် အစအဆုံး ပြောပြမှ ရေးတေးတေးလောက် သဘောပေါက်တတ်တဲ့ ကိုရိုးလို ခပ်ထုံထုံ ခပ်နုနုကို ကျပြန်တော့လည်း ကိုညိုမှပဲ စိတ်ရှည်လက်ရှည် ရှင်းပြတတ်တာ

http://www.cherrythitsar.org



ကလား။

ပြောမယ့်သာ ပြောရတာပါ။ တကယ်တော့ အခုပြောပြမယ့် ဇာတ်ကြောင်းမှာ ကိုညိုနဲ့ကိုရိုးတို့ နှစ်ယောက်ရဲ့ စရိုက်တွေက သိပ်အရေးတကြီး မလိုအပ်ပါဘူး။

တက္ကသိုလ်မှာ လေးနှစ်လုံးလုံး တွဲလိုက်ကြပြီးတဲ့နောက် မန္တလေးရွှေမြို့တော်ကြီးမှာ ဘွဲ့ရပြီးစ ယောင်ချာချာ ဘဝမှာလည်း သူတို့နှစ်ယောက်ရဲ့ ရေစက်က မကုန်ဘူး။ ပိုဆိုးသွားတာက အပြင်ဆောင် တစ်ခုမှာ နှစ်ယောက်အတူနေဖြစ်လိုက်တော့ မရှိအတူ၊ ရှိအတူ၊ ကိုယ်ရင့်တတူတွေ ပိုဖြစ်လာကြတယ်။

**အခင်း ၂**

သည်လိုနဲ့ နောက်ထပ်လေးနှစ်ဟာ အလွယ်တကူ ကုန်လို့သွားပြန်တယ်။

နှစ်ယောက်စလုံး အသက်အစိတ်တွေ ကျော်လာကြတယ်။ သို့ပေတည့် အပြင်ဆောင်မှာ နေကြတုန်း။ ကိုညိုက မီးရထားရုံးမှာ အလုပ်ဝင်နေပြီဖြစ်သလို ကိုရိုးကလည်း စည်ပင်သာယာမှာ အလုပ်ရတယ်။ သူတို့နှစ်ယောက်ရဲ့ စာတိုပေစလေးတွေကလည်း ဟိုစာအုပ်ထဲတစ်ပုဒ်၊ သည်စာအုပ်ထဲ တစ်ပိုဒ်နဲ့ အထိုက်အလျောက်တော့ အရာဝင်လာပြီ။

ထူးခြားတာတစ်ခုကတော့ ဣတ္ထိယ(ခေါ်)မိန်းမတို့ကို ဘိုင်စကုတ်လို ခွတ်ကြည့်တတ်၊ ခွတ်ငမ်းတတ်၊ ခွတ်ကြံတတ်တဲ့ ကိုရိုးတစ်ယောက်က ဂေါ်သမျှ ဘယ်လိုကမှ မစွံတဲ့ဘဝမှာ မြဲနေပြီး မိန်းမဆို သူ့ဆေးပေါ့လိပ် အစီခံထဲမှာ ကပ်နေတဲ့ ဖုန်မှုန့်လောက်တောင် အလေး ဂရု ပြုရကောင်းမှန်း မသိလေသူ ကိုညိုက မန္တလေးသူ ဖြူဖြူလေးတစ်ယောက်နဲ့ သစ္စာတိုင်ဖြစ်သွားတာပါပဲ။

ဒါပေမဲ့ ကိုညို့ခမျာ အတော့်ကို ကံနည်းရှာတယ်။ အဲသည့် မိန်းကလေးနဲ့ ရည်ငံလို့ သုံးလတောင် မပြည့်တတ်သေးဘူး၊ သေရှာပါရောလား။

**လက်ဏျဲဖော်**

http://www.cherrythitsar.org



ဖြစ်ပုံကတော့ ပြော မပြောချင်ပါဘူး။ သူကြိုက်တဲ့ အရက်ကို နှင်းကန်ဖိပြီး သောက်မိရာက အန်ဖတ်ဆို့ပြီး အသက်ပါ ပါသွားပါရောလား။

နှမြောစရာပါဗျာ။ ဘာရှိဦးမှာတုံး။ သူ ဆုံးတော့ ၂၇နှစ်။ နေမယ်ဆိုနောက်ထပ် နှစ်အစိတ်လောက်များတော့ အသာလေး နေနိုင်သေးတယ်။ သူ့ရည်းစား ဖြူဖြူလေးဆို ငိုလိုက်တာများ မပဋ္ဌာကတောင် အစ်မ၊ အစ်မနဲ့ တသသ ခေါ်ယူရလောက်တယ်၊ အဟုတ်။

ကိုရိုးဆိုတာလည်း မပြောနဲ့တော့၊ ယောက်ျားကြီးတန်မဲ့နဲ့ ထွက်လိုက်ရတဲ့ မျက်ရည်တွေများ ချင်ထားရင် ဓာတ်ဆီတင်တဲ့ ဘောက်ဆာကားနဲ့တောင် တိုက်လို့ ရမလား မှတ်တယ်။ ဘယ့်နှယ်၊ ရှစ်နှစ်ကျော် တွဲလာတဲ့ ဆိုးတူကောင်းဘက် သူငယ်ချင်းအရင်းကြီး တစ်ယောက်လုံး ဆုံးရှုံးရတာပဲလေ။

## အခန်း ၃

ဒါပေမယ့် လောကတံထွာ ဓမ္မတာအတိုင်းပါပဲ။ သေသောသူ ကြာရင် မေ့ကြစမြဲမို့ နှစ်တွေ ကြာလာတော့လည်း ဖြစ်စတုန်းကလို တသသနဲ့ ခဏခဏ မလွမ်းနိုင်တော့ပါဘူး။ အကြောင်းလေး တိုက်ဆိုင်ခိုက် တစ်ဒင်္ဂမှာသာ 'သြော်… ငါ့သူငယ်ချင်း ညိုကြီးကြိုက်တဲ့ မလိုင်ထူထူနဲ့ လက်ဖက်ရည်လေးပါလား' ဆိုတာမျိုးနဲ့ ရံခါ အောက်မေ့နေရုံလောက်ပါပဲ။

ပိုဆိုးတာက ကိုညိုမရှိတော့တဲ့နောက် လေးငါးနှစ်အတွင်းမှာ ကိုရိုးဘဝက သိသိသာသာ တိုးတက်လာတယ်။ အလုပ်ခွင်မှာလည်း ရာထူးတွေဘာတွေ ဆက်တိုက်တက်လာသလို သူ့အလုပ်သဘောအရ ငွေစကြေးစလေးတွေကလည်း တော်တော့်ကို ရွှင်လာတယ်။ အဆောင်မှာတောင် မနေတော့ဘဲ အိမ်ကလေး တစ်လုံး သပ်သပ် ငှားနေနိုင်၊ မော်တော်ဆိုင်ကယ်လေး တစ်စီးကို ဝယ်စီးလာနိုင်တဲ့ အခြေအနေ။

စာတိုပေစ ရေးရာမှာလည်း ကိုရိုးက အတော်ကြီးကို နာမည်ရလာ

http://www.cherrythitsar.org



တယ်။ ကိုယ်တိုင်သာ ဖြစ်ဖြစ်မြောက်မြောက် မဖွံ့လှတာ၊ သူရေးသမျှ အချစ်ဝတ္ထုတွေ အားလုံးကတော့ စွံတာချည့်ပဲမို့ အဲသည့်ဘက်က ဝင်ငွေက လည်း မနည်းဘူး။ အချစ်ဝတ္ထုအရေးကောင်းလို့ လာလိုက်တဲ့ မိတ်ဆက်စာ တွေကလည်း ပလူကို ပျံလို့ရယ်။

အဲသည့်ထဲကမှ နှစ်ဆယ်ကျော်စ မိန်းမလှလေးတစ်ယောက်နဲ့ကလည်း ချိတ်တိတ်တိတ် လုပ်နိုင်နေပြီ။ ကိုရိုးတို့ စန်းတက်ချိန် အစစ်လို့ တိတိပပ ဆိုရမှာပါ။

**အခက် ၁**

အဲသည့်နေ့က ရုံးဆင်းတော့ ကိုရိုးတစ်ယောက် သူ့ရဲ့အိမ်စီကလီလေး 'သက် သက်' နဲ့ ချိန်းထားတာမို့ ရေလေး မိုးလေးချိုးပြီး သူ့ကိုယ်သူ မွှေး ကြိုင်လို့ နေအောင် သလိုက်၊ မှုန်းလိုက်သေးတယ်။

ပြီးတော့ သက်သက်ရဲ့အလိုကျ ဘုရားကြီးကို သွားကြတယ်။ အပြန် မှာ လမ်း၈၀ တရုတ်တန်းက ထမင်းပေါင်းကိုမှ စားချင်လှတယ်ဆိုတဲ့ သက်သက်ရဲ့ အာသီသကို ဖြည့်ဆည်းပေးရပြန်တယ်။ သက်သက် ကျေနပ် အောင် ကိုရိုးခမျာ သူမကြိုက်လှတဲ့ထမင်းပေါင်းနီနီရဲရဲကို အောင့်ပြီး စားရ ရှာသေးတယ်။

ပြီးတော့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နဲ့ သက်သက်ရဲ့နောက်တော်ပါး မှာ ခစားရတယ်။ သက်သက်က သူ့ကို ရေရာတဲ့အဖြေမျိုး မပေးသေးပေ မယ့် အခုလို အခွင့်အရေးမျိုး ရနေတဲ့အတွက် ကိုရိုးမှာ ဟိုသင်းနဲ့ နှလုံး မိမိရရ တွေ့နေသလို ပီတိတွေ အဖြာကြီး ဖြာနေတာလည်း အမှန်ပါပဲ။

ငါးပေနဲ့နှစ်လက်မသာ ရှိတဲ့ ကိုရိုးထက် မဆိုသလောက်လေး (လက် လေးလုံးစာသာသာလောက်)အရပ်မြင့်တဲ့ သက်သက်က ကိုရိုးနဲ့ အတူသွား တိုင်း ပါးပေ့ဆိုတဲ့ ညှပ်ဖိနပ်ကလေး စီးလာတာကိုက 'လိပ်မျိုး' ကိုရိုး အတွက်တော့ တော်တော့်ကို နိပ်တဲ့ အချစ်ရဲ့ သင်္ကေတပဲ။ ဘုရားကြီးတုန်း

http://www.cherrythitsar.org



ကလည်း သက်သက်က ကိုရိုးဖိနပ်ကို သူ့ဖိနပ်နဲ့ အတူတွဲပြီး ကိုင်ပေးသွားသေးတယ်။ ဒါကိုလည်း ကိုရိုးအနေနဲ့ကတော့ နည်းနည်းကမှ လျှော့မတွက်ဘူး။ 'သက်သက်တော့ ငါ့ကို တော်တော်ကြွေနေပြီ' လို့ အပိုင်တွေးမိနေတာများ စက္ကန့်မလပ်။

ဆိုင်ကယ်ပေါ်မှာ သူ့နောက်က ထိုင်စီးတော့လည်း မရွှေသက်ရဲ့ ညာလက်နုနုက သူ့ပခုံးပေါ်မှာလေ။ တစ်ခါတစ်ခါများဆို ဆုပ် ဆုပ်ပြီးတောင် ကိုင်သေးဗျား။ (အမှန်ကတော့ ခများ ဆိုင်ကယ်အကွေ့တွေမှာ ကြောက်ရာလို့နေမှာ။ သို့သော်လည်း ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော်ကြီး လိပ်မျိုး ကိုရိုးကတော့ သူ့ချစ်လို့ ညှစ်တာနေမှာပဲလို့ မှတ်နေသဗျား။)

ပြန်ကြတော့ ဘာလိုလိုနဲ့ ကိုးနာရီတောင်ထိုးလုပြီ။ သက်သက်ကို ပြန်ပို့ပြီးတော့ ကိုရိုးလည်းအိမ်ကိုပဲ တန်းတန်းမတ်မတ် ပြန်ခဲ့ပါတယ်။ ပီတိတွေက ရင်မှာအပြည့်နဲ့ဆိုတော့ ညကြီးမင်းကြီးပေမယ့် တော်၏ မတော်၏ စဉ်းစားမနေတော့ဘဲ လေလေး တချွန်ချွန်နဲ့။

အိပ်ရာဝင်တော့တောင် အိပ်လို့က တော်တော်နဲ့ကို မပျော်ချင်ဘူး။ သက်သက် မျက်နှာဖြူဖြူနုနုလေးကိုပဲ မြင်ယောင်နေတာ။ စိတ်ကူးယဉ်တယ်ဆိုတာ ပိုက်ဆံပေးရတာမျိုးမှ မဟုတ်လေတော့ ကိုရိုး စိတ်ကူးထဲမှာ သက်သက်နဲ့တောင် တစ်အိုးတစ်အိမ် ထူထောင်ကြည့်နေမိသေးတယ်။

မွေးလာမယ့် ကလေးတွေက သူ့လို ညိုညစ်ညစ် ပုပျပ်ပျပ်လေးတွေပဲ ဖြစ်ကုန်မှာလား၊ သက်သက်လို ဒေါင်ကောင်းကောင်း၊ ဖြူဖြူဝင်းဝင်းလေးတွေပဲ ဖြစ်လာမှာလားလို့ တွေးမိသွားရတဲ့ ခဏမှာတော့ ကိုရိုးရဲ့ ဝမ်းထဲမှာ သရိုးသရီ ဖြစ်လာတယ်။

ဒါနဲ့ လုံးနေရာက ကမန်းကတန်း ထတဲ့ပြီး ရေအိမ်ကို ပြေးရတယ်။ ရေအိမ်ထဲမှာလည်း မရွှေသက်မျက်နှာကိုသာ မြင်နေဆဲပါ။

ရေအိမ်က ဆင်းလို့ လက်ဆေးမယ်အလုပ်မှာ ဖျတ်ဆို မီးကပျက်သွားတယ်။ ဒါနဲ့ ရေကပြင်ကို မမြင်မကန်းနဲ့စမ်းတဝါးဝါး သွားပြီးမှ လက်

**လက်တွဲဖော်**

http://www.cherrythitsar.org



ဆေးရတယ်။ လက်ဆေးပြီး နောက်ဖေးတံခါးကို ကျကျနန ပြန်ပိတ်လို့ ဖယောင်းတိုင်ထွန်းဖို့ အိမ်ရှေ့ခန်းဘက် ခြေဦးအလှည့်မှာ ကိုရိုးတစ်ယောက် 'အင့်' ခနဲဖြစ်သွားရတဲ့အထိ တစ်စုံတစ်ယောက်နဲ့ ဝင်တိုက်မိတယ်။

လန့်သွားတယ်။

နောက်ဖေးဘက်ထွက်တုန်း အိမ်ထဲကို လူရောက်နေပြီဆိုတာ ချက်ချင်း တွေးမိသွားတာနဲ့အတူ တိုက်မိလိုက်တဲ့ ခန္ဓာကို ဖမ်းဆွဲထားလိုက်တယ်။ နှုတ်ကလည်း 'ဟေ့... ဘယ်သူလဲကွ' လို့ ခပ်မာမာ မေးလိုက်မိရတယ်။

'င...င...င...ငါ ကိုညိုပါကွ၊ ငရိုးရ'

တစ်ဖက်သားကို ကိုင်ထားမိတဲ့ လက်နှစ်ဖက်ကို ချက်ချင်း ရုတ်မိသွားတာနဲ့အတူ ကြက်သီးတွေ ဖျန်းကနဲ ထသွားတဲ့အထိ ကိုရိုး တုန်လှုပ်သွားတယ်။ ဟုတ်တယ်... ဒါ ကိုညိုအသံမှ ကိုညို့အသံ စစ်စစ်။ အထစ်ထစ် အငေါ့ငေါ့နဲ့ ပြောတာလည်း ကိုညိုမှ ပြောတတ်တာ။ ခုနင်က ဖမ်းကိုင်မိသွားတဲ့ လက်မောင်းကြီးနှစ်ဖက်ကလည်း အေးလို့၊ စက်လို့။

အောင်မယ်လေး၊ မြတ်စွာဘုရား... ကယ်တော်မူပါ။

'ညို... မင်းသေသွားပြီလေ၊ မင်း ငါ့ကို လာခြောက်တာလား၊ မလုပ်ပါနဲ့ကွာ၊ ငါ သရဲ မကြောက်တတ်တာ မင်းလည်း အသိသားနဲ့...'

'မ... မ... မ...'

'သူငယ်ချင်း ညို၊ အမျှကွာ... အမျှ... အမျှ၊ သွားပါကွာ... မင်း သေခဲ့တာ သုံးနှစ်တောင် ကျော်ပြီပဲ၊ သွားပါတော့ကွာ'

'မ... မ... မ... မဟုတ်ဘူး ငရိုး၊ င... ငါ... ငါ သ... သ... သရဲ လာခြောက်တာ မဟုတ်ဘူး၊ င... င... ငါ.... ငါ သ...သ...သ...သ... သရဲလည်း မဟုတ်ဘူး'

ဟင်... သင်းက သရဲမဟုတ်ဘူးဆိုပါလား၊ ဒါဆို ဘာလဲ? ရှင်ပြန်ထမြောက်လာတာမျိုးလည်း မဖြစ်နိုင်ပါဘူး။ တောက်... အရေးထဲကျမှ

http://www.cherrythitsar.org



သည့်ရွှေမီးကလည်း ပျက်နေရသေးတယ်။ ဘာမှလည်း မမြင်ရဘူး။

'နို့… သရဲ မဟုတ်ရင် မင်းက ဘာလဲ'

'င… င… ငါ… ငါ… အခု သ… သေ… သေ… သေမင်း လုပ်နေရတာကွ'

'ဘာ၊ မင်းက သေမင်း… ဟုတ်လား။ သေမင်းဆို မင်း ငါ့ဆီ ဘာလာလုပ်တာတုံး'

'င… င… ငါ စ… စ… စိတ်မကောင်းပါဘူး ငရိုးရာ၊ မ… မ… မ…. မင်း မနက်ဖြန်ဆို သေ… သေ… သေရတော့မှာမို့ ဒီ… ဒီ… ဒီနေ့ည မင့်ခေါင်းရင်းမှာ ထ… ထ… ထိုင်… ထိုင်… ထိုင်ပေးဖို့ င… ငါ… ငါ… ငါလာခဲ့ရတာပါ'

ကိုရိုးရဲ့ ပုံမှန်ပြန်ရောက်ခါစ ကြက်သီးတွေဟာ ဖျန်းကနဲ ပြန်ထလာတယ်။ သည့်တစ်ကြိမ်မှာတော့ ကျောရိုးထဲမှာပါ စိမ့်သွားတဲ့အထိပဲ။

'မနောက်ပါနဲ့ ညီရာ၊ ငါ့မှာ ဘာရောဂါမှ မရှိဘူး၊ ဆိုင်ကယ်စီးရင်လည်း ငါ ဖြည်းဖြည်း မှန်မှန်ပဲ စီးတာပါ၊ ပြီးတော့ ဘုရားတရားလည်း မြဲပါတယ်ကွ။ စောစောကတင် ဘုရားကြီးမှာ ဓာရဏပရိတ်တွေ၊ မေတ္တာသုတ်တွေတောင် ရွတ်ခဲ့သေးတယ်'

'ဒ… ဒါ… ဒါ… ဒါတွေ င… ငါ… ငါ မသိဘူး ငရိုး၊ အ… အ… အ… အထက်က ငါ့ကို မင့်ခေါင်းရင်းမှာ ဒီ… ဒီ… ဒီကနေ့ည သွားထိုင်ဖို့ အ… အ… အ… အမိန့်ကျလာတာနဲ့ မ… မ… မ… မင့်ဆီရောက်လာတာပဲ'

ကြားနေရတဲ့ ကိုညိုအသံထဲမှာ စိတ်မကောင်းနံ့တွေ ပျံ့လို့ သင်းလို့။

သြော်… သူငယ်ချင်း ညို၊ ဘဝချင်းခြားသွားတာတောင် ခများမှာ ငါ့အပေါ် သံယောဇဉ်ကြီးရှာတုန်းပဲလို့ ကိုရိုး တွေးမိပါတယ်။ ဒါပေမယ့် သင်းက အခု 'သေမင်း'တဲ့။ မနက်ဖြန်ကျ ငါသေရတော့မှာမို့ သည်ည ငါ့ခေါင်းရင်းမှာ ထိုင်ရအောင် လာတာဆိုပဲ။ အောင်မလေး… သက်သက်

ရယ်၊ ကိုကို့အဖြစ်ကို ကြည့်ပါဦး…

'မလုပ်ပါနဲ့ကွာ၊ မင်းနဲ့ ငါက သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေ ဆိုတာ မင်း မေ့သွားပြီလား'

'မ… မ… မ… မမေ့ပါဘူး'

'အခု သက်သက်ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ ငါ အဆင်ပြေခါ နီးနေပြီကွ၊ မနက်ဖြန် ငါသေသွားရမယ်ဆိုရင် သူ့ဆီက အဖြေလေးတောင် သိသွားရမှာ မဟုတ်ဘူး၊ ငါ့ဘဝမှာ ဒီအရွယ်ကြီးရောက်တဲ့အထိ ရည်းစား တောင် မထားဘူးသေးတာ မင်း အသိဆုံးပါကွာ။ မင်းသေသွားတုန်းက မင့်မှာရည်းစားနဲ့ ဘာနဲ့ဆိုတော့ မင်း သေလိုက်ရတာ သေပျော်လှတယ်လို့ ဆိုနိုင်ပါသေးတယ်။ ငါ့မှာ ရည်းစားတောင် ဖြစ်ဖြစ်မြောက်မြောက် မထား ဖူးသေးဘဲနဲ့ သေလိုက်ရမယ်ဆို လူရယ်စရာကြီး ဖြစ်နေပါလိမ့်မယ်။ မင်း တစ်ခုခု လုပ်ပေးလို့ မရဘူးလား သူငယ်ချင်းရာ'

တစ်ဖက်က တော်တော်ငြိမ်သွားတယ်။ မှောင်မည်းနေတဲ့အခိုက်မှာ လုံးဝ တိတ်ဆိတ်သွားတော့ ချောက်ချားစရာကြီးရယ်။ တိတ်နေတာ နည်း နည်းလည်း ကြာသွားရော ငရိုးရင်ထဲ ထိတ်လာတယ်။

'ညို… မင်း ရှိသေးရဲ့လား'

'ရှ… ရှ… ရှိ… ရှိပါတယ်ကွ၊ င… င… ငါ စဉ်းစားနေတာပါ၊ မင်း… မင်း… မင်းကိုလည်း ငါ… က… ကို… ကို… ကိုယ်ချင်းစာ ပါတယ်။ င… င… ငါ့ အလုပ်ကလဲ သေမင်းဆိုတော့ ဒီည ဒ… ဒီ… ဒီ… ဒီအိမ်မှာ ထိုင်… ထိုင်… ထိုင်ဖို့အလှည့်ကျရင် တ… တ… တ… တခြားမှာသွား… သွားထိုင်လို့ မ… မ… မ… မရ တော့ဘူး'

'ဟာကွာ… ကြံစမ်းပါဦး ညိုရာ'

'ဒါ… ဒါ… ဒါဆို ဒီလိုလုပ်၊ မ… မ… မ… မင့်ကို ငါ… တစ်နှစ် အိပ်… အိပ်… အိပ်… အိပ်… အိပ်… စတဲန်ရှင်းပေးမယ်'

http://www.cherrythitsar.org



'ဘာ၊ ဘယ်လို…'

'ကျွတ်… မင်းကလည်း ဒ… ဒုံး… ဒုံးဝေးလိုက်တာ၊ မင်း… မ… မ… မနက်ဖြန် မသေအောင် ဒ… ဒီ… ဒီ… ဒီနေ့ည ငါ… ငါ… မ… မင့်ခေါင်းရင်းမှာ မ… မ… မထိုင်တော့ဘဲ ခြေ… ခြေ… ခြေ… ခြေရင်းမှာပဲ ထိုင်သွားမယ်။ ဒ… ဒ… ဒါပေမယ့် နောက် တ… တ… တစ်နှစ်တိတိ ကြာတဲ့အခါကျရင်တော့ မင်း ငါ့ကို ဇ… ဇ… ဇ… ဈေးမဆစ်နဲ့တော့'

ဩော်… သူငယ်ချင်း သေမင်းညီကြ ငါ့ကို တစ်နှစ် 'အိပ်စတဲန် ရှင်း'ပေးတယ် ဆိုပါလား။ နောက်ထပ်တစ်နှစ် ငါ့အသက်ရှင်ခွင့် သက် တမ်းကို တိုးပေးမယ် ဆိုပဲ။ ဆိုးတော့ မဆိုးဘူး။ တစ်နှစ်ဆိုတာလည်း မနည်းဘူး။ မနက်ဖြန် သေရမှာထက်စာရင် နောက်နှစ်မှ သေရမယ်ဆိုတာ က အများကြီးအခွင့်အလမ်း ရှိသေးတယ်။ သည်ကြားထဲ ဘုရားတရားလေး ဖိလုပ်၊ ဆရာကောင်း သမားကောင်းကို ဆည်းကပ်ပြီး ယတြာကောင်း ကောင်းလေး ချေတန်ချေလိုက်ရင် ဖြစ်ချင်ဖြစ်သွားဦးမှာ။

'ညီ… မင်း တကယ် ပြောနေတာနော်၊ ငါ့ကို နောက်တစ်နှစ် ဆက်နေခွင့်ရအောင် မင်း တကယ်လုပ်ပေးမှာနော်'

'တ… တ… တကယ်ပါကွ၊ မင်း… မင်း… မင့်ဘာသာ စ… စိတ်… စိတ်… စိတ်ချလက်ချအိပ်၊ ငါ… ငါ… ငါ မင့်ခြေရင်းမှာ ထိုင်ပေးသွားမယ်၊ အေး… တ… တ… တ… တစ်နှစ်တိတိ ပြည့်တဲ့ည ကျရင်တော့ မင်း… မင်း… မင်း… မင့်ဆီ ငါပြန်ရောက်လာမှာတော့ မေ့… မေ့… မေ့… မေ့မနေနဲ့ဦး'

'တစ်နှစ်ကို အင်္ဂလိပ်ပြက္ခဒိန်နဲ့တွက်ရမှာလား၊ မြန်မာပြက္ခဒိန်နဲ့ တွက် ရမှာလား'

'ရှ… ရှ… ရှီးတဲ့မှပဲ၊ အင်း… အင်း… အင်း… အင်း… အင်းဂလစ်ရှ်… ကယ် ကယ်… ကယ်လင်ဒါနဲ့ တွက်ကွာ၊ နှ… နှ…

http://www.cherrythitsar.org



နှစ်ဆယ်ရက်နေ့ညမှာ ငါ မင့်ခေါင်းရင်းမှာ ထ··· ထိုင်··· ထိုင်··· ထိုင်ဖို့ ပြန်လာမယ်'

'လေး၊ ငါးနှစ်နေမှ ပြန်လာလို့ မရဘူးလားကွာ'

'တ··· တော်··· တော်··· တော်ကွာ၊ ဈေး မ··· မ··· မဆစ် နဲ့၊ ငါ··· စ··· စ··· စ··· စိတ်ပေါက်ပေါက်နဲ့ ခုည ခေါင်းရင်းမှာ ဝ··· ဝင်··· ဝင်··· ဝင်··· ဝင်ထိုင်လိုက်ပြန်တော့မယ်'

ငါ့နှယ်နော်၊ ညီခြိုဆိုတဲ့ကောင် သေမင်းဖြစ်သွားတော့မှပဲ မာရေကျော ရေနဲ့။ ဟယ်··· တတ်နိုင်ပါဘူး၊ တစ်နှစ်သက်တမ်း တိုးပေးဖော်ရတာပဲ ကျေးဇူးတင်ရဦးမယ်။

'မလုပ်လိုက်ပါနဲ့ ညီခြိုရာ၊ ကိုင်း··· ကိုင်း မင့်သဘောအတိုင်းပဲ၊ ဒါနဲ့ နေစမ်းပါဦး၊ မင်း အခုငါ့ကို ကိုယ်ထင်ပြလို့ မရဘူးလား'

'မင်းကို··· ကို··· ကို··· ကိုယ်ထင်ပြဖို့ နေနေသာသာ၊ မ··· မ··· မိ··· မီး··· ပျက်နေလို့ မင့်မျက်ခွက်တောင် င··· င··· ငါ··· ငါ မမြင်ရဘူးကွ'

'ဒါဖြင့်··· လာကွာ၊ မင်းသေသွားပြီးတဲ့နောက် ငါ ဘယ်လိုနေ၊ ဘယ်လိုထိုင်ပြီး ဘာတွေ ဖြစ်နေတယ်ဆိုတာ ပြောပြမယ်၊ မင်းလည်း မင်းကြုံခဲ့တာတွေ ငါ့ပြန်ပြောပြ'

'တော်··· တော်··· တော်··· တော်စမ်းပါကွာ၊ လူ··· လူ··· လူ··· လူ့ဘဝတုန်းကလို ဇ··· ဇ··· ဇ··· စကားတွေ အများကြီးပြော··· ပြောလို့ မရဘူးကွ။ ဘ··· ဘာ··· ဘာ··· ဘာဖြစ်တယ် မသိဘူးကွာ၊ ဇ··· ဇ··· ဇ··· စကားတွေ အ··· အ··· အများကြီး ပြောရင် တ··· တ··· တအားငိုက်လာတာ၊ သ··· သ··· သေ··· သေ··· သေမင်းအလုပ်ကို ရ··· ရ··· ရကတည်းကပဲ။ ဂ··· ဂ··· ခုလည်း ငါ မင့်ခြေရင်းမှာ ထ··· ထိုင်··· ထိုင်··· ထိုင်ရင်း ငိုက်လိုက်ဦးမယ်··· ဘိုင့်ဘိုင်'

**လက်ကျဲဖော်**

http://www.cherrythitsar.org



**အခန်း ၂၂။**

ကိုရိုးတစ်ယောက် သူ့လက်မောင်းသူ ပြန်ဆိတ်ကြည့်မိတယ်။ နာလိုက်တာ မပြောပါနဲ့တော့။ နာတာနဲ့အတူ တော်တော်လည်း သေချာသွားတယ်။ သူ အိပ်မက် မက်နေတာ လုံးဝမဟုတ်ဘူး။ ပြဿနာကတော့ အထွေးလိုက်တက်ပြီ။

ကိုညိုဆိုတဲ့ကောင် သေမင်းဖြစ်နေတာ သေချာသွားပြီ။ သူအိပ်မက် မက်နေတာမဟုတ်ကို မဟုတ်ဘူး။ အိပ်မက် မက်ဖို့ နေနေသာသာ အိပ်တောင် အိပ်ရသေးတာ မဟုတ်ဘူး။

သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး စိတ်ပျက်လက်ပျက်နဲ့ သူ့ခုတင်မှာ သူ ပြန်ထိုင်လိုက်တယ်။ ထိုင်ချလိုက်တဲ့အခိုက်မှာ မီးက ဖျတ်ဆို ပြန်လင်းလာတယ်။ ချက်ချင်းပဲ ခုတင်ခြေရင်းကို လှမ်းကြည့်လိုက်တယ်။

ခုတင်ခြေရင်းမှာ ချထားတဲ့ ထင်းရှူးသေတ္တာကြီးပေါ်မှာ ကိုညိုတစ်ယောက်များ ဆောင့်ကြောင့်ကြီး ထိုင်နေလေသလားလို့။ ဘာမှ မတွေ့ရဘူး။ ဒါနဲ့ ခေါင်းရင်းကို လှမ်းကြည့်တော့လည်း ဘာမှ မတွေ့ရပြန်ဘူး။

'ဟေ့ကောင်... င... င... င... ငါ့ကို ရှ... ရှ... ရှ... ရှာနေတာလား။ မ... မ... မ... မရှာနဲ့၊ တွေ့... တွေ့ရမှာမှ မဟုတ်ဘဲ၊ စိတ်... စိတ် စိတ်ချ။ ငါ... ခြေ... ခြေ... ခြေရင်းမှာပဲ ထိုင်ငိုက်နေမှာ၊ န... နောက်... နောက်... နောက်နှစ် မေ... မေ... မေနှစ်ဆယ်ရက်မှ လာခဲ့မယ်၊ ဂ... ဂ... ဂွတ်... ဂွတ်နိုက်'

မအေပေးနှယ် ဘဝပြောင်းသွားတာတောင်မှ အင်္ဂလိပ်လို ညှပ်ပြောချင်တဲ့ သောက်ကျင့်က မကုန်သေးဘူး။ သင်းကများ ငါ့ကို ဂွတ်နိုက်တဲ့။

ဟိုက 'ဂွတ်နိုက်' သွားပေမယ့် ကိုရိုးရဲ့ အဲသည့် 'နိုက်'က 'မဂွတ်' လှတာ အမှန်ပါပဲ။ ဘယ့်နှယ်၊ နောက်တစ်နှစ်တိတိနေရင် သူ့ဆီကို သေမင်းလာမယ်ဆိုတဲ့ အသိကြီး ဝင်နေမှတော့ ကိုရိုးလည်း ဘာသားနဲ့ ထုထားတာမို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့ ပျော်ပါတော့မလဲ။

**လက်တွဲဖော်**

http://www.cherrythitsar.org



စောစောက သက်သက်နဲ့ အကြည်ဆိုက်ခဲ့သမျှကို စားမြုံ့ပြန်ရင်း ဝေနေတဲ့ ပီတိတွေတောင် ဘယ်ချောင်ဘယ်ကြား ကပ်ကုန်တယ် မသိဘူး။ လက်ပေါ် နဖူးတင်လိုက်၊ နဖူးပေါ် လက်တင်လိုက်နဲ့၊ ချမိရတဲ့ သက်ပြင်း တွေကလည်း အကြိမ်ပေါင်း သန်းကုဋေတောင် မကချင်တော့ဘူး။

အံမယ်မင်း… စိတ်ညစ်တယ်ကွယ်ရို့။

**အခက် ၃။**

ဇာတ်ကို ခပ်တိုတိုဖြစ်အောင် ချုံ့ပြောရရင် အဲသည့် တစ်နှစ်အတွင်းမှာ ကိုရီး တစ်ယောက် ယောက်ယက်တွေ ခတ်လို့။

ဟူးရားတွေလည်း စုံပြီ၊ ဘုရားရှိခိုးတွေရော၊ ဂါထာတွေရော တော် တော် စုံစုံလေး ရနေပြီ။ သက်သက်ကလည်း သူ့ကို လက်ခံလိုက်ပြီ။ သက်သက်ကိုတော့ ငညို သေမင်းဖြစ်နေတဲ့ကိစ္စ ဖွင့်မပြောရက်လို့ မပြော ဘဲ ထားရတယ်။

ဒါပေမယ့် ဟူးရားအထွေထွေက ပေးတဲ့အဆောင်တွေ၊ ယတြာတွေ၊ ဓာတ်ရိုက်ဓာတ်ဆင်တာတွေ အကုန်လုံးကိုလည်း သူ လုပ်ဖြစ်ခဲ့တယ်။ ဗေဒင်ဆရာတစ်ယောက်ကဆို အခိုင်အမာကို ပြောတာ။ ဇာတာအရ သူဟာ အသက် ၁၂၀ကျော် မရှည်ဘဲ နေရင်သာရှိမယ်၊ ခြောက်ဆယ်မကျော်ဘဲနဲ့ ကတော့ ရိုက်သတ်တောင် သေမယ့် 'ခွင်'မျိုးနဲ့ ဇာတာရှင် မဟုတ်ဘူးတဲ့။

လက္ခဏာဆရာတစ်ယောက်ကတော့ သူ့လက်နှစ်ဖက်ပေါ်က အသက် လမ်းကြောင်းအရ သူအသက်တိုမယ်ဆိုတာ သေချာပါတယ်တဲ့။ သို့သော် လည်း အိမ်ထောင်ကျပြီးတဲ့နောက် အသက်သုံးဆယ့်ငါးနှစ်ကျော်မှ သေမှာ တဲ့။ သည်တစ်နှစ်၊ နှစ်နှစ်အတွင်း ဘယ်လိုနည်းနဲ့မှ မသေဘူးဆိုတာ ရဲရဲကြီး ပြောရဲတယ်တဲ့။ မမှန်ရင် သူ့လျှာကို လာဖြတ်လှည့်လို့တောင် စိန်ခေါ်လိုက်သေးတယ်။

ကြားရသမျှကတော့ အားရစရာချည့်ပါပဲ။ သူလည်း တွေးတော့

http://www.cherrythitsar.org



တွေးမိပါတယ်။ နောက်နှစ် မေလ နှစ်ဆယ်ရက်နေ့ ညီရောက်လာတဲ့အခါ ကျရင် ညီ့ကို စပါးရော ဖွဲရောနဲ့ ဈေးထပ်ဆစ်ရင်တောင် ဟိုကောင် နောက်တစ်နှစ် 'အိပ်စတဲန်ရှင်း'ပေးဦးမှာပဲ ဆိုတာ သူအတတ်သိနေတယ်။ အဲသလိုနဲ့ တစ်နှစ်ပြီးတစ်နှစ် ဈေးဆစ်သွားလိုက်ရင် သူ နေလို့ဖြစ်ဦးမယ် ဆိုတာ သေချာသွားသလိုပဲ။

ချစ်သူငယ်ချင်း အရင်းခေါက်ခေါက်က သေမင်း လာဖြစ်နေတယ်ဆို တာကိုက ဘယ်သူမှ မရနိုင်တဲ့ အခွင့်ထူးမျိုးလေ။ အဲသလို တွေးမိပြီး ချစ်သူလေး သက်သက်နဲ့ စိတ်အေးလက်အေး ပျော်နေမိခဲ့တာက ကျန်တဲ့ တစ်နှစ်ရဲ့ ရှစ်လတာလောက်ပါပဲ။

**အခက် ၄။**

၁၉၉၇ခုနှစ်၊ မေလ နှစ်ဆယ်ရက်နေ့။

သူငယ်ချင်း သေမင်းကိုညီနဲ့ လူသား ကိုရိုးတို့ ချိန်းထားတဲ့နေ့။

ဖြစ်ချင်တော့ အဲသည့်နေ့မတိုင်ခင် တစ်ရက်ကတည်းက အပူရှပ်ပြီး ကိုရိုးခမျာ ဖျားနေရှာတယ်။ အဖျားက သိပ်တော့မကြီးလှပါဘူး။ ကိုးဆယ့် ကိုးနဲ့ တစ်ရာလောက်ပါပဲ။ ဒါပေသည့် သည်လိုရက်မျိုးဆိုတာ ဂရုစိုက်ပါမှ တန်ကာကျမှာမို့ အထူးကုဆေးခန်းက အထူးကုဆရာဝန် ပဂေးနဲ့မှ သွားပြ ထားတာ။

ဆရာဝန်ကြီးကလည်း ပြောပါတယ်။ ရိုးရိုးဖျားတာပါတဲ့၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူးတဲ့။ ဆေးတော့ သုံးမျိုးခွဲပြီး သုံးရက်စာ ပေးလိုက် တယ်။ သုံးရက်နေလို့မှ မသက်သာရင် ပြန်လာပြတဲ့။ သက်သာရင် လာပြ မနေနဲ့တော့ဆိုပဲ။

သည်လိုနဲ့ အဲသည့်နေ့မှာလည်း ဆရာဝန်ပေးလိုက်တဲ့ဆေးတွေကို သောက်ပြီး အိမ်ထဲမှာပဲ တစ်နေကုန် အောင်းနေလိုက်တယ်။ ညစာကို ရှစ်နာရီထိုးမှ စားပြီး ညဆေးကို သောက်ချလိုက်သေးတယ်။ သောက်ပြီးမှ

http://www.cherrythitsar.org



သတိရသွားတာက ဆရာပေးလိုက်တဲ့ ညဆေးထဲမှာ အိပ်ဆေးပါ ပါတယ်ဆို တာကိုပဲ။

မနေ့ညကလည်း အဲသည့်ဆေးသောက်ပြီး အိပ်လိုက်တာ လင်းမှ တစ်ရေးပဲ။ ခက်တာက သည်နေ့ညတော့ ဟိုကောင် ညီပြုလာမှာမို့ သူ့အနေ နဲ့ နောက်ထပ်ဈေးဆစ်ဖို့စောင့်ရဦးမှာ။ ဟိုကောင်လာတဲ့အခါ သူအိပ်ပျော် နေလို့ ခေါင်းရင်း ဝင်ထိုင်သွားမှ ဟုတ်ပေ့ဖြစ်နေမှာ စိုးရသေး။

ခက်တာက ဆေးကို မျိုချပြီး ရေတစ်ခွက်ပါ သောက်ပြီးခါမှ အဲဒါကို သတိရတာ။ ဟယ်··· တတ်နိုင်ပါဘူး၊ မအိပ်မိအောင် သတိထားပြီး စောင့်ရုံ ရှိတာပေါ့။

သည်လိုနဲ့ ကိုရိုး တစ်ယောက် အဲသည့်ညခင်းက ခုတင်ပေါ်မှာ ခြေဆင်းထိုင်ရင်း ကိုးနာရီထိုးကတည်းက 'ဟေ့ကောင် ညီ၊ ရောက်ပြီ လား၊ ရောက်ရင် ငါ့ကို အသံပေးကွာ'လို့ ငါးမိနစ် တစ်ကြိမ်လောက် အော်နေမိရပါတော့တယ်။

**အခက် ၅။**

ညဆယ်နာရီ ကျော်ကျော်မှာတော့ လူက ဘယ်လိုမှ မဟန်နိုင်တော့ဘူး။ မျက်တောင်က စင်းစင်းပြီး ငိုက်ငိုက်ကျနေမိပြီ။ ကိုညီတစ်ယောက်တော့ မေ့များနေသလား မသိဘူး။ ကိုရိုး အသံပေးနေမိတုန်းပေမယ့် ခုထက်ထိ ပေါ်ကို မလာနိုင်ဘူး။

ဆယ်နာရီခွဲတော့ စိတ်နှလုံး ဒုံးဒုံးချလိုက်မိရပြီ။ အိပ်ကို အိပ်မှဖြစ် တော့မယ်။ သူမအိပ်လည်း ဆေးတန်ခိုးနဲ့ အိပ်ပျော်သွားတော့မှာက ရာခိုင် နှုန်း၃၀၀လောက် သေချာနေပြီ။

သည်လိုလုပ်··· ဟိုကောင် လာလို့ ငါ အိပ်ပျော်နေရင် သင်း ငါ့ ခေါင်းရင်း ဝင်ထိုင်မှာ သေချာတယ်၊ သူက သေမင်းကိုး။ ပြီးကျတော့ ညီပြုဆိုတဲ့ ကောင်က စကားတည်တဲ့ အကောင်၊ ပြောတဲ့အတိုင်း လုပ်မယ့်

http://www.cherrythitsar.org



ကောင်းစား။ သူ့ကို ပတ်ချွဲနှပ်ချွဲနဲ့ ပြောယူမှ လျှော့ပေးမှာမျိုး။ အဲတော့ သည်နေ့ ငါအိပ်ပျော်နေရင် သင်းက ငါ့ခေါင်းရင်းမှာ အခန့်သား ဝင်ထိုင်သွားမှာ။ ငါကလည်း အိပ်ချင်လှပြီ။ ဆိုတော့ကာ ခေါင်းရင်းကို ခြေထောက်ထား၊ ခြေရင်းကို ခေါင်းထားပြီး ဇောက်ထိုး အိပ်နေမယ်ဆိုရင် ဟို အကောင် ဘာမှတတ်နိုင်မှာ မဟုတ်ဘူး။

ဟုတ်တယ်၊ သည်အကြံ ကောင်းတယ်။ မနက်ဖြန် ငါမသေလို့ အဲသည့်အကောင် ထပ်လာမှ စောင့်တောင်းပန်ယူတော့မယ်။ နေဦး၊ မီးတော့ ပိတ်မှဖြစ်မယ်။ မနေ့စ်က သင်းလာတုန်းက မီးပျက်နေတော့ သင်း ငါ့ကို မမြင်ရဘူးတဲ့။ မီးလာတော့မှ ငါ့ကို သူမြင်သွားတာ၊ ဟုတ်တယ်၊ မီးပိတ်ပြီး ခြေရင်း ခေါင်းရင်း ပြောင်းပြန် အိပ်တော့မယ်။ ဂွတ်နိုက်၊ သူငယ်ချင်း သေမင်းညီ။

**အခက် ၆။**

မေလ နှစ်ဆယ့်တစ်ရက်နေ့။

မိုးလင်းလို့ နိုးလာတော့ ကိုရိုး အတော် ပျော်သွားတယ်။ အသက်က ရှိနေသေးတာကိုး။ သူ့နည်းက အတော်ဟုတ်တာပဲ။

အဖျားသွေးလည်း မရှိတော့ဘူး။ ဆရာ့ဆေးကလည်း တယ်စွမ်းပဲ။ မှတ်ထားရဦးမယ်၊ အဲသည့် ဆရာဝန် ဒေါက်တာ ဘယ်သူ...?၊ အဲ... ဒေါက်တာ ခင်ဇော်သန်းဆိုပဲ။ လူက ကြောင်စီစီနိုင်ပေမယ့် ဆေးကုတာ တော့ ပထမတန်းထဲကပဲ။ နောက် ဘာဖြစ်ဖြစ် ဒေါက်တာ ခင်ဇော်သန်းနဲ့ ပဲ ပြတော့မယ်လို့လည်း ကိုရိုး ဆုံးဖြတ်လိုက်တယ်။

တိုတိုပြောရရင် အဲသည့်နေ့ တစ်နေ့လုံးလည်း အိမ်ထဲမှာပဲ အောင်းပြီး ဆရာပေးထားတဲ့ ဆေးတွေ သောက်ပြီး စာအုပ်တွေဖတ်လိုက်၊ ရေးလက်စ အချစ်ဝတ္ထုကို ဆက်ရေးလိုက်နဲ့ နေကုန်သွားတယ်။

ညကျတော့ ခေါက်ဆွဲခြောက်တစ်ထုပ် ပြုတ်သောက်ပြီး ဆေးသောက်

လိုက်ပြန်တယ်။ တစ်နေ့လုံး အဖျား မရှိတော့ပေမယ့် ဆေးပတ်လည်အောင် သောက်တဲ့သဘော။ သည်ညမှာတော့ အိပ်ဆေးလို့ ယူဆရတဲ့ ဝါဝါအပြား လေး တစ်ပြားကို သတိနဲ့ချန်ထားပြီး ကျန်တဲ့ဆေးတွေကို သောက်တာ။ ဟိုအကောင် ညို့ကို စောင့်ရဦးမယ်လေ။

သူ ဘယ်လိုစောင့်ပြီး ဘယ်လိုခေါ်ကြည့်နေပေမယ့် အဲသည့် ညခင်း မှာလည်း ရွှေသေမင်း ညိုတစ်ကောင်ကတော့ ဆယ့်တစ်နာရီကျော်တဲ့ အထိ ပေါ်ကိုမလာဘူး။

ဆယ့်တစ်နာရီခွဲလောက်ကျတော့ အိပ်ဆေးသောက် မထားမိပေမယ့် လူက အိပ်ချင်လွန်းမက အိပ်ချင်နေပြီ။ ဒါနဲ့ မနေ့ညကလိုပဲ တစ်အိမ်လုံး မှောင်ချလို့ ခြေရင်းကို ခေါင်းထားပြီး အိပ်ချလိုက်ပါတယ်။

**အဖြေ**

*ဟား… ဆယ့်နှစ်နာရီတောင် ထိုးသွားပါပေါ့။ ကင်းသမား ခေါက်တဲ့ သံချောင်းကို တွက်ပြီး မှန်းရတာဆိုတော့ ကမ္ဘ ကရဲ့လားတောင် မသိဘူး။*

*ငရီး တစ်ကောင်တော့ အခုလောက်ဆို အိပ်နေလောက်ရောပေါ့။ သင်းနဲ့ ချိန်းထားတာ အမှန်က မနေ့ကတည်းက။ ကြားထဲမှာ သည်နေ့ မနက် အရေးပေါ် သေခိုင်းရမယ့် ဟိုမိန်းမလျှာ အေအိုင်ဒီအက်စ် လူမမာ ကြောင့် မနေ့က သင်းဆီ မရောက်ဖြစ်ဘူး။ အဲသည့် မိန်းမလျှာရဲ့ ခေါင်း ရင်းမှာ မနေ့ညက အရေးပေါ် သွားထိုင်ပေးနေခဲ့ရတာပ။*

*သည်နေ့တော့ အေးအေးဆေးဆေးပဲ။ ငရီးဆီ ဝင်ရပြန်ဦးတော့မယ်။*

*ဟာ… တစ်အိမ်လုံးလည်း မှောင်လို့မည်းလို့၊ မီးပျက်နေပြန်ပြီ ထင် တယ်။*

*အံမာ… ခွေးကောင်ငရီး၊ အမှေ့မှေ့ အလျော့လျော့နဲ့ စက်တော်ခေါ်နေ လိုက်တာများ တခေါခေါတောင် ဟောက်လို့။*

*အင်း… လူတွေ လူတွေ၊ ခက်တယ်။ မြန်မာလိုတော့ ဆုံးတယ်*

http://www.cherrythitsar.org



ပြောတယ်။ အင်္ဂလိပ်လိုတော့ အိပ်စပိုင်းယားဆိုပဲ။ သက်တမ်းကုန်တာ ပေါ့။

စည်သွပ်ဘူးတို့၊ ဆေးပုလင်းတို့မှာ ကျတော့ 'အိပ်စပိုင်ရီ ဒိတ်'ဆိုတဲ့ သက်တမ်းကုန်မယ့် နေ့စွဲတွေ အတိအကျပါတယ်။ သိချင်ရင် ဘူးဖင်တို့၊ ဆေးပုလင်း စက္ကူပတ်တို့မှာ လှန်ကြည့်လိုက်ရုံပဲ။

လူမှာကျတော့ အဲသလို 'အိပ်စပိုင်ရီဒိတ်'ကို လှန်ကြည့်လို့ မရနိုင်ကြတော့ အမေ့မေ့အလျော့လျော့နဲ့ ထင်သလိုနေနေကြတာချည့်ပဲ။ ငါလည်း အနေကောင်းခဲ့လို့ ခုတော့ လူ့ပြည်မှာ မနေရတော့ဘဲ 'သေမင်း'လာဖြစ်နေရပြီ။ ဖြူဖြူတစ်ယောက်လည်း ကလေးတစ်ကောင်တောင် ထွက်နေပြီ။ လွမ်းလိုက်တာ လူ့ဘဝရယ်…။

ငရီးလည်း ဘာထူးလဲ။ ကြည့်စမ်း၊ မနေ့ညက ငါ မလာတာနဲ့ ကနေ့ကျတော့ စိတ်ချလက်ချ အိပ်နေပြီ။ အင်း…

တကယ်တော့ သင်းမလဲ သနားစရာပါလေ။ လူက အင်မတန် ထချင်၊ နန့်ချင်၊ ကမြင်းချင်လှပေမယ့် မစွံရှာဘူး။ ခုမှ သက်သက်နဲ့တွေ့ ပြီး ဟိုသင်းနဲ့ နှလုံး တွေ့နေတာ။

ဟိုကောင်မလေးကလည်း မဆိုးပါဘူး။ သူ့တော့ တော်တော်ချစ်ရှာသား။ အေးလေ၊ ဘာပဲဖြစ်ဖြစ် ကိုရီးဟာ အင်မတန် ချစ်စရာကောင်းတဲ့ သူငယ်ချင်း။ ရိုးချက်ကလည်း ကမ်းကိုကုန်လို့။ စိတ်ရင်းလည်း အင်မတန် ကောင်းတဲ့ကောင်ကြီး။ သည်လို ကောင်မျိုးအနေနဲ့ လောကအတွက် အများကြီးလုပ်နိုင်သေးတယ်။ နေလည်း နေပျော်သေးတဲ့ ကောင်စားမျိုး ဖြစ်တဲ့အပြင် သူလိုအကောင် ရှင်နေလို့ လောကမှာ ဘာမှ အကျိုးမယုတ်ဘူး။

ဟော… ဟောက်သံက ပျောက်သွားပြီ။ နိုးများ လာလို့လား၊ မဟုတ်သေးပါဘူး။ သည်အကောင် တစ်ဖက်စောင်း အိပ်ပြန်ပြီ မှတ်တယ်။ အသက်ရှူသံကတော့ မှန်နေတုန်း။

**ဆက်တွဲဖော်**

http://www.cherrythitsar.org



*အေးလေ··· သန်းခေါင်တောင်ကျော်မှ ဆိုတော့ အိပ်မောကျတဲ့အချိန်ပဲ။ ငါ့သူငယ်ချင်းကြီးလည်း သနားပါတယ်။*

*အမှန်က လာမယ့်သာ လာရတာ၊ ကျုပ်က သူ့ကို လုံးဝ မသေစေချင်သေးဘူး။ နောက်ထပ် တစ်နှစ်လောက်ကတော့ အိပ်စတဲန်ရှင်း ပေးလိုက်ဦးမှပါ။ သင်းက ကောင်းကောင်း နေနိုင်ပါသေးတယ်။*

*အင်း··· ဟုတ်တယ်၊ သည်ကောင်ငရိုးကိုတော့ အိပ်စတဲန်ရှင်း ပေးကို ပေးမှ ဖြစ်မှာ။ အဲတော့ မနှစ်ကလိုပဲ သူ့ခြေရင်းက ထင်းရှူးသေတ္တာပေါ်မှာပဲ တစ်ညတာ ဝင်ထိုင်လိုက်စမ်းမယ်။ ကိုင်း···*

**အချ**

ဦးဦး၊ ဒေါ်ဒေါ်၊ ကိုကို၊ မမတို့ရေ···

ဟုတ်ကဲ့···

ပုံပြင်လေးကတော့ ဒါပါပဲ ခင်ဗျား။

♥ ♥ ♥

http://www.cherrythitsar.org

## ဝတ္ထုနောက်မှာ ပြောချင်တာ

စုစုပေါင်းမှာ သုံးအုပ်လား၊ လေးအုပ်လားပဲ ထွက်သွားတဲ့ 'ပန်းတိုင်မဂ္ဂဇင်း'ဆိုတာလေးမှာ ရေးခဲ့တဲ့ ဝတ္ထုပါ။ ၁၉၉၇ခု ဇူလိုင်လထုတ် မဂ္ဂဇင်း အမှတ်(၂)မှာ ဖော်ပြခဲ့ပါတယ်။ အဲသည့်မှာ ဖော်ပြကတည်းက သည်ဝတ္ထုနဲ့ ပတ်သက်လို့ ဝန်ခံချက်ကို အောက်ပါအတိုင်း ရေးခဲ့ပါတယ်။

*၂၁-၉-၉၇နေ့က လှိုင်သာယာမြို့သစ်ရှိ ရွှေတကော သုသာန်မှ အပြန်မှာ* ***Monsoon Echo Ltd*** *ရဲ့ ကားဆရာ 'ကိုတင်စိုး'ပြောပြတဲ့ ကြားဖူးနားဝ ပုံပြင်လေးကို ပွားလိုက်တာ ဖြစ်ပါတယ်။*

*ပြဿနာက သည်ဇာတ်လမ်းကို ရေးပြီးခါမှ အလားတူ ကျော်ရိုးမျိုးနဲ့ ဝတ္ထုကို စာရေးသူ တစ်ယောက်က မဂ္ဂဇင်းတစ်စောင်မှာ ရေးခဲ့ပြီးဖြစ်ကြောင်း ကျွန်တော့်ကို ဆရာကျော်ရင်မြင့်က ပြောပါတယ်။*

*ဖြစ်နိုင်ပါတယ်။ ကျွန်တော်ကလည်း ကိုယ်ပိုင် ဇာတ်လမ်းကို ရေးတာ မဟုတ်ဘဲ သူများပြောပြလို့ သိရတဲ့ တစ်ဆင့်ကြားကို ပွားယူပြီး ပြန်ရေးတာ ဖြစ်ပါကြောင်း အထက်မှာ ဝန်ခံခဲ့ပြီးပါပြီ။*

*သူတပါးရေးပြီးသား ဇာတ်မှန်း အစအဆုံး ရေးမိပြီးခါမှ သိရပါတယ်။ ရေးပြီးသွားတော့လည်း ကိုယ်အား ထုတ်ထားရတဲ့အပေါ် နှမြောသလို ရှိနေရတယ်။ တခြား စာဖတ်နာသူတွေထဲမှာလည်း သည်ဝတ္ထု ဇာတ်ကြောင်းကို တရင်းတနှီး ဖတ်ဖူး၊ သိဖူးထားတာမျိုး*

http://www.cherrythitsar.org



*လည်း မတွေ့ရပြန်ဘူး။ ကျောရိုးချင်း တူနေဦးတောင် ဖွဲ့ပုံ၊ တင်ပြပုံချင်းတော့ မလွဲမသွေ ကွာလောက်တယ် ဆိုတဲ့ အတွေးနဲ့ နောက်ဆုံးမှာ မဂ္ဂဇင်းကို ပေးချလိုက်မိရတာပါပဲ။*

မထင်ရှားလှတဲ့ မဂ္ဂဇင်းလေးမှာ ပါခဲ့တာမို့ စာဖတ်သူတွေရဲ့ တုံ့ပြန်မှုကိုတော့ သေချာမသိလိုက်ရပါဘူး။ ဒါပေမယ့် မှတ်မှတ်ရရ ရှိနေတာကတော့ အဲသည့်အချိန်မှာ ရှစ်နှစ်သမီးသာ ရှိသေးတဲ့ ကျွန်တော့် သမီးကတော့ သည်ဝတ္ထုလေးကို သဘောကျလွန်းလို့ အဲသည့်အချိန်တုန်းက အထပ်ထပ် ပြန်ဖတ်နေခဲ့ဖူးတာကိုပါပဲ။

သည်ဝတ္ထု ဖော်ပြပြီး နောက်တစ်နှစ်မှာ မြစ်ကြီးနားမြို့ကို ရောက်တော့ 'ခံစားသူအကြိုက် ဝတ္ထုတိုများ'ဆိုတဲ့ လုံးချင်း စာအုပ်လေးတွေကို ထုတ်နေကြတဲ့ မြစ်ကြီးနားမြို့က 'ဥတ္တရလမင်း' ဝိုင်းတော်သားများနဲ့ ဆုံရပါတယ်။ သူတို့ထဲက ဆရာတစ်ယောက်က သည်ဝတ္ထုကို အမှတ်တရ ပြန်ပြောတယ်။ အဆုံးမှာ ရေးထားတဲ့ ဝန်ခံချက်ကြောင့် သည်ဝတ္ထုကို 'ခံစားသူအကြိုက်ဝတ္ထုတိုများ'စာရင်းထဲကို ထည့်ချင်လျက်နဲ့ လက်ရှောင်ခဲ့ရတဲ့ အကြောင်းကိုပါ။

ကျွန်တော့်ရဲ့ မယားညီအစ်ကိုတစ်ယောက် ကွယ်လွန်တိမ်းပါးသွားတဲ့အခါ သူ့အသုဘကိစ္စကို ကူညီစီစဉ်ပေးရင်းကမှ ရွှေတခေါသုသာန်ကို ပထမဆုံးအကြိမ်ရောက်ခဲ့ဖူးတာ၊ သွားလေသူနဲ့ ကျန်ရစ်သူများ၊ အနိစ္စတရားတို့ကို ပြန်လည်ဆင်ခြင်ဖြစ်စေတဲ့ ဝတ္ထုလေးပါပဲ။

http://www.cherrythitsar.org

# ဒဿနိကများ မဟာရာဇဝင်ကြီးတော်



http://www.cherrythitsar.org

# အသည်းစား မဟာရာဇာ ရှင်းတမ်း

*(ဝန်ခံချက် - 'အသည်းစားမဟာရာဇာရှင်းတမ်း' ဟူသောခေါင်းစဉ်မှာ ကျွန်တော့် ကိုယ်ပိုင်မဟုတ်ပါ။ ကွယ်လွန်သူ စာရေးဆရာဝင်းဦး၏ ဝတ္ထုတစ်ပုဒ် အမည်ဖြစ်ပါသည်။ ကျွန်တော် ရေးမည့် အကြောင်းအရာနှင့် အလွန်လိုက်ဖက်သော ခေါင်းစဉ်ဖြစ်နေသဖြင့် ထိုခေါင်းစဉ်ကိုပင် ယူသုံးလိုက်မိခြင်းဖြစ်ပါသည်။ ထို အတွက်သွားလေသူ ဆရာဝင်းဦးအား ရိုကျိုးစွာ ရှိခိုးကန်တော့အပ်ပါသည်။)*

**၈။**

တက္ကသိုလ်တက်နေစဉ်တစ်လျှောက်လုံး အတန်းဖော်ဖြစ်ခဲ့ပြီး ကျောင်းပြီးစကာလ၊ သူရော ကျွန်တော်ပါ အိမ်ထောင်မကျသေးခင်အချိန်များအထိ ဝင်ထွက်ရင်းနှီးခဲ့ဖူးသော သူငယ်ချင်းတစ်ယောက်နှင့် ပြန်ဆုံရာက စပါသည်။

သူနှင့်ကျွန်တော် မဆုံဖြစ်သည်မှာ နှစ်ပေါင်းများစွာကြာလှပြီ။ မရှိဘူးဆိုလျှင်တောင် အဖျဉ်းဆုံးကတော့ သူ့သမီး တစ်သက်၊ တစ်ဆယ့် ငါးနှစ်ကို ကောင်းကောင်းကြီး ကျော်ခဲ့လေပြီ။ သူတို့ မင်္ဂလာဆောင်ချိန်က နောက်ဆုံးတွေ့ခဲ့ခြင်းဖြစ်လိမ့်မည်။

တလောဆီကတော့ ဟိုလူ့အလှူ၊ သည်လူ့အိမ်တက်စသည်တို့မှာ ငယ်သူငယ်ချင်းတွေ ခဏတဖြုတ် ပြန်ဆုံဖြစ်ကြသည်။ မနေ့တစ်နေ့ကတော့

http://www.cherrythitsar.org



အရင်းနှီးဆုံးတွေ ပြန်လည်စုဝေးဖြစ်သောညစာစားပွဲတစ်ခုမှာ သူနှင့် ကျွန်တော်က ဘေးချင်းကပ် ထိုင်ဖြစ်သွားကြသည်။ သူပင် ကမကထ ပြုကာ ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး ကားမရှိသော သူငယ်ချင်းများကို သူ့အိမ်သုံးကုန်တင် ကားငယ်ဖြင့် ကြိုလာခြင်းလည်းဖြစ်သည်။ လေးနာရီကျော်မျှ ဝိုင်းဖွဲ့စကားပြောနေဖြစ်ကြသဖြင့် သူ့အကြောင်း၊ ကိုယ့်အကြောင်း သောင်းပြောင်းစုံသွားခဲ့ပါသည်။

ကျွန်တော်က လောလောဆယ်တွင် 'ဖူးငုံ' ဆယ်ကျော်သက်မဂ္ဂဇင်းအတွက် ဆယ်ကျော်သက်များကို တွေ့ဆုံမေးမြန်းကာ သူတို့၏ အသံလေးများကို ပြန်လည်တင်ပြဖြစ်နေပါသည်။ ထိုအခါ ဆယ်ကျော်သက်အရွယ်သမီးငယ်ရှိနေသော သူ့ကိုလည်း အကူအညီတောင်းရန် စိတ်ကူးရသည်။

သို့ဖြင့် သူ့ကို ဖုန်းဆက်သောအခါ သူက ကျွန်တော့်ကို တစ်ခွန်းမေးသည်။

'ငါ ဟိုတစ်နေ့က ဓာတ်ပုံစာအုပ်တွေ ပြန်လှန်ရင်းနဲ့ မင့်ပုံကို တွေ့တယ်ကွ။ ငါတို့အလှူမှာလေ … မင်းဘေးမှာလည်း ကောင်မလေး တစ်ယောက်ပါတယ်။ အဲဒါ အခု မင့်မိန်းမလား' တဲ့။

ကျွန်တော် ဖြေလိုက်ရပါသည်။

၄။

နောက်တစ်ရက်ညဦးပိုင်းတွင် သူ့သမီးအားတွေ့မေးရန် အသွားတွင်မူ သူက ထိုဓာတ်ပုံကို ထုတ်ပေးပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်က ဆေးရောင်စုံပုံ။ ဆေးသားပင် မမှန်ချင်တော့။

စားပိုင်းတစ်ဝိုင်းတွင် ဝိုင်းဖွဲ့စားသောက်နေကြသောပုံ။ နောက်ခံမှာက တခြားဧည့်သည်များနှင့် ကျွန်တော့်သူငယ်ချင်း။ ကျွန်တော်နှင့် ကျွန်တော့်ထိုစဉ်က ချစ်သူ 'မိုး' တို့က ကင်မရာမှန်ဘီလူးကို ကျောပေးထားကြသည်။

http://www.cherrythitsar.org



ကျွန်တော်က နောက်ဖက်သို့ ခေါင်းတစ်ခြမ်းလှည့်ကာ ကင်မရာရှိသည့်ဘက်မှ ဝိုင်းတစ်ဝိုင်းကို လှမ်းစကားပြောနေသော ပုံ။

လွန်ခဲ့သည့် နှစ်ပေါင်း၂၀ကျော်က အသွင်အပြင်နှင့် ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မြင်ရပါသည်။ ခုနှစ်သက္ကရာဇ်ကို ပြန်တွက်စစ် ကြည့်တော့ ၁၉၈၁၊ ၈၂လောက်တွင်ဖြစ်ပါမည်။ 'မိုး'၏မျက်နှာကိုမူ မမြင်ရပါ။ အင်္ကျီပြာပြာလေးဝတ်ထားသော မိုး၏ကျောပိုင်းနှင့် နောက်စေ့ဘက်ခြမ်းကိုသာ တွေ့ရပါသည်။

ကျွန်တော့်ရင်တွင် ရုတ်ခြည်း အုံ့ပြသွားပါတော့သည်။

လေးဆယ်ရှယ်အလယ်ပိုင်းကို ပီပီရောက်ခါမှ ငယ်ရည်းစားကို ပြန်သတိရပြီး လွမ်းသွားသည်ဟု သာမန်ကာလျှံကာထင်ကြလျှင် မှားပါလိမ့်မည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်က ကျွန်တော့် ရိုင်းစိုင်း၊ ယုတ်မာ၊ ညစ်ပတ်၊ စုတ်ပွဲခဲ့မှုများကို တရေးရေး ပြန်လည်မြင်ယောင်ကာ နှလုံးထိခိုက်သွားခြင်းဖြစ်ပါသည်။

၆။

လူသည် ကိုယ့်အကြောင်းကိုယ်အသိဆုံး သတ္တဝါဖြစ်လိမ့်မည် ထင်ပါသည်။ သို့မဟုတ်ပါကလည်း ကိုယ့်ကိုယ်ကိုယ် အလွန်တရာမှပင် တရားလှပေသည်ဟု ဘက်စုံ၊ ထောင့်စုံက ဖော်တွေးသည့်နေရာတွင် အလွန်ကျွမ်းကျင်သော သတ္တဝါလျှင်လည်း ဖြစ်နေနိုင်ပါသည်။

ဓာတ်ပုံအိုလေးကို ပြန်မြင်ရပြီး နှစ်နှစ်ဆယ်ကျော် အတိတ်ခရီးကို မိနစ်ပိုင်းမျှ အချိန်ယူကာ သွားဖြစ်လိုက်သည်တွင် ထိုနှစ် နှစ်ဆယ်လုံးလုံး မိမိကိုယ်ကို သိပ်အပြစ်မတင်ဖြစ်ခဲ့ဖူးသော ကျွန်တော်သည် ကိုယ့်အကြောင်းကိုယ်သိလာပြန်ကာ စိတ်နှလုံး မသာမယာ ဖြစ်နေရပြန်လေသည်။

'အောင့်ကို ခွင့်လွှတ်ပါ··· ချစ်သော မိုးရယ်···'ဟုလည်း တိုးတိုး

တိတ်တိတ်ရေရွတ်မြည်တမ်းနေမိရပါသည်။ မိုးတစ်ယောက်ကတော့ ကြားလိမ့်မည်လည်းမဟုတ်ပါ။ ကြားလျှင်လည်း သူခွင့်လွှတ်မည်မဟုတ်သည်ကို ကျွန်တော့်ရင်ဖြင့် နင့်နင့်နဲနဲ စွဲမြဲသိရှိနေပါသည်။

စာဖတ်သူအများ သိရှိတော်မူကြသည့်အတိုင်း ကျွန်တော်သည် တော်တော် မျက်နှာများခဲ့သောသတ္တဝါဖြစ်ပါသည်။ ရည်းစားပေါင်းများစွာ ထားခဲ့ဖူး၊ ကွဲခဲ့ဖူးသူလည်းဖြစ်လေသည်။ အချို့က ကျွန်တော့်ကို ထားသွားကြသည်။ အချို့ကို ကျွန်တော်က ထားခဲ့သည်။ တစ်ယောက်မက၊ နှစ်ယောက်မက၊ သုံးယောက်မက··· များစွာ··· များ··· စွာ···

ထိုအထဲမှာမှ 'မိုး'ကို သတိရမိသောအခါတိုင်း ကျွန်တော့်စိတ်မှာ ထိခိုက်ရပါသည်။ ယခုဓာတ်ပုံလေးကို မြင်ရတော့မှ မဟုတ်ပါ။ အကြောင်းတိုက်ဆိုင်သဖြင့် မိုးကို သတိရမိသွားသော အချိန်တိုင်းမှာ ဖြစ်ပါသည်။ ပြောရလျှင် မိုးကို ဖြတ်လိုက်သည့်နေ့မှစ၍ ယနေ့တိုင်အောင် ဖြစ်ပါသည်။

ထိုသို့ဖြစ်ရသည်မှာကား ကိုယ့်အကြောင်း ကိုယ်အသိဆုံးဖြစ်နေသော ကြောင့်ပင်တည်း။

၅။

သရဖူမဂ္ဂဇင်းတွင် လပေါင်းများစွာ ဖော်ပြခဲ့ဖူးသည့် ကျွန်တော်၏ 'ချစ်သူ့ရင်ခွင် ရှာပုံတော်'တွင် တင်ပြခဲ့သည့်အတိုင်း မိုးသည် ကျွန်တော်၏ 'အသုဘမှာ တွေ့တဲ့အချစ်'ဖြစ်ပါသည်။

ငယ်သူငယ်ချင်းတစ်ဦး၏ မိခင် ကိမ်းပါးသွားသောအခါ အသုဘရှုသွားရင်း ထိုသူငယ်ချင်း၏ အိမ်နီးချင်းဖြစ်သော မိုးကို စတင် မြင်တွေ့စွဲလန်းခဲ့ပါသည်။ ထို့နောက်မှာတော့ မိုးနှင့် ကျွန်တော်တို့ ရည်ငံခဲ့ကြသည်။

ကျွန်တော်ကား အလွန်ပင် အရှုံးအမှုးဖြစ်လွယ်လွန်းသည့် စရိုက်နှင့်ဖြစ်သည်။ ဘယ်နေရာမှာဖြစ်ဖြစ်၊ အတိုင်းအဆမရှိ ကျွံတတ်၊ လွန်တတ်သော အစွန်းရောက်သမားလည်းဖြစ်ပါသည်။ သို့ဖြစ်ရာ မိုးနှင့်ရည်ငံသော

http://www.cherrythitsar.org



အခါ မိုးမမြင်လေမမြင်တွေ ဖြစ်ခဲ့ရသည်။ အလွန်အကျွံလည်း တွဲခဲ့ကြသည်။

မိုးကား ကျွန်တော့်အနှံ့အတာကို အလွန်ခံရှာသည်။ ကျွန်တော့်မျက်နှာအညိုကိုလည်း တစ်စက်ကလေးမှ မခံပါ။ ထို့ကြောင့်လည်း မိုးနှင့် ချစ်ရသည်ကို ကျွန်တော် သာယာပါသည်။ ထို့အပြင် မိုးက တော်တော်လေးလှပါသည်။ ထိုအတွက်လည်း ကျွန်တော့်ဘဝင်က ကြွခဲ့ပါသေးသည်။

သို့သော် ကျွန်တော့်မှာ ပြဿနာတစ်ရပ်က အကြီးအကျယ်ရှိနေပါသည်။ ထိုပြဿနာကား ကျွန်တော့်မေမေက မိုးနှင့် ကျွန်တော့်အား လုံးလုံးသဘောမတူခြင်းပင်တည်း။

မိုးနှင့် ရွှေလည်တွဲပြီး ပျော်ပွဲဆင်ခဲ့သမျှ အိမ်တံစက်မြိတ်အောက်ပြန်ရောက်သည်နှင့် ကျွန်တော့်မှာ စိတ်ညစ်ရပါတော့သည်။ မေမေသည် ကျွန်တော့်အား တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ၊ ချော့၍တစ်နည်း၊ ဆဲ၍တစ်သွယ်၊ အမယ်မယ်အမျိုးမျိုး တိုးလျှိုး၊ ဟိန်းဟောက်၊ ချီးမွမ်းခြေကြောက်လျက် မိုးနှင့် ကျွန်တော့်ကို ဖျက်ပါသည်။ ထိုမျှမကသေး၊ မြင်မြင်သမျှ ကျွန်တော့်အပေါင်းအသင်း၊ ရင်းရင်း၊ စိမ်းစိမ်း၊ ကျွန်တော့်ကို ဝိုင်းထိန်းပေးကြပါမည့်အကြောင်းလည်း မေမေက အရပ်တကာလည်ကာ တောင်းပန်သမှု ပြုပြန်လေသည်။

မေမေ သဘောမတူခြင်းတွင် အဓိက အကြောင်းအချက်ကား မိုးဆယ်တန်းမအောင်ခြင်းနှင့် မျက်နှာမွဲခြင်းပင် ဖြစ်လေသည်။

မှန်ပါသည်။

မိုးမှာ ဖခင်မရှိတော့သည်မှာ ငယ်ငယ်ကတည်းက ဖြစ်ပါသည်။ မိုး၏ မိခင်မုဆိုးမကြီးမှာလည်း အလွန်ပင်ရိုးတာလှပေရာ မိုးတို့ မောင်နှမသုံးဦးမှာ ဆွေနီးမျိုးစပ်များ၏ ခိုင်းဖတ်ဘဝတွင် လုံးချာလိုက်နေကြရှာပါသည်။ မိုးချို့ငဲ့သည်ကိုလည်း နောက်ပိုင်းတွင် ကျွန်တော် သိလာပါသည်။ ထို့အတူ မေတ္တာနှင့် ရှိသင့်ရှိထိုက်သော မာန်မာန မိုးမှာ မချို့ငဲ့လှခြင်း

http://www.cherrythitsar.org



ကိုလည်း သတိထားမိနေပါသည်။

မည်သို့ပင်ဖြစ်စေ၊ မေမေကတော့ မေမေသာတည်း။ ကံဆိုးချင်တော့ ကျွန်တော့်မှာက တစ်ဦးတည်းသောသား လာဖြစ်နေရသည်။ မေမေ့မှာ တခြားသားသမီးမရှိတော့ ကျွန်တော်သည် 'ဘဝပေးသားကောင်'ဖြစ်နေပါတော့သည်။ မေမေ့မျှော်လင့်ချက်များအားလုံး ကျွန်တော့် တစ်ဦးတည်းထံတွင် စုပြုံနေခြင်းကား ကျွန်တော့်အတွက် ကံဆိုးခြင်းသာဖြစ်ပါသည်။

တစ်ဦးတည်းသား၏ မိခင်ဖြစ်သူ ကျွန်တော့် မေမေက မိုးနှင့် သဘောမတူသည့် အချက်အလက်ပေါင်း အသခ်ျေ အနန္တတွင် မိုး၏ အမည်မှာ 'မိုး'ပါနေခြင်းအထိ ပါလေသည်။ ထို 'မိုး'ဆိုသော အမည်ကိုက စီးပိုးသည်ဟု အကြောင်းပြပါသည်။ လွှမ်းမိုးလိုသောအနက်၊ စီးမိုးလိုသောအနက်သို့ မေမေက ပြန်ဆိုယူလိုက်ပါသည်။ အေးချမ်းသော မိုးစက်မိုးပေါက်များကိုလည်း ကိုယ်စားပြုနေနိုင်သေးသည်ဟုကား စာအလွန်ဖတ်သော ကျွန်တော့်မေမေတစ်ယောက် အနက်မကောက်နိုင်ခဲ့ပါ။ တစ်နည်းဆိုရသော် အသင့်အတင့် နှလုံးမသွင်းနိုင်ခဲ့ပါ။

မေမေ အသင့်အတင့် နှလုံးမသွင်းတတ်တာက အကြောင်းမဟုတ်။ မေမေသည် ကျွန်တော့်လက်ဦးဆရာဖြစ်သောကြောင့် ကျွန်တော့်မှာလည်း ယနေ့ထက်တိုင် နေရာအတော်များများတွင် အသင့်အတင့်နှလုံးမသွင်းတတ်သော စရိုက်ကြမ်းတစ်ခု အလိုလိုကပ်ငြိနေခြင်းကသာ ဆိုးရွားလှပါသည်။

မိုးကလည်း သူ့ကို ကျွန်တော့်မေမေက မလိုလားသည့်အကြောင်း ကောင်းကောင်းကြီးသိပါသည်။ သို့သော် မိုးရော၊ ကျွန်တော့် အမေ သဘောမတူဘဲနှင့် ကျွန်တော်ဇွတ်တွန်းအကြောင်းဆက်ခဲ့သော ယနေ့ ကျွန်တော့်အိမ်သူသက်ထားပါ မေမေ့ကို လျှော့တွက်ခဲ့ကြပါသည်။ သို့မဟုတ်ပါကလည်း သူတို့ မြင်ဖူးထားသော သာမန် မအေများနှင့် နှိုင်းဆချိန်ထိုးကြည့်ခဲ့ကြဟန်တူပါသည်။ သာမန်မအေဆိုသည်မှာ 'တစ်ဦးတည်းသောသား'၏ မိခင်မဟုတ်သူများကို ဆိုလိုပါသည်။ သားသမီးတစ်ယောက်ထက်ပိုသော

http://www.cherrythitsar.org



မိခင်များသည် ဘဝပေး အတွေ့အကြုံအရပင် အသင့်အတင့်နှလုံးသွင်းတတ်နေကြပါသည်။ သားသမီးတစ်ယောက်ထက်ပိုသောကြောင့်လည်း မျှော်လင့်ချက်များကို တစ်ယောက်မကောင်း၊ နောက်တစ်ယောက်ဆီ ပြောင်းရွှေ့စရာလည်း ရှိနေတတ်ပါသည်။

မိုးရော၊ ကျွန်တော့်ယခုအိမ်သူပါ မောင်နှမတွေ အသကအသက ရှိကြရာ ကျွန်တော့်မေမေကို သူတို့မေမေများနှင့် နှိုင်းယှဉ်ခဲ့ကြဟန်တူသည်။

သို့သော် ကျွန်တော့်မေမေက သူတို့ထင်သလိုမဟုတ်ပါ။ အလွန်ခွဲနေဘဲကြီးမားပြီး အလွန်ခဲကပ်လှသည့်အပြင် သားဖောကပ်သွားသည့်အခါ ဘယ်လိုမှ မမျှော်လင့်စကောင်းသော အကျင့်စရိုက်များဖြင့် ဖွင့်ထုတ် တိုက်ခိုက်တတ်သူဖြစ်နေပါသည်။

နမ္မနာဆောင်ရလျှင် လွန်ခဲ့သည့် နှစ်၂၀နီးပါးက ကျွန်တော့်ထံ အဝင်အထွက်ရှိပြီး ကျွန်တော်နှင့် မောင်ရင်းနှမပမာ ခင်မင်ရင်းနှီးသူ မိန်းကလေးတစ်ယောက်အား ကျွန်တော်နှင့် ငြိစွန်းမည်စိုးသဖြင့် ပါးစပ်နှင့်တစ်လုံးကော်တုတ်ကာ မောင်းထုတ်ခဲ့ဖူးခြင်းကို ဖော်ပြလိုပါသည်။ ထိုမိန်းကလေးမှာ ကံအကြောင်းမလှသဖြင့် ထိုအချိန်မှာ တစ်ခုလပ်မ ပူပူနွေးနွေးလေးဖြစ်နေရှာပါသည်။ ကျွန်တော်ကလည်း သူ့ကို ခင်မင်ရင်းစွဲဖြင့် ဧည့်ထောက်ခံနေမိပါသည်။ ကျွန်တော်က အိမ်ရှေ့ခန်းမှာ သူ့ကို ဧည့်ခံနေခိုက်၊ မေမေကနောက်ဖက်က အခန်းမှ သူ့ကို အတိအလင်း ရည်ညွှန်းကာ ပက်ပက်စက်စက် အော်ဟစ်ဆဲဆိုလိုက်ရာ ကျွန်တော့်မှာ မျက်နှာဘယ်နားထားရမည်မှန်းပင် မသိခဲ့ပါ။

ထိုမိန်းကလေးကမူ ကျေးဇူးတင်စရာကောင်းလှပါသည်။ မျက်နှာတစ်ချက်မပျက်ဘဲ ပြုံးရယ်လျက်ပင် ကျွန်တော့်မေမေကို ကိုယ်ချင်းစာပါကြောင်း၊ ကျွန်တော့်မေမေ မလွန်ပါကြောင်း၊ သူလည်း ကျွန်တော့် မေမေနေရာမှာသာဆိုလျှင် ကျွန်တော့်မေမေလိုပင်ဆောင်ရွက်မိမည်ဖြစ်ကြောင်းများပြောဆိုကာ ကျွန်တော့်ကို နှုတ်ဆက်သွားပါသည်။

**လက်ကျွဲဖော်**

http://www.cherrythitsar.org



ထိုသို့သော မေမေသည် မိုးနှင့်ပတ်သက်လာလျှင်လည်း ထိုအတိုင်းသာဖြစ်တော့မည်မှန်းသိသဖြင့် မေမေနှင့် မိုးကို ကျွန်တော် ဆုံမပေးရဲခဲ့ပါ။

တစ်ဖက်ကလည်း ကျွန်တော့်မှာ မိုးကို အသနားပိုမိရပါသည်။

၄။

သို့သော်...

ကျွန်တော်သည် သစ်ငုတ်မဟုတ်ပါ။ ထို့ထက်သော်ကား ကျွန်တော်သည် လည်မယောင်နှင့် အလှသောသူဖြစ်မှန်းလည်း ယခုမှပင် ရေးတေးတေး မြင်လာပါသည်။

ဆိုခဲ့သည့်အတိုင်း ကျွန်တော့်မေမေက ကျွန်တော်နှင့်မိုးတို့ ပြတ်စဲရေးအတွက် နည်းပေါင်းစုံနှင့် အားထုတ်နေပေတော့ရာ ဒဏ်အခံရဆုံးမှာ ကျွန်တော့် အရင်းဆုံးသူငယ်ချင်းပင်ဖြစ်လေသည်။ ထိုသူငယ်ချင်းက ကျွန်တော့်ထက်လည်ကာ ကျွန်တော့်အကြောင်းကို ကောင်းစွာသိ သူမှန်း ယခု သည်စာကို ရေးဖို့ ပြင်ဆင်လိုက်တော့မှ သတိထားမိလာပါသည်။

ညိုညင်စိတ်ဖြင့် ယခုကဲ့သို့ရေးလိုက်ခြင်းမဟုတ်ပါ။ လူတစ်ဦးက လူတစ်ဦးကို လိုသလိုဖြစ်အောင် စေနိုင်စွမ်းမှာ အသိဉာဏ်က အရင်းခံဖြစ်ကြောင်း ယခုအသက်အရွယ်တွင် ကျွန်တော်နားလည်လာပါပြီ။ ဆပ်ကပ်ထဲတွင် တောရဲတိရစ္ဆာန်ကြီးများကို လိုသလို စေခိုင်းနေနိုင်ကြခြင်းမှာ လူက တိရစ္ဆာန်ထက် အသိဉာဏ်ကြီးသောကြောင့်ဖြစ်ပါသည်။ ထို့အတူ အထက်အရာရှိနှင့် အောက်လက်ငယ်သားပင်ဖြစ်လင့်ကစား၊ မိခင်နှင့် သားပင် ဖြစ်လင့်ကစား၊ အသိဉာဏ်ပိုသောသူက အောက်မှပင်နေ၍ ကိုယ်လိုသလိုဖြစ်အောင် မသိမသာ ဆောင်ရွက်တတ်ကြသည်ကို တွေ့ဖူးကြမည်ထင်ပါသည်။ ထိုနားလည်မှုကြောင့် ထိုအချိန်က ကျွန်တော့်ကို လိုသလိုခြယ်လှယ်သွားခဲ့သော ထိုသူငယ်ချင်းအရင်းအချာကို ကျွန်တော် မညိုညင်သည့်အပြင် သူ့အသိဉာဏ် တာသွားမှုကိုပင်လျှင် ကျွန်တော် ရှိသေချင်ပါ

http://www.cherrythitsar.org



သည်။

ပြောလက်စကို ပြန်ဆက်ရလျှင်မူ သူက ကျွန်တော့် 'ပဲ့ပြားပင်စရိုက်' ကို ကောင်းစွာသိပါသည်။ ထို့အတူ ကျွန်တော်နှင့်သူမှာ အတူအိပ်၊ အတူစားသည့် သူငယ်ချင်းအရင်းအချာများဖြစ်သဖြင့် ကျွန်တော့်အမေ၏ သဘောကိုလည်း နှောကျေပါသည်။ ထိုအခါ သူက ကျွန်တော့် အမေ စိတ်တိုင်းကျလောက်သည့်၊ ကျွန်တော့်ပတ်ဝန်းကျင်ရှိ 'ဂုဏ်မြင့်သူ' တစ်ဦးနှင့် အသာလေး ကလဖန်ထိုးလိုက်ပါသည်။

ဆိုခဲ့သည့်အတိုင်း ကျွန်တော်သည် သစ်ငုတ်မဟုတ်ပါ။ အိမ်မှာနေနေသည့် အချိန်တိုင်း တရံမလပ် ဖိအားအပေးခံနေရသည်မို့ ယိုင်နဲ့နဲ့ဖြစ်နေသော ခပ်ညံ့ညံ့ လူသားတစ်ယောက်သာ ဖြစ်ပါသည်။

ကျွန်တော့်သူငယ်ချင်း အမှတ်မထင် ကောက်ထိုးလိုက်သော 'ဂုဏ်မြင့်သူ' ကလည်း တကယ့်တကယ်က ကြောင်ခံတွင်းပျက်ဖြစ်နေပါသည်။ စာရိတ္တကို မဆိုလိုပါ။ အရွယ်တော် တဆိတ်ဟိုင်းသည်အထိ ရည်းစားသန်မထားဖူးရှာသေးသူ အပျိုသိုးကြီးဖြစ်နေပေရာ ကျွန်တော်က ဘိုဂလာတာတာလိုက်သည်နှင့် သူ့ခမျာ ပြိုကာကျလာပါတော့သည်။

ငါးစိမ်းမြင်လျှင် ငါးကင်ပစ်သည်ဆိုသော်စကားမှာ တခြားယောက်ျားတွေအတွက်တော့ မသိပါ။ ကျွန်တော့်အတွက်တော့ ထိုအချိန်က ဒက်ထိမှန်နေပါသည်။ (ယခုအချိန်သာဆိုလျှင်တော့ နှစ်ကောင်စလုံးစားမှာဗျဟုတံတွေးနင်သံကြီးနှင့် ပြောမိသွားမလားမသိပေ။ ဤကား စကားချပ်။) ထိုအချိန်ကတော့ တစ်သက်လုံး ရည်းစားနှစ်ယောက် တစ်ပြိုင်တည်း မထားဖူးသေးသူကျွန်တော့်မှာ လိပ်ပြာက မသန့်တော့ပါ။ ရက်ပိုင်းမျှ ရည်းစားနှစ်ယောက်နှင့် လူးလာခတ်နေရသည်ကိုပင် ဘဝင်မကျဖြစ်နေပါသည်။

ထိုရောအခါ မိုးကို ကျွန်တော် ခွာရပါတော့သည်။

ထိုအချိန်တွင် မိုးတို့ တစ်ဆွေလုံးတစ်မျိုးလုံးမက ပတ်ဝန်းကျင်တစ်ခုလုံး သိအောင် ကျွန်တော်နှင့်မိုးက ဟိုးလေးတကြော်တွဲခဲ့ကြပြီး

http://www.cherrythitsar.org



လည်း ဖြစ်ပါသည်။ မိုးထံသို့ မနက်မိုးမလင်းခင် ရောက်သွားတတ်ကာ မိုးစုံးစုံးချုပ်မှ ပြန်တတ်သလို ည ရှစ်နာရီ၊ ကိုးနာရီအထိလည်း မိုးကို အပြင်ထုတ်ပြီး တွဲခဲ့သည်သာဖြစ်ပါသည်။ တစ်ခုတော့ ကျွန်တော့်ဖက်က ယနေ့ထက်တိုင် လိပ်ပြာသန့်စရာလေး ကပ်ကပ်သပ်သပ် ကျန်နေပါသေးသည်။ ယင်းမှာ ထိုမျှတွဲဖြစ်ခဲ့သည့်တိုင် မိုးအပေါ် ကျွန်တော် အလျဉ်းမကျူးကျော်ခဲ့ခြင်းဖြစ်လေသည်။ ရည်းစားသက်ကလည်း တစ်နှစ် စွန်းခဲ့ပြီဖြစ်သည့်အပြင် ထိုမျှ ရပ်ကျော်ရွာကျော်တွဲခဲ့ကြသည့်အတွက် ကျွန်တော့်ဖက်က မကျူးကျော်ခဲ့ခြင်းကို မိုးနှင့် ကျွန်တော်တို့နှစ်ဦးသာ သေသေချာချာ သိကြသော်လည်း တော်တော်တန်တန်လူအများကတော့ ယုံစားကြမည်လည်း မဟုတ်ပါချေ။

မေမေသည် ကျွန်တော့်ကို 'မအေချင်းစာ၊ နှမချင်းစာ၊ သမီးချင်းစာ' ဟူသော စာသုံးစာကို သေသေချာချာ မသင်ကြားပေးခဲ့သည့်တိုင် နှမချင်းစာရန်ကိုမူ တစ်ခါတရံများမှာတော့ ပြောတတ်ခဲ့ပါသည်။ သို့သော် မိုးနှင့် ကျပြန်တော့လည်း ထိုအချက်များကို မေမေက သားဇောနှင့် မေ့လျော့သွားဟန်တူပါသည်။ ကျွန်တော်ကလည်း တစ်ဖက်က ဂုဏ်မြင့်သူကို မွှန်ထူလို့ကောင်းနေတော့ရာ ဘာကိုမှ မစာနာတော့ဘဲ ကျွန်တော့် ငါးကင်မိုးသခင်ကို တွင်တွင်သာ နှင်လိုက်မိရပါတော့သည်။

ထိုနေ့က အဖြစ်အပျက်သည် ယနေ့ နှစ်၂၀ကျော် ကြာသောင်းခဲ့သည့်တိုင် ကျွန်တော့်အာရုံတွင် ပြက်ထင်နေဆဲလည်းဖြစ်ပါသည်။ စကားလက်တံ ရှည်မည်စိုးသဖြင့် အကျယ်မချဲ့လိုတော့ပါ။ 'ချစ်သူ့ရင်ခွင်ရှာပုံတော်' တွန်းကလည်း ထိုအကြောင်းကို အသေးစိတ်ရေးခဲ့ပြီးလည်း ဖြစ်ပါသည်။ အတိုချုံးရေးပြရလျှင်မူ ကျွန်တော့်ကားဖြင့် ခေါ်ထုတ်လာခဲ့သော မိုးကို ထိုနေ့က ကန်တော်ကြီးရေစပ်မှာ တစ်ယောက်တည်း ထားရစ်ခဲ့ခြင်းပင်ဖြစ်ပါသည်။ မိုးသည် မျက်ရည်လည်ရွဲနှင့် ငိုပွဲဆင်ကာ ကျန်ရစ်ခဲ့ပါသည်။ ကျွန်တော် သူ့ကို သနားသော်လည်း လှည့်မကြည့်အားခဲ့ပါ။ တစ်နေရာမှာ ကျွန်တော့်

http://www.cherrythitsar.org



အလာကို မျှော်နေမည်ဖြစ်သော ရည်းစားအသစ်ကျပ်ချွတ် ဂုဏ်မြင့်သူဆီ အရောက်ချီရန်သာ စိတ်စောနေခဲ့ပါသည်။

၃။

ထိုဂုဏ်မြင့်သူကိုလည်း များမကြာမီမှာပင် ကျွန်တော် ထားရစ်ခဲ့ရပြန်ပါသည်။

ထိုအတွက်တော့ နောင်တမရမိသည့်အပြင် ကျွန်တော့်ကိုယ်ကျွန်တော်ပင် ဆင်ခြင်နိုင်စွမ်းရှိသူအဖြစ် ယနေ့ထက်တိုင် ကျေနပ်နေမိဆဲလည်းဖြစ်ပါသည်။ ကျွန်တော်ထားရစ်ခဲ့သဖြင့် ဂုဏ်မြင့်သူအတွက် တစ်သက်စာကောင်းသွားသည်ဟု ယူဆမိပါသည်။

ဖြစ်ပုံမှာ ဂုဏ်မြင့်သူနှင့်လည်း ကျွန်တော့်ထုံးစံအတိုင်း ရပ်ကျော်ရွာကျော် တွဲဖြစ်လိုက်ပါသည်။ ထိုမှျမကသေး မေမေ့ကိုပင် ထိုဂုဏ်မြင့်သူတို့အိမ်သို့ ခေါ်သွားကာ လူကြီးချင်း အသိပေးပြီးသည့်အခြေအနေအထိရောက်ခါမှ ကျွန်တော်က နောက်ကြောင်းကို လုံးလုံး ပြန်မကြည့်တော့ဘဲ တချိုးတည်း ခြေကုန်သုတ်ကာ ထွက်ပြေးခဲ့ပါသည်။

အကြောင်းကား ရည်းစားသက်ကြာလေလေ၊ ဂုဏ်မြင့်သူကို မစွဲလန်း၊ မမက်မောတော့လေလေဖြစ်လာခြင်းနှင့် တစ်နေ့ထက် တစ်နေ့ ပိုမိုရင်းနှီးလာသော ဂုဏ်မြင့်သူ၏ ညီမလေးများအပေါ် သရိုးသရီဖြစ်ခြင်းများ တိုးပွားလာသောကြောင့်တည်း။

ဂုဏ်မြင့်သူနှင့် အကြောင်းဆက် ပေါင်းဖက်မိသည်နှင့် ထိုညီမလေးများနှင့်က ပိုရင်းနှီးလာမည်။ ကျွန်တော့်မှာကလည်း မစွမ်းရင်းက အတိအကျရှိနေသည်ဆိုတော့ ထိုသို့ပေါင်းဖက်ပြီးခါမှ ဖြစ်လာနိုင်ဘွယ်ရှိသည့် အန္တရာယ်ရန်စွယ်များမှာ အလွန်ပင် ရှက်စရာ၊ ကြောက်စရာ ကောင်းနေနိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်လည်း ဂုဏ်မြင့်သူကို သစ်စိမ်းချိုးလိုက်ပါတော့သည်။

**ဃက်ဏျဲဖော်**

http://www.cherrythitsar.org



သို့ဖြစ်သဖြင့်လည်း သူ့ကို ထားရစ်ခဲ့ရသည့်အတွက် မှန်ကန်သော လုပ်ရပ်တစ်ခုအဖြစ် ကျွန်တော့်ဘက်က လိပ်ပြာသန့်ပါသည်။

လိပ်ပြာမသန့်သည်မှာကား 'မိုး'အတွက်ပင်ဖြစ်ပါသည်။

၂။

ထို့နောက်ပိုင်းတွင်မူ ကျွန်တော် လုံးလုံး အကျင့်တန်သွားပါတော့သည်။

မကိစ္စတွင် တွေ့မရှောင်သမား ဖြစ်မှန်းမသိဖြစ်လာပါတော့သည်။ တစ်ချိန်က ရည်းစားနှစ်လက် တစ်ပြိုင်နက် မထားတတ်သဖြင့် မိုးကို စာနာစိတ်ကင်းမဲ့စွာ ထားရစ်ခဲ့သော ကျွန်တော်သည် နောက်ပိုင်းတွင်မူ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရည်းစားလေးလက်အထိ ထားတတ်နေလေတော့သည်။

လူနှင့်ပတ်ဝန်းကျင် အပြန်အလှန်ဆက်နွယ်နေခြင်းပင် ဖြစ်ဟန်တူပါသည်။

ပြောရလျှင် မေမေ့ကိုလည်း အတော်စိတ်ကုန်သွားပါသည်။ သည်အမေနှင့်ဖြင့် ဘယ်သူ့ကိုမှ အတည်တကျ ယူလို့မရဆိုသည့်အစွဲကလည်း ပူးသွားပါပြီ။ ဂုဏ်မြင့်သူကိုလည်း နောက်ပိုင်းတွင် မေမေ သိပ်မကြည်လင်တော့မှန်း ကျွန်တော်ရိပ်မိပါသည်။ အသင့်အတင့်နှလုံးမသွင်းနိုင်သော မေမေသည် နှစ်ဘွဲ့ရှင် ဂုဏ်မြင့်သူတစ်ယောက် အိမ်မှုကိစ္စကို လက်ဖျားနှင့်မတို့တတ်မှန်း သိသွားသောအခါတွင်လည်း ကိုယ့်ဆေး ကိုယ်ဖော်ပြီးမို့သာ မနည်းအောင့်နေရသည်၊ ဘဝင်ကတော့ တစ်စက်ကလေးမှ မကျနိုင်တော့ပြီဖြစ်ကြောင်း ကျွန်တော်သိနေပါသည်။

သည်လိုဖြင့် မေမေ့တစ်သက် အိမ်ထောင်မပြုတော့ဟု ပိုင်းဖြတ်ခဲ့သလို တစ်ဖက်ကလည်း ရည်းစားထည်လဲထားကာ ရမ်းကားနေခဲ့မိပါသည်။

ထိုမှ ငါးနှစ်ကျော်အကြာ ၁၉၈၇ခုနှစ် ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် ကွယ်လွန်ခဲ့သော အဘိုးလေး၏ အသုဘကို လိုက်ပို့သူဟူ၍ ကျွန်တော်

တစ်ယောက်တည်းသာ ရှိသည်ကို ကြုံလိုက်ရသောအခါတွင်မူ အရမ်း တုန်လှုပ်သွားပါသည်။ ဇနီးမရှိ၊ သားသမီးမရှိသည့် အထီးကျန် လူသား တစ်ယောက်၏ နောက်ဆုံးအချိန်များကို မျက်ဝါးထင်ထင်မြင်လိုက်ရသော အခါ အိမ်ထောင်မပြုတော့ဟု ပိုင်းဖြတ်ထားချက်မှာ သွက်သွက်ခါ သွားပါ တော့သည်။

သည်သို့ဖြင့် ၁၉၈၈ခုနှစ် မေလ (၁၇)ရက်နေ့တွင် ကျွန်တော်သည် ထိုစဉ်က ကျွန်တော့်ရည်းစား လေးလက်အနက်မှ တစ်လက်ဖြစ်သော ယနေ့ ကျွန်တော့်အိမ်သူကို မေမေသဘောမတူသည့်ကြားက ဖွတ်ယူဖြစ်ခဲ့ပါတော့ သည်။

ထိုအချိန်ကလည်း မိုးအား သတိကြီးစွာ ရနေခဲ့သည်ကို ဝန်ခံလိုပါ သည်။ မေမေသဘောမတူသည့်သူကို ယူရဲသွားချိန်တွင် တစ်ချိန်က မေမေ အပြင်းအထန်ကန့်ကွက်သဖြင့် စွန့်ပစ်ခဲ့ဖူးသော ချစ်သူမိုးအတွက် ရတက် လေးက အညွန့်ထွက်လာပါသည်။ ထိုတစ်ချိန်ကသာ ကျွန်တော် သတ္တိရှိခဲ့ မည်၊ ခိုင်ကျည်ခဲ့မည်ဆိုပါက မိုးခများလည်း ကျွန်တော်နှင့် လွဲမည်မဟုတ် ပါ။

၁။

ဓာတ်ပုံအိုလေးတစ်ပုံကို အကြောင်းခံပြီး ကျွန်တော့်ထံ တဖန်ပြန်လည်လာ သည့် အလွမ်းစများဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင်၊ မိုးရော၊ ကျွန်တော်ရော၊ မမြင်ရသော လူသား လေးတွေအတွက်ပါ ကံဖယ်သွားလေသလောဟု တွေးမိရပြန်သောအခါ ကျွန်တော် ဆတ်ခနဲဖြစ်သွားပါသည်။

မှန်ပါသည်။

အကယ်၍သာ မိုးနှင့် ကျွန်တော်နှင့် မကွဲဖြစ်ခဲ့ဘဲ လက်တွဲဖြစ်ခဲ့ပါမူ…

လွန်ခဲ့သည့် နှစ်ပေါင်း၂၀ကျော်၊ ကျွန်တော့်အသက် အစိတ်မရှိတရှိ

http://www.cherrythitsar.org



ကာလများတွင် ကျွန်တော်သည် ယခုထက်အဆများစွာ ရမ်းကားပြီး မယားကို ကိုယ်ထိလက်ရောက် နှိပ်စက်သူဖြစ်ခဲ့မည်မှာ သေချာသလောက်ပင် ဖြစ်ပါသည်။

မယားတင်မက၊ သားသမီးများကိုလည်း ဆုံးမသည်ဟူသောအကြောင်းပြချက်ဖြင့် ထစ်ခနဲရှိ ရိုက်နှက်မောင်းမဲဖို့ပဲ ကဲကဲဆတ်နေသူ ဖြစ်နေရန်မှာလည်း ရာနှုန်းပြည့်မက သေချာလှပါသည်။

ထို့ပြင်တဝ ယခုအချိန်လောက်ကျလျှင်လည်း ကျွန်တော့်မှာ အိမ်ထောင်အဆက်ဆက် ပြောင်းခဲ့ပြီးဖြစ်နေနိုင်လောက်သည်ကိုလည်း မှန်းဆကြည့်နိုင်ပြန်ပါသေးသည်။

ထိုရောအခါ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ကျော်က ကန်တော်ကြီးရေစပ်တွင် မျက်ရည်လည်ရွဲနှင့် ငိုပွဲဆင်နေခဲ့သည့် ချစ်သောမိုးကို ရက်စက်စွာထားခဲ့မိခြင်းကပင် ခပ်ကောင်းကောင်းဟု တွေးမိရပြန်သည်။

လူသည် ကိုယ့်ကိုယ်ကိုယ် အလွန်တရာမှပင် တရားလှပေသည်ဟု ဘက်စုံ၊ ထောင့်စုံက ဖော့တွေးသည့်နေရာတွင် အလွန် ကျွမ်းကျင်သော သတ္တဝါလျှင်လည်း ဖြစ်နေလေသည်တကား။

(၀)

မည်သို့ဆိုစေ၊ ကျွန်တော်တစ်ယောက် ရိုင်းစိုင်း၊ ယုတ်မာ၊ ညစ်ပတ်၊ စုတ်ပဲ့ခဲ့သည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။

ထိုအတွက်…

အောင့်ကို ခွင့်လွှတ်ပါလေ ချစ်သောမိုး…

♥ ♥ ♥

**လက်တွဲဖော်**

http://www.cherrythitsar.org

## ဝတ္ထုနောက်မှာ ပြောချင်တာ

၂၀၀၃ ခုနှစ်၊ ဧပြီလထုတ် ရွှေအမြုတေမဂ္ဂဇင်းရဲ့ 'ရွှေနှလုံးသား'ကဏ္ဍမှာ ဖော်ပြဖို့ စီစဉ်ပြီးကာမှ မဖော်ပြဖြစ်ခဲ့တဲ့ ဝတ္ထုလေးဖြစ်ပါတယ်။ ဝတ္ထုပါအကြောင်းအရာအတိုင်း ကျွန်တော့်ရဲ့ 'ချစ်ကိုယ်တွေ့'တစ်ခုကို အရင်းအတိုင်း ပြန်ရေးလိုက်တာပါ။

အသက်ကလေး အထိုက်အလျောက်ရလာတဲ့အခါ နောက်ကြောင်းတွေက ဘာလို့လဲမသိဘူး၊ ခေါင်းထဲမှာ ပိုပြီး ပြက်ထင်နေတယ်။ ပြန်သုံးသပ်တဲ့အခါ နုစဉ်အခါတုန်းက ကိုယ့်ရဲ့ မိုက်မှားမှုတွေအတွက် စိတ်မကောင်းဖြစ်မိရတာတွေလည်း အများကြီးပါပဲ။

ဘာပဲဖြစ်ဖြစ်၊ ကိုယ်ပြုခဲ့တဲ့ ကာယကံမှု ဝစီကံမှု၊ မနောကံမှုတွေ အားလုံးအတွက် ကိုယ်တိုင်သာ တာဝန်ခံရရိုး ထုံးစံရှိပါတယ်။ တခြားသူတွေကို ပုံချ၊ လွှဲချလို့ရချင်ရမှာဖြစ်ပေမယ့် ကိုယ့်လိပ်ပြာကတော့ ကိုယ့်ကို အမြဲ ခြောက်လှန့်နေမှာလည်း ဖြစ်ပါတယ်။

သည်အခါမှာ အာပတ်ဖြေတယ်ပဲဆိုဆို၊ စာတစ်ပုဒ်ရေးထုတ်လိုက်ခြင်းနဲ့ ကိုယ့်အပြစ်ကိုယ် ဝန်ခံလိုက်တာပါပဲ။ ဒါဟာ စာရေးသူ တစ်ယောက်ဖြစ်နေလို့မို့ ထူးထူးခြားခြား ရနေတဲ့ အခွင့်အရေးများ ဖြစ်နေသလားတော့ မသိပါဘူး။

ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . ဘဝဆိုတာကိုယ်ဒွက လွမ်းစရာပဲ မဟုတ်ပါလားခင်ဗျာ။

**လက်ထွဲဖော်**

http://www.cherrythitsar.org

# အားလုံး ဘေးမှ ဆင်ခြင်ကြည့်နိုင်ကြပါစေ

http://www.cherrythitsar.org

